
KNOW
LEDGE

**WISDOM HOUSE** စာအုပ် အမှတ် ( ၆ )


စာမူခွင့်ပြုချက်အမှတ် [ ၄၀၁၃၇၄၀၆၁၁ ]
မျက်နှာဖုံးခွင့်ပြုချက်အမှတ် [ ၄၀၀၁၂၉၀၂၀၇ ]

**ပုံနှိပ်ခြင်း**
ပထမအကြိမ် ၊ ဇွန်လ ၊ ၂၀၀၇ ၊ အုပ်ရေ - ၅၀၀

**ထုတ်ဝေသူ**
ဦးကျော်အေး (တရားသစ္စာစာပေ၊ ၁၉၅၊ မြသီတာလမ်း၊ အကွက် (၂၉)၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်း။

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း၊ ကာလာဇုန်ပုံနှိပ်တိုက်၊ ၁၈၄၊ ၃၁-လမ်း၊ ရန်ကုန်။

**မျက်နှာဖုံးဒီဇိုင်း**
ဘဌေးကြည်

**အတွင်းအပြင်အဆင်**
ဝေယျာလင်းထွန်း

**ကွန်ပျူတာစာစီ**
မျိုးလင်းနိုင်

**မျက်နှာဖုံးဖလင်**
Eagle

**အတွင်းဖလင်**
အောင်ဇော် (ပုံရိပ်ရှင်)

**စာအုပ်ချုပ်**
ကိုတင်အေး(လှိုင်)


K1850

# မာတိကာ


တရေးသူ၏ အမှာ

စိစဉ်သူစကား

## စီးပွားရေး နှင့် ဘဏ္ဍာရေး

၁။ စီးပွားရေးနတ်သမီးပုံပြင်တွေလား ၃
၂။ ဒီဖလေးရှင်းတိုက်ပွဲ စပြီ ၇
၃။ ဖလုတ်လား၊ ပက်လား၊ အပျော့လား ၁၀
၄။ ကော်ပိုရိတ်နှင့် အရင်းရှင်စနစ်
ပင်စင်ရန်ပုံငွေက သံစဥ်ညှိနိုင်ပြီလား ၁၄
၅။ နိုင်ငံခြားငွေ လဲလှယ်နှုန်းနှင့် အတိုးနှုန်း
အဆက်အစပ် ဘယ်ပုံရှိသလဲ ၁၈
၆။ တိရစ္ဆာန်စိတ်ကိုကြည့်၍ စီးပွားရေးကို ထွာကြည့်ခြင်း ၂၂
၇။ ငွေပထဝီ အပြောင်းအလဲနှင့် ဒေါ်လာနှုန်းချရမရ ပြဿနာ ၂၆
၈။ စီးပွားရေးအသည်းနှလုံးနှင့် ထပ်ကိန်းပြဿနာ ၃၀
၉။ ခေတ်ပေါ် အငြင်းအခုံနှစ်ပါး ၃၄
၁၀။ ရွှေမန်းနီးကောင်းနှင့် မန်းနီးညှို ၃၇
၁၁။ ရေနံနိုင်ငံရေး၊ ဝယ်သူအပြောင်းအလဲနှင့် စိတ်ဆတ်မှု ၄၃
၁၂။ ပုဂ္ဂလိက ဘီစနက်နှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး
ဓာတ်ချင်း တည့်ပါစေသော ၄၇
၁၃။ ရှိမန်တစ်-ဆိုင်ဒီ-အခါတော်ချိန်နှင့် လယ်ယာအမတော်ကြေးများ ၅၀

## ခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု

၁။ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ဘာကွာခြားသလဲ ၅၇
၂။ အမဲဖျက်ရဲခြင်းနှင့် မန်နေဂျာစိတ် ငါးမျိုး ၆၁
၃။ ဟီးရီးဆန် စီမံခန့်ခွဲမှုနှင့် ပါဝင်ပတ်သက် စီမံခန့်ခွဲမှု ဘာခြားသလဲ ၆၅
၄။ အာရုံပျက်ရောဂါ မိုဒယ်လွှန်မက်ကက်တင်း၊ ဘီစနက်ဂေဟာစနစ် ၆၉
၅။ မီးရဲနေသော ပလက်ဖေါင်းနှင့် ဖားသုံးကောင်အကြောင်း ၇၄
၆။ ပီခုနစ်လုံး ဖလားနှင့်ပြွန် အစိုးရကဏ္ဍသစ် ၇၈
၇။ ပီတာဒရပ်ကာ၏ ထိရောက်ထက်မြက်မှု ကျင့်စဥ်တရား ၈၂
၈။ မနိုးမဆန့် ၈၆

## အင်ဖော်မေးရှင်း နှင့် တက္ကနိုလိုဂျီ


၁။ ပညာအခြေစိုက် စီးပွားရေး အပေါင်းနှင့် ကြည့်လို့မရပြီ ၉၃
၂။ ဒီဂျစ်တဲလ် တော်လှန်ရေးအတွက် လမ်းပြမြေပုံ ၉၆
၃။ ဒီဂျစ်တဲလ် လိုက်(ဗ်)ဝေတိုင် ပေါင်းဆုံမိခြင်း ၁၀၀
၄။ လူမှုလူ့ရှပ် အီးဘိဇနက်တွင် ပိုများပြား ၁၀၃
၅။ ငါးထပ်လှေကား တက်မလား ၁၀၆
၆။ ဓမ္မနှင့် ဆိုက်ဘာယှဉ်တွဲ (ဖျတ်ခနဲ ဘုရားဖူးအမြင်) ၁၁၀
၇။ ဇတ္တဝှက်စနစ် ပေါ်မည်လော ၁၁၄
၈။ အိုင်ဒီယာမှာလည်း ၁၁၇


## မားကက်တင်း


၁။ ထွန်းသစ်စဈေးကွက် အစိတ်ကို အစေးခြစ်ခြင်း ၁၂၃
၂။ ပါရမီရှင်နှင့် မော်ဆရာ ဆံပြိတ်ဆရာ လွှန်ရမည် ၁၂၇
၃။ အမေရိကန် ဆန့်ကျင်ရေးခေတ် ကမ္ဘာ့ဘရဲင်းတွေ
မည်သို့ဖြစ်မလဲ (ဘရဲင်းဆာဗေး) ၁၃၁


## ဂလိုဘယ်လိုက်ဇေးရှင်း


၁။ ရေတ်သီးစပ်စပ် ဆောင်ပုဒ်ဖြင့် ဂရိတ်ပါဝါနစ်ရပ် အားပြိုင် ၁၃၇
၂။ ဖြစ်ထွန်းမှုသုံးပါး ရုပ်ဖြစ်လာသောအခါ အလျားလိုက်ဆီသို့ ၁၄၁
၃။ ရင်းနှီးမြှုပ်နှံမှု မဟာပထဝီ ရွှေပြောင်းခြင်း ၁၄၄


## ကော်ပိုရိတ် အုပ်ချုပ်ရေး


၁။ ယုတ္တိရှာပုံတော် အသစ်နှင့် ပဋိပက္ခ ဝိဇီယံအသစ် ၁၅၁
၂။ လင်းယုန်လား၊ သာမညဘောင်ညလား ၁၅၅
၃။ အမှုဆောင်အရာရှိ ရှာပုံတော်ဖွင့်ခန်း ၁၆၀
၄။ အမြင်တွေပြိုလဲ ပဟေဠိတွေပေါ် ၁၆၄


## စီးပွားရေး အတွေ့တွေ


၁။ အကျပ်အတည်းအသစ်နှင့် အယူအဆအသစ် နှစ်မျိုး ၁၆၉
၂။ ဆန်းပြားသော ဖြစ်ထွန်းမှုလေးရပ် ၁၇၃
၃။ အာလူးနှင့် ခရမ်းချဉ်သီး ၁၇၈

# စာရေးသူ၏ အမှာ

ဂျာနယ်၊ မဂ္ဂဇင်းအစုံတို့၌ အကြောင်းအရာမျိုးစုံကို စာရေးသူက ဆောင်းပါးရေးသားထားပေရာ ကိုယ့်ဆောင်းပါး ကိုယ်က ပြန်ဖတ်မိအောင် အနိုင်နိုင် ကြိုးစားနေရသည်။ စာရေးလွန်းလို့လည်း ပါသည်။ အသက်အရွယ် ထောက်လာလို့လည်း ပါသည်။ ရေးပြီးသား ကိုယ့်ဆောင်းပါးကို နောက်တစ်ခေါက်ဖတ်ရန် ဝန်လေးမိပါသည်။

စာရေးသူ၏ စိတ်နေစိတ်ထားက ဤသို့ရှိနေစဉ်တွင် စာရေးသူ၏ ဆောင်းပါးတို့ကို သေသေချာချာ ရွေးချယ်၍ စနစ်တကျ မာတိကာ စီစဉ်ပြီး ထုတ်ဝေလိုက်သည်ကို တွေ့ရသောအခါ စာရေးသူ အတော်ဝမ်းသာသွားသည်။ စာရေးဆရာတိုင်း၌ ရေးသက်ရင့်လာလျှင် စာနှင့်ပတ်သက်ပြီး 'ပင်ပန်းနွမ်းလျမှု' ရှိသည်။ ထို့ကြောင့် မိမိစာကို နောက်တစ်ခေါက် ကိုယ်တိုင်တည်းဖြတ် ပြင်ဆင်လိုစိတ် မရှိပါချေ။ တည်းဖြတ်မှုနှင့် ပတ်သက်၍ ထုတ်ဝေသူတို့အား လွတ်လပ်ခွင့် ပေးထားလိုက်သည်။

**'ပညာအခြေစိုက် စီးပွားရေး'**သည် ခေတ်သစ်၏ ပင်မရေစီးကြောင်းဖြစ်၍ ဤအတွက် စာရေးသူက တစ်စစီ ကြိုးပမ်းရေးသားလိုက်မိသည်ကိုပင် အံ့သြသွားသည်။ မည်သို့ပင်ဖြစ်စေ ခေတ်ပြိုင်အတွေးအခေါ်တို့ဖြစ်၍ ဖတ်သူတို့က ဝေဖန်မှုဉာဏ်ဖြင့် လေ့လာဖတ်ရှုကြရန် တိုက်တွန်းနှိုးဆော်လိုသည်။ အကြောင်းမူ အိုင်ဒီယာတို့သည် မမြဲလွန်းသောကြောင့် ဖြစ်သည်။ အိုင်ဒီယာတို့၏ သက်တမ်းတိုသည်။

[illegible]
၁၄·၁·၀၇·

# စီစဉ်သူ့စကား

'**ပညာအခြေစိုက် စီးပွားရေး**' မှာ The Commerce Journal (စီးပွားကူးသန်း ဂျာနယ်)တွင် ၂၀၀၃ ခုနှစ်မှစတင်၍ ဆရာမောင်စူးစမ်း အပတ်စဉ် **ရေးသား**လာခဲ့သော ဆောင်းပါးများထဲမှ အဓိကကောက်နုတ် စုစည်းထားခြင်းဖြစ်**သည်။ ၁၉၄၈** ခုနှစ်မှ စတင်ခဲ့သော ဆရာ၏ စာရေးသက်တမ်းသည် နှစ်ပေါင်း ၆၀ **ပင် ပြည့်တော့**မည်ဖြစ်ပါသည်။ **ဆရာ့**အတွေး ဆရာ့အရေးများကား ခေတ်နှင့်**အညီ လိုက်ပါ**ရှင်သန်ဆဲလည်း**ဖြစ်**ပါသည်။

**သို့ဖြစ်၍** ခေတ်ကိုမြင်၍ ထင်ဟပ်ထားသော ဆရာ့စာများကို **တစ်ထောင့်**တစ်**နေရာမှ စုစည်း**ကြည့်ခြင်းလည်း ဖြစ်ပါသည်။ ဤစာအုပ်အား ထုတ်ဝေခွင့်ပြုသော **ဆရာ မောင်စူးစမ်းနှင့်** The Commerce Journal တို့အားလည်း အထူးပင်ကျေး**ဇူးတင်**ရှိပါသည်။

**WISDOM HOUSE**

# စီးပွားရေး နှင့် ဘဏ္ဍာရေး
# Economics and Finance

# စီးပွားရေးနတ်သမီးပုံပြင်တွေလား

## အိုင်ဒီယာ နှစ်မျိုး

အရှေ့အာရှတွင် စီးပွားရေး အိုင်ဒီယာ အယူအဆ နှစ်မျိုးကို ယခုတစ်လော အာဏာရှိ ပုဂ္ဂိုလ်တို့က ပြောဆိုလာကြသည်။ ပထမ အိုင်ဒီယာသည် အရှေ့အာရှ နှင့် အရှေ့အာရှ တောင်ပိုင်း (အာဆီယံ)ကို အီးယူခေါ် ဥရောပ သမဂ္ဂလို ကူး ပြောင်းဖွဲ့စည်းရန် ဆော်ဩခြင်း ဖြစ်သည်။ ဆော်ဩသူမှာ မကြာမီ ဝန်ကြီးချုပ် အဖြစ်မှ အငြိမ်းစား ယူတော့မည့် မလေးရှား ဝန်ကြီးချုပ် မဟာသီယာ (ယခုအနား ယူပြီး) ဖြစ်သည်။

ဒုတိယ အိုင်ဒီယာသည် အရှေ့အာရှ (တောင်ပိုင်း အပါအဝင်)၌ ဘွန်းဈေး ကွက် (bond market)တိုးချဲ့ထူထောင်ရန် ဖြစ်သည်။ ဆော်ဩသူတို့မှာ ထိုင်း နှင့် စင်္ကာပူမှ ခေါင်းဆောင်တို့ ဖြစ်ကြသည်။ ဤ အိုင်ဒီယာ နှစ်ခုစလုံးသည် စိတ်ကူးယဉ်အိပ်မက် (ယူတိုးပီးယား)တွေ မဟုတ်ကြပေ။ အစစ်အမှန် ဖြစ်ရန် နီးစပ်သည်။ လက်ငင်း လက်တွေ့ ပြဿနာတို့ အကျုံးဝင်သော စိတ်ကူးအိုင်ဒီ ယာ ဖြစ်ကြသည်။ သို့ရာတွင် ဤ အိုင်ဒီယာ နှစ်မျိုးစလုံးသည် ဖြစ်နိုင်ခြေ နည်း သည်ဟု ယူဆသူတို့က ၎င်းတို့အား စီးပွားရေး နတ်သမီး ပုံပြင်များအဖြစ် ဝေဖန် ပြောဆိုနေကြသည်။ အိုင်ဒီယာ နှစ်မျိုးစလုံးကို ဦးတည်ချက် (orientation) အနေဖြင့် ကြိုးပမ်းသင့်သည်ကလည်း အမှန်ပင် ဖြစ်သည်။ သို့သော် တစ်ဖက်၌ အဟန့်အတားနှင့် ကန့်သတ်ချက်တို့ကလည်း တစ်ပြုံတစ်မကြီး ရှိနေသည်ကို နှလုံးမူမိကြသည်။

## အာဆီယံနှင့် အီးယူ

ဥပမာ အာဆီယံကို ဥရောပ သမဂ္ဂလို ပြင်ဆင်ဖွဲ့စည်းရန် မဖြစ်နိုင်ပေ။ ဤအတွက် အဓိက အကြောင်းပြချက် နှစ်ချက်ရှိသည်။ ပထမအချက်၌ အမျိုးသား အချုပ်အခြာအာဏာပိုင်ဆိုင်မှု (national sovereignty) ပြဿနာဖြစ်သည်။ ဥရောပ သမဂ္ဂသည် စီးပွားရေး အဖွဲ့အစည်းအဖြစ်သာမက နိုင်ငံရေးအရလည်း စုစည်းထားသည်။ Both economic and political integration ဖြစ်ထွန်းသည်။ ပြည့်တော့ မပြည့်စုံသေး။

ဤသို့ စီးပွားရေးနှင့် နိုင်ငံရေး နှစ်ဖက်စလုံး၌ စုစည်းထားသဖြင့် အဖွဲ့ဝင် နိုင်ငံတို့သည် မိမိတို့၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ဖဲ့ပေးထားရသည်။ တစ်စိတ်တစ်ဒေသ စွန့်လွှတ်ထားရသည်။ ဤသို့ စွန့်လွှတ်နိုင်ကြသည်မှာလည်း ဥရောပနိုင်ငံတို့သည် တန်ဖိုး (value) ချင်း တူညီကြသောကြောင့် ဖြစ်သည်။ တစ်နည်းပြောရလျှင် ဒီမိုကရေစီ နိုင်ငံချင်း တူညီနေကြသောကြောင့် ဖြစ်သည်။

အာဆီယံနိုင်ငံတို့သည် တန်ဖိုးချင်း မတူညီကြပေ။ ဒီမိုကရေစီ နိုင်ငံချည်း မဟုတ်ပေ။ တန်ဖိုးထက် အကျိုးစီးပွား (interest) အပေါ် အခြေခံ ဖွဲ့စည်း ထားခြင်းဖြစ်သည်။ ထို့ကြောင့် ဘုံအကျိုးစီးပွား (common interest) တို့အပေါ် အခြေစိုက်ရာမှ ဘုံတန်ဖိုး (common value) တို့အပေါ် အခြေစိုက်ရာဆီသို့ အသွင် ကူးပြောင်းမှုသည် သိပ် မလွယ်နိုင်ပေ။ တင်းမာမှုတွေ အများကြီး တွေ့မည်။ နောက်ဆုံး တန်ဖိုးချင်း (စနစ်ချင်း) မတူညီသည့် အဖွဲ့ဝင်နိုင်ငံတို့ကို တန်ဖိုးချင်း တူအောင်လုပ်။

ဤသို့ မလုပ်နိုင်လျှင် တန်ဖိုးချင်း မတူသည့် နိုင်ငံကို ဖယ်ရှားပစ်ရခြင်းမျိုး လုပ်ရပေမည်။ တန်ဖိုးချင်း တူအောင် မလုပ်ဘဲ အာဆီယံသည် အီးယူလို မဖြစ်နိုင်ပေ။ တန်ဖိုးချင်း တူမှလည်း အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ဖဲ့၍ စွန့်လွှတ်ရန် အဆင်သင့် ဖြစ်မည်။

## ဘွန်း နှစ်မျိုး

ဒုတိယ အိုင်ဒီယာသည် အာရှ၌ ဘွန်းဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ထူထောင်ရန် ဖြစ်သည်။ အာရှတွင် equity market ခေါ် စတော့ရှယ်ယာ ဈေးကွက်သည် အတော်အတန် ထွန်းကားနေပြီး ဖြစ်သည်။ စတော့ အိပ်ချိန်းတို့သည် အတော်အတန် သွက်သွက်လက်လက် ရှိနေပြီး ဖြစ်သည်။

သို့ရာတွင် ဘွန်းဈေးကွက် (bond market) ကား မထွန်းကားသေး။ ရှိပင်မရှိဟု ဆိုသော်ဆိုနိုင်သည်။ သို့ဖြင့် ဘွန်းအကြောင်း သိကောင်းစရာ အကျဉ်း ရှင်းပြရန် လိုသည်။ ဘွန်းဈေးကွက်ကို အကြွေးဈေးကွက် (debt market) လို့လည်းခေါ်သည်။ ကြွေးမြီ၌ နှစ်မျိုးရှိသည်။ ပထမ ကြွေးမြီကို အစိုးရ ကြွေးမြီ (government debt) လို့ ခေါ်သည်။ အစိုးရတို့သည် ငွေတိုက်လက်မှတ်၊ ငွေတိုက်ဘီလ် (treasury bills) နှင့် certificates တို့ကို တစ်နှစ်၊ သုံးနှစ်၊ ဆယ်နှစ် စသည်ဖြင့် ကာလသတ်မှတ်၍ ထုတ်ဝေသည်။

ယင်းဘီလ်နှင့် လက်မှတ်တို့ကို အစိုးရ ဘွန်း (government bonds) များဟု ခေါ်သည်။ အစိုးရက ဤဘွန်းတို့ကို ရောင်းချသည် ဆိုသည်မှာ အစိုးရက အများပြည်သူတို့ထံမှ လည်းကောင်း၊ ကုမ္ပဏီနှင့် ဘဏ်တို့ထံမှ လည်းကောင်း ငွေချေးငှားယူခြင်း ဖြစ်သည်။ ဤသို့ ချေးသည့်အတွက် အတိုးနှုန်း သတ်မှတ် ပေးသည်။

အစိုးရက ဘွန်းတွေ ထုတ်ပေးသလို ကုမ္ပဏီကြီးတို့ကလည်း ဘွန်းတွေ ထုတ်ပေးသည်။ ဤ ငွေချေးစာချုပ် (ဘွန်း)တို့ ထုတ်ဝေ၍ ကုမ္ပဏီတို့သည် အရင်းအနှီး ရှာဖွေ ထူထောင်ကြကုန်သည်။

## နိုင်ငံခြားငွေ ကွပ်ကဲမှု

သို့ဖြင့် ဘွန်းဈေးကွက် ဆိုသည်မှာ အစိုးရ ငွေချေးအာမခံစာချုပ်နှင့် ကော်ပိုရေးရှင်းကြီးတို့၏ ငွေချေးအာမခံစာချုပ်များ (အစိုးရဘွန်းနှင့် ကော်ပိုရိတ်ဘွန်း) တို့ကို ဝယ်ရောင်းလုပ်သော ဈေးကွက်တို့ကို ဆိုလိုသည်။ သို့ရာတွင် ဤမျှလောက်နှင့် အဓိပ္ပာယ် ပြည့်စုံသွားသည် မဟုတ်ပေ။ ဤဘွန်းတို့ကို ပြည်တွင်း ငွေကြေးဖြင့်သာ သတ်မှတ်ထားလို့ကတော့ ပြည်တွင်း ငွေကြေးဖြင့်သာ အရောင်းအဝယ် ဖြစ်နေမည်။ အကျိုး သိပ်မပေါ်။

ဤ ဘွန်းတို့ကို နိုင်ငံခြားငွေတို့ဖြင့် တန်ဖိုး ချိတ်ဆက်ထားရန် လိုသည်။ ဒေါ်လာနှင့် ဖြစ်စေ၊ ယူရိုနှင့် ဖြစ်စေ၊ ယန်းငွေနှင့် ဖြစ်စေ ဘွန်းတို့ကို တန်ဖိုး သတ်မှတ်ထားနိုင်ရမည်။ ယင်းကို နိုင်ငံခြားငွေဖြင့် တန်ဖိုးဖော်ပြသော ဘွန်း (foreign currency denominated bonds)တို့ဟူ၍ ခေါ်သည်။ သဘောမှာ ဘွန်းတွေ အချိန်စေ့လျှင် နိုင်ငံခြားငွေဖြင့် အရင်းရော အတိုးပါ ပေးပါမည်ဟု အာမခံချက် ရှိခြင်းဖြစ်သည်။

နိုင်ငံအလိုက် ထုတ်ဝေထားသော ဘွန်း (အစိုးရဘွန်းနှင့် ကော်ပိုရိတ်

ဘွန်း) နှစ်မျိုးစလုံးသည် နိုင်ငံခြားငွေနှင့် ဝယ်ရောင်း လုပ်နိုင်ကြရမည်။ တစ်နည်းပြောလျှင် လွတ်လပ်သော ငွေအသပြာတွေ (free money) ဖြစ်ရမည်။ ဒေါ်လာ၊ ယူရို၊ ယန်းစသည့် မည်သည့် နိုင်ငံခြားငွေနှင့်မဆို လွတ်လပ်စွာ ဝယ်ရောင်းလုပ်နိုင်ရမည်။

ဤသဘော ဖြစ်ထွန်းရန် ဆိုလျှင် နိုင်ငံခြားငွေ လဲလှယ်ရေး ကြီးကြပ်မှု (foreign exchange control) မရှိရပေ။ နိုင်ငံခြားငွေ လဲလှယ်မှုကို အရှင်ဖွင့်ထား၊ အရှင် မျှောထားရမည်။ free float ဟုခေါ်သည်။

ထို့ကြောင့် နိုင်ငံခြားငွေ လဲလှယ်ရေးစနစ်ကို ကွပ်ကဲ ထိန်းချုပ်ထားပြီး ဘွန်းဈေးကွက် တိုးတက်ဖွံ့ဖြိုးရေးကို ပြောခြင်းသည် နတ်သမီးပုံပြင် ဆန်သည်ဟု ဝေဖန်နေခြင်း ဖြစ်သည်။ Bond market with foreign exchange control is fantasy. ဟုပြောခြင်းသည် ယုတ္တိရှိသည်ဟု ဆိုရမည်။

Ref : IHT

# ဒီဖလေးရှင်းတိုက်ပွဲ စပြီ

## (၁) အမ်ဒီချင်း

အီရတ်စစ်ပွဲ အခြေခံအားဖြင့် ပြီးစီးသည်ဟု ကြေညာပြီးသည်နှင့် ကမ္ဘာ့စီးပွားရေးသည် ပြန်လည် ဦးမော့လာလိမ့်မည်ဟု မျှော်လင့်ထားကြသည်။ မျှော်လင့်သလို ဖြစ်မလာပေ။ ဒီဖလေးရှင်း စိုးရိမ်မှုတို့သာ တိုးပွားလာသည်။ ကမ္ဘာနှင့်အဝှမ်း ဒီဖလေးရှင်း တိုက်ပွဲ စပြီလို့ပင် ပြောလာသည်။ ဒီဖလေးရှင်း (deflation) ဆိုသည်မှာ ယေဘုယျအားဖြင့် အရပ်ရပ် ဈေးနှုန်းများ ကျဆင်းခြင်း၊ ထုတ်လုပ်မှုများကျဆင်းခြင်း၊ အလုပ်လက်မဲ့များ တိုးပွားလာခြင်း စသည်တို့ကို ခေါ်သည်။ ခြုံပြောလျှင် စီးပွားရေးများ အခြေအနေ မကောင်း။ အထွေထွေ ဆုတ်ယုတ် ကျဆင်းခြင်းဟု ခေါ်နိုင်သည်။

အီရတ်စစ်ပွဲတွင် သံခင်းတမန်ခင်း လွန်ဆွဲပွဲတွေ ပေါ်ခဲ့သည်။ အီရတ်စစ်ပွဲကို စိတ်ညွတ်သူများနှင့် မဟာမိတ် (Coalition of the Willing) ဖွဲ့၍ အမေရိကန်က ဆင်နွှဲခဲ့သည်။ အီရတ် အရေးအခင်းနှင့် ယခု ကြုံတွေ့နေရသော စီးပွားရေး အရေးအခင်းတို့မှာ စာလုံး အတိုကောက်ချင်း သွားတူသည်။

အီရတ်စစ်၌ လူတွေ အစုလိုက် အပြုံလိုက် သေစေခြင်း (mass destruction) ကို ညွှန်းသည်။ ယခု ကမ္ဘာ့စီးပွားရေး၌ အစုလိုက် အပြုံလိုက် ဒီဖလေးရှင်း (mass deflation) ဖြစ်သွားခြင်းကို ညွှန်းသည်။ ဒီဖလေးရှင်း တိုက်ဖျက်ရေးတွင် စိတ်တူသူ၊ စိတ်ညွတ်သူများ မဟာမိတ်ကို ဖွဲ့စည်းရမည် ဖြစ်လေရာ ဤသူများ မဟာမိတ်တွင် အမေရိက၊ ပြင်သစ်၊ ဂျာမနီနှင့် ဂျပန်တို့ ပါဝင် ဖွဲ့စည်းရမည့်သဘော ရှိသည်။

## (၂) သမ္မာကျမ်းစာ ရေလျှံမှုကြီးလို

ဝေဖန် ဆန်းစစ်သူ တစ်ဦးက သမ္မာကျမ်းစာထဲမှ နိုအာခေတ် ရေလွှမ်းမိုးမှုကြီး

(Biblical flood)နှင့် နှိုင်းသည်။ ရေစည်ကြီးမှ စို့ကို ဖောက်လိုက်သည့်အခါ ရေတွေလျှံထွက်သွားသကဲ့သို့ ပိတ်ဆို့ထားသော ငွေစည်ကြီးကို အပြိုင်အဆိုင် ဖောက်လိုက်ကြရာ ငွေတွေ အများကြီး လျှံကျနေပြီ။ Flood of liquidity ဟု ဆိုသည်။

အတိုးနှုန်းတွေ အပြိုင်အဆိုင် လျှော့ချခြင်းကို ရည်ညွှန်းသည်။ အတိုးနှုန်းတွေ ချပေးထားသောအခါ ရင်းနှီး မြှုပ်နှံသူတွေ၊ စားသုံးသူတွေ၊ ကုမ္ပဏီတွေ အတိုးနှုန်း သက်သာတုန်း ချေးချင်သလို ချေးကြဖို့ ဖွင့်ပေးလိုက်သလိုပင် ဖြစ်သွားသည်။ ငွေတွေ စီးပွားရေးထဲ တအား သွန်ထည့်ခြင်းပင်။ အတိုးနှုန်း လျှော့ချ၍ ငွေရည် တိုးပွားစေခြင်းသည် ဆုတ်ယုတ်နေသော စီးပွားရေးကို ပြန်လည်ဦးမော့လာရန် ရည်ရွယ်သည်။ တစ်နည်းပြောလျှင် ဒီဖလေးရှင်း ဖြစ်နေကြောင်းကို အသိအမှတ်ပြုရာ ရောက်သည်။

ဂျပန်က တစ်မျိုး ထူးထူးခြားခြား ဆောင်ရွက်ပေးရသည်။ အငယ်စားနှင့် အလတ်စား ကုမ္ပဏီတို့ကို ဂျပန်ဗဟိုဘဏ် (ဘီအိုဂျေ)က ငွေကြေးထောက်ပံ့လိုက်သည်။ အစဉ်အလာ မရှိခဲ့။ ကုမ္ပဏီတို့လက်ထဲ ငွေတွေ တိုက်ရိုက် ထည့်ပေးလိုက်ခြင်းပင် ဖြစ်သည်။ ဂျာမနီသည် စီးပွားရေး ပြန်မတ်ရန် အစီအစဉ်ကို ဆန့်ပြကန့်ကွက်မှုတို့ကြားမှ ဖွတ်အတင်း အကောင်အထည် ဖော်နေရသည်။

အမေရိကန်ဗဟိုဘဏ်သည် အတိုးနှုန်းကို ၁ ရာခိုင်နှုန်းအထိ လျှော့ချလိုက်သည့်အပြင် နှစ်ရှည်အစိုးရ အာမခံစာချုပ်တို့ကိုလည်း အများအပြား ဝယ်ယူသည်။ သဘောမှာ စီးပွားရေးထဲ ငွေတွေ သွန်လောင်းထည့်၍ ဒီဖလေးရှင်းကို တိုက်ခိုက်ခြင်းဖြစ်သည်။

## (၃) တစ်ဟုန်ထိုး မောင်း

ဤသို့ ဒီဖလေးရှင်းကို တိုက်ခိုက်စဉ် ၁၉၉၀ ပြည့်နှစ်များက ဖြစ်ပေါ်ခဲ့သော ပူဖေါင်း (bubble)တို့၏ အမွေအနှစ်တို့ကို လက်ကျန်အဖြစ် ရရှိထားဆဲ ဖြစ်နေသည်။ ၎င်းတို့မှာ ထုတ်လုပ်မှု စွမ်းရည်တွေ ပိုလျှံနေခြင်း၊ စားသုံးသူ ကြွေးမြီနှင့် ကော်ပိုရေးရှင်းတို့၏ ကြွေးမြီတို့က လေးလေးလံလံ ရှိနေသေးခြင်း၊ လုပ်ခတွေ ဖိအားပေး ခံနေရသေးခြင်းနှင့် ဈေးနှုန်းတွေ ကျဆင်းနေခြင်းတို့ ဖြစ်သည်။

ထိုအခြေအနေ၌ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ပြုနိုင်ရန်အတွက် ပေါ်လစီတို့သည် ဆွဲအား (traction)ကောင်းဖို့လိုသည်။ ကံအားလျော်စွာ အမေရိကန်၊ ဂျပန်၊ ဂျာမနီနှင့် ပြင်သစ်တို့၏ ဒီဖလေးရှင်း တိုက်ဖျက်ရေး ပေါ်လစီတို့သည် ဆွဲအား၊ တွန်းအားလိုလိုနှင့် အတော် ပြင်းထန်နေသည်။ Aggressive ဖြစ်သည်။

အမေရိကားသည် စီးပွားရေး ဖွံ့ဖြိုးမှုကို ဖြစ်ထွန်းစေရန် (၁) ရေရှည် အတိုးနှုန်း ကျဆင်းအောင်ပြုသည်။ (၂) ကော်ပိုရေးရှင်းတို့ ငွေချေးငှားရာတွင် ကျခံရသော စရိတ် သက်သာအောင် (cost of borrowing) ပြုလုပ်သည်။ (၃) တန်ဖိုးလျှော့မှု စည်းမျဉ်း (Depreciation rules)တို့ကို လျှော့ပေါ့ပေးသည်။ (၄) ဒေါ်လာကို အားပျော့စေသည်။ ဤပေါ်လစီ နည်းလမ်းတို့ဖြင့် ဖွံ့ဖြိုးမှု၊ **အလုပ်အကိုင်**နှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးပွားစေရမည်ဟု ဆိုထားသည်။

ဤ ပေါ်လစီတို့သည် ငွေကြေးတို့ကို တစ်ဟုန်ထိုး တရစပ် စီးဆင်း**စေရန်** (Torrent of liquidity) အတင်း မောင်းသွင်းခြင်း ဖြစ်သည်။

## (၄) ပြန်မြောက် အစီပွာယ်

၁၉၉၀ ပြည့်နှစ်များတွင် ကမ္ဘာ့ စီးပွားရေးသည် အင်ဖလေးရှင်း တိုက်ပွဲ (inflation battle) ကို ဆင်နွှဲခဲ့ရသည်။ ဤသို့ ဆင်နွှဲသည့်အတိုင်းလည်း အင်ဖလေးရှင်း ကျဆင်းသွားသည်။ အင်ဖလေးရှင်း ဆိုသည်မှာ အရပ်ရပ် ဈေးနှုန်းများ ထောင်တက်ခြင်းကို ခေါ်သည်။ အင်ဖလေးရှင်းနှင့်အတူ ဖြစ်ပွားခဲ့သော ပူဖေါင်းတို့သည် တစ်လုံးပြီးတစ်လုံး ပေါက်ပြဲ ထွက်ကုန်ခဲ့လေရာ အရပ်ရပ် ဈေးနှုန်းတွေ ကျဆင်းလာသည်။ ဒီဖလေးရှင်းထဲ စိုက်ဆင်းလာသည်။ အကယ်၍ ဒီဖလေးရှင်းကို မထိန်းသိမ်းနိုင်လျှင် စီးပွားရေး ဆုတ်ကပ် (depression) ထဲ ရောက်သွားမည်။ ၁၉၂၉ ခုနှစ်၌ တွေ့ကြုံခဲ့ရသော စီးပွားပျက်ကပ်ကြီးမျိုး ဖြစ်သည်။

ထိုအခြေအနေမျိုး မရောက်ရအောင် ဖြစ်ပွားလာသော ဒီဖလေးရှင်းကို နိုင်ငံအားလုံးက စုပေါင်း တိုက်ခိုက်ကြရန် လိုလာပြီ။ ထို့ကြောင့် ဒီဖလေးရှင်း တိုက်ပွဲ စပြီဟု မီဒီယာတို့က ပြောဆိုလာသည်။

သို့သော် မကြာသေးမီက ဆားစ်ရောဂါ မှိန်သွားသောကြောင့်လည်းကောင်း၊ အီရတ်စစ်ပွဲ အရှိန် လျော့သွားသောကြောင့်လည်းကောင်း၊ အီရတ်နှင့် အာဖဂန် စစ်ပွဲတို့တွင် ဖြုန်းခဲ့ရသော စစ်လက်နက် ပစ္စည်းတို့ကို ပြန်လည် အစားထိုး ဖြည့်ရသောကြောင့်လည်းကောင်း ကုမ္ပဏီတွေ အမြတ် ပြန်ကောင်းလာကြသည်။ စတော့ရှယ်ယာဈေးတွေ ပြန်မြောက်လာသည်။ အချို့ကုန်စည်နှင့် အက်ဆက်တွေ ပြန် အရောင်းသွက်လာသည်။

ဤသည်တို့သည် ဒီဖလေးရှင်း တိုက်ပွဲ၏ ရလဒ်လား၊ သို့တည်းမဟုတ် သီးခြား အကြောင်းတရားတို့နှင့် ဖြစ်လာတာလားဟု ဆန်းစစ်နေကြသည်။

Ref : Newsweek

# ဖလုတ်လား ပက်လား အပျော့လား
## Float or Peg or Flexible

### ပက် သုံးနည်း

နိုင်ငံအသီးသီးတို့သည် နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းစနစ် (exchange rate regime) အမျိုးမျိုးကို ကျင့်သုံးနေကြသည်။ မှုကွဲ၊ မျိုးကွဲတွေ ရှိစေကာမူ အခြေခံအားဖြင့် နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်း စနစ်သည် နှစ်မျိုးသာ ရှိသည်။ ပထမ စနစ်ကို အရှင်မျှောစနစ် (float)ဟုခေါ်သည်။ နိုင်ငံခြားငွေ ဈေးကွက်ကို ဘာကွပ်ကဲမှုမှ မလုပ်ပဲ လွတ်လပ်စွာ ဈေးကွက်တရားအတိုင်း စီရင်ရန် လွှတ်ထားသော စနစ်ဖြစ်သည်။ ဒုတိယ စနစ်ကိုမူ ချိတ်ဆက်ထားမှု (peg)ဟု ခေါ်သည်။

ဒုတိယ စနစ်၌ နိုင်ငံခြားငွေ လဲလှယ်ရေးကိစ္စ ကွပ်ကဲကြီးကြပ်မှု ရှိသည်။ exchange control ဟု ခေါ်သည်။ ထို့အပြင် နိုင်ငံခြားငွေ လဲလှယ်ရေး နှုန်းတို့ကို တစ်နည်းနည်းအားဖြင့် ပုံသေ သတ်မှတ်ထားသည်။ ပုံသေနှုန်း သတ်မှတ်နည်း သုံးနည်းရှိသည်။ ပထမနည်းမှာ မြန်မာနိုင်ငံလို အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) ၏ အထူးထုတ်ယူခွင့် (special drawing right) နှင့် ချိတ်ဆက်ပြီး ပုံသေ သတ်မှတ်သည်။

ဒုတိယနည်းမှာ ငွေအမျိုးအစား သုံးလေးမျိုး (ဒေါ်လာ၊ ယူရို၊ ယန်း စသည့် ငွေမာများ)ကို ခြင်းတောင်း တစ်တောင်းတည်း ထည့်ပြီး ပျမ်းမျှတွက်ထား သောနှုန်းဖြင့် နိုင်ငံ၏ငွေကို ပုံသေနှုန်း ချိတ်ထားသည်။ ၎င်းကို Peg to a basket of currencies ဟုခေါ်သည်။ နောက်ဆုံး တတိယနည်းမှာ ဒေါ်လာဖြင့် ချိတ်ဆက် 'ပက်'လုပ်၍ ပုံသေ သတ်မှတ်ထားသော စနစ်ဖြစ်သည်။ ဥပမာ တရုတ်ယွမ်ငွေသည် အမေရိကန် တစ်ဒေါ်လာနှင့် ယွမ် ၈.၃ ညီမျှသည်ဟု

ပုံသေ သတ်မှတ်ထားသည်။

## ဘင် ဖိအား

ဖော်ပြပါအတိုင်း နိုင်ငံခြားငွေ လဲလှယ်ရေးစနစ်များ ခြားနားစွာ ရှိစေကာမူ အခြေခံအားဖြင့် ဖလုတ်နှင့် ပက် စနစ်နှစ်မျိုးသာ ရှိသည်။ ယခင်ကတော့ ဤစနစ် နှစ်မျိုးအနက် တစ်မျိုးမျိုးကို ရွေးချယ်မှုသည် ဆိုင်ရာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု (economic growth) ပေါ် မူတည်သည်။ ယခု ဤသို့ မစဉ်းစားတော့ပြီ။ နိုင်ငံ၏ စီးပွားရေးသည် ပြည်ပနှင့် ဘယ်လောက် တံခါး ဖွင့်ထားသနည်း ဆိုသည့် အချက်ပေါ်တွင် အခြေခံ စဉ်းစားလာကြသည်။

ယေဘုယျပြောလျှင် စီးပွားရေးသည် တံခါးပိတ် စီးပွားရေးဖြစ်လျှင် ပုံသေနှုန်းစနစ် (ဝါ) ပက်စနစ် ကျင့်သုံးသည်။ စီးပွားရေးသည် တံခါးဖွင့် စီးပွားရေးဖြစ်လျှင် ဖလုတ်စနစ် ကျင့်သုံးရာသည်။ သို့သော် အချို့သော နိုင်ငံတို့သည် စီးပွားရေး ဖွံ့ဖြိုး တိုးတက်လာသော်လည်း တံခါးကို အကုန်မဖွင့်နိုင်။ မဖွင့်တစ်ဝက် ဖွင့်တစ်ဝက် လုပ်ထားကြသည်။ ထိုလို နိုင်ငံမျိုးတို့က နိုင်ငံခြားငွေ လဲလှယ်ရေးစနစ်ကို ဖလုတ်တစ်ဝက် ပက်တစ်ဝက် လုပ်ကြပြန်သည်။ ဤသို့ တစ်ဝက်စီ ကပြား လုပ်ခြင်းကို စီမံ ကွပ်ကဲထားသော အရှင်မျှော စနစ် (managed float)ဟု ခေါ်သည်။ လုံးဝ လွတ်လပ်ခွင့် ပေးလိုက်သည် မဟုတ်ပေ။ ထိန်းထိန်းသိမ်းသိမ်းနှင့် တစ်ထစ်စီ လျှော့ပေးခြင်း ဖြစ်သည်။

ဤ စီမံကွပ်ကဲ ဖလုတ်၌ ပုံသေ လဲလှယ်ရေးနှုန်း ဘင် (band)ကို တိုးချဲ့ပေးထားသည်။ ဥပမာ မူလက တရုတ် ယွမ်ငွေ ၈.၃ ယွမ်သည် အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသည်ဟု ပုံသေသတ်မှတ်ထားသည်။ သို့ရာတွင် အပေါ်ဘက် ဘယ် နှစ်ရာခိုင်နှုန်းတက်ပြီး ပြောင်းလဲရန် ခွင့်ပြုသည်၊ အောက်ဘက် ဘယ် နှစ်ရာခိုင်နှုန်း အကျဘက် ပြောင်းလဲရန် ခွင့်ပြုသည်ဟူ၍ ဘင် သတ်မှတ်ပေးရသည်။ တရုတ် ငွေကြေး အာဏာပိုင်တို့က အပေါ် ၁ ရာခိုင်နှုန်း၊ အောက် ၁ ရာခိုင်နှုန်း ကွာခြားမှု ဘင် (band)ကိုသာ ခွင့်ပြုထားသည်။ ယခု တရုတ်အပေါ် ဤ ဘင် တိုးချဲ့ပေးရန် ဖိအားများ ပေးနေကြသည်။

## ရော့(ခ်)တို့ဖြင့် ကြည့်

စီမံကွပ်ကဲ ဖလုတ်၌ ဖော်ပြပါ ဘင်ကိုလည်း တိုးချဲ့ပေးရသည်။ သို့မဟုတ် ဘင်

ကို အရှင် လုပ်ပေးထားရသည်။ ထို့အပြင် နိုင်ငံသူ နိုင်ငံသားများဖြစ်စေ၊ နိုင်ငံခြားသားများဖြစ်စေ နိုင်ငံခြားငွေ လက်ကိုင်ထားနိုင်မှု ပမာဏကို တိုးမြှင့်ပေးရသည်။ ဘဏ်ငွေစာရင်းတို့၌ နိုင်ငံခြားငွေဖြင့် စာရင်းဖွင့်ခြင်း (foreign exchange account) တို့ကို ခွင့်ပြုရသည်။ ထို့အပြင် နိုင်ငံခြားငွေ ဈေးကွက်ထဲ ဗဟိုဘဏ်က ဝယ်ရောင်းဝင်လုပ်၍ အခါအားလျော်စွာ စွက်ဖက်ပေးရသည်။ selective intervention ဟုခေါ်သည်။

ယခု MENA ဟုခေါ်သော အရှေ့ အလယ်ပိုင်းဒေသနှင့် မြောက်အာဖရိကဒေသ၏ ငွေကြေးစနစ် အခြေအနေနှင့် ပတ်သက်ပြီး IMF မှ ပညာရှင်တို့ သုံးသပ်ပုံကို တင်ပြလိုသည်။ မိနာ ဒေသတွင် နိုင်ငံခြားငွေ လဲလှယ်ရေးစနစ်သည် 'တင်းတင်းကျပ်ကျပ် ပက်လုပ်ထားသော စနစ်' (hard peg) ဖြစ်ခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၌ ဖြစ်ပွားသော ငွေကြေး အကျပ်အတည်းကြောင့် ဤအမာပက် စနစ်ကို ပြင်ဆင်လာခဲ့ရသည်။ သဘောမှာ ငွေကြေးလဲလှယ်မှု စနစ်တွင် ပျော့ပျောင်းမှု (flexibility) ကို တစ်စုံတစ်ရာ ထည့်သွင်းလိုက်ရခြင်း ဖြစ်သည်။

ယခု စီးပွားရေးကို ကြည့်လျှင် ရှော့(ခ်) (shocks) တို့ဖြင့် ကြည့်သည်။ အဆောက်အဦး တစ်လုံး မြေငလျင်ဒဏ် ခံနိုင်ရည်ရှိ မရှိ ကြည့်ရှုသလို စီးပွားရေးတစ်ရပ်ကိုလည်း ပြည်ပ ရှော့(ခ်)ကို ခံနိုင်ရည် ရှိမရှိဖြင့် ကြည့်ရှုသည်။ အမာပက် လုပ်ထားသဖြင့် ပြည်ပ ရှော့(ခ်)ဒဏ်ကို မခံနိုင်ခဲ့ကြပေ။

အမာပက်အစား ပျော့ပျောင်းသော စနစ်ကို အစားထိုးလျှင် ပြည်ပ ရှော့(ခ်)တို့ကို ပို၍ ခံနိုင်ရည် ရှိမည်။ ဘဏ် အကျပ်အတည်းတို့ကို လျော့ပါးစေနိုင်သည်။ ဘဏ္ဍာရေး တည်ငြိမ်မှုကို ဖြစ်ထွန်းစေနိုင်သည်ဟု တင်ပြနေကြသည်။

## ၇ ချက်

ထိုအဖြစ်ကို သဘောမတူသော ပညာရှင်တို့လည်း ရှိသည်။ ၎င်းတို့က အလယ်အလတ် ကြားစနစ် (intermediate regimes) ကို ဆော်ဩသည်။ သူတို့တင်ပြချက်ကလည်း အကျိုးအကြောင်း ဆီလျော်သည်။ နိုင်ငံခြားငွေ လဲလှယ်ရေးစနစ်ကို ကွပ်ကဲထိန်းချုပ်မှု မထားဘဲ လွတ်လပ်စွာ အရှင်မျှောဖို့ ဆိုသည်မှာ အပြော လွယ်သလောက် လက်တွေ့၌ မလွယ်ပေ။ ကြိုတင် ထောက်ထားရမည့် အချက်တွေ အများကြီးရှိသည်။ နိုင်ငံခြားငွေ လဲလှယ်နှုန်း အရှင် မျှောလိုက်သဖြင့် လဲလှယ်နှုန်းတွေ ကယောက်ကယက် လှုပ်ရှားသွားနိုင်သည်။ ဤသို့ ငွေလဲလှယ်နှုန်း မတည်ငြိမ်မှုကြောင့် ဖြစ်ပေါ်နိုင်သည့် ဆိုးကျိုးတို့ကိုလည်း တွက်ဆ ရသည်။

မကြာသေးမီက မိနာ ဒေသတွင် ကုန်သွယ်ရေးကို လွတ်လပ်ခွင့်တွေ အများကြီး ပေးသည်။ Liberalizing Trade ဘဏ္ဍာရေးစနစ်တွင် တံခါးပေါက်တွေ အများကြီး ဖွင့်ပေးသည်။ ဈေးကွက်အခြေခံ ငွေကြေးပေါ်လစီတို့ကို ကျင့်သုံးလာကြသည်။ သို့သော် ဤမူဝါဒများ ကျင့်သုံးလာပါလျက် နိုင်ငံခြားငွေလဲလှယ်ရေးစနစ်ကို မပြုပြင်ဘဲ သည်အတိုင်း ထားသင့်ပါသလောဟု မေးခွန်းထုတ်လာတတ်ကြသည်။ ပျော့ပျောင်းသော စနစ်ကို ရှာကြံနေကြပြီ။ ထို့ကြောင့် ဤအတွက် မိနာဒေသတွင် မလွှပ်သာ မယှက်သာ တင်းကျပ်သော လဲလှယ်ရေးနှုန်းစနစ် အစား ပျော့ပျောင်းသော စနစ်ကို အစားထိုးနိုင်ရန် လဲလှယ်ဖော်ပြမည့် အချက်တို့ကို ချိန်ဆ စဉ်းစားနေကြသည်။

(၁) တကယ့်ရှော့(ခ်)နှင့် အမည်ခံရှော့(ခ်)၊

(၂) စီးပွားရေး အရွယ်အစား၊

(၃) စီးပွားရေး တံခါးဖွင့်မှု အနေအထား၊

(၄) ကုန်သွယ်ရေးနှင့် အရင်းအနှီး စီးဆင်းမှု၊

(၅) ဒေါ်လာပြုခြင်း အတိုင်းအတာ (degree of dollarization)၊

(၆) အလုပ်သမား ဈေးကွက်နှင့် ကုန်စည် ဈေးကွက်တို့၏ ပျော့ပျောင်းမှုနှင့်

(၇) ကုန်သွယ်ရေးငွေကြေးနှင့် ဘဏ္ဍာရေး ပေါ်လစီ တို့ ဖြစ်ကြသည်။

Ref : FD-IMF

# ကော်ပိုရိတ်နှင့် အရင်းရှင်စနစ်
# ပင်စင်ရန်ပုံငွေက သံစဉ်ညှိနိုင်ပြီလား

## ရင်းနီးသူနှင့် မြိုရှင်

စီမံခန့်ခွဲမှု ပညာပါရဂူကြီး ပီတာ ဒရပ်ကာက ကော်ပိုရိတ် အရင်းရှင်စနစ် (corporate capitalism) တွင် အခြေခံ အရွေ့အပြောင်းကြီး (fundamental shift) တစ်ရပ် ဖြစ်ပေါ်နေပြီဟု ရေးမဆွကပင် ထောက်ပြခဲ့သည်။ ဤအရွေ့အပြောင်းမှာ ကုမ္ပဏီကြီးတို့၏ အစုရှယ်ယာ (အီကွီတီလို့လည်း ခေါ်သည်) တို့ကို ပင်စင်ရန်ပုံငွေအဖွဲ့ (pension funds) များတို့က အများအပြား ပိုင်ဆိုင်လာသောအချက် ဖြစ်သည်။

ပင်စင်ရန်ပုံငွေ အဖွဲ့တို့က အမေရိကားရှိ ကော်ပိုရေးရှင်းတို့၏ အစုရှယ်ယာ ၄၀ ရာခိုင်နှုန်းကို ပိုင်ဆိုင်လာသည်။ ဤအဖွဲ့တို့ကပင် ကော်ပိုရေးရှင်းကြီးတို့ကို ငွေချေးငှားထားရာ (ကော်ပိုရိတ် ဘွန်း 'corporate bonds' တို့ကို ဝယ်ထားရာ) ၄၀ ရာခိုင်နှုန်း အထိပင် ရှိလာသည်။

သို့ဖြင့် ပင်စင်ရန်ပုံငွေ အဖွဲ့တို့သည် အစုရှင်တွေလည်း ဖြစ်လာသည်။ ငွေချေးငှားသူတွေ (lenders) လည်း ဖြစ်လာသည်။ အစိုးရဝန်ထမ်း အသီးသီးအတွက် ပင်စင်ရန်ပုံငွေတွေ ရှိသည်။ ထိုနည်းတူစွာ ကုမ္ပဏီဝန်ထမ်းများအတွက်လည်း ပင်စင်ရန်ပုံငွေတွေ ရှိသည်။ ဤပင်စင်ရန်ပုံငွေတို့ကို ငွေသေ ထားကြသည် မဟုတ်ပေ။ အမြတ်ပေါ်အောင် သို့တည်းမဟုတ် အတိုးပွားအောင် ရင်းနှီးမြှုပ်နှံကြသည်။ ငွေတိုး ချထားကြသည်။ ဤပင်စင် ရန်ပုံငွေအဖွဲ့တို့၏ ရန်ပုံငွေသည် အလွန်ကြီးထွားလာရာ ဖော်ပြခဲ့သည့်အတိုင်း ကော်ပိုရေးရှင်းကြီးတို့၏ စုစုပေါင်း အစုရှယ်ယာထံမှ ၄၁ ရာခိုင်နှုန်း ပိုင်ဆိုင်လာသည်။ ကော်ပိုရေးရှင်း ကြွေးမြီတို့တွင်

ပင်စင်ရန်ပုံငွေအဖွဲ့များသို့ ပေးဆပ်ရန် ကြွေးမှာ ၄၀ ရာခိုင်နှုန်းကျော် ရှိနေသည်။

## ပိုင်ရှင်၊ မြီရှင် ဘယ်သူ တန်ခိုးကြီး

သို့ဖြင့် ပင်စင်ရန်ပုံငွေ အဖွဲ့တို့သည် ရင်းနှီး မြှုပ်နှံသူလည်းဖြစ်၊ ပိုင်ရှင်လည်းဖြစ်၊ ချေးသူ မြီရှင်လည်း ဖြစ်နေကြသည်။ ဤတွင် မေးခွန်းတစ်ပုဒ် ပေါ်လာသည်။ ပိုင်ရှင် (owner) နှင့် ချေးသူ မြီရှင် (lender) ဘယ်သူက ပို၍ တန်ခိုးကြီးသနည်း ဟူ၍ဖြစ်သည်။

အမေရိကန် ကော်ပိုရိတ် အရင်းရှင်စနစ်၏ ပိုင်ဆိုင်မှုဆိုင်ရာ အခြေခံ အဆောက်အအုံသည် ပင်စင်ရန်ပုံငွေ အဖွဲ့တွေဘက် ရွှေ့သွားလေပြီ။ ပင်စင်ရန်ပုံငွေတို့သည် လုပ်သားတို့၏ ရန်ပုံငွေများ ဖြစ်ကြသည်။ ထို့ကြောင့် အရင်းရှင်စနစ်သည် သမားရိုးကျ နားလည်နေကျ အရင်းရှင် လူတန်းစားနှင့် လုပ်သားထုပိုင် ပင်စင် ရန်ပုံငွေတို့ မျှဝေလာသည့်သဘော ဖြစ်လာသည်။

ထိုအခါ ဤအခြေခံ အရွှေ့အပြောင်းသည် ကော်ပိုရေးရှင်းကြီးတို့၏ စီမံခန့်ခွဲမှုအပေါ် မည်သို့သော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေပါသနည်းဟု မေးလာသည်။ ယခင်ကဆိုလျှင် ကော်ပိုရေးရှင်းကြီးတို့သည် ဘဏ်တို့၏ ဩဇာအောက်တွင် ရှိသည်။ ယခုလည်း ရှိသေးသည်။ သို့ရာတွင် ပင်စင် ရန်ပုံငွေများ တန်ခိုးထွားလာသောအခါတွင် ကော်ပိုရေးရှင်းကြီးတို့သည် ပင်စင် ရန်ပုံငွေ အဖွဲ့တို့၏ ဩဇာကိုလည်း ခံယူလာရသည်။

ဘဏ်နှင့် ပင်စင်ရန်ပုံငွေ အဖွဲ့တို့၏ ပူးတွဲအာဏာ (joint power) လို့ပင် ပြောလာသည်။ ကော်ပိုရေးရှင်းတို့၏ စီမံခန့်ခွဲမှုတွင် ပင်စင်ရန်ပုံငွေအဖွဲ့တွေ တန်ခိုးဩဇာ သက်ရောက်လာသောကြောင့် တာဝန်ခံမှု၊ တာဝန်ယူမှု (accountability) ပိုပြီး ပီပြင်လာကြရပြီဟု ဆိုသည်။

## အကျိုးအမြတ် နှစ်မျိုး

ပင်စင် ရန်ပုံငွေ အဖွဲ့တို့က ကော်ပိုရေးရှင်းတို့၏ အစုရှင်တွေ ဖြစ်လာပါလျက်၊ မြီရှင်တွေ ဖြစ်လာပါလျက် ကော်ပိုရေးရှင်း အုပ်ချုပ်တော်ပုံတို့ကလည်း ဆက်လက်ဖြစ်ပေါ်လျက်ပင် ရှိသည်။ ဤအချက်ကို မည်သို့ နားလည်ရပါမည်နည်း။

ဤနေရာတွင် အကျိုးအမြတ် (gains) နှစ်မျိုးအကြောင်း ပြောကြသည်။ ရေတို အကျိုးအမြတ်နှင့် ရေရှည် အကျိုးအမြတ်တို့ ဟူ၍ ဖြစ်သည်။ ရေတို အကျိုးအမြတ်ကို အကျိုးစီးပွား (interest) ဟု ခေါ်၍ ရေရှည် အကျိုးအမြတ်ကို

တန်ဖိုး (value)ဟု ခေါ်သည်။ သို့ဖြစ်လျှင် ပင်စင်ရန်ပုံငွေ အဖွဲ့တို့သည် ဘယ်သင်း ပို၍ စိတ်ဝင်စားပါသနည်း။ ရေတို အကျိုးအမြတ်ပေါ်လား။ ရေရှည် အကျိုးအမြတ် (တန်ဖိုး) ပေါ်လား။

အစုရှင်တို့သည် မိမိတို့ ပိုင်ဆိုင်ထားသော အစုရှယ်ယာ တန်ဖိုးတို့ကို တက်စေချင်သည်။ မိမိ ဝယ်ထားဈေးနှင့် ပေါက်ဈေး သိပ်ခြားနားနေလျှင် သိပ်ဝမ်းသာသည်။ ရှယ်ယာဈေးနှုန်း ဝယ်ဈေးနှင့် ရောင်းဈေး ခြားနားမှုပေါ်မှ အကျိုးအမြတ်ကို ပို၍ စိတ်ဝင်စားကြကုန်သည်။ ယင်းကို စတော့ဈေးကွက် အကျိုးအမြတ် (stock market gain)ဟုခေါ်သည်။ ရေတို အကျိုးအမြတ်ပင် ဖြစ်တော့သည်။

ပင်စင်ရန်ပုံငွေ အဖွဲ့တို့သည် လုပ်သားပိုင်ငွေတွေ ဖြစ်သော်လည်း အခြားရင်းနှီးမြှုပ်နှံသူများ နည်းတူ စတော့ဈေးကွက် အကျိုးအမြတ်ကို ပိုလိုချင်ကြသည်။ ပင်စင်ရန်ပုံငွေ အုပ်ချုပ်သူတို့ကလည်း သူတို့၏ ဤရေတို စတော့ဈေးကွက် အကျိုးအမြတ်တို့ ပေါ်သထက် ပေါ်အောင် ကြိုးပမ်းကြသည်။ ဤသဘောအတိုင်း မှန်လျှင် ပင်စင် ရန်ပုံငွေ အဖွဲ့တို့သည်လည်း ရေရှည် အကျိုးအမြတ် (တန်ဖိုး) အပေါ် စိတ်မဝင်စားဟု ဆိုရမည်။

## ၁၂ ကြိုး

ဤကိစ္စနှင့် ပတ်သက်၍ စီမံခန့်ခွဲမှု ပါရဂူ ပီတာ ဒရပ်ကာက ပင်စင်ရန်ပုံငွေ အဖွဲ့တို့သည် ယေဘုယျ ပိုင်ရှင် ဖြစ်ပါလျက် ပိုင်ရှင် မဖြစ်လိုကြ။ ရင်းနှီးမြှုပ်နှံသူသာ ဖြစ်လိုသည်ဟု ဝေဖန်ပြသည်။ ပင်စင်ရန်ပုံငွေ အဖွဲ့တို့သည် ပိုင်ရှင်လည်း ဖြစ်၊ ရင်းနှီးမြှုပ်နှံသူလည်း ဖြစ်၊ မြီရှင်လည်း ဖြစ်သော်လည်း ရင်းနှီး မြှုပ်နှံသူဘဝကို ပို၍ ခုံမင်မြတ်နိုးသည်ဟု ဆိုသည်။

ပင်စင် ရန်ပုံငွေ အဖွဲ့တစ်ဖွဲ့သည် ကုမ္ပဏီတစ်ခုကို ဝယ်ယူလိုက်သည်။ ဤပင်စင် ရန်ပုံငွေ အဖွဲ့က ဘာပြောသနည်းဆိုသော် "ကျွန်တော်တို့ ကုမ္ပဏီကို ဝယ်တာ မဟုတ်ပါဘူး၊ အစုရှယ်ယာတွေကိုသာ ဝယ်ယူတာပါ" ဟု ပြောသည်။ ပိုင်ရှင် မဖြစ်လို၊ ရင်းနှီး မြှုပ်နှံသူသာ ဖြစ်လိုသည်ဟု ပြောခြင်းဖြစ်သည်။

ထို့ကြောင့် အချို့သော ပညာရှင်တို့က ပင်စင်ရန်ပုံငွေ အဖွဲ့တို့ကို ပိုင်ရှင်အဖြစ် သရုပ်မဖော်။ အက်ဆက် မန်နေဂျာ (asset manager) အဖြစ် သရုပ်ဖော်သည်။ ဤအချက်ကို တင်စားသည့် အနေဖြင့် ဘော့ဗိုင်လန်၏ ဂီတာနှင့် နှိုင်းယှဉ်ပြောသည်။ သူ၏ ဂီတာသည် ၁၂ ကြိုး ပါသည်။ သို့သော် သူက အချိန်တစ်ဝက်ကို ၁၂ ကြိုး သံစဉ်အတိုင်း တီးကြည့်နိုင်သော်လည်း ကျန်တစ်ဝက်

ကိုမှ သံစဉ်အောက်ပြီး တီးရပါသည်ဟု ပြောသည်။ ကြိုး မညှိနိုင်ပေ။

ပင်စင်ရန်ပုံငွေ အဖွဲ့တို့သည် ကော်ပိုရိတ် အရင်းရှင် စနစ်၏ ၄၀ ရာခိုင်နှုန်းမှာ ပါဝင် ပတ်သက်လာသော်လည်း ဘော့ဒိုင်လန်လို ဂီတာ ၁၂ ကြိုးသံစဉ် အတိုင်း အပြည့် မတီးနိုင်ရှာပေ။ ရှယ်ယာ ဈေးနှုန်းတို့သည် နားမလည်နိုင်သော အကြောင်းတို့ဖြင့် လှုပ်ရှားနေသည်။ ဈေးကွက်နှင့် သံစဉ် ညှိနေရသည်နှင့် တန်ဖိုးတို့ဘက် အာရုံ မလှည့်နိုင်ကြပေ။

Ref : Managing for the future By Peter F.Drucker

# နိုင်ငံခြားငွေ လဲလှယ်နှုန်းနှင့် အတိုးနှုန်း အဆက်အစပ် ဘယ်ပုံ ရှိသလဲ

## ဘယ်သင်း အခြေစိုက်

စီးပွားရေး အခြေစိုက် စခန်းတို့ကို အမျိုးမျိုးပြောကြသည်။
(၁) အိပ်(စ်)ပို့ ရှေ့ဆောင် စီးပွားရေး (Export-led economy)
(၂) ဘဏ် အခြေစိုက် စီးပွားရေး (Bank-based economy)
(၃) တက္ကနိုလိုဂျီမောင်း စီးပွားရေး (Technology-drived economy)
(၄) အကြွေး အခြေစိုက် စီးပွားရေး (Leveraged economy)
စသည် စသည်ဖြင့် အမျိုးမျိုး တင်စား ခေါ်ဝေါ်ကြသည်။ စီးပွားရေး လောကထဲရှိ အဓိက သော့ချက်ကျသော လက္ခဏာ တစ်ရပ်ရပ်ကို အကဲဖြတ်၍ စီးပွားရေးကို နာမဝိသေသန တပ်ကြဟန် တူသည်။

၂၀၀၃ ခုနှစ် နိုဝင်ဘာလ (၁၂)ရက်နေ့က ပထမ ပုဂ္ဂလိကဘဏ်၌ ကျင်းပပြုလုပ်သော နီးနှောဖလှယ်ပွဲတွင် ဂျပန်စီးပွားရေး ပညာရှင် နှစ်ဦး ဖြစ်သူ ပါမောက္ခ ဒေါက်တာ ကွန်ဒိုးနှင့် ပါမောက္ခ ဒေါက်တာ အိုနိုတို့က ဂျပန် ဘဏ္ဍာရေး အကြောင်းနှင့် ကမ္ဘာ့ ဘဏ္ဍာရေး အကြောင်းတို့ကို ဟောပြောသွားခဲ့ကြသည်။ အထူးသဖြင့် နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းစနစ် (foreign exchange regime) အကြောင်းကို ရှင်းပြသည်။

ဘဏ္ဍာရေးဆိုင်ရာ ပညာရှင်များ ဖြစ်ကြသည့်အလျောက် သူတို့က အထက်တွင် ဖော်ပြသော စီးပွားရေး ၄ မျိုးထဲမှ အမှတ်စဉ်(၂) ဘဏ် အခြေစိုက် စီးပွားရေးနှင့် အမှတ်စဉ်(၄) အကြွေး အခြေစိုက် စီးပွားရေးတို့ကို အဓိက ရည်ညွှန်း၍ ရှင်းပြသွားသည်။

## အကြွေး စီးပွားရေး

ဘဏ်အခြေစိုက် စီးပွားရေးအကြောင်းသည် နားလည်ရ လွယ်သည်။ သူတို့နိုင်ငံတို့တွင် အိမ်ထောင်စု၊ ကုမ္ပဏီနှင့် တစ်ဦးချင်းတို့သည် ဘဏ်နှင့် မည်သို့မျှ မကင်းကြပေ။ ဘာပဲလုပ်လုပ် ဘဏ်နှင့် ချိတ်ဆက်ပြီး လုပ်ကြသည်။ ဘဏ်မှာ ငွေတွေ အပ်ကြသည်။ ဘဏ် ချက်လက်မှတ်တို့ဖြင့် အပေးအယူ ပြုလုပ်ကြသည်။ ဘဏ်က ရင်းနှီးမြှုပ်နှံရန် ငွေ ထုတ်ချေးကြသည်။ ကုန်သွယ်ရေးအတွက် ဆောင်ရွက်ပေးသည်။ ယုတ်စွအဆုံး တယ်လီဖုံးခ ပေးသွင်းရန် ကိစ္စပင် ဘဏ်မှတစ်ဆင့် ပေးသွင်းသည်။ ဘဏ် ကွန်ရက်သည် စီးပွားရေး နာ(မ်)ကြော၊ အကြောဆိုင် အားလုံးတို့နှင့် ငြိတွယ် ချိတ်ဆက်နေသည်။ တောအုံခြုံကြားမှာ မကျန် မြို့ကြီး မြို့သေး အားလုံးတို့၌ ဘဏ်နှင့် အဆက်အသွယ်တွေ ရှိကြသည်။ ထိုလက္ခဏာ ရှိသော စီးပွားရေးကို ဘဏ်အခြေစိုက် စီးပွားရေးဟု ခေါ်သည်။ ဘဏ်က စီးပွားရေးတွင် ကျောရိုး ဖြစ်နေခြင်း ဖြစ်သည်။

အကြွေး အခြေစိုက် စီးပွားရေး ဆိုသည်မှာ ကုမ္ပဏီတွေ ဖြစ်စေ၊ အခြား စီးပွားရေး လုပ်ငန်းရှင်တို့ ဖြစ်စေ၊ အိမ်ထောင်စုတို့ ဖြစ်စေ၊ မိမိတို့ကိုယ်ပိုင် အရင်းအနှီးတို့က နည်းနည်း၊ ငွေချေးငှားခြင်းတို့က များများဖြင့် စီးပွားရေး လုပ်ကြသည်။ အရပ်စကားနှင့် ပြောလျှင် ငွေချေးပြီး စီးပွားရေး လုပ်ကြခြင်း ဖြစ်သည်။ အကြွေးယူ၍ ပစ္စည်း ဝယ်ကြခြင်းလည်း ပါသည်။ အကြွေးယူ၍ စီးပွားရေး လုပ်ကြခြင်း ဖြစ်သည်။ အကြွေးတို့ကိုလည်း နေရာမျိုးစုံမှ ပုံသဏ္ဍာန် မျိုးစုံဖြင့် အလွယ်တကူ ရရှိနိုင်ကြသည်။ ယင်းကို leveraged economy ဟု ခေါ်ဆိုရာ နိုင်ငံတိုင်းလို၌ ဤပုံသဏ္ဍာန်လို ဖြစ်နေသည်။ အကြွေးဖြင့် အလုပ် လုပ်နေခြင်း မည်သည်။ အကြွေးနှင့် မည်သူမျှ မကင်းသော စီးပွားရေး ဖြစ်သည်။

ပါမောက္ခ အိုနိုက နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်း အကြောင်းကို အဆိုပါ ဘဏ် အခြေစိုက် စီးပွားရေးနှင့် အကြွေး အခြေစိုက် စီးပွားရေးတို့ကို ရည်ညွှန်း၍ ဆက်စပ် ရှင်းပြသွားသည်။ သူ၏ ရှင်းပြချက်၌ အတိုးနှုန်း (interest rate) ကိစ္စသည် အတော် အရေးပါသည်။ နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းနှင့် အတိုးနှုန်းသည် ဆက်စပ်နေသည်။ ဤဆက်စပ်ပုံကို ပါမောက္ခ ဒေါက်တာ အိုနိုက ရှင်းပြသည်။

## ငွေတန်ဖိုးချ အတိုးမြှင့်

၁၉၉၇ ခုနှစ်က အာရှတိုက် နိုင်ငံတို့၌ ဘဏ္ဍာရေး အကျပ်အတည်း ဆိုက်ကြသည်။ ငွေတန်ဖိုးတွေ ထိုးကျကုန်သည်။ ဤလို ငွေတန်ဖိုးတွေ ထိုးကျသော

အခါ နည်းလမ်း နှစ်သွယ်ဖြင့် အခြေအနေ သက်သာရာရအောင် ဆောင်ရွက်ခဲ့ကြသည်။ ပထမ နည်းလမ်းမှာ ငွေတန်ဖိုးတွေ ချခြင်း (devaluation) ဖြစ်သည်။ ဒုတိယ နည်းလမ်းသည် အတိုးနှုန်းတွေ မြှင့်တင်လိုက်ခြင်း ဖြစ်သည်။ ငွေတန်ဖိုးချခြင်း(devaluation) နှင့် အတိုးနှုန်း မြှင့်ခြင်း (high interest rate) တို့ကို တွဲစပ်၍ ကုစားခဲ့ခြင်း ဖြစ်သည်။

ပါမောက္ခ ဒေါက်တာ အိုနိုက ဤနည်းလမ်း နှစ်လမ်း၏ ထိရောက်မှုအပေါ် သံသယဝင်သည်။ အတိုးနှုန်း မြင့်ခြင်းကို ဝေဖန်ပြသည်။ အတိုးနှုန်းမြင့်ရသည့် အကြောင်းကို နားလည်လိုလျှင် စီးပွားရေးသည် ကြွေးမြီ အခြေစိုက် စီးပွားရေးကို မျက်စိထဲ မြင်ရန် လိုသည်။ ဘယ်လို စီးပွားရေးကိုလုပ်လုပ် ငွေချေးငှားပြီး လုပ်ကြသည်။ ငွေတန်ဖိုး ဂနာမငြိမ် ဖြစ်ချိန်သည် ငွေရေးကစားရန် အကောင်းဆုံးအချိန် ဖြစ်သည်။ The best time for monetary speculation ဟု ပြောလို့ရသည်။

ဤလို ငွေရေးကစားရန် အကောင်းဆုံး အချိန်တွင် ငွေကစားသူများသည် အောင်၍ ကစားနိုင်ရန် အလို့ငှာ ဘဏ်တို့မှ ငွေတွေ အရမ်းချေး၍ ကစားကြသည်။ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားတို့တွင် ငွေကစားသူတို့က ငွေချေး၍ ကစားလိုက်ကြရာ ငွေတန်ဖိုးတို့လည်း စိုက်ဆင်းကုန်သည်။ ဤတွင် အတိုးနှုန်းကို အမြင့်ကြီး မြှင့်လိုက်သည်။ ငွေချေး၍ ငွေရေးကစားသူတို့အဖို့ အတိုးမကိုက်တော့ပေ။ တွက်ခြေ မကိုက်တော့ပေ။

## ကားနှင့် လေယာဉ်ပျံ ပိုဝယ်

အတိုးနှုန်း မြင့်မားခြင်းနှင့် နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းတို့အကြား အဆက်အစပ်နှင့် ပတ်သက်၍ စာရေးသူက ဝင်ရောက် ဆွေးနွေးသည်။ ဤသို့ ဆွေးနွေးရန် စာရေးသူက အခြားအခြေစိုက် စီးပွားရေး တစ်မျိုးကို ရှင်းပြသည်။ ဤစီးပွားရေးမှာ အတိုးနှုန်းမောင်း စီးပွားရေး (interest rate drived economy) ဖြစ်သည်။ အမေရိကန်နှင့် ဥရောပ စီးပွားရေးတို့တွင် အတိုးနှုန်းက ပဓါနကျသည်။ အတိုးနှုန်း အတိုးအလျှော့ အနည်းငယ်မျှ လုပ်ပေးရုံနှင့် ထိုနိုင်ငံတို့မှ စီးပွားရေး လုပ်ငန်းတွေ ခါထွက်ကုန်သည်။

တရုတ်ပြည် စီးပွားရေးသည် ဖွံ့ဖြိုး တိုးတက်လာသည်ဟု ဆိုစေကာမူ အတိုးနှုန်းက မောင်း၍ တိုးတက်လာခြင်း မဟုတ်။ တရုတ် ယွမ်ငွေ တန်ဖိုးကို တမင် ချထားခြင်းအားဖြင့် သို့မဟုတ် မတ်အောင် ထိန်းထားခြင်းအားဖြင့် တရုတ်

ပြည်ပပို့ကုန်တွေ တိုးတက်အောင် လုပ်သည်။ ယွမ်ငွေတန်ဖိုး နိမ့်နေသောအခါ ပြည်ပဈေးကွက် အထူးသဖြင့် အမေရိကန် ဈေးကွက်တွင် တရုတ်ပစ္စည်းများ ဈေးပေါပေါနှင့် အောတိုက် ရောင်းချနိုင်သည်။ dumping ဟု ခေါ်နိုင်သည်။

ထို့ကြောင့် တရုတ် စီးပွားရေး ဖွံ့ဖြိုးမှု ပုံသဏ္ဌာန်သည် နိုင်ငံခြားငွေ လဲလှယ်နှုန်းကို ကစား၍ တက်သော ပုံသဏ္ဌာန် (manupulation of currencies) ဖြစ်သည်ဟု စာရေးသူ အမြင်ကို တင်ပြသည်။ ဤသို့ဖြင့် နိုင်ငံခြားငွေ လဲလှယ် ရေးနှုန်း ပြဿနာတွင် အတိုးနှုန်းကိစ္စ အငြင်းအခုံနှင့် ငွေကြေး လဲလှယ်ရေးနှုန်း ကစားခြင်း အငြင်းအခုံတို့ကို ဆွေးနွေးဖြစ်သည်။

ယခု တရုတ်စီးပွားရေး ပေါ်လစီ ချမှတ်သူတို့က တရုတ် ယွမ်ငွေကို တန်ဖိုးမြှင့်ပေးရန် ဖိအားကို ရှောင်ရှားနေသည်။ သို့ရာတွင် တစ်ဖက်၌ ကုန်ဖိအား ကို လိုက်လျောသည့် အနေဖြင့် အမေရိကန် ကုန်ပစ္စည်းတို့ကို တရုတ်က ပိုမိုပြီး အများအပြား ဝယ်ယူလာသည်။ ဤနည်းဖြင့် အမေရိကန်နှင့် တရုတ်တို့ကြား ကုန်သွယ်ရေး မညီမျှမှုကို လျှော့ပါးသွားစေရန် အားထုတ်သည်။ အားထုတ်နည်းမှာ မကြာသေးမီက အမေရိကန် မော်တော်ကား မျိုးစုံနှင့် လေယာဉ်ပျံများကို အများကြီး ဝယ်ယူရန် ကန်ထရိုက် စာချုပ်များကို ချုပ်ဆိုခြင်းပင် ဖြစ်သည်။ ဤနည်းသည် တရုတ်ယွမ်ငွေ တန်ဖိုးကို တန်းမြှင့်တင်ပေးရန် လျှော့ပါးသွားစေမည် ဟုတ်မဟုတ် ကား စောင့်ကြည့်ရဖွယ် ရှိသည်။

## တိရစ္ဆာန်စိတ်ကိုကြည့်၍ စီးပွားရေးကို ထွာကြည့်ခြင်း

### မက္ကရို - မိုက္ကရို

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို နည်းအမျိုးမျိုးဖြင့် တိုင်းထွာသည်။ လူသိများသော နည်းက ဂျီဒီပီခေါ် တိုင်းပြည် ထုတ်ကုန်နည်း ဖြစ်သည်။ တိုင်းပြည်မှာ တစ်နှစ်အတွင်း ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတွေ အသားတင် ဘယ်လောက်ဖိုး ထုတ်သနည်းဟု တွက်ချက်ကြည့်သောနည်း ဖြစ်သည်။ ဤနည်းကို မက္ကရိုအဆင့် တွက်နည်း (macro level measurement) ဟုခေါ်သည်။

ယခု မိုက္ကရိုအဆင့် (micro Level) တွက်နည်းတွေ အမျိုးမျိုး ပေါ်လာသည်။ ကုမ္ပဏီတွေက စီးပွားရေးကို စိုးမိုး လွှမ်းမိုးနေသော စီးပွားရေးတွင် ကုမ္ပဏီတို့၏ အမြတ်ငွေ (earning) တို့ကို အဓိကထားကြည့်သည်။ ကုမ္ပဏီတို့၏ အမြတ် ဝင်ငွေတွေ ကောင်းလျှင် တိုင်းပြည် စီးပွားရေး ကောင်းသည်ဟု ယူဆသည်။ ဤဝင်ငွေတွေ ကျဆင်းနေလျှင် စီးပွားရေး မကောင်းဟု တွက်သည်။

အကယ်၍ တစ်ဦးချင်း မိသားစု စီးပွားရေး (family business) တို့က လွှမ်းမိုး ကြီးစိုးနေလျှင် ဤမိသားစု စီးပွားရေး၏ အခြေအနေကို အကဲဖြတ်သည်။ မိသားစု စီးပွားရေးက သွက်လက် ကောင်းမွန်နေလျှင် တိုင်းပြည် စီးပွားရေး ကောင်းမည်ဟု ယူဆသည်။ အကယ်၍ လယ်သမား စီးပွားရေးက လွှမ်းမိုးလျှင် လယ်သမားတို့၏ ဝင်ငွေကို ကြည့်ပြီး အကဲဖြတ်သည်။ တိုင်းပြည် စီးပွားရေးကို ဘယ်စီးပွားရေး ပုံသဏ္ဍာန်က အဓိက လွှမ်းမိုးသနည်းဆိုသော အချက်ကို ကြည့်ပြီး အကဲဖြတ်ကြခြင်း ဖြစ်သည်။

ယခု မိုက္ကရိုအဆင့် အကဲဖြတ်နည်းတို့မှာ စားသုံးသူ ရှုထောင့်မှကြည့်၍ အကဲဖြတ်သောနည်းနှင့် အလုပ်သမားတို့၏ အလုပ်အကိုင်နှင့် ဝင်ငွေ အခြေအနေ

တို့အပေါ် မူတည် အကဲခတ်သောနည်းတို့ ဖြစ်ကြသည်။ စားသုံးသူရှုထောင့် ဆိုရာ၌ စားသုံးသူက စီးပွားရေးအပေါ် ဘယ်လောက် ယုံကြည် စိတ်ချသနည်း ဆိုသော အချက် (consumer's confidence) ကို အကဲခတ်ခြင်း ဖြစ်သည်။ အလုပ်လက်မဲ့ နည်းသလား၊ များသလား၊ အလုပ်အကိုင် ပေါသလား၊ ရှားသလား၊ အလုပ်သမားတို့၏ ဝင်ငွေ ကောင်းသလား၊ မကောင်းဘူးလား ဆိုသော စံတို့ဖြင့်လည်း တိုင်းထွာသည်။

## သုံးချက်ကို ကြည့်ခြင်း

ယခုနောက်ဆုံး ပေါ်ထွန်းလာသော မိုက္ကရိုအဆင့် နည်းမှာ စွန့်ဦး တီထွင်သူတို့၏ လှုပ်ရှားမှု အခြေအနေ (entrepreneural activities) ကို အကဲဖြတ်သောနည်း ဖြစ်သည်။ တိရစ္ဆာန် ဝိဉာဉ်များ (animal spirits)နည်းဟု တင်စား ခေါ်ဝေါ်သည်။ ဤအကြောင်း သိရှိနိုင်ရန် အလို့ငှာ ဤတိုင်းထွာမှုကို တီထွင်သူက စွန့်ဦးတီထွင်သူတို့ ဆိုသည်မှာ အဘယ် အရာနည်းဟု အနက်အဓိပ္ပာယ် ဖွင့်ဆိုပြသည်။

စွန့်ဦး တီထွင်သူတို့ ဆိုသည်မှာ -

(၁) စီးပွားရေးလုပ်ငန်း ခေတ်တို့ကို ထူထောင်သူများ ဖြစ်ရမည်။ Start - up ဟု ခေါ်သည်။

(၂) ဤလုပ်ငန်းသစ်ကို ဘေဘီ ဘိစနက် (baby business) ဟူ၍လည်း ခေါ်သည်။ စတင် ထူထောင်သည်မှာ လေးလနှင့် လေးလ အရွယ် သက်တမ်းသာ ရှိရမည်။ တစ်နည်းပြောရလျှင် ကလေးအရွယ် သက်တမ်းသာ ရှိရမည်။

(၃) လုပ်ငန်းသစ် ထူထောင်သူတို့၏ အသက်အရွယ်သည် ၁၈ နှစ်နှင့် ၆၄ နှစ်ကြားအရွယ် ဖြစ်ရမည်။

ဤသို့ အနက်အဓိပ္ပာယ် ဖွင့်ဆိုပြီးနောက် နိုင်ငံပေါင်း ၄၀ မှ စွန့်ဦးတီထွင်သူတို့၏ လှုပ်ရှားမှု အခြေအနေကို လန်ဒန်အနောက် ဂျီအီးအမ်ခေါ် Global Entrepreneurship Moniton က ဆာဗေး ပြုလုပ်သည်။ ဤဆာဗေးတွင် 'စုစုပေါင်း စွန့်ဦးတီထွင်သူများ၏ လှုပ်ရှားမှု အညွှန်း' ကို တွက်ချက်ပြထားသည်။

စွန့်ဦးတီထွင်သူ ဖြစ်ရန်မှာ သိပ်မလွယ်ပေ။ လိုအပ်ချက်လည်း ရှိရမည်။ အခွင့်အလမ်းတို့လည်း ရှိရမည်။ ဤလိုအပ်ချက်နှင့် အခွင့်အလမ်းတို့သည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူပါ။ အထူးသဖြင့် ချမ်းသာသော နိုင်ငံနှင့် ဆင်းရဲသော နိုင်ငံတို့ကြား စွန့်ဦးတီထွင်သူ ဖြစ်ရန် လိုအပ်ချက်နှင့် အခွင့်အလမ်းတို့ မတူညီနိုင်ပေ။ ထို့ကြောင့် စိစစ် သုံးသပ်မှုလည်း တဲ့တိုး မဖြစ်ဘဲ လိမ်ကောက်နေနိုင်သည်။

ဤကိုဒီးအမ် ဆာပေးက ကြွယ်ဝချမ်းသာမှုကို ငွေကြေးနှင့် မဖော်ပြပေ။ စွန့်ဦးတီထွင်သူ ဦးရေနှင့် ဖော်ပြသည်။ သို့ဖြင့် စွန့်ဦးတီထွင်သူ ပေါများမှု (ဦးရေ) သည် ၁၈ နှစ်မှ ၆၄ နှစ် အရွယ်ကြား၌ ဘယ်လောက် ရှိသနည်းဟု တွက်ချက်ရာ ဖွေသည်။

## ဒေါ့ကွန်း ပေါက်ပြ

ဤသို့ တွေ့ရှိသောနှုန်းကို တီအီးအေဟု ခေါ်ဆိုသည်။ စုစုပေါင်း စွန့်ဦးတီထွင်သူ လှုပ်ရှားမှု အညွှန်းဟု အဓိပ္ပာယ် ထွက်သည်။ ဤသို့ တွက်ချက်ကြည့်သောအခါ ၂၀၀၃ ခုနှစ်၌ အမေရိကားသည် စွန့်ဦး တီထွင်သူ ကြွယ်ဝသောနိုင်ငံ ဖြစ်ဆဲဖြစ်သည်။ ၁၈ နှစ်နှင့် ၆၄ နှစ် အရွယ်ကြား၌ စွန့်ဦးတီထွင်သူ ဦးရေက ၁၁.၉ ရာခိုင်နှုန်း ရှိသည်။ ဗြိတိန်ကလည်း ဤရာခိုင်နှုန်း တိုးလာသည်။ ဂျပန်နှင့် ဂျာမနီတို့တွင် စွန့်ဦးတီထွင်သူ ဦးရေ ရာခိုင်နှုန်း ၂၀၀၃ ခုနှစ်၌ တိုးလာသော်လည်း ပြင်သစ်၌မူ ဤရာခိုင်နှုန်း ကျဆင်းသွားသည်။

စွန့်ဦးတီထွင်သူ ဦးရေသည် တက္ကနိုလိုဂျီ အမျိုးအစား တစ်ခုနှင့် နွယ်ပြီး ပေါ်ပေါက်လေ့ ရှိသည်။ ဥပမာ ၂၀၀၁ ခုနှစ်မှစ၍ အင်ဖော်မေးရှင်း တက္ကနိုလိုဂျီ ခေါ် အိုင်တီ ဖွံ့ဖြိုးမှုကြောင့် စွန့်ဦးတီထွင်သူတွေ အလွန် များပြားခဲ့သည်။ အိုင်တီ ဖွံ့ဖြိုးမှုကို ဒေါ့ကွန်း ပူဖောင်း (dot.com bubble)ဟုခေါ်ဆိုခဲ့ရာ ဤ ပူဖောင်းသည် မနှစ်က ပေါက်ပြဲသွားခဲ့သည်။

သို့သော် ထူးခြားမှုမှာ ဤသို့ ဒေါ့ကွန်း ပူဖောင်း ပေါက်ပြဲသွားပါလျက် အမေရိကား၊ ဂျပန်နှင့် ဂျာမနီတို့တွင် စွန့်ဦးတီထွင်သူဦးရေ ကျဆင်းမသွားဘဲ တိုးတက်လာသော အချက် ဖြစ်သည်။ အချို့က ဒေါ့ကွန်း ပေါက်ပြဲသွားသော်လည်း ငွေ့နေရာတွင် ဇီဝ တက္ကနိုလိုဂျီတွေက အရမ်း ထွန်းကားလာသဖြင့် ဤသို့ စွန့်ဦးတီထွင်သူတွေ ကျဆင်း မသွားရခြင်း ဖြစ်သည်ဟု ထောက်ပြကြသည်။

အခြား ထူးခြားချက် တစ်ရပ် ပေါ်သေးသည်။ ယင်းမှာ နိုင်ငံပေါင်း ၄၀ ကို နှိုင်းယှဉ် လေ့လာကြည့်သောအခါ ခေတ်နောက်ကျသည်ဟု အဆိုရှိသော အာဖရိက ယူဂန်ဒါ နိုင်ငံတွင် စွန့်ဦးတီထွင်သူ ဦးရေ အများဆုံး ထောင်တက်လာသောအချက် ဖြစ်သည်။ အသက် ၁၈ နှစ်နှင့် ၆၄ နှစ် အရွယ်ကြား၌ စွန့်ဦးတီထွင်သူဦးရေ ၉၂.၂ ရာခိုင်နှုန်းအထိ ရှိနေသည်။ စွန့်ဦးတီထွင်သူ ဦးရေ များပြားသည် ဆိုသည်မှာ စွန့်ဦးတီထွင်မှုအတွက် ဆုလာဘ် အကျိုးအမြတ် အများဆုံး ပေါ်ပေါက်ကြောင်းကို ပြသည့်သဘောဟု ယူဆနိုင်သည်။

## ယူဂန်ဒါ

ယေဘုယျအားဖြင့် ဤသို့ပင် ယူဆရမည်။ စွန့်ဦးတီထွင်သူ ဦးရေ များပြားရသည်မှာ ဤနယ်ပယ်၌ အကျိုးအမြတ် ကောင်းနေ၍သာ ဖြစ်သည်။ အကျိုးအမြတ်နည်းနေလျှင် စွန့်ဦးတီထွင်သူ ဦးရေ နည်းမည်။

သို့ရာတွင် ယူဂန်ဒါ နိုင်ငံ၏ စာရင်းဇယားကမူ တစ်မျိုး ပြသည်။ ယူဂန်ဒါ၌ စွန့်ဦးတီထွင်သူ ဦးရေ များပြားသည်မှာ ၎င်းတို့အတွက် အကျိုးအမြတ်တွေ ကောင်းနေခြင်းကို ထင်ဟပ်သည်ထက် အခြားဘာမှ ရွေးချယ်စရာ မရှိ၍ (lock of alternative jobs) ဤနယ်ပယ်ထဲ ဝင်တိုးကြခြင်းကို ထင်ဟပ်ရာ ဖြစ်နိုင်သည်။

စွန့်ဦးတီထွင်သူတို့သည် ငယ်ရွယ် ဖျတ်လတ်သည်။ နည်းပညာ အခြေခံရှိသည်။ အရှုံးအမြတ် စွန့်ရဲသည်။ တွန်းတွန်းတိုက်တိုက် လုပ်သည်။ ပြိုင်ရာ၌ ခပ်ရမ်းရမ်း ပြိုင်ငံ့ကြ၍ သူတို့၌ ပို၍ တီရွှောန်စိတ်ဓာတ် ရှိသည်ဟု ပြောကြသည်။ ယှဉ်ပြိုင်မှုသည် ခက်ထန်သော လောက၌ တီရွှောန် စိတ်ဓာတ်က လွှမ်းမိုးရမည်မှာ ဓမ္မတာ ဖြစ်သည်။

Ref : The Economist

# ငွေပထဝီ အပြောင်းအလဲနှင့် ဒေါ်လာနန်းချ ရမရ ပြဿနာ

## ငွေကြေးနှင့် ပထဝီ

ငွေအသပြာ ပထဝီသည် အပြောင်းအလဲ ဖြစ်သွားသည်။ ရှေးပဝေသဏီက ပစ္စည်း တစ်ခုခုကို အသပြာဖြင့် သုံးစွဲသည်။ အထင်ရှားဆုံးက ရွှေ ဖြစ်သည်။ ထိုစဉ်က အသပြာ၌ ပထဝီ မရှိပေ။ နယ်မြေပိုင်နက် မရှိပေ။ ဘုရင်က ဖြစ်စေ၊ မြို့စားက ဖြစ်စေ၊ ပုရောဟိတ်က ဖြစ်စေ သွန်းလုပ်သော ငွေအသပြာသည် ဘယ်နေရာ ဘယ်ဒေသ တို့၌သာ တရားဝင်သည် ဟူ၍မရှိ၊ လက်ခံသုံးစွဲသည့် နေရာတိုင်း၌ တရားဝင်သည်။

သို့သော် ၁၆၄၈ ခုနှစ်၌ ဝက်(စ်)ဖါလီးယား ငြိမ်းချမ်းရေး စာချုပ်ချုပ်ဆို ပြီး ပေါ်လာသည်။ အနှစ် သုံးဆယ်ကြာ ဘာသာရေး စစ်ပွဲတို့ကို အဆုံးသတ်ရန် ရည်ရွယ်ချက်တို့ဖြင့် ဤစာချုပ် ချုပ်ဆိုခဲ့ကြခြင်း ဖြစ်သည်။ ဤစာချုပ်မှနေ၍ အမျိုးသား အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု (National Sovereignty) ဆိုသော မူ ပေါ်လာသည်။ နိုင်ငံအစိုးရ (Nation-States) တို့ကို အသိအမှတ် ပြုသည်။ ဤနိုင်ငံအစိုးရတို့၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို အသိအမှတ် ပြုသည်။ သဘောမှာ အချုပ်အခြာအာဏာ ပိုင်ဆိုင်သော နိုင်ငံတို့၏ ပြည်တွင်းရေးတွင် ဝင်ရောက် မစွက်ဖက်ရန် မူ ချမှတ်လိုက်ခြင်း ဖြစ်သည်။

သို့ဖြင့် ဝင်ရောက် မစွက်ဖက်ရေး (Non-Intervention) မူသည် ၁၆၄၈ ခုနှစ် ဝက်စ်ဖါလီးယား စာချုပ်မှ စတင် ပေါက်ဖွားလာခြင်း ဖြစ်သည်။ အချုပ် အခြာအာဏာ ပိုင်ဆိုင်မှု၏ သင်္ကေတအနေဖြင့် နိုင်ငံအစိုးရတစ်ရပ်သည် ကိုယ့်ငွေကြေး ကိုယ် သွန်းလုပ် ထုတ်ဝေခွင့်ကို အသိအမှတ် ပြုလိုက်သည်။ ထိုမှစ၍ 'တစ်နိုင်ငံ ငွေအသပြာတစ်မျိုး' (One Nation, One Money) ဆိုသော ဆောင်ပုဒ်ပေါ်လာသည်။

သဘောကား ငွေအသပြာ၌ ပထဝီ တိတိကျကျ ရှိသွားပြီ။

## ရွှေနန်းချ၊ ဆင့်ကဲပေါ်

ငွေကြေးတွေ ကိုယ့်ပထဝီနှင့် ကိုယ် ဖြစ်လာသောအခါ ငွေကြေးချင်း ယှဉ်ပြိုင်မှုတွေ ပေါ်လာသည်။ Competition between currencies ဟု ခေါ်သည်။ ဤအချက်ကပင် ငွေကြေးတို့၏ ပထဝီကို ဖျက်ဆီးတော့သည်။ ၁၉၃၀ ပြည့်နှစ် မဟာစီးပွား ပျက်ကပ်ကြီးနှင့် ဒုတိယ ကမ္ဘာစစ်ကြီးတို့က ငွေကြေးအချို့ကို အင်တာနေရှင်နယ် လုပ်ပစ်လိုက်သည်။ Internationalization of certain currencies ဟုဆိုသည်။

ငွေကြေး တစ်ရပ်ရပ်က အင်တာနေရှင်နယ် လက္ခဏာ ဆောင်လာရာတွင် အဆင့်သုံးဆင့်ကို ဖြတ်သန်းရသည်။ ပထမ ရွှေကို ကမ္ဘာ့သုံးငွေအဖြစ် သုံးစွဲနေရာမှ ရွှေစံချိန် (Gold Standard) ကို စွန့်လွှတ်လိုက်ရသည်။ ဒုတိယ အဆင့်၌ ရွှေစံချိန်နှင့် ချိတ်ဆက်ထားသော အမေရိကန်ဒေါ်လာကို ကမ္ဘာ့သုံးငွေအဖြစ် သုံးစွဲလာသည်။ သို့ရာတွင် ဤအဆင့်လည်း ကြာရှည်မခံပေ။ အမေရိကန် အစိုးရက ဒေါ်လာနှင့် ရွှေ ချိတ်ဆက်ထားခြင်းကို ပယ်ဖျက်လိုက်သည်။ Demonitization of gold ဟုခေါ်သည်။

တတိယ အဆင့်၌ အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ IMF မှ 'ဘင်ကော' ဟု ခေါ်သော ကမ္ဘာ့သုံးငွေ တစ်မျိုးကို တီထွင် စမ်းသပ်ကြည့်သည်။ အထူး ထုတ်ဝေခွင့် (special drawing rights) တို့ကို ကျောထောက်နောက်ခံထားပြီး ထုတ်ဝေရန် ဖြစ်သည်။ မအောင်မြင်ပေ။ သို့ဖြင့် ထိပ်သီးငွေ အချင်းချင်း ယှဉ်ပြိုင်ခဲ့ကြရာမှ ငွေကြေးစုန်တွေ ပေါ်လာသည်။ ပေါင်စတာလင်ဇရီယာ၊ ဒေါ်လာဇုန် စသည်ဖြင့် ပေါ်လာသည်။ ပေါင်စတာလင် ဇရီယာသည်လည်း ပြိုလဲသွားလေရာ ယခုနောက်ဆုံး အမေရိကန် ဒေါ်လာက ယူရိုငွေ၊ ဂျပန်ယန်းတို့နှင့် ယှဉ်ပြီး ကမ္ဘာ့သုံးငွေ ဖြစ်လာတော့သည်။

ငွေကြေး ယှဉ်ပြိုင်မှုတို့ကြောင့် ငွေကြေး ဖွဲ့စည်းပုံ အထပ်ထပ် ဆင့်ကဲ ဖြစ်လာသည်။ Heirarchy of currencies ဟု ခေါ်သည်။ ငွေအမာ အပျော့ လိုက်ပြီး အဆင့်ခွဲခြင်း ဖြစ်သည်။

## ပိုင်နက်မှုန် ငါးမျိုး

ဤအချက်မှနေ၍ ထူးခြားသော လက္ခဏာတစ်ရပ် ပေါ်လာသည်။ နိုင်ငံအသီးသီး တို့သည် မိမိတို့ ပြည်တွင်းငွေကို သာမက အခြား နိုင်ငံခြားငွေတို့ကိုလည်း အကြောင်း အမျိုးမျိုးကြောင့် ကိုင်တွယ်လာရသည်။ လည်ပတ် သုံးစွဲနေရသည်။

သဘောကား ငွေကြေးတို့တွင် နယ်မြေ ပိုင်နက်တွေ မှုန်မွှားသွားခြင်း ဖြစ်သည်။ ယင်းကို Deterritoritizationဟုခေါ်သည်။

သို့ဖြင့် ငွေကြေးသမိုင်းသည် နယ်မြေပိုင်နက်နှင့် စပ်ဟပ်ပြောလျှင် သုံးဆင့် ပြောင်းလဲလာသည်။

(၁) ရှေးပဝေသဏီခေတ် ငွေကြေးတို့၌ နယ်မြေပိုင်နက် မရှိ၊ ကင်းမဲ့သည်။ Non-territoritization ဟုခေါ်သည်။

(၂) ဝက်(ဖ်)ဖါလီးယား သဘောတူညီချက်မှစ၍ ငွေကြေးတွေ နယ်မြေပိုင်နက် ပေါ်လာသည်။ Territoritization ဟုခေါ်သည်။

(၃) ယခုအဆင့်၌ ငွေကြေးတို့၌ နယ်မြေပိုင်နက်တွေ မှုန်မွှားနေပြီ။ Deterritoritization ဟုခေါ်သည်။ ဤသုံးဆင့်သည် အသပြာ၏ ပထဝီ အပြောင်းအလဲကို ထင်ဟပ်သည်။ ယခု နောက်ဆုံးအဆင့်၌ ငွေတန်ဖိုးနှင့် ပတ်သက် ၍ အမြင်လည်း ပြောင်းလဲသွားသည်။ ယခင် အဆင့်တို့၌ ငွေတန်ဖိုး တက်ခြင်းသည် အင်အားဟု ထင်၍ ငွေတန်ဖိုး တက်ရန် ကြိုးပမ်းသည်။ ငွေတန်ဖိုး တက်လျှင် လက်မထောင်သည်။

ယခုအမြင်က ပြောင်းပြန်လို ဖြစ်သွားသည်။ နိုင်ငံ အတော်များများသည် မိမိတို့နိုင်ငံ ငွေကြေးများ တန်ဖိုး တက်နေခြင်းကို မလိုလားကြပေ။ ငွေတန်ဖိုးကျ နေခြင်းကို လိုလားသည်။ မိမိငွေ တန်ဖိုးကျဆင်းမှ မိမိနိုင်ငံအတွက် အကျိုးရှိနေ သည်။ မိမိငွေတန်ဖိုး ကျဆင်းရန် လုပ်ငန်းငါးမျိုး ဆောင်ရွက်နေကြသည်။ (၁)တရုတ်ပြည်က မိမိ ယွမ်ငွေတန်ဖိုးကို အနိမ့်အဆင့်၌ ပုံသေ သတ်မှတ်ထား သည်။ Peg ဟုခေါ်သည်။ (၂) ဂျပန်က မိမိငွေတန်ဖိုး မတက်အောင် ငွေကြေး ဈေးကွက်ထဲ ဝင်စွက်ဖက်သည်။ Intervention ဟု ခေါ်သည်။ (၃) အမေရိကား က ကုန်သွယ်ရေး လိုငွေနှင့် ဘတ်ဂျက် လိုငွေတို့ကို ဖေါ်သည်။ (၄) ဥရောပ သမဂ္ဂက အမေရိကားကို ဖိအားပေးနေသည်။ (၅) အများက ငွေကြေးလဲလှယ် ရေးနှုန်းတို့ကို ဈေးကွက် တရားအတိုင်း စီရင်စေချင်သည်။

## ဒေါ်လာ နန်းချ ရမရ

ငွေကြေး အသီးသီးတို့၏ ဆင့်ကဲ အထပ်ထပ် ဖွဲ့စည်းမှုတို့တွင် အမေရိကန်ဒေါ်လာ က ထိပ်ဆုံးနေရာ၌ ရောက်နေသည်။ ဤသို့ ရောက်ရသည့် အတွက် အောက် ဖော်ပြပါ အဆင့်အတန်း Status ၅ မျိုးကို ရရှိထားသည်။

(၁) ကမ္ဘာသုံး ငွေကြေး အဆင့်အတန်း Medium of Exchange ဟုခေါ်သည်။

(၂) နိုင်ငံအသီးသီးမှ ဗဟိုဘဏ်တို့က ဒေါ်လာကို သီးသန့် ရံပုံငွေအဖြစ် ထားရှိသော အဆင့်အတန်း (reserve role) ဟုခေါ်သည်။
(၃) တန်ဖိုး အရပ်ရပ်၊ ငွေပေးချေမှု အရပ်ရပ်၊ ဈေးနှုန်း အရပ်ရပ်တို့ကို ဒေါ်လာဖြင့် သတ်မှတ်သော အဆင့်အတန်း (unit of account) ဟုခေါ်သည်။
(၄) ခေနှင့် စုဆောင်းမှု အရပ်ရပ်ကို သိုမှီး စုဆောင်းရာတွင် ဒေါ်လာ အက်ဆက်တို့သည် ပိုပြီး စိတ်ချရသော အဆင့်အတန်း (safe haven) ရရှိနေသည်ဟု ခေါ်သည်။ တန်ဖိုး သိုမှီးရာ (store of value) ဟုလည်း ခေါ်သည်။
(၅) ကမ္ဘာသုံးငွေကို ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခွင့် အထူး အခွင့်အရေးကို ရရှိနေသော အဆင့်အတန်း ဖြစ်သည်။

ဒေါ်လာသည် နယ်မြေပိုင်နက် အရပ်ရပ်ကို ကျော်ဖြတ်ထားသည်။ ဒေါ်လာ၌ ပထဝီ မရှိပေ။ ယခုလာမည့် နှစ်တွင် သမ္မတဘု(ရှ်)အစိုးရ ဒုတိယ သက်တမ်းသည် အားကြီး ဒေါ်လာပေါ်လစီကို ကျင့်သုံးမလား၊ သို့တည်းမဟုတ် လက်ရှိအတိုင်း အားပျော့ဒေါ်လာကို ဆက်လက် ထိန်းသိမ်းသွားမလား စောင့်ကြည့်နေကြသည်။ ဒေါ်လာကို နှန်းချပစ်ချင်သည့် အင်အားစုတွေလည်း ရှိသည်။ နှန်းချပစ်လို့ မရမှန်းလည်း သိသည်။ ငွေကြေးတို့၌ အတက်အကျ သံသရာ ရှိလေရာ ဒေါ်လာသည် တန်ခိုးအာဏာ အကျပိုင်းဘက် ယိုင်နေပြီလားဟု မေးခွန်းထုတ်သည်။

# စီးပွားရေးအသည်းနှလုံးနှင့် ထပ်ကိန်းပြဿနာ

## အသည်းနှလုံး

ယခု ပေါ်လာသော ပြဿနာသည် အာရှတွင် စီးပွားရေး လုပ်ခြင်းနှင့် အမေရိကား အပါအဝင် အနောက်နိုင်ငံတို့တွင် စီးပွားရေး လုပ်ခြင်းတို့ကြား၌ ဘာတွေ ခြားနားသနည်း။ ဘာတွေ တူညီနေသနည်းဆိုသော ကိစ္စ ဖြစ်သည်။ ရှေးဦး ပထမ တူညီသော ပုံစံနှစ်ခုကို ဖော်ပြရလျှင် (၁)အတိုးနှုန်း ကိစ္စနှင့် (၂)ကုမ္ပဏီ ယဉ်ကျေးမှု ကိစ္စတို့ ဖြစ်သည်။

အတိုးနှုန်းသည် စီးပွားရေး လုပ်ငန်းတိုင်း၏ အသည်းနှလုံး ဖြစ်သည်။ ဘာပဲလုပ်လုပ် အတိုး ကိုက်မကိုက် ချိန်ရသည်။ အမြတ် ပေါ်မပေါ် ဆိုသော အချက်ထက်ပင် အတိုး ကိုက်မကိုက် ဆိုသော အချက်က ပို၍ အရေးကြီးသည်။ အတိုးနှုန်းတို့ကလည်း အမျိုးမျိုးရှိသည်။ ဘဏ် အတိုးနှုန်း၊ ပြင်ပမှ လက်လှည့် ချေးငှားရသော အတိုးနှုန်း၊ နေ့ပြန် အတိုးနှုန်း စသည်ဖြင့် အမျိုးမျိုးရှိသည်။ မိမိက ငွေကြေး ချေးငှားခြင်း မလုပ်ဘဲ မိမိငွေနှင့် မိမိ လုပ်ကိုင်သည်ဟု ဆိုသည့်တိုင်အောင် ငွေကြေးချေးငှားပြီး လုပ်ကိုင်ဘိသကဲ့သို့ တွက်ချက်ရသည်။ အတိုး မပေးရစေကာမူ အတိုးပေးရသကဲ့သို့ ထည့်တွက်ရသည်။

ကုမ္ပဏီကြီးတို့ကမူ ဘဏ်တို့နှင့် ဆက်သွယ် အလုပ် လုပ်ကြသည်ဖြစ်၍ ဘဏ် အတိုးနှုန်းတို့ကို အဓိက ထည့်တွက်ရသည်။ ဘဏ် အတိုးနှုန်း၌လည်း နှစ်မျိုးရှိသည်။ ဗဟိုဘဏ် အတိုးနှုန်းနှင့် အခြား ဘဏ်တို့၏ အတိုးနှုန်း ဟူ၍ ဖြစ်သည်။

လုပ်ကိုင် ဆောင်ရွက်သော စီးပွားရေးက ပြည်ပဆက်သွယ်ရေးတို့နှင့် အလွန်များပြား ရှုပ်ထွေးလာသော အခါတွင် နိုင်ငံခြားဘဏ်တို့မှ အတိုးနှုန်းတို့ကို

အဓိကထား တွက်ချက်ရပြန်သည်။ ထို့မျှသာမကသေး နိုင်ငံခြား ဗဟိုဘဏ်တို့က ယူသော အတိုးနှုန်းတို့ကိုလည်း ထည့်သွင်း စဉ်းစားရပြန်သည်။ နိုင်ငံခြား ဗဟိုဘဏ်တို့ထဲ၌ပင် ယခု အမေရိကန် ဗဟိုဘဏ်၏ အတိုးနှုန်းကို ဗဟိုချက် တည်၍ ထည့်တွက်ကြရသည်။

## စတော့ ဈေးနှုန်းနှင့် အတိုးနှုန်း

သို့ဖြင့် စီးပွားရေးသမားတို့သည် အတိုးနှုန်း အန္တရာယ် (interest rate risk) တို့ကို အမြဲတမ်း သတိမလစ်ဘဲ စောင့်ကြည့်နေရသည်။ ထို့အပြင် ပြည်ပနှင့် စီးပွားရေး လုပ်ကိုင်သူတို့သည် နိုင်ငံခြားငွေ လဲလှယ်နှုန်း အပြောင်းအလဲတို့ကိုလည်း အစဉ်သဖြင့် ဂရုစိုက်နေကြရသည်။ အတိုး ကိုက်မကိုက်၊ အမြတ် ထွက် မထွက် ဆိုသောအချက်သည် နိုင်ငံခြားငွေ လဲလှယ်နှုန်း အပြောင်းအလဲတို့ အပေါ်၌လည်း မူတည်နေသည်။ သို့ဖြစ်ရာ စီးပွားရေး လုပ်သူတို့သည် (၁) အတိုး အန္တရာယ်နှင့် (၂) ငွေကြေး လဲလှယ်နှုန်း အန္တရာယ် (currency risk) တို့နှင့် အမြဲ ကြုံတွေ့နေရမည် ဖြစ်သည်။ ဤအန္တရာယ်တို့ကို ကျော်လွှားနိုင်ရန် သီးသန့်ပညာ လိုသည်။ သီးသန့် အတွေ့အကြုံ လိုသည်။

အခြား ပြဿနာ တစ်ခုမှာ ကုမ္ပဏီ ယဉ်ကျေးမှုကိစ္စ ဖြစ်သည်။ စီးပွားရေးအကြောင်း ပြောလျှင် ဂျီဒီပီတို့အကြောင်း၊ စီးပွားရေး ပေါ်လစီတို့အကြောင်း၊ မက်ခရိုဒေတာ (micro data) အကြောင်းတို့ကိုသာ ပြောရုံနှင့် မပြီးပေ။ အကယ်စင်စစ်၌ ကုမ္ပဏီတို့၏ လုပ်ဆောင်ချက်တို့က အဓိက စကားပြောသည်။ ထို့ကြောင့် စီးပွားရေး မဂ္ဂဇင်း၊ ဂျာနယ်တို့တွင် ကုမ္ပဏီတို့၏ လုပ်ဆောင်ချက်တို့ကိုသာ အရေးပေး ဖော်ပြကြသည်။ ကုမ္ပဏီ၏ လုပ်ဆောင်ချက်တွေ ဖွံ့ဖြိုး သွက်လက်မှု ရှိမရှိဆိုသော အချက်က သက်ဆိုင်ရာ နိုင်ငံ၏ စီးပွားရေး ကံကြမ္မာကို ပုံလောင်းနေသည် ဖြစ်သည်။

ကုမ္ပဏီတို့၏ အဆိုးအကောင်း အခြေအနေကို စတော့ အိပ်(စ်)ချိန်း (ရှယ်ယာဒိုင်)တွင် ထင်ဟပ်သည်။ ကုမ္ပဏီတို့သည် မိမိတို့၏ စတော့ အစုရှယ်ယာတို့ကိုလည်း ထုတ်ရောင်းကြသည်ဖြစ်ရာ ရှယ်ယာဈေးနှုန်း ကောင်းမကောင်းကို စတော့ အိပ်(စ်)ချိန်းတွင် သိနိုင်ကြသည်။ စတော့ရှယ်ယာ ဈေးနှုန်းနှင့် အတိုးနှုန်းတို့သည် ဆက်စပ်နေသည်။ ထို့ကြောင့် စတော့ ဈေးနှုန်းနှင့် အတိုးနှုန်း ဆက်စပ်မှု အကြောင်းကိုလည်း သိရှိကြရန် လိုသည်။

## အပေါင်းလား အမြှောက်လား

ဥပမာ အမေရိကန် ဗဟိုဘဏ် အတိုးနှုန်းသည် ရှေ့ဆက်ပြီး တိုးမြှင့်လာစရာ အကြောင်း ရှိသည်ဟု ခန့်မှန်းပြီးသကာလ အာရှ စတော့ အိပ်(စ်)ချိန်းတို့၌ စတော့ရှယ်ယာ ဈေးနှုန်းတွေ တအိအိ ကျဆင်းနေသည်။ ဤကား အတိုးနှုန်းနှင့် စတော့ရှယ်ယာ ဈေးနှုန်းတို့ အဆက်အစပ် ရှိပုံကို ထင်ဟပ်သော သာဓကဖြစ်သည်။

လိုရင်း ပြောရလျှင် စီးပွားရေး လောက၌ ကုမ္ပဏီ ယဉ်ကျေးမှုနှင့် စတော့ အိပ်(စ်)ချိန်း ယဉ်ကျေးမှုတို့ ထွန်းကားရန် လိုအပ်ပုံကို သဘောပေါက် အပ်သည်။ ယခု အာရှတိုက်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် ကမ္ဘာပေါ်တွင် အသွက်လက်ဆုံးနှင့် ဒိုင်းနမစ် အဖြစ်ဆုံး ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားကြသည်။ ဤသို့ ဒိုင်နမစ် ဖြစ်ရသည်မှာ အာရှတိုက်တွင် ကုမ္ပဏီယဉ်ကျေးမှုနှင့် စတော့ အိပ်(စ်)ချိန်း ယဉ်ကျေးမှုတို့ သွက်သွက်လက်လက် ထွန်းကားသောကြောင့် ဖြစ်သည်။ များစွာသော အာရှနိုင်ငံတို့သည် ဤယဉ်ကျေးမှု နှစ်ခု ထွန်းကားရန် အလို့ငှာ ၂၀၀၆ ခုနှစ်၌ စည်းမျဉ်းစည်းကမ်းတွေ လျှော့ချပေးရန် စီစဉ်လျက် ရှိကြသည်။ ကုမ္ပဏီ ဥပဒေ၊ စည်းကမ်းတို့နှင့် ပတ်သက်၍ အချုပ်အချယ် အကန့်အသတ်များ လျှော့ချရန် စီစဉ်နေကြသည်။

သို့ဖြင့် တင်းကျပ်သော ကုမ္ပဏီ ဥပဒေနှင့် စည်းမျဉ်းတို့ဖြင့် ကုမ္ပဏီ ယဉ်ကျေးမှုကို ဖွံ့ဖြိုးတိုးတက်ရန် လုပ်နိုင် မလုပ်နိုင် အငြင်းအခုံ ဖြစ်လာသည်။ ထို့အပြင် အာရှစီးပွားရေး လောက၌ ပြိုင်ဆိုင်မှုတို့က အလွန် ပြင်းထန်မည့်ပုံ ရှိနေမည့် အချက်ကိုလည်း ထည့်သွင်း စဉ်းစားရန် လိုသည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု၊ ထုတ်လုပ်မှုတို့တွင် ဖြည့်စွက်တန်ဖိုး (value added) ဆိုသော အယူအဆတစ်ခု ရှိသည်။ ဖြည့်စွက်တန်ဖိုး ဆိုသည်မှာ အပေါင်း လက္ခဏာဖြင့် ဖြည့်စွက်ခြင်းကို ရည်ညွှန်းသည်။

## ထပ်ကိန်းပြိုင်ပွဲနှင့် အီး-ဘိစနက်

ယခု အပြိုင်အဆိုင်တွေ အလွန် ပြင်းထန်လာသောအခါ တန်ဖိုးကို အပေါင်း လက္ခဏာဖြင့် ဖြည့်စွက်ပေးရုံဖြင့် မလုံလောက်ပေ။ အပေါင်း လက္ခဏာဖြင့် ဖြည့်စွက်ရုံပြုလျှင် ကွဲမည်။ ပြိုင်ပွဲမှ ထွက်ရမည်။ ယခုပြောလာသော စကားမှာ တန်ဖိုးကို အမြှောက်လက္ခဏာဖြင့် ဖြည့်စွက်နိုင်ရမည်ဟု ပြောသည်။ Value multiplied ဟု ပြောသည်။ ဒါဖြင့်ပင် မလုံလောက်သေးဟု ဆိုလာကြပြန်သည်။ ထပ်ကိန်းတို့နှင့် မြှောက်ရမည်ဟု ဆိုလာသည်။ ယခု စီးပွားရေး လောက၌

တန်ဖိုးဖြည့်စွက်မှု ပြိုင်ပွဲတွင် အပေါင်းလက္ခဏာ အချင်းချင်း ပြိုင်ပွဲ မဟုတ်၊ အမြှောက်လက္ခဏာ အချင်းချင်း ပြိုင်ပွဲလည်း မဟုတ်၊ ထပ်ကိန်း အချင်းချင်း ပြိုင်ပွဲတွေ ဖြစ်သည်။

သမားရိုးကျနည်းဖြင့် ဆောင်ရွက်လို့ မဖြစ်တော့ပေ။ အီလက်ထရောနစ် ဘီစနက်ဆိုပြီး ပေါ်လာသည်။ ဤ အီလက်ထရောနစ် ဘီစနက်နည်းကို ကုမ္ပဏီတို့ကသာ ဆောင်ရွက်နိုင်စွမ်း ရှိလိမ့်မည်။ ထို့ကြောင့် ကုမ္ပဏီ ယဉ်ကျေးမှု ထွန်းကားမှုနှင့် အီး-ဘီစနက်တို့သည် အပြန်အလှန် မှီခိုနေသည်။ ကုမ္ပဏီ ယဉ်ကျေးမှု ထွန်းကားမှ အီး-ဘီစနက် ထွန်းကားမည်။ စီးပွားရေးလုပ်ငန်း အငယ်စားနှင့် အလတ်စားတို့တွင် အီး-ဘီစနက် ပြန့်ပွားရန် ကြိုးပမ်းမှုသည် အားပေးထိုက်သော်လည်း လက်တွေ့၌ သွက်သွက်လက်လက် ပျံ့နှံ့နိုင်မည်ကိုကား သံသယ ဖြစ်စရာ ရှိသည်။

ထို့ကြောင့် ဘီစနက် လောကက ရင်ဆိုင်နေရသော အရေးကြီးသည့် ပြဿနာ အချို့ကို ပြန်လည် စီစဉ်၍ ဖော်ပြရလျှင် -

(၁) အတိုးနှုန်း၊

(၂) ကုမ္ပဏီ ယဉ်ကျေးမှု ကိစ္စ၊

(၃) အတိုးနှုန်းနှင့် ငွေကြေး လဲလှယ်နှုန်း အန္တရာယ်၊

(၄) တန်ဖိုးကို ထပ်ကိန်းဖြင့် မြှောက်ရေးနှင့်၊

(၅) အီး-ဘီစနက် ပြဿနာတို့ ဟူ၍ ဖြစ်ကြသည်။

Ref : The Economist

# ခေတ်ပေါ် အငြင်းအခုံ နှစ်ပါး

## အင်ဖလေးရှင်းနှင့် ပူဖောင်း

အမေရိကန် ဗဟိုဘဏ်က အတိုးနှုန်းကို ၁၁ ကြိမ်မြောက် တိုးခဲ့ရာ ယခု ဗဟိုဘဏ် အတိုးနှုန်း ၃.၇၅ ရာခိုင်နှုန်းသို့ မကြာသေးခင်က သတ်မှတ်လိုက်သည်။ အမေရိကန် ဗဟိုဘဏ်သည် အတိုးနှုန်းကို တစ်ခါတိုး ကွာတာပွိုင့် (၀.၂၅ ရာခိုင်နှုန်း) ဖြင့် လက်လီစီတ်၍ တိုးခဲ့ခြင်း ဖြစ်သည်။ ယခု ပေါ်လာသော ပြဿနာမှာ ဗဟို ဘဏ် အတိုးနှုန်းကို တိုးမြှင့်လင့်ကစား ဘွန်းဝင်ငွေ (bond yield) အဘယ်ကြောင့် ကျဆင်းနေရသနည်း ဟူ၍ဖြစ်သည်။

အမေရိကန် ဗဟိုဘဏ်မှ ဘောဂဗေဒ ပညာရှင်တို့ကြား၌ ဘဏ်အတိုးနှုန်းနှင့် ပတ်သက်ပြီး အငြင်းအခုံတစ်ခု ပေါ်လာသည်။ သမားရိုးကျ အမြင်အရ ဘဏ်တိုးနှုန်း တိုးမြှင့်ခြင်းသည် အင်ဖလေးရှင်း (အရပ်ရပ် ဈေးနှုန်းများ တက်ခြင်း) ကို လျှော့ချရန် ဖြစ်သည်။ သို့သော် ပညာရှင် အချို့က ပူဖောင်း (bubble) ကို ဖောက်ရန် ဖြစ်စေရမည်ဟု ဝေဖန် ဆွေးနွေးလာသည်။ ပူဖောင်းဆိုသည်မှာ အကဲဆကဲ ဈေးနှုန်းများ တက်ခြင်းကို ရည်ညွှန်းခြင်းဖြစ်၍ အင်ဖလေးရှင်းနှင့် ခြားနားသည်။

အင်ဖလေးရှင်း ဆိုသည်မှာ အရပ်ရပ်ဈေးနှုန်း တက်ခြင်းကိုခေါ်၍ ပူဖောင်းသည် အကဲဆကဲဈေးနှုန်း တက်ခြင်းကိုသာ ရည်ညွှန်းသည်။ ဥပမာ အမေရိကန်တွင် တိုက်တာ အိမ်ယာမြေတွေ ဈေးကောင်းနေသည်။ Property bubble ဟုခေါ်သည်။ ထို့ကြောင့် အတိုးနှုန်း တက်ခြင်းသည် အင်ဖလေးရှင်းကို တားဆီးရန်လား သို့တည်းမဟုတ် ပူဖောင်းကို ဖောက်ရန်လားဆိုပြီး အငြင်းပွားလာကြသည်။

## လီကွီဒီတီ ပိုလျှံမှု

ယခု ကမ္ဘာတစ်ဝှမ်းမှ ဘွန်းဈေးကွက်တို့၌ ဘွန်းမှ ဝင်ငွေတို့သည် ကျဆင်းလျက်ရှိသည်။ ယေဘုယျအားဖြင့် ပြောရလျှင် အတိုးနှုန်းတက်လျှင် ဘွန်းဝင်ငွေ တက်ရမည်။ ယခု လက်တွေ့၌ ပြောင်းပြန် ဖြစ်နေသည်။ အတိုးနှုန်း မြင့်သော်လည်း ဘွန်းဝင်ငွေ ကျဆင်းနေသည်။

ဤသို့ အဘယ်ကြောင့် ကျဆင်းရသနည်းဟု မေးစရာ ပေါ်လာသည်။ ဤကိစ္စနှင့် ပတ်သက်၍လည်း ပညာရှင်တို့ကြား၌ အငြင်းအခုံ ပေါ်လာသည်။ တချို့က ကမ္ဘာ့ပေါ်တွင် စုဆောင်းမှုတွေ အလွန်အမင်း ပိုလျှံနေသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ အချို့က ငွေသားနှင့် ငွေသားကဲ့သို့ အသုံးပြုနိုင်သော အက်ဆက် (လီကွီဒီတီ) တွေအလွန်အမင်း ပိုလျှံနေသောကြောင့် saving glutt ဖြစ်သည်ဟု ဆိုသည်။ သို့ဖြင့် စီးပွားရေး အချေအတင် ဆွေးနွေးမှုတွင် စုဆောင်းငွေ လွန်ကဲစွာ ပိုလျှံမှုလား သို့တည်းမဟုတ် လီကွီဒီတီ ပိုလျှံမှုလားဆိုပြီး အငြင်းအခုံ ဖြစ်နေသည်။

လီကွီဒီတီ ပိုလျှံမှုနှင့် ပတ်သက်၍ အချို့က အာရှနိုင်ငံတို့ကို အပြစ်တင်သည်။ အာရှနိုင်ငံတို့သည် မိမိတို့ အိတ်စပို့မှရသော ငွေတို့ကို အမေရိကန်မှ အက်ဆက်တို့ကို ဝယ်ယူကြသည်။ ဤသို့ အမေရိကန် အက်ဆက်တို့ကို အလုအယက် ဝယ်ယူသဖြင့် အမေရိကန် အက်ဆက် ဈေးနှုန်းတွေ တက်သွားသည်။ အမေရိကန် အက်ဆက်မှ ဝင်ငွေတွေ ကျဆင်းသည်။

## အက်ကြောင်း

စုဆောင်းငွေ ပိုလျှံမှုလား သို့တည်းမဟုတ် လီကွီဒီတီ ပိုလျှံမှုလား အငြင်းအခုံ ဖြစ်နေစဉ် အခြား အငြင်းအခုံ တစ်ခုလည်း ကြီးကြီးကျယ်ကျယ် ပေါ်နေသည်။ ဤအငြင်းအခုံမှာ အမေရိကန် အရင်းရှင်စနစ်နှင့် ဥရောပ အရင်းရှင်စနစ်တို့ကြား အက်ကြောင်းကြီး ပေါ်လာပြီဆိုသော အယူအဆ ကွဲလွဲချက်ပင် ဖြစ်သည်။

အမေရိကန် အရင်းရှင်စနစ်သည် လွတ်လပ်သော ဈေးကွက် အရင်းရှင်စနစ် ဖြစ်သည်။ ဥရောပ အရင်းရှင်စနစ်သည် လူမှု သက်သာချောင်ချိရေး၊ လူမှု ဘဝ လုံခြုံရေးစသော လူမှု အကျိုးခံစားခွင့်တို့ကို အဓိက အာရုံပြုသည်ဖြစ်၍ ဝဲဖဲယား အရင်းရှင်စနစ်ဟု ခေါ်သည်။

ယခု ဤအရင်းရှင်စနစ် နှစ်ခု မည်သူက ပို၍ အကျိုးရှိသနည်းဟု ဆိုပြီး အငြင်းပွားနေသည်။ ဥရောပ ဝဲဖဲယား အရင်းရှင်စနစ်ကို အဓိက ဝေဖန်သည်

မှာ ဝဲဖဲယားတို့ကို အလေးပေး ဆောင်ရွက်ခြင်းကြောင့် စီးပွားရေး အစွမ်းထက်မြက်မှု (economic efficiency) ကို ထိခိုက်သည် ဟူ၍ ဖြစ်သည်။ ဝဲဖဲယား လုပ်ငန်းကို လူမှုရေး တရားမျှတမှု (social justice) ဆောင်ပုဒ်ဖြင့် ဆောင်ရွက်သည်။ ထို့ကြောင့် ဝဲဖဲယား အရင်းရှင်စနစ်တွင် စီးပွားရေး အစွမ်းထက်မြက်မှုနှင့် လူမှုရေး တရားမျှတမှု တို့ကြား ဝိရောဓိ ဖြစ်လာသည်။

ဥရောပ ဝဲဖဲယား အရင်းရှင်စနစ်သည် အမေရိကန် စီးပွားရေးစနစ်ကို မယှဉ်ပြိုင်နိုင်ပေ။ ထို့အပြင် အသစ် အင်အားကြီးလာသော တရုတ်နှင့် အိန္ဒိယတို့ကို လည်း မယှဉ်ပြိုင်နိုင်ပေ။

သို့ဖြင့် အရင်းရှင်စနစ်ချင်း တူသော်လည်း အမေရိကန် အရင်းရှင်စနစ်နှင့် ဥရောပ အရင်းရှင်စနစ်တို့ကြား အက်ကြောင်းကြီး ထင်လာပြီဟု သုံးသပ် ပြောဆိုလာကြသည်။ ဤ စီးပွားရေးအရ အက်ကြောင်းကြီးသည် နိုင်ငံရေးနှင့် ဒီပလိုမေစီတို့ တွင်လည်း သဘော ကွဲလွဲမှုတွေ မွေးထုတ်လိမ့်မည်ဟု ပြောလိုကြသည်။

သို့ဖြင့် ဤဆောင်းပါးသည် မဟာ အငြင်းအခုံကြီး နှစ်ရပ်အကြောင်းကို အကျဉ်းမျှ ဖော်ပြခြင်း ဖြစ်သည်။

၁။ ကမ္ဘာ၌ ငွေစုဆောင်းမှု ပိုလျှံမှု ဖြစ်နေသလား သို့တည်းမဟုတ် လီကွိဒီတီတို့ ပိုလျှံမှု ဖြစ်နေသလား၊

၂။ အမေရိကန် အရင်းရှင်စနစ်နှင့် ဥရောပ အရင်းရှင်စနစ်တို့ကြား အက်ကြောင်းကြီး အမှန်တကယ် ရှိမရှိတို့ ဟူ၍ ဖြစ်သည်။

Ref : The Economist, I.H.T

# ရွှေမန်းနီးကောင်း နှင့် မန်းနီးညှံ့

## အလျှံပယ်နှင့် သရဖူ

ယခုလောလောဆယ် အကြိတ်အနယ် အချေအတင် ဖြစ်လာသော ပြဿနာ နှစ်ရပ်ရှိသည်။

**ပထမ ပြဿနာ ။** ။ တရုတ်ပြည်သည် နိုင်ငံခြား သီးသန့် ရံပုံငွေ အထူးသဖြင့် ဒေါ်လာတွေ အမြောက်အမြား စုဆောင်းထားရှိသဖြင့် ဘဏ္ဍာရေး အကျပ်အတည်း မဆိုက်နိုင် ဆိုသောကိစ္စ ဖြစ်သည်။

**ဒုတိယ ပြဿနာ ။** ။ အမေရိကန် ဒေါ်လာသည် ကမ္ဘာ့သုံးငွေနှင့် နိုင်ငံခြားငွေ သီးသန့် ရန်ပုံငွေ ငွေကြေး (reserve currency) အဖြစ် ထိပ်တန်း သရဖူဆောင်းထားရာမှ သရဖူကို စွန့်လွှတ်တော့မည်လော ဟူသော ပြဿနာ။ သရဖူမလွှတ်လည်း ယူရိုနှင့် ယွမ်ငွေတို့နှင့်အတူ သရဖူ မျှဝေ ယူရတော့မည်လောဆိုသော ပြဿနာတို့ ဖြစ်သည်။

ဤပြဿနာ နှစ်ရပ်လုံးတွင် ရွှေစံချိန်စနစ် (gold standard) ကို ပြန်လည်ရည်ညွှန်းသည်။ ကမ္ဘာ့ငွေကြေး သမိုင်းကို ပြန်လည် ကောက်ကိုင်လျှင် ရွှေစံချိန်စနစ်ကို သိကြရမည်။ ဤပြဿနာ နှစ်ရပ်စလုံးကို ငွေကြေးသမိုင်းနှင့် ရည်ညွှန်း ပြောဆိုနေသည်။

ပထမ ပြဿနာ၌ တရုတ်ပြည်သည် အာရှနိုင်ငံများကဲ့သို့ ဘဏ္ဍာရေး အကျပ်အတည်း မတွေ့ခဲ့။ အာရှ ဘဏ္ဍာရေး အကျပ်အတည်းမှ လွတ်မြောက်သည်။ နောင်လည်း တရုတ်ပြည်သည် ဘဏ္ဍာရေး အကျပ်အတည်း တွေ့စရာအကြောင်း မရှိ။ အဘယ်ကြောင့်ဆိုသော် တရုတ်ပြည်သည် အိပ်စ်ပို့ အားကောင်း၍ နိုင်ငံခြားငွေတွေ အထူးသဖြင့် ဒေါ်လာတွေ အများကြီး စုဆောင်းထားနိုင်သည်။ တရုတ်

ပြည်၏ နိုင်ငံခြားငွေ သီးသန့်ရန်ပုံငွေတွင် ဒေါ်လာတွေ အများကြီး ရှိသည်။

နိုင်ငံခြားငွေ သီးသန့်ရံပုံငွေ အင်အား တောင့်တင်းခြင်းသည် ဘဏ္ဍာရေး အကျပ်အတည်းကို တားဆီးရန် ဒိုင်းဖြစ်သည်ဟု ဆိုလိုဟန် ရှိသည်။ သို့သော် ဤအချက်နှင့် ပတ်သက်၍ ၁၉၂၉ ခုနှစ် ကမ္ဘာ့စီးပွားရေး ပျက်ကပ် အမေရိကန် ကြုံတွေ့လိုက်ရပုံကို ပြန်ညွှန်းကြည့်သည်။ ထိုစဉ်က ရွှေစံချိန်စနစ် ဖြစ်လေရာ အမေရိကား၏ သီးသန့်ရန်ပုံငွေတွင် ရွှေတွေ အမြောက်အမြား ရှိသည်။ ရွှေတွေ လက်ထဲ အများကြီး ရှိ၍ အကျပ်အတည်း ဆိုက်စရာ အကြောင်းမရှိဟု ယုံကြည်ခဲ့ သော်လည်း နောက်ဆုံး ကမ္ဘာ့ စီးပွားရေးပျက်ကပ်နှင့် ရင်ဆိုင်လိုက်ရသည်။ သီးသန့်ရန်ပုံငွေ၌ ရွှေဖြစ်စေ၊ နိုင်ငံခြားငွေဖြစ်စေ အလျှံပယ် စုဆောင်းထားမိတိုင်း အကျပ်အတည်းမှ လွတ်မြောက်နိုင်မည် ဧကန် မပြောနိုင်ပုံကို ညွှန်းသည်။ အခြား အကြောင်း အချက်အလက်တို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုသည်။

## ဒေါ်လာ ပြုမှုနှင့် တစ်ခုတည်း ငွေကြေး

ဒုတိယ ပြဿနာဖြစ်သော အမေရိကန်ဒေါ်လာ သရဖူ ကျွတ်မကျွတ် ကိစ္စ၌လည်း ရွှေစံချိန်စနစ်ကို ပြန်ညွှန်းရသည်။ ရွှေစံချိန်စနစ်၌ ရွှေသည် ကမ္ဘာသုံး ဖြစ်သည်။ သီးသန့်ရန်ပုံငွေကို ရွှေဖြင့် ထားကြသည်။ ရွှေစံချိန်စနစ်၌ ဗြိတိသျှ စတာလင်သည် ဘုရင် ဖြစ်ခဲ့သည်။ သို့သော် ပေါင်စတာလင်က နှစ်ပေါင်းများစွာ မိုလ်လုပ်ပြီး စိုးမိုးခဲ့ရာမှ ပေါင်စတာလင်တန်ဖိုး ထိုးကျသွားသည်။ ပေါင်စတာလင်ဖြင့် ရွှေဝယ် လို့ မရသည်အထိ ဖြစ်သွားသည်။ ရွှေဝယ်လျှင် အမေရိကန်ဒေါ်လာနှင့် ဝယ်မှ ရသလို ဖြစ်လာရာမှ ဒေါ်လာသည် ကမ္ဘာသုံး ငွေကြေး သရဖူ ရသွားသည်။ ပေါင်စတာလင်ကို ဖယ်ပစ်လိုက်သည်။

ဗြိတိန်က အခြေအနေ ပြန်ကောင်းသဖြင့် ရွှေစံချိန်စနစ်ကို ပြန်လည် ကျင့်သုံးသော်လည်း မကယ်နိုင်တော့ပေ။ ပေါင်စတာလင် တန်ခိုးသြဇာ ကျဆင်း သွားသည်။ အမေရိကန်ဒေါ်လာကို မပြိုင်နိုင်။

မျက်မှောက်ခေတ်၌ တိမ်းညွှတ်ချက် နှစ်ရပ် ပေါ်လာသည်။ ပထမ တိမ်းညွှတ်ချက်သည် Dollarization ခေါ် ဒေါ်လာပြုမှု ကျယ်ပြန့်လာသော အချက် ဖြစ်သည်။ နိုင်ငံတိုင်း၌ ဒေါ်လာကို တရားဝင် ငွေကြေးအဖြစ် အသုံးပြုခြင်း ရှိမည်။ သို့တည်းမဟုတ် အရာရာကို ဒေါ်လာနှင့် နှားလည်နေသော အချက် ရှိမည်။

ဒုတိယ တိမ်းညွှတ်ချက်သည် ဒေသတစ်ခုခုအတွက် တစ်ခုတည်းသော

ငွေကြေး တီထွင်ခြင်းဖြစ်သည်။ single currency ဟု ခေါ်သည်။ ဥရောပတွင် ယူရိုသည် ဥရောပအတွက် တစ်ခုတည်းသော ငွေကြေးဖြစ်ရန် လှုပ်ရှားနေသည်။ ထို့ကြောင့် ၂၁ ရာစုနှစ်၏ ငွေကြေးဆိုင်ရာ ထူးခြားသော အဓိက လက္ခဏာသည် (၁) ဒေါ်လာ ပြန့်မှုနှင့် (၂) ဒေသအလိုက် တစ်ခုတည်းသော ငွေကြေးဖန်တီးမှုတို့ ဖြစ်လိမ့်မည်ဟု ဆိုလာသည်။ အဓိက တိမ်းညွှတ်ချက်တို့ နှစ်ပါးဖြစ်လျှင် ဂျပန်ယန်း၊ တရုတ်ယွမ်ငွေတို့သည် မည်သည့် တိမ်းညွှတ်ချက်ထဲ အကျုံးဝင်မည်နည်းဟု မေးစရာ ပေါ်လာသည်။ အချို့က တိမ်းညွှတ်ချက် တစ်ပါးပါးဘက် ယိုင်ရမည်ဟု ဆို၍ တချို့က ယွမ်နှင့်ယန်းသည် တတိယ တိမ်းညွှတ်ချက် ဖြစ်လိမ့်မည်ဟု ဆိုသည်။

မည်သို့ပင်ဖြစ်စေ ဤတိမ်းညွှတ်ချက် သုံးပါးစလုံးတွင် ရွှေအကြောင်း မပါဝင်ကြပေ။ ရွှေသည် ကမ္ဘာသုံး ငွေကြေးအဖြစ်မှ နုန်းချခံခဲ့ရသည်မှာ ကြာပါပြီ။ Demonitization gold ဟု ခေါ်သည်။ သို့ရာတွင် ဗဟိုဘဏ် အတော်များများသည် နိုင်ငံခြားငွေတို့အပြင် ရွှေကိုလည်း အရန် ရန်ပုံငွေထဲ ထည့်၍ စုဆောင်းထားကြဆဲ ဖြစ်သည်။ ရွှေထွက်သော နိုင်ငံတို့သည် ရွှေတုံး အများအပြားကို နိုင်ငံခြားငွေ သီးသန့် ရန်ပုံငွေအဖြစ် သိုမှီးထားကြသည်။ ငွေရေးကြေးရေး အခက်အခဲရှိလျှင် ရွှေကို ဈေးကွက်၌ ထုတ်ရောင်းပြီး ငွေရှာနေကြဆဲ ဖြစ်သည်။ ဤအတွက် လန်ဒန် ရွှေဈေးကွက်က သော့ချက် ဖြစ်နေသည်။ ရုရှားအစိုးရသည် ရွှေတုံးတို့ကို လေယာဉ်ပျံဖြင့် တင်လာပြီး လန်ဒန်ဈေးကွက်၌ ထုတ်ရောင်းလေ့ရှိသည်။ ရွှေဈေးကလည်း တက်နေသဖြင့် ရွှေရောင်းပြီး နိုင်ငံခြားငွေရှာသည့် အလုပ်သည် တွက်ခြေကိုက်နေသည်။ အချို့နိုင်ငံတို့က ရွှေကို ထုတ်မရောင်းဘဲ အပေါင် ထားသည်။ ဤအလုပ်ကို နယူးယောက်ဘဏ်တို့က လုပ်ကိုင်ပေးသည်။ ရွှေကို ထုတ်ရောင်းသည်ဖြစ်စေ၊ အပေါင်ထားသည်ဖြစ်စေ သယ်စရိတ်က ကြီးမားလှသည်။ ကရိကထလည်း အလွန်များသည်။

## ရွှေဖန်ရှင်း ၇ မျိုး

ရွှေသည် ငွေကြေးဖန်ရှင်း မရှိတော့ပြီ။ သို့သော် ရှုပ်ထွေးလာသည်။ စီးပွားရေး ဖြစ်ထွန်းမှုတွင် ရွှေ၏ ဖန်ရှင်းသည် အခြားကိစ္စတို့၌ မျိုးစုံလာသည်။ ဂြိုဟ်တုလိုင်း စီးပွားရေး သတင်းတို့တွင် ရွှေကို ကုန်ပစ္စည်းထဲ ထည့်ပြောသည်။ ရေနံ၊ ရွှေ၊ ပလက်တီနမ်၊ သတ္တုများနှင့် အတူ ရောပြသည်။ ရွှေသည် ကုန်ပစ္စည်း အနေဖြင့်သာ တန်ဖိုးရှိခြင်း မည်သည်။ ကုန်ပစ္စည်း၌ အခြေခံအားဖြင့် နှစ်မျိုး ရှိပြန်သည်။

ပထမသည် စက်မှုလုပ်ငန်းတို့တွင် ကုန်ကြမ်းသဘော အသုံးပြုရသော အချက်ဖြစ်သည်။ ဒုတိယသည် လက်ဝတ်ရတနာ ပစ္စည်းတို့ ဖြစ်သည်။ အလှခြယ်ဆင်ယင်ရန် ဖြစ်သည်။

ပစ္စည်းအဖြစ် ရွှေကို အသုံးပြုသည်နှင့်အတူ ရွှေကို အက်ဆက် (asset) အနေဖြင့်လည်း အသုံးပြုလာကြသည်။ နောင်ရေးကို မျှော်၍ ရွှေစုကြသည်။ မိမိ၏ ဓနကို ရွှေဖြင့် ပုံသဏ္ဌာန် ပြောင်းထားသည်။ ဤသို့ ရွှေကို အက်ဆက်နှင့် ဓနအဖြစ် အမှတ်ထား အသုံးပြုသည့်နည်းတူ ရွှေကို အကာအရံ (hedge)အဖြစ်လည်း အသုံးပြုကြသည်၊ စုကြသည်။ အထူးသဖြင့် ငွေတန်ဖိုးများ ကျဆင်းနေချိန်၌ ရွှေစုပြီး အကာအရံ လုပ်ထားသည်။ အင်ဖလေးရှင်း (အရပ်ရပ် ဈေးနှုန်းများတက်ခြင်း) ဘေးဒဏ်မှ သက်သာရာရကြောင်း မဖြစ်တိုင်း ရွှေဝယ်ပြီး အကာအရံလုပ်ထားကြသည်။ သို့ဖြင့် ရွှေကို (၁)ငွေကြေးအဖြစ် (၂) ငွေစက္ကူ ကျောထောက်နောက်ခံအဖြစ် (၃) နိုင်ငံခြားငွေ သီးသန့် ရန်ပုံငွေအဖြစ် (၄) သဘာဝ ကုန်ကြမ်းအဖြစ် တစ်နည်းပြောလျှင် စက်မှုလက်မှုထုတ် လုပ်ငန်းသုံးအဖြစ် (၅) အက်ဆက်နှင့် ဓနအဖြစ် (၆) ရတနာထည်များအဖြစ် (၇) အကာအရံများအဖြစ် သုံးစွဲနေကြသည်။

အလျဉ်းသင့်၍ ရွှေဒင်္ဂါး ထုတ်လုပ်သော သမိုင်းကို အနည်းငယ် ပြောပြလိုသည်။ ပထမတော့ ရွှေကို အတုံးအခဲလိုက် သုံးစွဲခဲ့သော်လည်း နောက်ပိုင်း၌ ဒင်္ဂါး သွန်းလုပ်ကြသည်။ ခေတ်သစ် မန်းနီးသည် ရွှေဒင်္ဂါးမှ စသည်။ နောက်ပိုင်းငွေဒင်္ဂါးပါ သွန်းလောင်းသည်။ ဒင်္ဂါး သွန်းလုပ်ခြင်းသည် လူ့ယဉ်ကျေးမှု သမိုင်းရောင်ခြည်ပျိုးခြင်းကို ပြသည်။ အနောက်တိုင်း၌ တူရကီ၊ အနောက်ပိုင်း အာရှမိုင်းနားမှ မြို့နိုင်ငံတို့တွင် ဒင်္ဂါး စတင် ပေါ်ပေါက်လာသည်။ အရှေ့တိုင်း၌မူ သည့်ထက်စောပြီး ဒင်္ဂါးသွန်းလုပ်သည်။ ၁၀၂ ဘီစီအီး တရုတ်ပြည် ချောင်မင်းဆက်၌ တရုတ်ပြည်တွင် ဒင်္ဂါးတွေ သွန်းလုပ်နေပြီ။ ဒင်္ဂါး ပေါ်လာသောအခါ ဆားနှင့် ဆန်တို့ကို မန်းနီးအဖြစ် သုံးစွဲခြင်းသည် ရပ်ဆိုင်းသွားသည်။ ဒင်္ဂါးသည် မန်းနီးအဖြစ် သုံးစွဲသော ကုန်ပစ္စည်း နေရာများတွင် အမြန်ဆုံး အစားထိုး ဝင်ရောက်လိုက်သည်။

ဒင်္ဂါး ပေါ်ချိန်ကို အကြောင်းပြုပြီး ငွေကြေးနှင့် ပတ်သက်သော အဆိုအမိန့်တစ်ရပ် ပေါ်လာသည်။ ဂရီရှမ် ဥပဒေသ (Gresham's Law)ဟု ခေါ်သည်။ ဤဥပဒေသက အညံ့စား မန်းနီးတို့သည် အကောင်းစား မန်းနီးတို့ကို မောင်းထုတ်ပစ်သည်ဟု ဆောလေသည်။ ဂရီရှမ်သည် ပထမခြောက် အယ်လစ္စတက် ဘုရင်မကြီး၏ ဘဏ္ဍာရေး အကြံပေးအရာရှိ ဖြစ်သည်။ ဒင်္ဂါးတို့၏ ဈေးကွက်ပေါက် တန်ဖိုးတို့

သည် ဒင်္ဂါးထဲပါ မူရင်းတန်ဖိုးနှင့် ကွဲပြားခြားနားလာသောအခါတွင် မူရင်းတန်ဖိုး ကြီးသော ဒင်္ဂါးတို့ကို လူတို့က ရှေ့ဆက်ပြီး တန်ဖိုး တက်လိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ထုတ်မသုံးဘဲ သိမ်းဆည်းထားကြမည် ဖြစ်သည်။ လည်ပတ်နေသော မူရင်းတန်ဖိုးကြီး ဒင်္ဂါး၊ အကောင်းစား မန်းနီးတို့သည် မြေလျှိုးကြမည်။ လည်ပတ်မှုမှ စွန့်ခွာကြမည်။ ဤသဘောဖြင့် အညံ့စား မန်းနီးက အကောင်းစား မန်းနီးကို မောင်းထုတ်သည်ဟု ဆိုပါသည်။

## ငွေကောင်း ငွေညံ့

တန်ဖိုးကြီးသော မန်းနီးကို ပိုပြီး သိမ်းဆည်းထားမည်ဟု ဂရီရှမ် ဥပဒေသက ဆိုသော်လည်း ရေရှည်၌ လူတိုင်းက မန်းနီးကောင်းကို အကြဲ့တူ ဉာဏ်တူ ကိုင်ထား သိမ်းဆည်းလာကြသဖြင့် မန်းနီးတွေ အမျိုးမျိုးဆင့်ကဲ ဖြစ်ပေါ်လာသည်။ အကောင်းဆုံး မန်းနီး၊ အကောင်းစား မန်းနီး၊ မကောင်းတကောင်း မန်းနီး၊ အညံ့စား မန်းနီး၊ အညံ့ဆုံး မန်းနီးဆိုပြီး ဆင့်ကဲမှုတွေ ပေါ်လာသည်။ ဤဖြစ်ထွန်းမှုသည် ဂရီရှမ် ဥပဒေသကို ပြောင်းပြန်လှန်ခြင်း ဖြစ်လာသည်။ မန်းနီးကောင်းက မန်းနီးညံ့တို့ကို မောင်းထုတ်ပစ်ခြင်းသဘော ဖြစ်လာသည်။ အညံ့စား ဒင်္ဂါးက မိမိ၏ ပင်ရင်း တန်ဖိုးကို မထိန်းချုပ်လျှင် လွင့်စင်သွားမည် ဖြစ်သည်။ ဤသို့ ဒင်္ဂါးတစ်မျိုးက အခြား ဒင်္ဂါးတို့အပေါ် လွှမ်းမိုးလာမည်။ အင်တာနေရှင်နယ် မန်းနီးအဖြစ် ထူးချွန် ပေါ်ထွက်လာမည်။ သမိုင်းတွင် ရှေးဟောင်း အေသင်မှ ဒရပ်ချမား ဒင်္ဂါး၊ ဘိုင်ဇာတိုင် ရွှေဒင်္ဂါး၊ ဖလော်ရင့်စ်မှ ဖလော်ရင်းဒင်္ဂါး၊ ဗင်းနစ်မြို့မှ ဒူးကက်ဒင်္ဂါး၊ စပိန် မက္ကဆီကိုမှ ပီဆို ငွေဒင်္ဂါး၊ ဒတ်ချ်ဂီလ်ဒါ ရွှေဒင်္ဂါးတို့သည် အခြား ဒင်္ဂါးတို့ကို ဖယ်ထုတ်ပြီး ကမ္ဘာသုံး ဒင်္ဂါးတွေ ဖြစ်ခဲ့သည်။

ဖယ်ထုတ်ခံရသော အခြား ဒင်္ဂါးတို့သည် တစ်ခါတည်း အပြီးအပြတ် ထွက်ခွာသွားရခြင်းမျိုး မဟုတ်။ ခြားနားသော နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းဖြင့် လည်ပတ်နေရသေးသည်။ ဤနေရာ၌ ဆိုလိုသည်မှာ ငွေတစ်မျိုးမျိုးက ထူးထူး ချွန်ချွန်နှင့် စိုးမိုးလာတတ်သည်။ ထိုအချိန်၌ အခြားငွေတို့က လဲလှယ်နှုန်း ခပ်နိမ့်နိမ့်ဖြင့် ထိပ်သီးငွေနှင့် ယှဉ်တွဲရှိနေရခြင်းကို သိစေရန် ဖြစ်သည်။

ယနေ့ ၂၁ ရာစုနှစ်၌ ဒေါ်လာပြမှုသည် တစ်ခုတည်းသော ငွေကြေး ဖြစ်မှု (ယူရို)နှင့် အားပြိုင်နေသည်။ Dollarization and single currency အားပြိုင်နေသည်ဟု ဆိုသည်။ ဒေါ်လာက ထိပ်သီး ဘုရင်အဖြစ်မှ သရဖူ ချွတ်ရမည့် အခြေအနေ ပေါ်မည်လား၊ သို့တည်းမဟုတ် ဒေါ်လာနှင့် ယူရို သရဖူ မျှဝေ

ယူခြင်း ဖြစ်လာလေမလား စောင့်ကြည့်နေကြသည်။ ယူရိုသည် ဥရောပတိုက်အတွက် တစ်ခုတည်းသော ငွေကြေးဖြစ်၍ ဒေသပြုမှု (regionalization) ကို ကိုယ်စားပြုသည်။ အာရှနိုင်ငံတို့ကလည်း ဥရောပကဲ့သို့ ငွေကြေးကိစ္စတွင် ဒေသပြုမှုဘက် ဦးတည်လှုပ်ရှားနိုင်သည်။ သို့သော် ဥရောပမှာလို ယူရို ပေါ်ပုံမျိုး အာရှအတွက် ဘယ်နှာမည်နှင့် ဖြစ်ဖြစ် တစ်ခုတည်းသော ငွေကြေး ပေါ်ဖို့ရာကား အတော် အလှမ်းဝေးပါလိမ့်မည်။ တရုတ်ယွမ်နှင့် ဂျပန်ယန်းတို့သည် ဒေါ်လာပြုမှုနှင့်လည်း လွတ်ကင်းစရာ အကြောင်းမရှိ။ ယူရို၏ နိုင်မာမှုကိုလည်း စောင့်ကြည့်ရဦးမည် ဖြစ်သည်။ ထိုအခြေအနေ၌ ငွေကြေး ယှဉ်ပြိုင်မှုတို့တွင် သရဖူကို ဘယ်လို မျှဝေမလဲဟု စဉ်းစားရန်သာ ရှိပုံပေါ်သည်။

ဒေါ်လာရှေ့ခ်၊ ယွမ်နှင့် ယန်းရှေ့ခ်တို့ ပေါ်ကောင်းပေါ်မည်။ ရွှေရှေ့ခ်တော့ ပေါ်ဖွယ်မရှိဟု တွက်ဆလို့ ရသည်။

Ref : Globalist (The Future of Money)

# ရေနံ နိုင်ငံရေး
# ဝယ်သူ အပြောင်းအလဲနှင့် စိတ်ဆတ်မှု

## ဈေးကွက်တရားမှ လမ်းခွဲ

သဘာဝ သယံဇာတ ပစ္စည်းတွေ အများကြီး ရှိသည်။ တခြား ကုန်ချောပစ္စည်းကိုလည်း သိန်းသန်းချီပြီး ရှိသည်။ သဘာဝ ပစ္စည်းဖြစ်ဖြစ်၊ ကုန်ချော ပစ္စည်းဖြစ်ဖြစ် စီးပွားရေး ပစ္စည်း (economic goods) တို့သာ ဖြစ်လေရာ သူတို့ကို စီးပွားရေး နိယာမတရားတို့ကသာ ချုပ်ကိုင်မည် ဖြစ်သည်။ အတိအကျဆိုလျှင် သူတို့ကို ရောင်းလိုအားနှင့် ဝယ်လိုအား နိယာမတရား (Law of demand and supply) ကသာ လမ်းညွှန် ရှေ့ဆောင်မည် ဖြစ်သည်။ ဈေးကွက်က လမ်းညွှန်မည်။

ပစ္စည်းတိုင်းသည် ဈေးကွက်တရားနှင့်အညီ စီရင်ခြင်း ခံကြရမည် ဖြစ်သည်။ ဤကား အကြွင်းမရှိသော တရား (Absolute Law) ဟု ဆိုအပ်သည်။ သို့ရာတွင် ဤသို့သော အကြွင်းမဲ့တရားဖြင့် စီရင်ခြင်း ခံရသော ပစ္စည်းတို့ထဲတွင် စီးပွားရေး နိယာမမှ ရုံဖန်ရုံခါ လမ်းခွဲထွက်သော ပစ္စည်းတစ်မျိုး ပေါ်လာသည်။ တစ်နည်းပြောလျှင် စီးပွားရေး တရားထက် နိုင်ငံရေး အကြောင်းတို့ဖြင့် လှုပ်ရှားနေသော ပစ္စည်းတစ်မျိုး ပေါ်လာခြင်းဖြစ်သည်။

ဤပစ္စည်းကား --- ရေနံ။

ရေနံသည် တစ်ခါတစ်ရံ၌ စီးပွားရေး နိယာမ တရားဖြင့် အမောင်းခံရသည်။ တစ်ခါတစ်ရံ အထူးသဖြင့် ယနေ့ အခြေအနေ၌ ရေနံကို နိုင်ငံရေး အကြောင်းတရားတို့က မောင်းနေချေပြီ။ နိုင်ငံရေး ပေါ်လစီတို့က မောင်းသည်လည်း ရှိသည်။ နိုင်ငံရေးအရ အဆင်ပြေမှုကို ကြည့်၍ မောင်းခြင်းလည်း ရှိသည်။

## လက်ငင်းကို ကြည့်

အမေရိကန် သမ္မတ ရွေးကောက်ပွဲ ၆ ရက်အလိုသို့ ရေနံဈေးနှုန်းသည် တစ်စည် ၅၅ ဒေါ်လာရှိရာမှ ဒေါ်လာ ၅၀ အောက် ကျဆင်းသွားသည်။ ဤသို့ ကျဆင်းသည်မှာ စီးပွားရေး အကြောင်းတရားကြောင့် မဟုတ်ပေ။ နိုင်ငံရေး လက်နက်ကြောင့် ဖြစ်သည်။ သမ္မတဘုရှ်သည် အာဏာသုံး၍ အရေးပေါ်လျှင် အရန်သင့် သုံးစွဲရန် လှောင်ထားသော မဟာဗျူဟာ ရေနံတို့ကို ထုတ်ရောင်းလိုက်သည်။ ရေနံဈေး ထိုးကျသွားသည်။

## စတော့ဈေး တက်

ရေနံဈေး ထိုးကျခြင်းသည် တစ်ချက်ခုတ် နှစ်ချက်ပြတ် ဖြစ်သည်။ ရေနံဈေး၊ ဓာတ်ဆီဈေး ကျဆင်းသွားလျှင် အမေရိကန် လူထု မဲဆန္ဒကို သူ ရရှိနိုင်သည်။ တကယ် ရမည်၊ မရမည်ကိုကား မသိပေ။ အတိုက်အခံ စိန်ခေါ်သူ သမ္မတလောင်းက ရေနံဈေးနှုန်း ကြီးမြင့်မှုကို အသုံးချပြီး တိုက်ကွက် မဖော်နိုင်သည်ကတော့ အမှန် ဖြစ်သွားသည်။

ဒုတိယ အကျိုးသက်ရောက်မှုမှာ စတော့ရှယ်ယာ ဈေးနှုန်းတွေ ပြန်ဦးမော့လာခြင်း ဖြစ်သည်။ စတော့ရှယ်ယာသည် အမေရိကန်လူထု အထူးသဖြင့် လူလတ်တန်းစား၏ နေပိုင်ဆိုင်မှုတစ်မျိုး ဖြစ်လေရာ သူတို့အဖို့ သူတို့ ပိုင်ဆိုင်ထားသော စတော့ရှယ်ယာတွေ ဈေးတက်လေကောင်းလေ ဖြစ်သည်၊ သဘောကျလေဖြစ်သည်။ ထို့ကြောင့် အရေးပေါ် အရန် သိုလှောင်ထားသော ရေနံတို့ကို ထုတ်သုံး၍ ရေနံဈေးနှုန်း ချခြင်းသည် မဲရအောင် ဖြစ်သည်။ သဘောကား နိုင်ငံရေး အဆင်ပြေမှုကို ကြည့်၍ ပြုလုပ်လိုက်သော လုပ်ဆောင်ချက် ဖြစ်သည်။ ရေနံဈေးနှုန်းလည်း ကျသည်။ စတော့ရှယ်ယာဈေးနှုန်းလည်း တက်သည်။ မဲဆန္ဒရှင်တွေ အကျိုးဖြစ်ထွန်းသွားသည်။

အမေရိကန် စီးပွားရေးသည် အရှေ့ အလယ်ပိုင်းဒေသ ရေနံအပေါ် မှီခိုပြီး ခုတ်မောင်းနေရခြင်း ဖြစ်သည်။ ထို့ကြောင့် ဤမှီခိုမှုက ကင်းလွတ်ရေးဆိုသော ပေါ်လစီ ကြွေးကြော်သံ ပေါ်လာသည်။ Energy Indepnedence စွမ်းအင်လွတ်လပ်ရေးဟု ခေါ်သည်။ ဤဆောင်ပုဒ်သည် စီးပွားရေးဆောင်ပုဒ် ဖြစ်သည်။ နိုင်ငံရေး မပါဟု တွေးထင်စရာ ရှိသည်။

သို့သော် ဤဆောင်ပုဒ်၏ နောက်ကွယ်၌ နိုင်ငံရေးပါသည်။ နိုင်ငံရေးအရ စဉ်းစားပုံက ဤသို့ ဖြစ်သည်။

## ရေနံနှင့် ဒီမိုကရေစီ

အမေရိကားကသာ အရှေ့အလယ်ပိုင်း ဒေသမှ ရေနံတို့ကို မဝယ်ပဲ နေကြည့်၊ ရေနံဈေးနှုန်း ဒလိမ့်ခေါက်ကွေး ထိုးကျမည်။ တစ်စည် ဒေါ်လာ ၂၀ အထိ အနိမ့်ဆုံး ထိုးကျသွားနိုင်သည်။ ဤသို့ ရေနံဈေးနှုန်း ထိုးကျသည်နှင့် အရှေ့အလယ်ပိုင်းဒေသမှ အာဏာရှင်နှင့် ပဒေသရာဇ် ရှင်ဘုရင် စော်ဘွားနိုင်ငံတွေ အကုန် ဗယောက်ဗယက် ဖြစ်ကုန်မည်။ ကမောက်ကမ ဖြစ်ကုန်မည်။ ရေနံဝင်ငွေဖြင့် အာဏာရှင်နှင့် ရှင်ဘုရင် စော်ဘွားတို့က အစ္စလာမ် အခြေခံ ဝါဒီ ဗလီဆရာတို့ကို ထောက်ပံ့နိုင်တော့မည် မဟုတ်ပေ။ ဤသို့ မထောက်ပံ့သဖြင့် အစ္စလာမ် အခြေခံ ဝါဒီ တရားတွေ ဟောသော ဗလီကျောင်းတွေ အကုန် ပိတ်ပစ်ရမည်။

အရှေ့အလယ်ပိုင်း ဒေသတွင် ဗလီဆရာတွေ အင်အား ကောင်းနေသည်မှာ အာဏာရှင်နှင့် ရှင်ဘုရင် စော်ဘွားတို့က ရေနံ ဝင်ငွေတို့ကို သူတို့အား ဖွဲ့ပေး၊ ထောက်ပံ့ပေးနေသောကြောင့် ဖြစ်သည်။ အခြေခံဝါဒီ တရားတွေ သင်ပေးသည်။ ဂျီဟတ်တရားနှင့် အကြမ်းဖက်ဝါဒ စိတ်ဓာတ်တို့ကို လူငယ်တို့အား သွတ်သွင်းပေးသည်။ ထို့ကြောင့် ယနေ့ အကြမ်းဖက်ဝါဒက တိုက်ခိုက်နေသည်မှာ ရေနံဈေးနှုန်း မြင့်တက်နေသောကြောင့် ဖြစ်သည်။ ရေနံ ဝင်ငွေကို အသုံးချနိုင်နေသောကြောင့်ဖြစ်သည်။

အမေရိကားက ကိုယ့်ဟာကိုယ် ရေနံ ဖူလုံအောင် လုပ်လျှင် အရှေ့အလယ်ပိုင်း ဒေသမှ ရေနံတွေ ဝယ်ရန် မလိုတော့ပေ။ ဤသို့ မလိုသဖြင့် ရေနံဈေးနှုန်း ထိုးကျမည်။ အကြမ်းဖက်ဝါဒကို မွေးထုတ်ပေးနေသော ပညာရေးစနစ် အားလျော့သွားမည်။ ထို့အပြင် အရှေ့အလယ်ပိုင်း ဒေသ၌ ဒီမိုကရေစီ ပြန့်ပွားရေးလည်း ပိုပြီး အလားအလာ ကောင်းသွားမည်။ သို့ဖြင့် အမေရိကား၏ ရေနံ လွတ်လပ်မှု ပေါ်လစီဆောင်ပုဒ်သည် ရေနံ မှီခိုမှုကိုလည်း တကယ် ရပ်တန့်သွားစေ၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုသလို အရှေ့အလယ်ပိုင်း ဒေသ၌ အကြမ်းဖက်ဝါဒ အမြစ်ပြုတ်စေ၊ ဒီမိုကရေစီ ထွန်းကားနိုင်စေ ဆိုသော နောက်ခံ နိုင်ငံရေး ရည်ရွယ်ချက်တို့ ရှိကုန်သည်။

အကြမ်းဖက်သမားတို့က အိုပက် နိုင်ငံတို့အား ရေနံကို နိုင်ငံရေး လက်နက်အဖြစ် ကျင့်သုံးရန် လှုံ့ဆော်နေသည်မှာ ကြာပါပြီ။ ရေနံ လျှော့ထုတ်ရန် တိုက်တွန်းသည်။ ရေနံ ဆပ္ပလိုင်း ပြတ်တောက် အားပျော့သည်နှင့် ရေနံဈေး ထောင်တက်မည်။ ရေနံဈေး ထောင်တက်လျှင် အမေရိကားနှင့် အနောက် ဥရောပ နိုင်ငံတို့တွင် ဆူညံကုန်မည်။ မတည်မငြိမ် ဖြစ်ကုန်မည်။ အကြမ်းဖက်ဝါဒက

လိုချင်သော အခြေအနေပေတည်း။

## တရုတ် ဖက်တာ

နိုင်ဂျီးရီးယား ရေနံပြဿနာသည် တစ်လျှောက်လုံး နိုင်ငံရေးပြဿနာ ဖြစ်သည်။ နိုင်ဂျီးရီးယား ရေနံသည် အရှေ့အလယ်ပိုင်းဒေသ နိုင်ငံများကဲ့သို့ သဲကန္တာရထဲမှ ထုတ်လုပ်သည် မဟုတ်။ နိုင်ဂျာ မြစ်ဝကျွန်းပေါ် ရွံ့ဗွက် ရေအိုင်တို့ထဲမှ ထုတ်လုပ်ခြင်း ဖြစ်သည်။ ဤနိုင်ဂျာ မြစ်ဝကျွန်းပေါ်တွင် ကွဲပြားခြားနားသော လူမျိုးစု သုံးမျိုး နေထိုင်ကြသည်။ ဤလူမျိုးစု သုံးမျိုးသည် ရေနံလုပ်မှုကြောင့် အချင်းချင်း တိုက်ခိုက်နေကြသည်။ ရေနံကို သူပိုင်သည်၊ ကိုယ်ပိုင်သည် ပြော၍ ရေနံလုသည်။

ဤလိုလုပွဲ ပြင်းထန်လျှင် နိုင်ဂျီးရီးယား ရေနံဈေးနှုန်း ထောင်တက်တော့သည်။ နိုင်ဂျာ မြစ်ဝကျွန်းပေါ် လူမျိုးရေး ပဋိပက္ခတို့သည် နိုင်ငံရေး ဖြစ်လေရာ ဤအကြောင်းဖြင့်ပင် ရေနံဈေးနှုန်း လှုပ်ရှားသည်။ ရေနံ ဝယ်လိုအား၊ ရောင်းလိုအားနှင့် ဘာမျှမဆိုင်ပေ။

ယခုနောက်ဆုံး တရုတ်ဖက်တာ (China factor) ပေါ်လာသည်။ တရုတ်ပြည် စီးပွားရေးသည် အလွန် ဖွံ့ဖြိုးတိုးတက်နေရာ ဤသို့ ဖွံ့ဖြိုးတိုးတက်သလောက်လည်း ရေနံဝယ်လိုအား အလွန် များလာသည်။ ယခု တရုတ်ရေနံ ဝယ်လိုအား အားကောင်းမှုကြောင့် ရေနံဈေးနှုန်း တက်ရသည်ဟု အဆိုရှိလေရာ ဤအဆိုသည် စီးပွားရေး အကြောင်းတရားကို ညွှန်းခြင်း ဖြစ်တန်ရာသည်။

သို့ရာတွင် တရုတ်၏ ရေနံ ဝယ်လိုအားသည် ရေနံဈေးကွက်၏ စိတ်ထတ်မှု (market sensitivity) ကိုလည်း တိုးမြှင့်စေသည်ဟု ဆိုလာသည်။ သဘောမှာ ဘာမဟုတ်သည့် အကြောင်းလေးနှင့်ပင် ရေနံဈေးနှုန်း လှုပ်ရှားသွားတတ်ခြင်းကို ရည်ညွှန်းသည်။ ဤအချက်သည် နိုင်ငံရေးဆန်သည်ဟု အချို့ကဆိုသည်။ အကယ်၍ အမေရိကားက အရှေ့ အလယ်ပိုင်း ရေနံကို မဝယ်တော့ဟုဆိုလျှင် တရုတ်က ဝယ်တော့မည်။ အာရပ် ရေနံအတွက် ဝယ်သူ အပြောင်းအလဲသာ ဖြစ်မည်။ ဤအချက်ကိုလည်း နိုင်ငံရေးထဲ ထည့်တွက်သည်။

Ref : The Economist

# ပုဂ္ဂလိကဘိစနက်နှင့် ဆင်းရဲမွဲတေမှုလျှော့ချရေး ဓာတ်ချင်းတည့်ပါ၏လော

ဒွန်တွဲ မတည်နိုင်

အစားအစာတို့တွင် ဓာတ်ချင်း မတည့်သော အစားအစာ အတွဲများ ရှိသကဲ့သို့ စီးပွားရေး ပေါ်လစီတို့တွင်လည်း ဓာတ်ချင်း မတည့်သော အတွဲအစပ်များ ရှိတတ်သည်။ အချို့ အတွဲအစပ်တို့သည် ဓာတ်ချင်းကိုက်သည်ဟု ထင်ရသော်လည်း တကယ် ကျင့်သုံးကြည့်မှ တစ်ခုနှင့်တစ်ခု မတည့်သည်ကို တွေ့ရတတ်သည်။

ဥပမာ စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု ကိစ္စတွင် ပုဂ္ဂလိက ဘိစနက်တို့အား အားပေးခြင်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး ကိစ္စတို့သည် ဘာမျှ ဆန့်ကျင်ဘက် ဖြစ်စရာ မရှိ၊ တစ်ခုကိုတစ်ခု အထောက်အကူ ပြုမည်သာ ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ သို့ရာတွင် မကြာသေးမီက ဂျာမန် စီးပွားရေး ပညာရှင်တို့က ပုဂ္ဂလိက ဘိစနက် လုပ်ငန်းတို့အား အားပေးခြင်းနှင့် စီးပွားရေး မွဲတေမှု လျှော့ချရေးတို့သည် ဓာတ်ချင်းမတည့်ဟု ထောက်ပြလာကြသည်။ ဓာတ်ချင်းမတည့်ဟု ဆိုသော အဓိပ္ပာယ်မှာ ဤပေါ်လစီ နှစ်ရပ်ကို တစ်ပြိုင်နက်တည်း တစ်ချိန်တည်း အကောင်အထည်ဖော်လျှင် ပေါ်လစီ နှစ်ရပ်စလုံး မအောင်မြင်ဘဲလည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ပေါ်လစီတစ်ခုက အောင်မြင်ပြီး အခြား ပေါ်လစီ တစ်ခုက အရေးနိမ့်သွားခြင်းမျိုးတို့လည်း ဖြစ်ပေါ်နိုင်သည်ကို ရည်ညွှန်းသည်။ ပေါ်လစီ နှစ်ရပ်စလုံး ပြိုင်တူ မအောင်မြင်နိုင်ပေ။

ပုဂ္ဂလိက ဘိစနက်တို့အား ခွန်အား ကြီးစေခြင်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး ကိစ္စတို့ကို ဒွန်တွဲ စဉ်းစားကြရန် စေ့ဆော်သည့် အချက်မှာ ကမ္ဘာ့ဘဏ်၏ ၂၀၀၅ ခုနှစ် ကမ္ဘာ့ ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ အစီရင်ခံစာပင် ဖြစ်သည်။

ဤအစီရင်ခံစာကို ဝေဖန်ကြရင်း ပုဂ္ဂလိက လုပ်ငန်းတို့အား ကူညီအားပေးခြင်းနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး ပြဿနာတို့သည် အတူ ယှဉ်တွဲနိုင်ခြင်း ရှိမရှိ အငြင်းပွားလာကြသည်။ ကမ္ဘာ့ဘဏ်ကပင် ဤပေါ်လစီ နှစ်ရပ် ဒွန်တွဲ ဖော်ပြထားခြင်းကို ရုပ်သိမ်းပေးလိုက်ရသည်။ ပညာရှင်တို့က အဓိက မီးမောင်းထိုးပြသော အရာမှာ စီးပွားရေး ပေါ်လစီတို့၏ ရည်မှန်းချက်တို့ပင် ဖြစ်သည်။

## ဓနနှင့် မွဲတေမှု

စီးပွားရေး ပေါ်လစီပိုင်းတွင် ပေါ်လစီ ချမှတ်သူတို့၏ အိုင်ဒီအိုလိုဂျီကို ကြည့်သည်။ ဤနေရာ၌ အစွန်းနှစ်ဘက် အိုင်ဒီအိုလိုဂျီ နှစ်ပါးကို သုံးသပ်ကြည့်သည်။ ပထမ အိုင်ဒီအိုလိုဂျီက အရာရာကို ဈေးကွက်နည်းဖြင့် ဖြေရှင်းရန် ပြောသည်။ အစိုးရက ဝင်ရောက် မစွက်ဖက်တဲ့ ဈေးကွက်ကို လွတ်လွတ်လပ်လပ် ခွင့်ပြုထားရန် ဖြစ်သည်။ အခြား အစွန်းတစ်ဖက်၌ရှိသော ဒုတိယ အိုင်ဒီအိုလိုဂျီသည် စီးပွားရေးတွင် အရာရာ၌ အစိုးရက ခေါင်းဆောင်ရမည်ဆိုသော အမြင်ဖြစ်သည်။ ယခုအခါ ဤအစွန်းရောက် အမြင် နှစ်မျိုးကြား၌ရှိသော အလယ်အလတ် ပုံစံတို့ကို ဝေဖန် ဆွေးနွေးနေကြသည်။

ဤအိုင်ဒီအိုလိုဂျီ နှစ်ပါးကို ရှုမြင်သုံးသပ်ရာ၌ အချက်နှစ်ချက်ကို အဓိက စံထားကြည့်သည်။ ပထမ အချက်သည် ဓနအင်အား တိုးပွားစေခြင်း (increasing wealth) ဖြစ်သည်။ ဒုတိယအချက်သည် ဆင်းရဲမွဲတေမှုကို ရှောင်ရှားနိုင်ခြင်း (escaping poverty) ဖြစ်သည်။ စီးပွားရေး လစ်ဘရယ်ဝါဒ (ဈေးကွက်ကို လွတ်လွတ်လပ်လပ် ခွင့်ပြုခြင်း)သည် ဓနအင်အားကို တိုးပွားအောင် ပြုလုပ်နိုင်စွမ်း ရှိသော်လည်း ဆင်းရဲမွဲတေမှုကိုမူ မရှောင်ရှားနိုင်ပေ။ ဓနအင်အား တိုးသည်၊ သို့သော် ဆင်းရဲမွဲတေမှု လျော့ပါးသွားခြင်း မရှိပေ။

ဆင်းရဲမွဲတေမှု ပပျောက်ရေးနှင့် ပတ်သက်၍ အခြေခံအားဖြင့် နည်းလမ်း နှစ်လမ်း ရှိသည်။ ပထမ နည်းလမ်းသည် အစိုးရက စီးပွားရေးကို ကိုယ်တိုင်မောင်းပြီး ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ ဒုတိယ နည်းလမ်းသည် ဈေးကွက်က စီးပွားရေးကို မောင်းပြီး ဆောင်ရွက်သော နည်းလမ်းဖြစ်သည်။ စီးပွားရေးပညာရှင်တို့က နိုင်ငံအသီးသီး၏ အတွေ့အကြုံတို့ကို လေ့လာ သုံးသပ်ကြည့်ပြီးသည့်နောက် နှစ်နည်းစလုံးသည် ရေရှည်၌ ဆင်းရဲမွဲတေမှုကို ပပျောက်ရန် မစွမ်းဆောင်နိုင်ကြောင်းကို တွေ့ရှိရသည်။ ယနေ့၌ ဆင်းရဲမွဲတေမှု လျှော့ချရေး အယူအဆနှင့် ပုဂ္ဂလိက ဘိစနက်လုပ်ငန်းတို့ကို ပိုမို အားပေးရေးဆိုသော အယူအဆတို့သည် အပြိုင်အဆိုင် ဖြစ်နေသည်။ ဂါနာနိုင်ငံ၌ ဆင်းရဲမွဲတေမှု လျှော့ချရေး လုပ်ငန်းတို့ကို

အောင်အောင်မြင်မြင် လုပ်ကိုင်နိုင်သဖြင့် ဂါနာအစိုးရအား ချီးကျူးကြသည်။ သို့ရာတွင် တစ်ဖက်၌ ပုဂ္ဂလိက ဘိစနက် လုပ်ငန်းရှင်တို့က သူတို့ကို အစိုးရက အားမပေးဟု ဆိုကာ မကျေမနပ် ဖြစ်ကြသည်။

## ဘောင်ခွေခြင်း

ဥရောပ၊ အမေရိကားနှင့် အရှေ့အာရှမှ စက်မှု ထွန်းကားသော နိုင်ငံတို့၏ အတွေ့အကြုံတို့ကိုလည်း ယှဉ်ကြည့်သည်။ ဤနိုင်ငံတို့ စည်ပင် ဝပြောရသည်မှာ စွန့်ဦးတီထွင် အစွမ်းအစနှင့် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုတို့ကြောင့် ဖြစ်သည်။ ချမ်းသာသော နိုင်ငံတို့နောက်မှ အမီလိုက်ရန် ကြိုးစားရသော နိုင်ငံတို့အဖို့မှ သူတို့နိုင်ငံမှ ကော်ပိုရေးရှင်းတို့ကို တက်တက်ကြွကြွ ကူညီပေးသော အားကောင်းသော အစိုးရတို့ကို လိုအပ်ခဲ့သည်။ ဤအစိုးရတို့က မိမိတို့ ကုမ္ပဏီတို့ကို ပြင်ပ ပြိုင်ဆိုင်မှုမှ ကာကွယ်ပေးသည့်အပြင် ကမ္ဘာ့ ဈေးကွက်၌ ယှဉ်ပြိုင်ရန်အထိလည်း အားပေးသည်။ ဤကုမ္ပဏီတို့ မိမိ ခြေထောက်အပေါ် ရပ်တည်နိုင်သည်အထိ အစိုးရက ကူညီအားပေးခဲ့သည်။

ထို့အပြင် အစိုးရသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတို့နှင့် ဒေသခံ ဘိစနက် လုပ်ငန်းတို့ကြား ကွင်းဆက် ချိတ်မိရန် ညှိနှိုင်းပေးသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုနှင့် ပြည်တွင်း ပုဂ္ဂလိက ဘိစနက်တို့သည် ချိတ်ဆက်မိနေရသည်။ အစိုးရသည် ပုဂ္ဂလိက ဘိစနက် လုပ်ငန်းများ အကျိုးအမြတ် ပေါ်စေရန် လိုအပ်သော အခြေခံဘောင်ကို ခွေပေးရသည်။ ယခင် အမြင်အရ ပုဂ္ဂလိက လုပ်ငန်းများ စည်ပင်ဝပြောလျှင် သူတို့ လုပ်ငန်းကိုလည်း ဂရုစိုက်နိုင်သည်။ ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သော လူမှုရေး လုပ်ငန်းတို့အပေါ်လည်း အလေးပေး စဉ်းစားလာနိုင်သည်ဟု ဆိုခဲ့ကြသည်။ ဤအမြင်သည် ပုဂ္ဂလိက ဘိစနက် လုပ်ငန်းတို့ စည်ပင်ဝပြောမှုသည် ဆင်းရဲမွဲတေမှု လျှော့ချရေး ပြဿနာနှင့် ချိတ်ဆက် ရှင်းပြခြင်း မရှိပေ။

ကမ္ဘာ့ဘဏ်သည် ဈေးကွက် အင်အားစုတို့ကို ဖိုးကပ်(စ်) လုပ်သော မဟာဗျူဟာတို့ကိုသာ ကျင့်သုံးခဲ့သည်။ သို့ရာတွင် နောက်ပိုင်း၌ ဤမဟာဗျူဟာကို မွမ်းမံပြင်ဆင်ခဲ့သည်။ မဟာဗျူဟာ အသစ်အရ ပုဂ္ဂလိက လုပ်ငန်းတို့သည် စီးပွားရေး ဖွံ့ဖြိုး တိုးတက်မှု၏ ဗဟိုချက်မ ဖြစ်ရမည်ဟု သတ်မှတ်သည်။ အစိုးရသည် ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် စွမ်းပကားတို့ကို မြှင့်တင်နိုင်သော နည်းလမ်းဖြင့် တိုင်းပြည် စီးပွားရေးကို လမ်းညွှန်ရမည်ဟု ဖော်ပြထားသည်။

## မဟာဗျူဟာ စာတမ်းများ

ကမ္ဘာ့ဘဏ်က ပုဂ္ဂလိက ဘီစနက် စီးပွားရေး အပိုင်းကို ပို၍ ဖိုးကပ်(စ်) လုပ်လာသော်လည်း ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းတို့ ကိုယ်တိုင်က ပြဿနာတို့ဖြင့် ရှုပ်ထွေးနေတတ်သည်။ ပထမ ပြဿနာသည် ပုဂ္ဂလိက ဘီစနက်ပိုင်း၌ စီမံခန့်ခွဲမှု ညံ့ဖျင်းနေသော အချက် ဖြစ်သည်။ ဒုတိယ ပြဿနာသည် မတ်ကာက်တင်း၌ ညံ့ဖျင်းသောအချက် ဖြစ်သည်။ ဤနှစ်ချက်ကြောင့် ပုဂ္ဂလိက ဘီစနက် လုပ်ငန်းတို့သည် ကမ္ဘာ့ ဈေးကွက်တွင် မယှဉ်ပြိုင်နိုင်ဘဲ ရှိနေတတ်ကြသည်။ ပုဂ္ဂလိက ဘီစနက် လုပ်ငန်းပိုင်းအား ကူညီအားပေးသည် ဆိုသည်မှာ သူတို့ အမြတ်ထွက်ရန် သက်သက် မဟုတ်၊ ကမ္ဘာ့ဈေးကွက်၌ လောက်လောက်လားလား ယှဉ်ပြိုင်နိုင်ရန် အထိ ရည်ရွယ်ပြီး အားပေးရသည်။

နိုင်ငံတကာ ပစ္စည်း ဝယ်ယူသူတို့သည် ဆပ္ပလိုင်ရာတို့ထံမှ ပစ္စည်းဝယ်ယူလျှင် အရည်အသွေးကို အလွန် ကြည့်သည်။ အချိန်မီ တင်ပို့နိုင်ခြင်း ရှိမရှိကိုလည်း အထူး ဂရုစိုက်သည်။ ကမ္ဘာ့ ဈေးကွက်၌ မားကက်တင်း ညံ့ဖျင်းနေလျှင် ပုဂ္ဂလိက ဘီစနက် လုပ်ငန်းတို့သည် ဘယ်လိုမှ စည်ပင် ဝပြောနိုင်ခြင်း မရှိနိုင်ပေ။

စည်ပင် ဝပြောနိုင်သည်ဟု မှန်းဆထားဘိဦး၊ ပုဂ္ဂလိက ဘီစနက် လုပ်ငန်း၏ စည်ပင်ဝပြောမှုသည် ဆင်းရဲမွဲတေမှု လျှော့ချရေးကို မည်မျှအထိ အထောက်အထားပြုမလဲ ဟူ၍ စဉ်းစား သုံးသပ်ရန် ရှိနေသည်။ လက်ရှိ အခြေအနေ၌ ဆင်းရဲမွဲတေမှု လျှော့ချရေးဆိုသည်မှာ ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတို့ကို ထောက်ပံ့ခြင်း အဆင့်လောက်သာ ရှိသည်။ ဆင်းရဲမွဲတေမှု လျှော့ချရေး အလုပ်သည် မည်သည့် အစိတ်အပိုင်း၏ တာဝန် ဖြစ်သနည်းဆိုသော အချက်၌ပင် သဘောထားကွဲလွဲနေကြသည်။ တချို့က အစိုးရ၏ တာဝန်ဟု ယူဆသည်။ တချို့က ပုဂ္ဂလိက ဘီစနက်ပိုင်း၌လည်း တာဝန်ရှိသည်ဟု ယူဆသည်။ မည်သို့ပင် ဖြစ်စေကာမူ ယခုအခါ ဆင်းရဲမွဲတေမှု လျှော့ချရေးဆိုင်ရာ မဟာဗျူဟာ စာတမ်းတွေ အများကြီး ထွက်နေသည်။ ထိုအထဲ၌ ပုဂ္ဂလိက ဘီစနက်ကို အားပေးရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးတို့သည် ဓာတ်ချင်း မတည့်သော အတွဲအစပ်ဟု ပြောလာသော အမြင်က ပိုလို့ စိတ်ဝင်စားစရာ ကောင်းသည်။

Ref : Development and Cooperation

# ရှိမန်တစ်–ဆိုင်ခီ–အခါတော်ချိန်နှင့် လယ်ယာ အမတော်ကြေးများ

## တောမှမြို့ အရွှေ့ အစီဟွာယ်

တောမှမြို့သို့ ရွှေ့သည့် ပြဿနာသည် အတော် စိတ်ဝင်စားစရာ ကောင်းသည်။ မြို့ပြ ထွန်းကားမှုကြောင့်အပြင် လယ်ယာ စိုက်ပျိုးရေးလုပ်ငန်း ကျဆင်းမှုကြောင့်လည်း တောမှမြို့သို့ ရွှေ့ပြောင်းသည့်ကိစ္စ ကမ္ဘာအနှံ့၌ ခေတ်စားလာသည်။ တောသား မြို့ရောက်သောအခါ ပထမဦးဆုံး ရရှိသော အကျိုးသည် ခေတ်မီသော မြို့ပြအခြေခံ အဆောက်အအုံ (modern infrastructures) တို့ကို မြင်တွေ့ခံစားမိခြင်း ဖြစ်သည်။ အလုပ်အကိုင် ကောင်းကောင်း ရရှိလိမ့်မည်ဟု မမျှော်လင့်နိုင်သေး။ နေစရာ ထိုင်စရာ ကောင်းကောင်း ရရှိလိမ့်မည်ဟု မမျှော်လင့်နိုင်သေး။ အဆောက်အဦး မြင့်မြင့်၊ လမ်း ကောင်းကောင်း၊ မီး ထိန်ထိန်လင်းလင်းတို့ကို အရင်တွေ့သည်။

လူမှုသိပ္ပံ ပညာရှင် အများအပြားက တောမှမြို့သို့ ရွှေ့ပြောင်းခြင်းကို ကျေးလက်ယဉ်ကျေးမှုမှ မြို့ပြယဉ်ကျေးမှုဆီသို့ လူတွေ ရွှေ့ပြောင်းခြင်းအဖြစ် သတ်မှတ်သည်။ ဥပမာအဖြစ် ကိုရီးယား ဆန်စပါး စိုက်ပျိုးသော လယ်သမားတို့ဘဝကို ပြသည်။ ကိုရီးယားမှ လယ်သမား မိသားစု တစ်စုသည် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ လောက်ကတည်းက ဘိုးဘွားဘီဘင် လက်ထက် ကတည်းကချ ဆန်စပါး စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်။ ဆန်စပါး စိုက်ပျိုး၍ ဘဝလမ်းကြောင်းခြင်းသည် သူ၏ ယဉ်ကျေးမှုပင် ဖြစ်သည်။ သို့သော် အကြောင်းကြောင်းကြောင့် မြို့ပေါ် ရွှေ့ပြောင်းရသည်။ ဤသည်မှာ ကျေးလက် ဆန်စပါး ယဉ်ကျေးမှုမှ မြို့ပြယဉ်ကျေးမှု အသစ်ထဲ အတင်း ဝင်ရောက် တိုးခွေ့ရသည့်

သဘော ဖြစ်သည်။ တစ်နည်းပြောလျှင် ဘဝလမ်းကြောင်း ပြောင်းပစ်ရခြင်း ဖြစ်သည်။

## ရိုမန်တစ်နှင့် လိုက်(ဖ်)စတိုင်

လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းသည် ရိုမန်တစ် ဖြစ်စရာ အလွန်ကောင်းသည်။ ကွင်းစိမ်းစိမ်း၊ မြက်နုနု၊ တောင်ကုန်း အနိမ့်အမြင့် စသည့် ရှုခင်းတို့သည် အလွန် ကြည်နူးစရာ ကောင်းသည်။ လေကောင်းလေသန့် ရှူပြီး သဘာဝနှင့် အနီးစပ်ဆုံး နေရသော သဘာဝ ဖြစ်သည်။ ပြင်သစ်အစိုးရသည် ဤသို့ ရိုမန်တစ် ဖြစ်စရာ အလွန်ကောင်းသော လယ်ယာစိုက်ပျိုးရေးနှင့် လယ်သမားတို့ကို လယ်ယာ အမတော် ကြေးများ တစ်အား ထောက်ပံ့ခဲ့သည်။ ဤသဘောသည် ရိုမန်တစ်ဇင်းကို အားပေးခြင်း ဖြစ်သည့်အပြင် ဘီစနက် သဘောအရလည်း မိမိ သီးနှံတို့ကို အပြိုင်အဆိုင် ဈေးလျှော့ရောင်းနိုင်ရန် စရိတ်ထောက်ပံ့ခြင်းလည်း ဖြစ်သည်။

မည်မျှပင် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းက ကျဆင်းသွားစေကာမူ (ဝါ) ဘီစနက်ပိုင်း၌ ကျဆင်းသွားစေကာမူ ပေးထားသော အမတော်ကြေးတို့ကို မရုပ်သိမ်းပေးနိုင်ဟု ပြင်သစ် အစိုးရက တင်းခံထားသည်။ ယခု ဒီဇင်ဘာ ပေါ်ဘင်ကောင်း၌ ကျင်းပမည့် ကမ္ဘာ့ ကုန်သွယ်ရေး ညီလာခံတွင် အများက လယ်ယာ အမတော်ကြေးများ ပေးနေခြင်းကို ရုပ်ဆိုင်းပစ်ရန် ဖိအားပေး တောင်းဆို လျက် ရှိသည်။ ပြင်သစ် တစ်ဦးတည်းက ဤကိစ္စတို့တွင် မလိုက်လျောနိုင်ဟု ငြင်းဆန်နေသည်။ လယ်ချစ်တောချစ် စိမ်းလန်းခြင်းအချစ် စသည့် ရိုမန်တစ် ခံစားမှုတို့ဖြင့် ဤကဲ့သို့ ပြင်သစ်က သဘောထား တင်းမာနေခြင်း ဖြစ်သည်ဟု ဝိုင်းဝန်း ဝေဖန်ကြသည်။ ပြင်သစ်က မဖြုံ၊ ဟောင်ကောင် ညီလာခံ ပျက်မည့်ပုံ ရှိနေသည်။

တောင်ကိုရီးယားမှာတော့ လယ်ယာ စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး မေးခွန်းတစ်မျိုး ပေါ်လာသည်။ ရိုမန်တစ်အကြောင်း မဟုတ်သော်လည်း ဘဝနေဟန် လိုက်ဖ်စတိုင်အကြောင်း ဖြစ်နေသည်။ လယ်ယာ စိုက်ပျိုးရေးသည် ဘီစနက်လား၊ သို့တည်းမဟုတ် လိုက်ဖ်စတိုင် (ဝါ) ကျေးလက် လိုက်ဖ်စတိုင်ကို တိမ်ကောနေ သော လိုက်ဖ်စတိုင်း (dying lifestyle) အဖြစ် မြင်သည်။ ဤအမြင်ကို အခြေခံ၍ လယ်ကွင်း သို့မဟုတ် စိုက်ကွင်းသည် တိမ်ကောနေသော လိုက်ဖ်စတိုင်ကို အမှတ်တရ ထားရာ ပြတိုက် (museum) ဖြစ်သည်ဟု ပြောလာကြသည်။ လယ်ကွင်း စိုက်ကွင်းတောင် ပြတိုက် ဖြစ်လာသောအခါ လယ်ယာ ထောက်ပံ့ကြေး ကလည်း နေရင်းထိုင်ရင်း ရှေးဟောင်း ဆန်သွားပြီ။

## အမျိုးသား ဆိုင်ဒီ

သို့သော် တစ်ဖက်၌ လယ်ယာ စိုက်ပျိုးရေးသည် ရှေးရိုးစဉ်လာ စနစ် ဖြစ်သည်။ ထို့ကြောင့် ရှေးရိုးကို ထိန်းရမည်ဟု စောဒက တက်ကြသည်။ ဆင်ခြေ အင်အားကောင်းသော စောဒကမှာ လယ်ယာ လုပ်ငန်းများနှင့် အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးကို ချိတ်ဆက်ပေးသော စောဒက ဖြစ်သည်။ အမျိုးသား စားနပ်ရိက္ခာ ဖူလုံရေးအတွက် လယ်ယာ စိုက်ပျိုးရေးကို ထိန်းသိမ်း တိုးချဲ့ရန် လိုသည်ဆိုသော ယုတ္တိကို ချေပနိုင်စွမ်း ရှိလိမ့်မည် မဟုတ်ချေ။ လယ်ယာ လုပ်ငန်းသည် အမျိုးအသား အမှတ်အသား ဖြစ်သည်။ အမျိုးသား စိတ်သဏ္ဌာန် (national identity) ဖြစ်သည်။ တကယ့် national psyches ဟု ဆိုသည်။

ဤကိစ္စနှင့် ပတ်သက်၍ ဂျပန် ဆန်သုတေသန အဖွဲ့မှ ညွှန်ကြားရေးမှူး ကာမီကီက ဆန်သည် ကျွန်တော်တို့ ဘယ်လိုလူတွေ ဖြစ်သည်ဆိုသည့် အချက်ကို အနက်ဖော်သည်ဟု ရှင်းပြသည်။ ဂျပန်နှင့် ကိုရီးယား နှစ်နိုင်ငံစလုံးသည် စက်မှု လုပ်ငန်း ဖွံ့ဖြိုးသော နိုင်ငံတွေ ဖြစ်လာသည်။ သူတို့၏ အမျိုးသားရေး အမှတ်အသားကို စက်မှုလုပ်ငန်း ဖွံ့ဖြိုးမှုဖြင့် ဖော်ညွှန်းအပ်သည်သာ ဖြစ်သည်။ ယခု ဆန်ဖြင့် အမျိုးသား အမှတ်အသားကို ဖော်ထုတ်သည်မှာ အတိတ်ကို ညွှန်ခြင်းသာ ဖြစ်သည်ဟု ဝေဖန်ခံရသည်။

မည်သို့ပင် ဝေဖန်ပါစေ၊ စပါးစိုက်ကွင်းတို့၌ အလှရသ ညို့ဓာတ်ရှိသည်။ ဖွံ့ဖြိုးရေးတွေ အရမ်း ပြုလုပ်ပြီး ဤစိုက်ကွင်း အလှရသကို မဖျက်ဆီးသင့်။ စိုက်ကွင်း အလှရသတို့ကို ကာကွယ် စောင့်ရှောက်ရမည် ဆိုပြီး ယုတ္တိ စောဒက တက်လာကြသည်။ ဆန် ဒဏ္ဍာရီတို့လည်း အများအပြား ရှိသည်။ ဆန်စပါးပေါ် တက်နင်းလျှင် ခြေထောက် ခွင်သွားမည် ဆိုသောစကား၊ စပါး လှေ့နေတုန်း ဖိတ်စင်လျှင် သားလျှောတတ်သည်ဆိုသော ဆိုရိုးစကား၊ ဆန်အရက်ဖြင့် ပသရသည် ဆိုသော ကွန်ဖြူးရှပ် ဓလေ့၊ ဆန်စပါးကို သေချာစွာ မသိမ်းဆည်းလျှင် တိုင်ဖုန်း မုန်တိုင်း တိုက်တတ်သည်ဆိုသော အယူတို့သည် ဆန်နှင့် ပတ်သက်သော ဓလေ့ ထုံးစံ ယဉ်ကျေးမှုတို့ပင် ဖြစ်သည်။ အရှေ့တိုင်းက ရှေးရိုး ဓလေ့တို့ဖြင့် ဆန်ကို အမြတ်တနိုး ထားသည်။ ပြင်သစ်က ရိုမန်တစ်ဖြင့် လယ်ကွက် စိုက်ကွင်းတို့ကို ကြည့်သည်။

## အခါတော် အချိန်လား

ရှေးလူကြီးတို့ကသာ လယ်ကွင်းနှင့် စပါးတို့ကို စွဲလန်းနေသည်။ သူတို့ သားသမီး

တို့ကို လယ်ပြန်လုပ်ရန် ပြန်ခေါ်သောအခါ ဘယ်သူမှ ပြန်မလာကြပေ။ မြို့ကို စွဲသွားပြီ။ သားသမီးတွေ လယ်ပြန်လုပ်ရန် ခေါ်မရသော ကိုရီးယား လယ်သမား တစ်ဦးက စိုက်ပျိုးရေးသမား ဖြစ်ရန် ရှေ့၌ အလားအလာ မရှိပါဟု ဝန်ခံပြောဆိုသည်။

ဤလို ဖြစ်နေချိန်၌ ခရစ်ယာန် ဂျာနယ်တစ်စောင်က မြို့တွေကို ဘယ်သူက ကျွေးမွေးမှာလဲဟု စာလုံးမည်း ခေါင်းစီးဖြင့် မေးခွန်း ထုတ်လိုက်သည်။ ရှေ့အနာဂတ်တွင် အစားအစာတွေ ဘယ်က လာသနည်းဆိုသော အချက်ကို လူတွေ သိမှသိကြပါမလား ဟူ၍လည်း စိုးရိမ်တကြီး မေးခွန်းထုတ်သည်။ ကမ္ဘာ့ စားနပ်ရိက္ခာ အဖွဲ့ချုပ်ကြီးက ' မြို့များသို့ ကျွေးမွေးခြင်း' အမည်ရှိ စာအုပ် တစ်အုပ်ကို ထုတ်ဝေသည်။ ဝတ်မွတ် ခေါင်းပါးမှု မရှိသော ကမ္ဘာကြီးကို ဘယ်လို တည်ဆောက်နိုင်မလဲ ဟု စစ်တမ်း ထုတ်ထားသည်။

ဤပြဿနာနှင့် ပတ်သက်၍ ခရစ်ယာန် စာစောင်က သမ္မာကျမ်းစာ အမြင်ဖြင့် ချဉ်းကပ် ရှုမြင်သည်။ ယေရှု၏ နောက်လိုက် တပည့်တော်တို့က "ကမ္ဘာကြီး၏ ပြဿနာတို့တွင် ယေရှုက ဘယ်တော့ ဝင်ရောက်စွက်ဖက်ပြီး ဖြေရှင်းပေးမလဲ"ဟု မေးသည်။ ယေရှုခရစ်တော်က "စားနပ်ရိက္ခာများ ပြတ်တောက်ရှားပါးမှု" ဟု ပြန်ဖြေသည်။ ယခု အကြောင်းအမျိုးမျိုးကြောင့် အထူးသဖြင့် တောမှမြို့သို့ ရွှေ့ပြောင်းမှုတို့ကြောင့် စားနပ်ရိက္ခာ ပြတ်လပ်မှုပြဿနာ ပေါ်တော့သည်။ ဤအချိန်ကို ခရစ်တော် ပြန်လည်ကြွလာမည့် အချိန်ဟု ခရစ်ယာန် ဂျာနယ်က ထောက်ပြနေသည်။

ရှုထောင့်အမြင် အမျိုးမျိုးဖြင့် စိုက်ကွင်း လယ်ကွင်းနှင့် စားနပ်ရိက္ခာ ပြဿနာတို့ကို ကြည့်ရှုနေကြကြောင်း တင်ပြလိုက်ရသည်။

Ref : Time A Wake

# ခေါင်းဆောင်မှု နှင့် စီမံခန့်ခွဲမှု
# Leadership and Management

# ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ဘာကွာခြားသလဲ

အချက်လေးချက်

အိန္ဒိယ၏ ပထမတန်းစား ဘိဇနက်ကျောင်း (အာမီကီ ဘိဇနက်ကျောင်း) မှ ပညာရှင်တစ်ဦးက ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုကို ခွဲခြား ပြောဆိုသည်။ အချို့က ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုတို့သည် စကား အသုံးအနှုန်းသာ ခြားနားပါသည်၊ စင်စစ် အတူတူပါပဲဟု ပြောသည်။ သို့ဖြင့် ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှု ဘာ ခြားနားသလဲဆိုသော ပုစ္ဆာသည် ရေပန်းစားလာသည်။

To lead or to manage ဟု မေးခွန်းကို ခြားခြားနားနား ဖော်သည်။ ခေါင်းဆောင်မှာလား၊ စီမံခန့်ခွဲမှာလား။

ဤကိစ္စနှင့် ပတ်သက်၍ အိန္ဒိယ အာမီကီ ဘိဇနက်ကျောင်းမှ ပါရဂူတစ်ဦးက ခြားနားချက် ၄ ချက်ကို ဖော်ပြသည်။

**ပထမအချက်။** ။ စီမံခန့်ခွဲမှုသည် သက်မွေးမှုလုပ်ငန်း (career) တစ်ရပ် ဖြစ်သည်။ ခေါင်းဆောင်မှုသည် အသက်မွေးမှုပညာ ဘဝပေးတာဝန် (calling) ဖြစ်သည်။

**ဒုတိယအချက်** ။ ။ အရာဝတ္ထု ပစ္စည်းတို့ကို ခင်ဗျား စီမံခန့်ခွဲသည်။ ဤသို့ စီမံခန့်ခွဲရင်း ခင်ဗျား လူထုကို ခေါင်းဆောင်သည်။ You manage things while you lead people. ဟု ဆိုသည်။

**တတိယအချက်။** ။ စီမံခန့်ခွဲမှုသည် လက်မောင်း (arm) နှင့် လက် (hands) တို့ အကြောင်းကို ပြောသည်။ ခေါင်းဆောင်မှုသည် ဦးနှောက် (heads) နှင့် အသည်းနှလုံး (heart) တို့အကြောင်းကို ပြောသည်။

**စတုတ္ထအချက်** ။ ။ စီမံခန့်ခွဲမှုသည် ပစ္စုပ္ပန်အကြောင်း ဖြစ်သည်။ ခေါင်းဆောင်မှုသည် အနာဂတ်အကြောင်း ဖြစ်သည်။

## အရာဝတ္ထုနှင့်လူ

ပထမအချက်နှင့် ပတ်သက်၍ အဖွဲ့အစည်းများဆိုင်ရာ တွေးခေါ်ပညာရှင် (organizational thinker) လက်စ်လိုင်း ကော့ဆော့(ဖ်)တင်၏ ဆိုစကားသည် မှတ်လောက်သားလောက် ရှိသည်။ သူ၏ ဆိုစကားအရ ခေါင်းဆောင်သည် ကိုယ့်ယုံ ကြည်ချက်နှင့်ကိုယ် အလုပ်လုပ်သည်။ စီမံခန့်ခွဲမှုကမူ သူများအပေါ် ယုံကြည်အားထားပြီး ဆောင်ရွက်ရသည်။ သူများ ဘာ ယုံကြည်သလဲ ဆိုသည်ကို ကြည့်သည်။ သူများ ယုံကြည်မှုဖြင့် အလုပ် လုပ်ရသည်။

ဒုတိယအချက်နှင့် ပတ်သက်၍ ဂျင်ကလင်မာက စီမံခန့်ခွဲမှုနှင့် ခေါင်းဆောင်မှုအကြား အဓိက ခြားနားချက်သည် ဤသို့ ဖြစ်သည်။ စီမံခန့်ခွဲမှုက အရာဝတ္ထု ပစ္စည်းတို့ကို စီမံသည်။ အရာဝတ္ထုတို့တွင် ရုပ်ဝတ္ထု အက်ဆက် (physical assets)၊ ဖြစ်စဉ် (process) နှင့် စနစ်(system) တို့ ပါဝင်သည်။

လူတွေဟု ဆိုရာတွင် အလုပ်သမားများ၊ အသင်းအဖွဲ့ လုပ်ဖော်ကိုင်ဖက်များနှင့် နောက်လိုက်တို့ ပါဝင်သည်။ အရာဝတ္ထု ပစ္စည်းတို့နှင့် ကိုင်တွယ်ဆက်ဆံခြင်း ဖြစ်သည်။ လုပ်ပုံလုပ်နည်း (a way of doing)ကိစ္စ ဖြစ်သည်။ လူနှင့် ဆက်ဆံရသော ကိစ္စသည် ဖြစ်တည်မှု နည်းလမ်း (a way of being) ကိစ္စ ဖြစ်သည်။

ဤ ဒုတိယအချက်နှင့် ပတ်သက်၍ ဘီလ်ဂိတ်နှင့် စတိ(ဗ်) ဘောလ်မာတို့ တွေ့ဆုံပုံကို ဥပမာပေးသည်။ စတိ(ဗ်) ဘောလ်မာသည် ဟားဗတ် တက္ကသိုလ်၊ စတင်ဖို့ တက္ကသိုလ်တို့မှ ဘွဲ့များရရှိပြီး ဖြစ်သည်။ အသက်မွေးဝမ်းကျောင်း လုပ်ငန်းကျောင်း တစ်ခုကို ရှာသည်။ ဘီလ်ဂိတ်နှင့် သူ စတွေ့သည်။ ဘီလ်ဂိတ်က သူ၏အိပ်မက် တစ်ခုကို ပြောပြသည်။ ဤအိပ်မက်မှာ စားပွဲပေါ်တိုင်း၌ ကွန်ပျူတာ တစ်လုံးစီရှိရေး ဖြစ်သည်။ စတိ(ဗ်) ဘောလ်မာ အလွန် သဘောကျသွားပြီး ဘီလ်ဂိတ်၏ ခေါင်းဆောင်မှုအောက်တွင် အလုပ် လုပ်ခဲ့သည်။ စာရင်းကိုင် ဖြစ်ချင်သော သူ့ရည်မှန်းချက်ကို စွန့်လွှတ်လိုက်သည်။

## လက်နက်နှင့် အနာဂတ်

တတိယအချက်နှင့် ပတ်သက်၍ ဝါရင်းဘင်းနစ်က ကုမ္ပဏီအများစုသည် စီမံခန့်ခွဲမှု လွန်ကဲနေပြီး ခေါင်းဆောင်မှု ချို့တဲ့နေသည်ဟု ဝေဖန်ပြသည်။ Over managed, but under led ဟု ဆိုသည်။ ဤလို ဖြစ်နေခြင်းသည် မကောင်းသော လူအများကို စည်းရုံးရာ၌ တစ်နည်းပြောလျှင် လူထုပါဝါကို ကကြိုး၊ ဆိုင်းကြိုး ဆင်ရာ၌

မန်နေဂျာထက် ခေါင်းဆောင်က ပို၍ အောင်မြင်သည်။

ခေါင်းဆောင်က အသိစိတ်ကို နှိုးဆော်ပြီး လူတို့၏ ဦးနှောက်နှင့် အသည်းနှလုံးကို စည်းရုံးစဉ် စီမံခန့်ခွဲမှုက ရာထူးဆင့်ကဲမှု (hierarchy) မှတစ်ဆင့် လက်နှင့် လက်မောင်းတို့ကို ဝယ်ယူသည်။ စီမံခန့်ခွဲမှုသည် လူတို့အား လိုအပ်သော အလုပ်တို့ကို လုပ်ခိုင်းသည်။ ခေါင်းဆောင်မှုက လူတို့အား လိုအပ်သော အလုပ်တွေ လုပ်ချင်အောင် ဆော်ဩသည်။

စီမံခန့်ခွဲမှုက ကွပ်ကဲမှုဖြင့် အလုပ်ကို ခိုင်းသည်။လူတွေကို အောက်မီးမွှေးပြီး ခိုင်းသည်။ ခေါင်းဆောင်တို့က လူတွေစိတ်ထဲ မီးမွှေးပေးပြီး လုပ်ချင်အောင် ဖန်တီးသည်။

စတုဋ္ဌ အချက်နှင့် ပတ်သက်၍ ဂျွန်ကော(ဖ်)တာက စီမံခန့်ခွဲမှု အခြေခံ ရည်ရွယ်ချက်သည် လက်ရှိ ရှိနေသော စနစ်ကို မယိုမယွင်း ပုံမှန် လည်ပတ်နေရန် ဖြစ်သည်။ ခေါင်းဆောင်မှု၏ အဓိက ရည်မှန်းချက်ကမူ အသုံးဝင်သော ပြောင်းလဲမှုကို မွေးထုတ်ရန် ဖြစ်သည်။

စီမံခန့်ခွဲမှုသည် လက်ရှိ ရှိနေသော စနစ်ထဲမှ ရှုပ်ထွေးမှုတို့ကို ဖြေရှင်းရန် ကြိုးပမ်းသည်။ ခေါင်းဆောင်မှုကမူ အပြောင်းအလဲကို ကိုင်တွယ် ဖြေရှင်းရန် ကြိုးပမ်းသည်။ ဓာလက်နစ်က စီမံခန့်ခွဲမှုသည် အလုပ် ဗဟိုပြု (work centric) ဖြစ်၍ လက်ရှိလိုးကို လမ်းပေါ် ဆက်လက်ပြနေရန် ရည်ရွယ်သည်။ ခေါင်းဆောင်မှုကမူ လူထုဗဟိုပြု (people centric) ဖြစ်သည်။ အပြန်အလှန် တုံ့ပြန်မှုကို လိုလားသည်။ ဗီဇစိတ်ဖြင့် လုပ်သည်။ အောင်မြင်ရန် အလားအလာ ရှိလျှင် စွန့်စားမှုကြီးသော အခြေအနေထဲ ဝင်သည်။ လက်ရှိ အရိပ်ကို ရဲရဲ စွန့်ပစ်သည်။ အနာဂတ်၏ အလားအလာကို ယုံကြည်သည်။

ဘာ ကြားဖူးသလဲ

ယူနိုက်တက် တက္ကနိုလိုဂျီသည် ဟိုက်တက် ကော်ပိုရေးရှင်းကြီး တစ်ခု ဖြစ်သည်။ ဤ ကော်ပိုရေးရှင်းကြီးက စာတမ်းတစ်စောင် ထုတ်ထားသည်။ ယင်းစာတမ်းတွင် လူတွေက စီမံခန့်ခွဲတာကို မခံချင်ဘူး၊ ခေါင်းဆောင်တာကို လက်ခံချင်တယ်၊ ကမ္ဘာ့မန်နေဂျာကြီး တစ်ယောက်လို့ ကြားဖူးကြသလား၊ ကမ္ဘာ့ ခေါင်းဆောင် ဆိုတာကိုပဲ ကြားဖူးကြတယ်၊ ပညာရေး ခေါင်းဆောင်၊ နိုင်ငံရေး ခေါင်းဆောင်၊ ဘာသာရေး ခေါင်းဆောင်၊ စကောက် ခေါင်းဆောင်၊ အသိုင်းအဝိုင်း ခေါင်းဆောင်၊ အလုပ်သမား ခေါင်းဆောင်၊ ဘိဇနက် ခေါင်းဆောင်တွေ ရှိကြ

တယ်၊ သူတို့က ခေါင်းဆောင်တယ်၊ စီမံခန့်ခွဲမှု မလုပ်ဘူး။ ခေါင်းဆောင်က မုန်လာဥနီ သုံးတယ်၊ မန်နေဂျာက တုတ်သုံးတယ်၊ မုန်လာဥနီက တုတ်ကို နိုင်သွားတယ်၊ မြင်းတစ်ကောင်ကို ရေရှိရာဆီ ခေါ်ဆောင်သွားနိုင်တယ်၊ ဒါပေမဲ့ မြင်းကို ရေသောက်အောင်တော့ မပြုနိုင်ဘူး၊ သူများကို စီမံခန့်ခွဲချင်ရင် ကိုယ့်ကိုယ်ကို အရင် စီမံခန့်ခွဲပါ၊ ကိုယ့်ကိုယ်ကို စီမံခန့်ခွဲနိုင်ရင် စီမံခန့်ခွဲတာကို ရပ်ပစ်ပြီး ခေါင်းဆောင်ခြင်းကို စနိုင်မယ်ဟူ၍ ရှိပါသည်။

ခေါင်းဆောင်မှုဆိုတာ ဆုံးဖြတ်ချက် အကြီးကြီးတွေ ချသည်။ ရေရှည် ကြည့်သည်။ စီမံခန့်ခွဲမှုက ဆုံးဖြတ်ချက် အငယ်တွေ ချသည်။ နေ့စဉ် လုပ်ငန်းတို့ နှင့် ဆိုင်သည်။ ဤလောက် ပြောရုံနှင့် ပြီးလျှင် ခြားနားမှုက လွယ်လွန်းနေသည်။

.Ref : Business World

# အမဲဖျက်ရခြင်းနှင့် မန်နေဂျာစိတ် ငါးမျိုး

## စင်ကာပူနှင့် ဟားဗတ်

စီးပွားရေး လောကသည် ရုပ်ဝတ္ထုလောက မဟုတ်ပြီ။ စိတ်က အဓိက လွှမ်းမိုးလာပြီ။ အထူးသဖြင့် ကုမ္ပဏီတို့ကို အုပ်ချုပ်နေရသော မန်နေဂျာတို့၏ စိတ်နေစိတ်ထား (mind-set)သည် အခရာ ကျလာပြီ။ ဘယ်လောကမှာ ဖြစ်ဖြစ်၊ စီမံခန့်ခွဲသူတို့၏ စိတ်ပုံသဏ္ဌာန်က သူတို့ စီမံခန့်ခွဲရသော အဖွဲ့အစည်း၏ ကံကြမ္မာကို အဆုံးအဖြတ် ပေးနေပြီ။

ယခုခေတ်သည် အချိတ်အဆက်ခေတ်၊ ကွန်ရက်ခေတ် ဖြစ်သည်။ ထို့ကြောင့် စီမံခန့်ခွဲမှုသည် ကွန်ရက် ဗဟိုပြု စီမံခန့်ခွဲမှု (Network centric management)ဖြစ်လာသည်။ ထို့အတွက် စိတ်နေစိတ်ထား ပုံသဏ္ဌာန်က သော့ချက် ကျသည်။

စီမံခန့်ခွဲသူ (ဝါ) မန်နေဂျာတို့၏ စိတ်နေစိတ်ထား ပုံသဏ္ဌာန်တို့ ဝေါဟာရ အမျိုးမျိုးသုံး၍ ပြောကြသည်။ စင်ကာပူမှ ကာကွယ်ရေးဌာနမှ ဗိုလ်မှူးချုပ် ဂျင်မီခူးက စိတ် မိုဒဲလ် (mental model)ဟု သုံးသည်။ ဟာဗတ် စီးပွားရေး တက္ကသိုလ်မှ ပညာရှင် နှစ်ဦးက mind-setဟု သုံးသည်။

မည်သို့ပင်ဖြစ်စေ စင်ကာပူ ပညာရှင်ကော၊ ဟားဗတ် ပညာရှင်တို့ကပါ စီးပွားရေးနှင့် စစ်ရေးတို့တွင် စိတ်၏ အရေးပါပုံတို့ကို အလေးအနက်ပြု မီးမောင်းထိုးပြလာကြသည်မှာ စိတ်ဝင်စားဖွယ်ပင် ဖြစ်သည်။ စင်ကာပူ ပညာရှင် ဗိုလ်ချုပ် ဂျင်မီခူးက ကွန်ရက် ဗဟိုပြု စီမံခန့်ခွဲမှုတွင် ပညာ (knowledge)ကို အခြေခံထားသော်လည်း လူထုကွန်ရက် (people network)ကလည်း အရေးကြီးပုံကို ရှင်းပြသည်။

ဂျင်မီခူးက ပြောင်းလဲမှု(transformation)ကို အခြေခံသည်။ တီထွင်ဆန်းသစ်မလား သို့မဟုတ် အသေခံမလား (Innovation or die) ဆိုသော ကာလီဖိုးနီးယား ဆီလီကွန် ဗယ်လီ (Silicon Valley)မှ ဆောင်ပုဒ်ကို အထူးအားကျသည်။

## ဟမ်ဘာဂါ စားရမှ

ထို့ကြောင့် ဂျင်မီခူး၏ သီအိုရီသည် အပြောင်းအလဲကို စီမံခန့်ခွဲခြင်း (management for change)ကို အဓိက အလေးအနက် ပြုသည်။ အပြောင်းအလဲတွေ သိပ်မြန်ဆန်နေသည်နှင့်အတူ အပြိုင်အဆိုင်တို့ကလည်း အသည်းအသန် ဖြစ်နေသောအခါ လမ်းပေါ် ကားတိုက်ခံရ၍ သေဆုံးမှု (road kills)တွေ အများကြီး ပေါ်မည်ဟု ဆိုသည်။

ဒါတွေကို မကြောက်ရပေ။ လျှပ်စစ်မီးသီးကို တီထွင်ခဲ့သူ သောမတ်(စ်) အက်ဒီဆန်က "ကျုပ် အရေးမနိမ့်ခဲ့၊ အဘယ်ကြောင့်ဆိုသော် ကျုပ်က အလုပ်မဖြစ် မစွံသည့် နည်းပေါင်း ၁၀၀၀၀ ကို ရှာဖွေ တွေ့ရှိထားခဲ့သောကြောင့် ဖြစ်တယ်" ဟု ပြောဖူးသော စကားကို အထူး သင်ခန်းစာ ယူနေကြသည်။

မြန်မာဆိုရိုးစကား၌ 'ကျားဟာ သက်သတ်လွတ် မစား' ဟူ၍ ရှိသည်။ စီးပွားရေး လောကသမားတို့သည် ကျားတွေ မဟုတ်ကြသော်လည်း သက်သတ်လွတ် မစားရပေ။ ဂျင်မီခူးက အမေရိကန် ဝဏ္ဏရေးဆရာကြီး မက်(က်)တွိုင်၏ စကားတစ်ခွန်းကို ကိုးကားသည်။ 'အတွတ်အမြတ်လို့ ယူဆနေသော နွားအို' (sacred sows)တို့ကို ဟမ်ဘာဂါ (အသားညှပ် ပေါင်မုန့်) လုပ်စားလျှင် အလွန် အရသာ ရှိသည်' ဟူသတည်း။

ဟောင်းပြီး ဘာမှ အသုံးမတည့်သော အရာတို့ကို မြန်မြန် သံယောဇဉ်ဖြတ်ကာ ဟမ်ဘာဂါ လုပ်စားပစ်လိုက်တာကမှ တစ်ခုခု အသုံး ကျသွားသေးသည်။ ဘာမျှ အသုံးမဝင်တော့သည့် အရာကို ဆက်လက် ထိန်းထားခြင်းသည် အနှောင့်အယှက်သာ ဖြစ်သည်၊ ကိုယ်သာ ဒုက္ခရောက်မည်ဟု ဆိုသည်။ ဂျင်မီခူးက သက်သတ်လွတ် စားလိုသည့် စိတ်ထားမျိုးကို အလိုမရှိပေ။

## မဟာခေါင်းဆောင်တွေ ဖြစ်ချင်

အပြောင်းအလဲကို စီမံနေရသောခေတ်၊ အပြိုင်အဆိုင်တွေ များလာသောခေတ်၊ ကွန်ရက်မျိုးစုံဖြင့် အလုပ်လုပ်နေသောခေတ်တွင် တစ်တောင့်ထိုး တောင့်တောင့်ကြီး၊

ကွေးမရ ကောက်မရသော တင်းတင်းကြီး ဖြစ်နေသော စိတ်မိုဒဲလ်မျိုး (rigid mental model)တို့ကြောင့် ကုမ္ပဏီတွေ ဆုံးရှုံး ပျက်စီးသွားခဲ့ရသည်ဟု ဂျင်မီခူးက ထောက်ပြသည်။

ဂျင်မီခူးက သူ့ရှုထောင့်နှင့်သူ စိတ်မိုဒဲလ် အကြောင်းကို ရှင်းပြသည်။ ဟားဗတ် စီးပွားရေး တက္ကသိုလ်မှ စီမံခန့်ခွဲမှု ပညာရှင်နှစ်ဦး ဖြစ်သော ဂျောဂေါ့ စလင်းနှင့် အိပ်(ချ်)ဘင်(စ်) ဘက်တို့က မန်နေဂျာ တစ်ယောက်၌ ရှိအပ်သော စိတ်ငါးမျိုး (The Five Minds of a Manager) အကြောင်းကို ဟားဗတ် ဘီစနက် ရီဗြူးစာစောင်တွင် မကြာသေးမီက ရေးသားဖော်ပြသည်။

ကနေ့ဒါ ကုမ္ပဏီကြီး တစ်ခုမှ စီအီးအိုတစ်ယောက်က သူ့ကုမ္ပဏီမှ အင်ဂျင်နီယာတို့ကို မန်နေဂျာတွေလို စဉ်းစားတွေးခေါ်ရန် တိုက်တွန်းရာ မအောင်မြင်ပုံကို ညည်းတွားသည်။ အင်ဂျင်နီယာသည် မန်နေဂျာ တစ်ယောက်လို တွေးတော တတ်ရပေမည်။ ဤသို့ ဖြစ်မလာသည့်အတွက် စီအီးအိုကြီး စိတ်ပျက်ပုံရသည်။

ဖော်ပြပါ ဟားဗတ်ပညာရှင် နှစ်ဦးက "မန်နေဂျာ တစ်ယောက်လို စဉ်းစား တွေးခေါ်ရမယ်ဆိုတာ ဘာကို ဆိုလိုတာလဲ" ဟုမေးခွန်းထုတ်သည်။ ဤမေးခွန်းကို အလေးပေးပြီး မည်သူကမျှ မဖြေကြပါ။ ဤသို့ မဖြေသည်မှာလည်း အကြောင်း ရှိသည်။ မကြာသေးမီက စီးပွားရေးလောကတွင် 'ခေါင်းဆောင်မှု' (leadership) အကြောင်း တအား ပြောလာကြသည်။ ဘယ်လောက်တောင် အလွန် ပြောလာကြသနည်းဆိုသော် စီမံခန့်ခွဲမှု (management) သည် နောက်တန်းသို့ ရောက်သွားသည်အထိ ဖြစ်သည်။ မည်သူကမျှ မန်နေဂျာကောင်း မဖြစ်လိုတော့ပေ။ မဟာ ခေါင်းဆောင်ကြီးတွေသာ ဖြစ်ချင်ကြသည်။ သို့သော် သူတို့သည် ခေါင်းဆောင်သူနှင့် စီမံခန့်ခွဲမှုတို့ကို တစ်ခြားစီ ခွဲထုတ်ခြင်း (seperation of management from leadership) သည် ဘယ်လောက် အန္တရာယ် ကြီးမားသည်ကို မသိကြပေ။

## စိတ် ငါးမျိုး

ခေါင်းဆောင်မှု မရှိသော စီမံခန့်ခွဲမှုသည် ထုံထုံထိုင်းထိုင်း စိတ်မပါတပါ စတိုင်ကို အားပေးသည့်နည်းတူ စီမံခန့်ခွဲမှု မပါသော ခေါင်းဆောင်မှုကလည်း ဘာနှင့်မှ အဆက်အစပ် မရှိဘဲ စဉ်းစားသော စတိုင်ကို မွေးထုတ်သည်။ ဤစတိုင်သည် မောက်မာမှု (hubris) ကို မြှင့်တင်ရာ ရောက်သည်။ ကိုယ့်ကိုယ်ကို အထင်ကြီး မောက်မာမှုဖြင့် စီမံခြင်းသည် ရှေးဟောင်း စီမံခန့်ခွဲမှု ပုံသဏ္ဌာန်ပင် ဖြစ်သည်။

ယခု လိုအပ်လာသည်မှာ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုကို တစ်ခြားစီ ခွဲထုတ်ရန် မဟုတ်ပါ။ သမုဟပြု ပေါင်းစပ်ရန် (synthesis) သာ ဖြစ်သည်။ ဤသို့ ပြောပြီးနောက် စီမံခန့်ခွဲမှု၏ လက္ခဏာရေး ငါးပါးကို ဖော်ပြကာ ဤလက္ခဏာ တစ်ပါးစီအလိုက် ရှိအပ်သည့် စိတ်ပုံသဏ္ဍာန် (Mind-sets) တို့ကို ရှင်းပြသည်။

၎င်းတို့ကို လိုရင်း တင်ပြရသည်ရှိသော် အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ၁။ မိမိ အတ္တကို စီမံခန့်ခွဲခြင်း<br>Managing Self | ရောင်ပြန်ဟပ် စဉ်းစား တွေးခေါ်တတ်သောစိတ်<br>Reflective Mind - set |
| ၂။ အဖွဲ့အစည်းတို့ကို စီမံခန့်ခွဲခြင်း<br>Managing Organization | စိစစ်ဝေဖန် သုံးသပ်တတ်သောစိတ်<br>Analytic Mind - set |
| ၃။ အဆက်အစပ်ကို စီမံခန့်ခွဲခြင်း<br>Managing Context | လောကကဏ္ဍအမြင်နှင့် တွေးခေါ်တတ်သောစိတ်<br>Worldly Mind - set |
| ၄။ ဆက်ဆံမှုတို့ကို စီမံခန့်ခွဲခြင်း<br>Managing Relationships | ပူးပေါင်း ဆောင်ရွက်တတ်သောစိတ်<br>Collaborative Mind - set |
| ၅။ အပြောင်းအလဲကို စီမံခန့်ခွဲခြင်း<br>Managing Change | လုပ်မယ် ကိုင်မယ်စိတ်<br>Action Mind - set |

မန်နေဂျာတွေ ဤ စိတ်သဏ္ဍာန်မျိုးတွေ ရှိမှ မန်နေဂျာကောင်း ဖြစ်မည်ဟု ဆိုသည်။

# ဟီးရိုးဆန် စီမံခန့်ခွဲမှုနှင့် ပါဝင်ပတ်သက် စီမံခန့်ခွဲမှု ဘာခြားသလဲ

## နည်းနှစ်နည်းသာ

ဟားဗတ် ဘီစနက် ရီဗျူး (HBR) တွင် ဂုရု (guru) တစ်ဦးက စီမံခန့်ခွဲမှု ဆိုသည်မှာ အခြေခံအားဖြင့် နှစ်မျိုးသာ ရှိကြောင်း ရေးသားသည်။ ပထမ စီမံခန့်ခွဲမှုနည်းက ဟီးရိုးဆန်သော စီမံခန့်ခွဲမှုနည်း(heroic management) ဖြစ်သည်။ ဒုတိယနည်းက ပါဝင်ပတ်သက်မှုရှိသော စီမံခန့်ခွဲမှုနည်း (engaging management) ဖြစ်သည်။

ဤစီမံခန့်ခွဲမှုနည်း နှစ်နည်းစလုံး၌ မန်နေဂျာတို့က အရေးကြီးသည်။ ဟီးရိုးဆန်သော စီမံခန့်ခွဲမှုတွင် မန်နေဂျာကို ပစ္စည်း ထုတ်လုပ် ဖော်ထုတ်သူနှင့် ဝန်ဆောင်မှု ပေးသူတို့နှင့် ခြားခြားနားနား ခွဲထုတ်သည်။ ဒုတိယ အမျိုးအစားဖြစ်သော ပါဝင် ပတ်သက်မှုရှိသော စီမံခန့်ခွဲမှုနည်းတွင်မူ မန်နေဂျာလုပ်သူသည် ပစ္စည်း ထုတ်လုပ် ဖော်ထုတ်သော သူတို့နှင့် ဝန်ဆောင်မှု ပေးသောသူတို့ကို ဘယ်လောက် အကူအညီ ပေးနိုင်သနည်း ဆိုသော အတိုင်းအတာပေါ်၌ သူ၏ အရေးကြီးမှု တည်ရှိသည်။

ဟီးရိုးဆန်သော စီမံခန့်ခွဲမှုတွင် အတ္တ (self) ကို အခြေစိုက်သည်။ ဒုတိယ စီမံခန့်ခွဲမှုနည်းကမူ ပူးပေါင်း လုပ်ဆောင်ခြင်း (collaboration) အပေါ် အခြေစိုက်သည်။ ပထမနည်း၌ မန်နေဂျာတစ်ယောက် ထိပ်တက်သွားလေ သူက ပို၍ အရေးကြီးလာလေ ဖြစ်သည်။ ရာထူး အဆင့်ကြီးလျှင် ပိုအရေးပါ အရာရောက်သည်ဟု ဆိုလိုရာ ရောက်သည်။ အထက်(up) ကို ပိုဂရုစိုက်သည်။ ဒုတိယ နည်း၌မူ အဖွဲ့အစည်း (organization) သည် အပြန်အလှန် တုံ့ပြန် ဆောင်ရွက်

နေကြသော ကွန်ရက်ဖြစ်သည်။ Interacting Network ဖြစ်သည်။ ဒေါင်လိုက် ဆင့်ကဲ အဆင့်ဆင့် တက်မှု (vertical hierarchy) မဟုတ်ပေ။ ဝင်ရောက်သော ခေါင်းဆောင်တို့သည် ကွန်ရက်တစ်ခုလုံး၌ အလုပ်လုပ်သည်။ ထိပ်၌ မထိုင်ပေ။

## အတွင်းလူ အပြင်လူ

ပထမ စီမံခန့်ခွဲမှုနည်း၌ အထပ်ထပ် ဆင့်ကဲစနစ် (hierarchy) မှတစ်ဆင့် မဟာဗျူဟာ ပေါက်ဖွားလာသည်။ အကြီးအကဲမှစ၍ သူက အုံ့ဖွယ် လှုပ်ရှားမှုတို့ကို ပြုလုပ်လိုက်သည်။ လူတိုင်း အကောင်အထည် ဖော်ရသည်။

ဒုတိယ စီမံခန့်ခွဲမှုနည်း၌ မဟာဗျူဟာတို့သည် ကွန်ရက်မှ ပေါက်ဖွားသည်။ အတူတူ လက်တွဲ ဆောင်ရွက်နေသူတို့က ပြဿနာ အသေးလေးတွေကို ဖြေရှင်းရင်း ကြီးသော လက်ဦးဆောင်ရွက်မှု (big initiative) ကို ပေါ်စေသည်။ ပထမ စီမံခန့်ခွဲမှုနည်း၌ လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှုသည် ပြဿနာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကြီးအကဲက အပြောင်းအလဲကို ပွေ့ပိုက်လာချိန်၌ အခြားသူတို့က ခုခံနေသောကြောင့် ဖြစ်သည်။ ထိုအကြောင်းကြောင့်လည်း အပြင်လူ (outsiders) တို့ကို အတွင်းလူ (insiders) တို့ထက် ပို၍ မျက်နှာသာ ပေးသည်။

ဒုတိယ စီမံခန့်ခွဲမှု နည်း၌လည်း လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်မှု (implementation) သည် ပြဿနာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အကောင်အထည်ဖော်မှုကို ချမှတ်မှု (formulation) နှင့် သီးခြား မခွဲထုတ်နိုင်သောကြောင့် ဖြစ်သည်။ ထို့ကြောင့်လည်း ထက်ထက်သန်သန်ရှိသော အတွင်းလူတို့သည် သော့ချက်ကျသော အပြောင်းအလဲတို့နှင့် အမီ လိုက်နေရန် လိုသည်။ ပထမ စီမံခန့်ခွဲမှုနည်းတွင် စီမံခန့်ခွဲမှု ဆိုသည်မှာ ဆုံးဖြတ်ချက်များ ချမှတ်ရခြင်းနှင့် လူသားရင်းမြစ် အပါအဝင် ရင်းမြစ် အင်အားတို့ကို ခွဲဝေ ချထားပေးရခြင်းတို့ကို ဆိုလိုသည်။ သို့အားဖြင့် စီမံခန့်ခွဲမှုသည် အစီရင်ခံစာတို့မှ ရရှိသော အချက်အလက်တို့ကို အခြေခံ၍ စိစစ် သုံးသပ်ခြင်းနှင့် အတွက်အချက် ပြုလုပ်ရခြင်းတို့ ဖြစ်သည်ဟု ဆိုသည်။

## အစုရှင်တန်ဖိုး လူသားတန်ဖိုး

ဒုတိယ စီမံခန့်ခွဲမှုနည်းတွင် စီမံခန့်ခွဲရန် အလို့ငှာ လူတို့တွင် သဘာဝအတိုင်း ရှိသော စွမ်းအင် စွမ်းပကားတို့ကို ဖော်ထုတ်ပစ်ရသည်။ သို့အားဖြင့် စီမံခန့်ခွဲမှု

ဆိုသည်မှာ အခြေအနေ အဆက်အစပ်တို့တွင် ဖစ်မြစ်တည်သော အကဲဖြတ်ချက်တို့အပေါ် အခြေခံ၍ ဇစ်ဆော် အားပေးခြင်း၊ ပါဝင် ဆောင်ရွက်စေခြင်းတို့ မည်သည့် အခြေအနေမှန်ပေါ် အားစိုက်ရမည်။ ပထမ စီမံခန့်ခွဲမှုနည်းတွင် (performance) လုပ်ဆောင်ချက်များ တိုးတက် ကောင်းမွန်သဖြင့် ရရှိသော ဆုလာဘ်တို့သည် ခေါင်းဆောင်တို့ထံ ရောက်သွားသည်။ ပဓာနကျသည့် အချက်မှာ အစုရှင်တန်ဖိုး (shareholder value) ကို တိုင်းထွာရန် ဖြစ်သည်။

ဒုတိယ စီမံခန့်ခွဲမှုနည်း၌ အဖွဲ့အစည်းကို ပို၍ ကောင်းမွန်သော နေရာဖြစ်အောင် ဆောင်ရွက်နိုင်ကြသဖြင့် ဆုလာဘ်တွေ ပေါ်သည်။ ဤ ဆုလာဘ်တို့သည် လူတိုင်းထံ ရောက်ရှိသည်။ လူသားတန်ဖိုး(human value)သည် များစွာရှိ၍ တိုင်းထွာလို့ မရနိုင်စေကာမူ အရေးပါ အရာရောက်သည်။ ပထမ စီမံခန့်ခွဲမှုနည်း၌ ခေါင်းဆောင်မှုသည် အခြားသူတို့အပေါ် မိမိတို့ အလိုကျ စိတ်ဓာတ် သွင်းထိုးပေးနိုင်သော သူတို့အပေါ် မောင်းအား တင်သွင်းထိုးပေးခြင်း ဖြစ်သည်။ Thrust upon နည်း ဖြစ်သည်။

ဒုတိယ စီမံခန့်ခွဲမှု နည်း၌မူ ခေါင်းဆောင်မှုသည် အမြတ်တနိုး ထားရှိသော ယုံကြည်စိတ်ချမှု (saved trust) ကို အခြေခံသည်။ ဤ ယုံကြည်စိတ်ချမှုကိုလည်း အခြားသူတို့အား လေးစားသမှု ပြုခြင်းမှ တစ်ဆင့် ရရှိစေရသည်။ ဖော်ပြပါ စီမံခန့်ခွဲမှု နှစ်နည်းစလုံးတွင် ခေါင်းဆောင်နှင့် မန်နေဂျာတို့သည် အရေးပါ အရာရောက်သည်။ သို့ဖြင့် မန်နေဂျာနှင့် ခေါင်းဆောင် ဘာ ခြားနားသနည်း၊ မန်နေဂျာ တစ်ယောက် ခေါင်းဆောင် ဖြစ်လာရန် ဘာတွေ လုပ်ရမလဲ စသည်ဖြင့် ဆွေးနွေးကြသည်။

## ကပြားဖြစ်ဖြစ်

မည်သို့ပင် ဆိုစေကာမူ ခေါင်းဆောင် ဖြစ်ဖြစ်၊ မန်နေဂျာ ဖြစ်ဖြစ် မိမိ၏ ပုံပန်းသဏ္ဌာန်နှင့် စိတ်အထာ (mind - sets) တို့သည် မိမိ မည်သည့် စီမံခန့်ခွဲမှု နည်းလမ်းထဲ ရောက်ရှိနေသနည်း ဆိုသော အချက်အပေါ်တွင် မူတည်ပါလိမ့်မည်။ ဟီးရိုးဆန်သော စီမံခန့်ခွဲမှု နည်းလမ်းထဲ မိမိရောက်ရှိနေလျှင် မိမိ၏ ဥပဓိနှင့် စိတ်အထာ (personality and mind-set) တို့သည် လူနှင့်အညီ ဖြစ်နေမည်။ ပါဝင်ပတ်သက်မှုရှိသော စီမံခန့်ခွဲမှု နည်းလမ်းထဲ မိမိ ရောက်ရှိနေလျှင်လည်း လူခွင်နှင့်အညီ မိမိ ရှိနေမည် ဖြစ်သည်။

အကယ်၍ မိမိက ဒုတိယ စီမံခန့်ခွဲမှုနည်းကို လိုလားသည်။ သို့သော်

ပထမနည်းဖြစ်သော ဟီးရိုးဆန်သော စီမံခန့်ခွဲမှုနည်းထဲ ရောက်နေရသည်ဟု ဆိုလျှင် တင်းမာမှု ပေါ်မည်။ စိတ် ဆင်းရဲမည်။ သို့သော် ယခုအခါ စီမံခန့်ခွဲမှု နည်းပညာ ဂုရု (guru)တို့က စိန်ခေါ်မှုကို အခွင့်အလမ်းအဖြစ် ပုံပြောင်းရန် တိုက်တွန်းနေကြသောအခါ ပထမ စီမံခန့်ခွဲမှုနည်းမှ ဒုတိယ စီမံခန့်ခွဲမှုနည်းသို့ ကူးပြောင်းခြင်း၊ သို့တည်းမဟုတ် ပထမနည်းနှင့် ဒုတိယနည်းတို့ကို ဟိုစပ်ဒီစပ်ပြု၍ ကပြားလုပ်ခြင်းတို့ကို မိမိ တတ်စွမ်းသရွေ့ ကြံဆသင့်သည် ဟူ၍သာ ပြောရမည်။

Ref : Havard Business Review

# အာရုံပျက်ရောဂါ - မိုဒမ်လွန်မတ်ကက်တင်း ဘီစနက်ဂေဟာစနစ်

ဖောင်စီးရင်း ရေအဝင်ခံ

တိုလီမိုလီလည်း မဟုတ်၊ တောက်တိုမယ်ရလည်း မမည်၊ လောလောဆယ် လူတို့၏ အတွေးအခေါ်တို့ကို ခါလှုပ်ပစ်သော အိုင်ဒီယာအချို့ကို ကျဉ်းရုံးစုပေါင်း ဖော်ပြခြင်းဖြစ်၍ အားပြင်း ဆေးတောင့်ဟု ယူဆနိုင်သည်။ အကျိုးသက်ရောက်ချက်ပြင်းသည်ဖြစ်၍ အရှည်တွေ ရေးပြနေလျှင် ဆေးတန်ခိုးပင် ပြယ်သွားနိုင်သည်၊ သို့မဟုတ် နားရှုပ်သွားနိုင်သည်။ ယခု ပြောလေ့ပြောထရှိသော 'အမှုဆောင် အကျဉ်းချုပ်' (Executive Summaries) များလို့ ပြောလို့ရဖွယ် ရှိသည်။

လူတိုင်းက ယခုခေတ်သည် အင်ဖော်မေးရှင်း သတင်း အချက်အလက်ခေတ်ဖြစ်၍ အင်ဖော်မေးရှင်းတွေ အလျှံပယ် ဖြစ်နေသည်ဟု တွေးကြသည်။ အင်ဖော်မေးရှင်း ပေါက်ကွဲမှုကြီးများ ဖြစ်နေသည်ဟု ဆိုကြသည်အထိ ပြောသည်။ ဤ အမြင်တို့ မှန်ပါသည်။ တကယ်လည်း အင်ဖော်မေးရှင်းတွေ အလျှံပယ် ဖြစ်နေသည်။ အင်တာနက်တို့၊ အီးမေးလ်တို့ ပေါ်လာသောအခါ ပို၍ပင် အင်ဖော်မေးရှင်းတွေ ဘုံးပေါလအော ဖြစ်လာတော့သည်။ အင်ဖော်မေးရှင်းတွေ ပေါမှပေါ၊ များမှများ။ ဤအချက်ကို မှတ်ည်၍ သာမန် ရိုးရိုးစင်းစင်း ဆန့်၍ စဉ်းစားကြည့်လျှင် လူတို့သည် အင်ဖော်မေးရှင်း အပုံကြီးထဲ၌ နေနေရပြီး လူတိုင်းသည် အင်ဖော်မေးရှင်းတို့နှင့် ထိတွေ့လာရ၍ လူတို့ သတင်းစုံ၊ အင်ဖော်မေးရှင်း အစုံ သိနေကြပြီ။ Informed People ဖြစ်နေပြီဟု ယူဆနိုင်သည်။ သို့သော် လူတို့သည် အင်ဖော်မေးရှင်းတွေ အုံ့မခန်း ပေါများလာသောအခါ ဘယ်ဟာ မှန်မှန်း၊ ဘယ်ဟာ မှားမှန်း မသိဘဲ ရှုပ်ထွေးလာကြသည်။ များလွန်းတော့ ရှုပ်ထွေး၊ ရှုပ်ထွေးတော့

ခေါင်းရှုပ်မခံဘဲ အင်ဖော်မေးရှင်းတို့ကို လျစ်လျူရှုထားလိုက်ကြသည်။ သို့ဖြင့် ဖောင်စီးရှင်း ရေငတ် ဆိုသလို အင်ဖော်မေးရှင်း ပင်လယ်ထဲနေရင်း အင်ဖော်မေးရှင်း ငတ်နေရသည်။ ဤသို့ ငတ်ရသည်မှာလည်း လူတွေက အင်ဖော်မေးရှင်းတို့အပေါ် အာရုံ မထားနိုင်ကြသောကြောင့် ဖြစ်သည်။ ယင်းကို အာရုံ လိုချက်၊ ဟာချက် ဟုခေါ်သည်။ ဤအာရုံ လိုချက်၊ ဟာချက်သည် စိတ် ကစဥ့်ကလျား ရောဂါ ဖြစ်သည်ဟု လူမှု စိတ်ပညာရှင်တို့က အမည်ပေးသည်။ Atentia Deficit Disoder ဟုခေါ်၍ အတိုကောက် ADDဟု ဆိုသည်။ လိုရင်းမှာ အင်ဖော်မေးရှင်းခေတ်တွင် အင်ဖော်မေးရှင်းတို့အပေါ် အာရုံမထားနိုင်သော စိတ်ရောဂါ လူတွေကြားထဲ ဖြစ်ပွားနေသည်ဟု ပြောခြင်းဖြစ်သည်။ မတ်ကက် သမားတွေ အဲဒီရောဂါကို ကုရန် နည်းလမ်းတွေ အပြင်းအထန် ရှာဖွေနေကြသည်။

## မိုဒန်လွန် မတ်ကက်တင်း

ဈေးဝယ်ထွက်ခြင်း (shopping) ရှော့ပင်းသည် ယဥ်ကျေးမှုတစ်မျိုး ဖြစ်သည်။ အမေရိကား၌မူ ရှော့ပင်းသည် ဗဟိုကျသော ယဥ်ကျေးမှုအလုပ်ပင် ဖြစ်နေသည်။ ရှော့ပင်ကို ဘိန်းစွဲသလို စွဲနေသည်။ အိမ်ထောင်ရှင်မတို့ ဆိုလျှင် ရှော့ပင်း မထွက်ရလျှင် မနေနိုင်ပေ။ ယောကျ်ားတိုင်းလည်း သူနှင့် တန်ရာတန်ရာ ရှော့ပင်းတွေ ထွက်ကြသည်။ ဈေးတွေ၊ ကုန်တိုက်တွေ၊ စတိုးဆိုင်ကြီးတွေသည် ရှော့ပင်းအပေါ် မှီခိုနေရသည်မှာ လူတိုင်းအသိပင် ဖြစ်သည်။ ရှော့ပင်း တိမ်ကောလျှင် သူတို့ ထိခိုက်သည်။

ညစာထမင်းစားပွဲတို့တွင် စကားလက်ဆုံကျသော အခါ၌ ဟိုဟာပြော၊ ဒီဟာပြော ပြောကြသည်။ အဓိကကတော့ နိုင်ငံရေး၊ အနုပညာ၊ ဘာသာရေး အကြောင်းတွေ ပြောခဲ့ကြသည်။ အခုနောက်ပိုင်း ဒင်နာ၌ စကားစမြည် ပြောကြလျှင် ရှော့ပင်အကြောင်း အပြောများလာသည်။ ရှော့ပင် ခရေဇီ ဖြစ်နေသည်။ ထိုအခြေအနေတွင် "မိုဒန်လွန် မတ်ကက်တင်း" (Post Modern Marketing) ဆိုပြီး ပေါ်လာတော့သည်။

ဤသည်မှာ အင်တာနက် အွန်လိုင်းတို့မှတစ်ဆင့် ဈေးဝယ်ခြင်း ဖြစ်သည်။ အင်တာနက် အွန်လိုင်းမှ တစ်ဆင့်သာ ဈေးဝယ်ကြလျှင် ရှော့ပင်း ပျောက်သွားတော့မည်။ ရှော့ပင်းပေါ်ကို စွဲလန်း အရသာ တွေ့နေသော စားသုံးသူတို့အတွက် အံကိုက် မဖြစ်တော့ပေ။ ရှော့ပင်းသည် တကယ် ပျော်စရာကောင်းသည်။ အွန်လိုင်းမှဝယ်လျှင် ဤလို ပျော်ရွှင်စရာ မရှိဟု တွေးထင်နေကြသည်။ အွန်လိုင်းသည်

ရှော့ပင်း ဓလေ့စရိုက် (shopping ethos) ကို အားလျော့သွားနိုင်စေကာမူ ရှော့ပင်း ဂိမ်းမှ လူတွေက ရှောင်ကြဉ်နိုင်ကြမည် မဟုတ်ဟု ကျမ်းပြုဆရာ တစ်ဦးက ဝေဖန်ထောက်ပြသည်။ ရှော့ပင်း ယဉ်ကျေးမှုနှင့် အွန်လိုင်းဈေးဝယ်ခြင်း ယဉ်ကျေးမှု အသစ်တို့ တိုက်ပွဲ ဖြစ်လာပြီ။

## ဗျူဟာ ၃၆ ရပ်

ယခုခေတ်သည် အပြိုင်အဆိုင်ခေတ် ဖြစ်သည်။ ရှေ့တွင်ပို၍ အပြိုင်အဆိုင် ပြင်းထန်လာဦးမည်။ ကုမ္ပဏီ အချင်းချင်း ပြိုင်ဆိုင်မှုသည် အခွင့်သာမှုကို အရယူသော တိုက်ပွဲ ဖြစ်လေရာ ဤအတွက်ပင် သီးခြား ပညာတစ်ရပ် ပေါ်လာသည်။ The Art of the Advantage ဟု ခေါ်သည်။

ဤပညာ၏ အခြေခံ ယူဆချက်က ကုမ္ပဏီချင်း ပြိုင်ဆိုင်မှုသည် မဟာဗျူဟာ (strategy) အပေါ် ဗဟိုပြုခြင်း မရှိတော့။ နည်းဗျူဟာ (tactical) တွေသာ ဖြစ်လာသည်ဟု ပြောသည်။ ဤစာအုပ်ကို ရေးသားသူ ပညာရှင်က ရှေးဟောင်း တရုတ် စစ်မဟာဗျူဟာ ပညာရှင် ဆွန်ဇူး၏ စစ်၏အတတ်ပညာ (The Art of War) ကျမ်းကို အမိက မှီငြမ်းသည်။ တရုတ် ရှေးဟောင်းစစ်ကျမ်းတွင် ဗျူဟာပေါင်း ၃၆ ရပ်ကို ရှင်းလင်းထားလေရာ ၄င်းတို့ကို ခေတ်သစ် ကုမ္ပဏီချင်း တိုက်ပွဲတို့၌ အဘယ်မျှ အသုံးချလို့ ရသနည်းဟု နှိုင်းယှဉ် လေ့လာကြည့်သည်။

စင်စစ် ဤဗျူဟာ ၃၆ မျိုးအနက် အချို့သည် လူအများအပြား သိနေကြပြီး ဖြစ်သည်။ ဥပမာ အခိုင်အမာ တပ်စွဲထားသော ရန်သူအား ဘယ်လိုလှည့်စား၍ လှည့်ကွက် သုံးရမည်ဆိုသော ဗျူဟာမျိုး ဖြစ်သည်။ လူတွေ မသိသေးသော ဗျူဟာမျိုးလည်း ပါဝင်သည်။ ဥပမာ ခေါင်းမာနေသော ရန်သူကို စိတ်ဓာတ် ကျဆင်းအောင် မည်သို့ ပြုလုပ်ရမလဲဆိုသော ဗျူဟာမျိုး ဖြစ်သည်။ အထူးသဖြင့် ခပ်ကြမ်းကြမ်း သနားကြင်နာမှု (aggerssive kindness) ဖြင့် ရန်သူ စိတ်ဓာတ် ကျအောင် ပြုရေးကို အထူးရှင်းပြသည်။

တရုတ် ပဒေသရာဇ် စစ်ဘုရင်ချင်း တိုက်ပုံခိုက်ပုံတို့ကို ယခုခေတ်၌ ကော်ပိုရေးရှင်းချင်း တိုက်ပုံခိုက်ပုံတို့နှင့် နှိုင်းယှဉ်ပြသည်။ ကျမ်းပြုဆရာက အနောက်တိုင်း ကုမ္ပဏီတို့သည် နေရာဒေသ ပုံသေစနစ်ဖွဲ့ မဟာဗျူဟာ (static, systematic strategy) ကိုသာ ကျင့်သုံးနေသောကြောင့် လှည့်ကွက်တွေ၊ ပရိယာယ် တွေ ကစားရမည်ဆိုသော ဗျူဟာတို့ကို မမြင်နိုင်ဘဲ ရှိနေကြသည်ဟု ထောက်ပြသည်။

စီးပွားရေးပိုင်း အောင်မြင်စေရာ နည်းလမ်းတို့ကို ကိရိယာ တန်ဆာပလာစုံ အိတ် (tools kit) ဟုခေါ်သည်။ ကျမ်းပြုဆရာက ယှဉ်ပြိုင်မှု၌ အသာစီးရစေနိုင်သော ဗျူဟာ ၃၆ ပါးဖြင့် သူ၏ ကိရိယာ တန်ဆာပလာအိတ်ကို ပြသည်။

## ကွန်ရက်နှင့် ဂေဟာစံနစ်

စီးပွားရေး မဟာဗျူဟာကို ဂေဟာစနစ်ပြစနစ် (Ecosystem) နှင့် တစ်သဘောတည်း စဉ်းစားသင့်သည်ဟု ကျောင်းဆရာ တစ်ဦးက ဆိုသည်။ ဇီဝဗေဒ ဂေဟာစနစ်တွင် သတ္တဝါ၊ သစ်ပင်နှင့် အခြားသဘာဝ အခြေအနေ အားလုံးကို ဆက်စပ်စဉ်းစားရသည့် နည်းတူ ဘီစနက်တွင်လည်း မိမိနှင့် ဆက်စပ်ရသမျှသော ကွန်ရက်တို့နှင့် သဟဇာတ ဖြစ်အောင် စဉ်းစားရန် လိုသည်။

အမေရိကန် ကော်ပိုရေးရှင်း လောကတွင် မိုက်ကရိုဆော့ဖ်နှင့် ဝေါလ်မတ်တို့သည် အထူး အောင်မြင်သည်။ ဤကော်ပိုရေးရှင်းကြီးတို့ အောင်မြင်ရသည့် အကြောင်းရင်းတို့ကို အမျိုးစုံ ပြောကြသည်။ ကုမ္ပဏီကို စတင်ထူထောင်သူတို့၏ စိတ်ကူးအိပ်မက် ကောင်းခြင်းနှင့် အားကြီးမာန်တက် တွန်းအားကောင်းခြင်းတို့ကို ထောက်ပြသည့်နည်းတူ တက်တက်ကြွကြွ ခပ်ရမ်းရမ်း ယှဉ်ပြိုင်သော ကျင့်စဉ် (aggresive competitive practices) တို့ကိုလည်း လက်ညှိုး ထိုးပြကြသည်။

ယခု ကျမ်းပြုဆရာက ဤအချက်တို့ထက် ကုမ္ပဏီ၏ ဂေဟာစနစ်အကြောင်းကို ပိုပြီးအလေးပြု သုံးသပ်ပြသည်။ ယခင်ကုမ္ပဏီတို့သည် ကွန်ရက်တို့ဖြင့် အလုပ် လုပ်ကြရသည်။ ကွန်ရက်တို့ ဆိုသည်မှာ ဆပ္ပလိုင်ရာ၊ ဖြန့်ချိရေးသမား၊ ပြင်ပရင်းမြစ်ရှာသူ (Out Sourcer)၊ သက်ဆိုင်ရာ ကုန်စည်နှင့် ဝန်ဆောင်မှုတို့ကို ဖန်တီး ထုတ်လုပ်သူ၊ ဆီလျော်ရာ တက္ကနိုလိုဂျီတို့ကို ထောက်ပံ့သူနှင့် ကုမ္ပဏီ၏ ကမ်းလှမ်းမှုတို့ကို ဖန်တီး သယ်ပို့ပေးမှုတို့ကြောင့် မိမိအပေါ် အကျိုးသက်ရောက်နိုင်သော အဖွဲ့အစည်း သို့တည်းမဟုတ် သူတို့အပေါ် အကျိုးသက်ရောက်နိုင်သော အဖွဲ့အစည်းတို့ကို ဆိုလိုသည်။ ဤ ကွန်ရက်ကိုပင်လျှင် ကုမ္ပဏီတစ်ခု၏ ဂေဟာစနစ် ဖြစ်တော့သည်။ ဤဂေဟာစနစ်သည် ယနေ့ ကုမ္ပဏီတို့၏ ဗဟိုအချက်အခြာကျသော နေရာတွင် ရယူထားသော်လည်း များစွာသော ပုဂ္ဂလိကတို့က သည်အကြောင်းကို ညံ့ဖျင်းစွာ နားလည်ကြသည်။ သို့မဟုတ် ညံ့ဖျင်းစွာ စီမံခန့်ခွဲကြသည်။

ကုမ္ပဏီနှင့် မိမိ၏ ဂေဟာစနစ်တို့ အပြန်အလှန် မှီတည်နေသည်ကို နားလည်သင့်ပြီး နှစ်ခုစလုံး၏ ကျန်းမာရေးနှင့် တည်ငြိမ်မှုတို့သည် အပြန်အလှန်

သက်ရောက်နေကြပြီ။ သဘာဝ ဂေဟာစနစ်တွင် သတ္တဝါတို့၏ အခန်းကဏ္ဍ (role)သည် အရေးကြီးသလို ယခု ကုမ္ပဏီတို့၏ ဂေဟာစနစ်တွင် ကုမ္ပဏီသည် သတ္တဝါတစ်ကောင် အနေဖြင့် မိမိ၏ အခန်းကဏ္ဍကို မှန်ကန်စွာ အကဲဖြတ်နိုင်ရမည်။ မိမိသည် အခွင့်အလမ်းကောင်း ရထားသူ(midle player)လား၊ အဓိက ကျသောသူ(keystone)လား၊ စိုးမိုးထားသူ(dominator)လား စသည်ဖြင့် အကဲဖြတ်ရမည်။ ဂေဟာစနစ်ကို နားလည်၍ ထိုအထဲ ကုမ္ပဏီ၏ အခန်းကဏ္ဍကို နေရာချထားရမည်။

Ref : Harvard Business Review

# မီးရဲနေသောပလက်ဖောင်းနှင့် ဖားသုံးကောင်အကြောင်း

## ခေါင်းဆောင်မှု

စီးပွားရေးအကြောင်း ပြောလျှင် ဥပမာ ဥပမေယျတို့နှင့် ပြောလျှင် ပို၍ စိတ်ဝင်စားဖို့ ကောင်းသည်။ ဝတ္ထုပါ ထည့်ပြောလျှင် ပိုလို့ အဆင်ပြေသွားသည်။ ပိုလို့နားဝင်သည်။ ဘိစနက်လုပ်လျှင် ခေါင်းဆောင်မှု အရည်အချင်း ရှိရမည်မှာ သေချာသည်။ သို့ဖြင့် ခေါင်းဆောင်မှု အရည်အချင်း အကြောင်းကို စီမံခန့်ခွဲမှု ပညာရှင်တို့က တစ်ခမ်းတစ်နားလုပ် ပြောလာကြသည်။ သီးသန့် ဘာသာရပ် သက်သက်လည်း ဖြစ်လာသည်။

ပြူးတူးပြဲတဲ စကား အသုံးအနှုန်းကို ကြည့်မည်ဆိုလျှင်လည်း 'ခေါင်းဆောင်မှုဟာ တယ်ပြီး မလွယ်ပါလား' ဟု ထင်မှတ်နိုင်သည်။ ခုကြည့်လေ၊ ခေါင်းဆောင်မှု အရည်အချင်း ပြည့်ဝရန် "မီးရဲနေသော ပလက်ဖေါင်း" (burning platform) လိုအပ်သည်ဟု ပညာရှင် တစ်ဦးက ရေးသားလိုက်သည်။

ဘိစနက် ခေါင်းဆောင်တို့ မိမိ ရပ်တည်ရန် ပလက်ဖေါင်း လိုသည်ကားအမှန်ပင်ဖြစ်သည်။ ပလက်ဖေါင်း မရှိဘဲ ခေါင်းဆောင် မဖြစ်နိုင်ပေ။ သို့သော်ယခုကြည့်ရတာ ပလက်ဖေါင်း ရှိရုံဖြင့် လုံလောက်ပုံ မရပြန်ပေ။ ပလက်ဖေါင်းကမီးလောင်နေရဦးမည်၊ မီးရဲနေရဦးမည်။ အပေါ်ယံကြည့်ပြီး ဒီလောက်တောင်မီးရဲနေသော ပလက်ဖေါင်းပေါ်မှာ ဘယ်လိုလုပ် မတ်တပ်ရပ်လို့ ရမှာလဲဟုမေးနိုင်သည်။

ဟားဗတ် ဘိစနက် ရီဗျူး (HBR)၏ အယ်ဒီတာက "အဲဒါပြောတာပေါ့၊ ပလက်ဖေါင်း မီးလောင်နေရမယ်" လို့ဟု အစချီသည်။ မီးရဲနေသော ပလက်ဖေါင်း

ပေါ် ရပ်လို့ မရလျှင် ပလက်ဖေါင်း အသစ် လဲပစ်ရုံ ဖြစ်သည်။ ပလက်ဖေါင်း ပြောင်းရမည်။ ထို့ကြောင့် ခေါင်းဆောင်မှုသည် အပြောင်းအလဲကို စီမံခန့်ခွဲခြင်း (managing change) မည်၏ဟု ထောက်ပြသည်။

## ဒုက္ခတွေ့မှ ပြင်မလား

ဆက်စပ်၍ နောက်ထပ် မေးခွန်းတစ်ပုဒ်ကို မေးလို့ ရသေးသည်။ "အပြောင်းအလဲကို စီမံခန့်ခွဲတတ်တာဟာ ခေါင်းဆောင်မှုအလုပ် ဆိုတာတော့ ဟုတ်ပါပြီ၊ ပလက်ဖေါင်းကို မီးမလောင်ဘဲ အပြောင်းအလဲ လုပ်လို့ မရဘူးလား" ဟု မေးနိုင်သည်။ အိပ်(ချ်)ဘီအာ အယ်ဒီတာက ကျမ်းပြုပညာရှင်၏ တင်ပြချက်ကို ကိုးကားသည်။ ကျမ်းပြု ပညာရှင်က လူတို့သည် ပြောင်းလဲရန်ဟုဆိုလျှင် အကြောက်အကန် ငြင်းဆန်တတ်သည်။ အပြောင်းအလဲ လုပ်ရန် အလွန်ကြောက်သည်။ သို့မဟုတ်လည်း ရှိရင်း အခြေအနေနှင့် ရောင့်ရဲပြီး အပြောင်းအလဲ လုပ်ရန် စိတ်မဝင်စားဘဲ နေတတ်သည်။

အဲဒီလို ခံစားမိနေချိန်တွင် ပလက်ဖေါင်း မီးစွဲသည်။ (အရောင်းအဝယ် ရုတ်ခြည်း ထိုးကျသွားသည်။ ကြွေးရှင်တွေ အကြွေး ထူလာသည်။ အလုပ်သမားတွေ ဆူညံလာသည်။) ဒီလို မီးစွဲတာတောင် တော်တော်နှင့် မလှုပ်ချင်ကြပေ။ လှုပ်ရမှန်းလည်း မသိ။ ဘေးဒုက္ခပါလားလို့လည်း မခံစားမိသေးပေ။ ခြေသလုံး မီးဟပ်မှ အမယ်လေး အော်သည်။ ထိုအခါကျမှ ဟိုဟာ လုပ်ပါဦး၊ ဒီဟာ လုပ်ပါဦး ဆိုပြီး ပျာပျာသလဲ ဖြစ်တော့သည်။

ကျမ်းရှင်၏ လိုရင်း ကောက်ချက်မှာ ဘိစနက်မင်းတို့သည် ပလက်ဖေါင်း မီးစွဲရုံနှင့် မလှုပ်။ ကိုယ့်ခြေသလုံး မီးစွဲမှ အပြောင်းအလဲ လုပ်ရမှန်း သိတတ်ကြသည် ဟူသတည်း။ ထိုအချက်ကို အခြေခံ၍ ကျမ်းပြုဆရာက "အပြောင်းအလဲ စီမံခန့်ခွဲမှု ပြုလုပ်ရန် ကနဦးအနေဖြင့် ပလက်ဖေါင်း မီးရဲရဲ စွဲဖို့လိုသည်" ဟု ပြောခြင်း ဖြစ်သည်။ သူ့ ပြောစကားက သဘောတရား ဖြစ်သွားသည်။ ခေါင်းဆောင်မှု အရည်အချင်း ဖော်ထုတ်ရန် ပလက်ဖေါင်း မီးလောင်ဖို့ လိုသည်ဟု ဆိုသတတ်။ တစ်နည်းပြောလျှင် စီးပွားရေး ဒုက္ခရောက်မှ ခေါင်းဆောင်မှု အရည်အချင်း ပေါ်သည်။ စီးပွားရေး ကောင်းနေချိန်၌ ခေါင်းဆောင်မှု အရည်အချင်း မြုပ်နေတတ်သည်။

## ဖားသား စားလို့ကောင်း

ဒဏ္ဍာရီတို့တွင် ဖားပုံပြင်တွေ တစ်ပြုံကြီး ရှိသည်။ ဘီစနက် ကျမ်းပြုဆရာက အထက်တွင် မီးလောင်နေသော ပလက်ဖောင်းအကြောင်း ပြောရင်း ဒန်အိုးထဲမှ ရေထဲ ရောက်နေသော ဖားတစ်ကောင် အကြောင်းကို ပြောပြသည်။ ဒန်အိုး တစ်အိုးထဲတွင် အေးမြသောရေ အပြည့် ရှိသည်။ ပထမ ဖားတစ်ကောင်ကို ဤရေထဲ ထည့်လိုက်သည်။ ရေအေးသဖြင့် ဖား အလွန် ဖိမ်တွေ့သည်။

ထိုစဉ် မီးဖိုကို မီးမွှေးလိုက်သည်။ မီးက မပြင်းမီ ကျဲကျဲလေးနှင့် တည်သည်။ တဖြည်းဖြည်း မီးပူလာရာ အိုးထဲကရေလည်း ပူလာသည်။ သို့သော် ရေက နွေးရုံလောက်လေး ဖြစ်သည်။ ထိုရေသည် ဖားတစ်ကောင်အဖို့ အန္တရာယ် မရှိဟု ထင်ရသည်။ ရေပွက်လာသောအခါ အခြားဖားနှစ်ကောင်ကို ရေနွေးထဲ ပစ်ထည့်လိုက်သည်။ သို့သော် ဤဖားနှစ်ကောင်သည် ရေနွေးပူထဲ ကျသည်နှင့် လန့်ဖျပ်ပြီး ခုန်ထွက်လိုက်သည်။ အသက်ဘေးမှ ချမ်းသာရသည်။ ပထမ ဖားလည်း ရေသိပ်ပူလာသောအခါ ဒန်အိုးမှ ရုန်းထွက်လိုက်သည်။

ပုံပြင်သည် ဇီဝဗေဒ တရားအရ မဖြစ်နိုင်ပေ။ ဖားတို့သည် ရေအပူဒဏ် ကို မခံနိုင်ကြ။ ထို့ကြောင့် မူလ ပထမဖားလည်း မီးအေးအေးနှင့် အနုပ် ခံရသဖြင့် သေသွားမည်။ သူ့အသား နူးနေမည်။ စားလို့ ကောင်းမည်။ ရေနွေးပူမှ ပစ်ထည့် ခံရသော ဖားနှစ်ကောင်လည်း သေမည်။ အသားကမူ တစ်မျိုး အရသာရှိမည်။

ဇီဝဗေဒအရ မဖြစ်နိုင်စေကာမူ ဤပုံပြင်သည် မှန်လျက်ပင် ရှိသည်။ စီးပွားရေး ကံကောင်းနေသည့်အခါ သင် ဘာလုပ်မလဲ။ ရေက သာယာအေးမြ နေစဉ် အပြောင်းအလဲအတွက် ပြင်ဆင်ရန် စွမ်းအင်ကို ဘယ်လို စုဆောင်းထား မလဲ။ အဖြေက ရှင်းသည်။ စီးပွားရေး ကောင်းနေစဉ်၌ပင် အပြောင်းအလဲအတွက် ကြိုတင် ပြင်ဆင်ထားရန် ဖြစ်သည်။ စီးပွားရေး ကောင်းမွန်တုန်း ဘာမျှ ပြုပြင် ပြောင်းလဲစရာ မရှိ။ နပ်နေရုံ မဟုတ်လားဟု ထင်ကြမည်။

## စီအီးအိုတွေ ပြောသမျှ

အိပ်(ချ်)ဘီအာ(ရ်) အယ်ဒီတာက လက်တွေ့ ကွင်းဆင်း လေ့လာချက်တို့ကို ရှာ ဖွေထောက်ပြသည်။ ထိုလေ့လာချက်တို့မှ သင်ခန်းစာ နှစ်ရပ်ကို ထုတ်သည်။ ပထမ သင်ခန်းစာမှာ အိုင်ဘီအမ်မှ သင်ခန်းစာ ဖြစ်သည်။ ဤသင်ခန်းစာ၌ ပြောင်းလဲရန် လိုအပ်ပုံကို အကျပ်အတည်း (crisis) ကိုညွှန်ပြ၍ ဖော်ပြခြင်း

မပြု။ အကျပ်အတည်းတွေ့လို့ ပြုပြင် ပြောင်းလဲတာမျိုး မဖြစ်စေရပေ။ အယ်ဒီတာ၊ မီးရထားစက်ခေါင်း မီးထိုးသမားသည် မီးထိုးရန် လောင်စာကို ကြိုစုထားသည်။ အဆင်သင့် ပြင်ထားသည်။ လောင်စာဆိုသည်မှာ ရည်မှန်းချက်ကို ဆိုလိုသည်။ ရည်မှန်းချက်တို့ကို လောင်စာမီးကဲ့သို့ မြင်ကာ မီးထိုးရန် ပြင်ရမည်။

ဒုတိယ သင်ခန်းစာသည် ပြောင်းလဲရေးကို စီမံခန့်ခွဲရာ၌ ကြိမ်းမောင်း ရိုက်မောင်း၊ ပုတ်မောင်းနည်းတို့ကို မသုံးဘဲ လုပ်သားတို့က သက်သောင့်သက်သာ ချောင်ချောင်ချိချိ လိုက်နာ ဆောင်ရွက်နိုင်သော နည်းတို့ကို အသုံးပြု၍ အပြောင်း အလဲကို အကောင်အထည် ဖော်ရသည်။

ပလက်ဖေါင်း မီးရဲရန် လိုသော်လည်း အပြောင်းအလဲကို တကယ် အကောင်အထည် ဖော်သည့်အခါ ပျော့ပျော့ပျောင်းပျောင်းနှင့် ချောင်ချောင်ချိချိ ရှိရမည်။ လူတို့သည် 'ခင်ဗျား မျှော်လင့်သလို မလုပ်၊ ခင်ဗျား စစ်ဆေးသလို လုပ်ကြသည်' ဆိုသော ဆိုရိုးကို ကိုးကားသည်။ သည် ဆိုရိုးစကားတို့ကလည်း ထိပ်တန်း စီအီးအိုတို့၏ ပြောစကားတွေ များသည်။

Ref : Harvard Business Review

# ပီခုနှစ်လုံး ဖလားနှင့်ပြွန် အစိုးရကဏ္ဍသစ်

ပီဆဲဗင်း

ကမ္ဘာ အတွက်သာ အရေးကြီးသည် မဟုတ်။ အာရှ အတွက်လည်း အရေးကြီးသော ပြဿနာတစ်ရပ် ရှိပါသည်။ ယင်းမှာ အိန္ဒိယ စီးပွားရေးသည် တရုတ် စီးပွားရေးကို အမီ လိုက်နိုင်မည်လော၊ ယှဉ်ပြိုင်နိုင်မည်လော ဟူသော ပြဿနာ ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ အိန္ဒိယ ပြည်နယ်တိုင်းလိုလိုက နိုင်ငံခြား မီဒီယာကြီးတို့တွင် အကြီးအကျယ် ကြော်ငြာလာကြသည်မှာ စိတ်ဝင်စားဖွယ် ဖြစ်သည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတို့ကို အကြီးအကျယ် ဆွဲငင်ရန် ဖြစ်သည်။

ထိုကြော်ငြာတို့ထဲ ပီ ခုနှစ်လုံးကို အဓိက အရေးပေး ဖော်ပြကြသည်။ ဤ ပီခုနစ်လုံးမှာ -

၁။ People (လူထု) ဖြစ်သည်။ အင်ဂျင်နီယာ ကျောင်းတွေနှင့် တက္ကသိုလ်ကျိ ပညာရှင်တွေ ဘယ်လောက်ပေါများပုံကို စာရင်းဇယားနှင့် ဖော်ပြသည်။

၂။ Power (လျှပ်စစ်မီးစွမ်းအင်) ဖြစ်သည်။ လျှပ်စစ်မီး မှန်မှန် ရမရသည် ရင်းနှီးမြှုပ်နှံမှုတို့ကို ဆွဲဆောင်ရာ၌ အဓိက သော့ချက် ဖြစ်သည်ဟု ယူဆသည်။ ထို့ကြောင့် လျှပ်စစ်မီး ပေးနိုင်သော ဗိုအားတို့ကို အထူးတလည် ဖော်ပြသည်။

၃။ Ports (ဆိပ်ကမ်းတို့) ဖြစ်သည်။ ဆိပ်ကမ်းတို့၏ အရည်အသွေးအပြင် ဆိပ်ကမ်းတို့၏ ကမ္ဘာတစ်လွှား ချိတ်ဆက်နိုင်မှု (connectivity) တို့ကိုလည်း ဖော်ပြသည်။

၄။ Parks (ပန်းခြံများ) ဖြစ်သည်။ စက်မှုဇုံ၊ သိပ္ပံဇုံ၊ တက္ကသိုလ်ဇုံတို့ကို ဖော်ပြသည်။ ကမ္ဘာ့ အဆင့်အတန်း မီပုံတို့ကို ရှင်းပြသည်။

၅။ Performance (လုပ်ဆောင်ချက်) တို့ဖြစ်သည်။ လုပ်ဆောင်နိုင်ရည်

အဆင့်အတန်းမြင့်ပုံတို့ကို သရုပ်ဖော်ပြသည်။ ဥပမာ အမေရိကားမှ 'နောက်အဖိ ရုံးခန်း' (back offices) တို့ကို အိန္ဒိယပြည်နယ်များဆီသို့ ရွှေ့ပြောင်းလာပုံတို့ကို ဖော်ပြသည်။

၆။ Potential (စွမ်းရည်အလားအလာ) တို့ ဖြစ်သည်။ ဤအပိုင်း၌ ပုဂ္ဂလိက ပိုင်း၏ ဖွံ့ဖြိုးတိုးတက်သော စွမ်းပကားတို့ကို မီးမောင်းထိုးပြသည်။ အမြတ်ကောင်း ရနိုင်ပုံ၊ Equity Perticipation ခေါ် နိုင်ငံခြားကုမ္ပဏီတို့၏ အစုရှယ်ယာတို့တွင် အိန္ဒိယ ရင်းနှီးမြှုပ်နှံသူတို့က ၇၄ ရာခိုင်နှုန်းအထိ ပါဝင်နိုင်ခြေရှိပုံကိုလည်း ဖော်ပြသည်။

၇။ Political Will (နိုင်ငံရေးအရ သန္နိဋ္ဌာန် ပြဋ္ဌာန်းချက်) ဖြစ်သည်။ ခေတ်ရေစီးကြောင်းနှင့်အညီ ပြုပြင် ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့ကို မလွဲမသွေ ဖြစ်ထွန်းရန် ပိုင်းဖြတ်ပြီး ဖြစ်ပုံတို့ကို ဖော်ပြသည်။ အိန္ဒိယက ဤပီ ၇ လုံးမှဖြင့် နိုင်ငံခြား အရင်းအနှီးတို့ကို အပြင်းအထန် ဖိတ်ခေါ်နေသည်။

## မြွန်လား - ဖလားလား

အိန္ဒိယသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်နေသည်။ ကမ္ဘာ့ရေးရာ လေ့လာသူတို့က အိန္ဒိယ စီးပွားရေးနှင့် တရုတ် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ပုံတို့ကို အရေးတကြီး နှိုင်းယှဉ် လေ့လာကြသည်။ ဘယ်နိုင်ငံက ပိုသာမလဲဟု လေ့လာခြင်းလည်း ဖြစ် သည်။ နှစ်နိုင်ငံစလုံး စီးပွားရေးအရ အင်အားကြီးနိုင်ငံများ ဖြစ်လာသောအခါ ကမ္ဘာ့ရေးရာ ပုံသဏ္ဍာန်အချို့ မည်သို့ ပြောင်းလဲသွားနိုင်သနည်းဆိုသော ပြဿနာ တွင် စိတ်ဝင်စားသောကြောင့်လည်း ဖြစ်သည်။

အထူးသဖြင့် တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု သည် အာရှ၏ မျက်နှာပြင်ကို အဘယ်ကဲ့သို့ ပြောင်းလဲသွားနိုင်သနည်း ဆိုသော အချက်သည် ပို၍အရေးကြီးလာသည်။ ဤသို့အရေးကြီးမှုနှင့် စပ်လျဉ်း၍ အယူအဆရေးရာ ပြဿနာတို့ကိုလည်း မီးမောင်းထိုးကြည့်ရန် ဖြစ်ပေါ်သည်။ နှစ်နိုင်ငံစလုံးက စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်တို့ကို ပြည်သူလူထု အား မည်သို့ ဖြန့်ဝေပေးသနည်း ဆိုသော အရေးကို အရင် စဉ်းစားကြည့်ကြသည်။

ဖွံ့ဖြိုးမှု၏ အသီးအပွင့်ကို ဖြန့်ချိရာ၌ နည်းလမ်းနှစ်သွယ် ရှိသည်။ ပထမ နည်းလမ်းကို trickle-down ဟု ခေါ်သည်။ တစိမ့်စိမ့် ယိုစီးစေသောနည်း ဖြစ်သည်။ တစ်နေရာရာ သို့မဟုတ် နှစ်နေရာ သုံးနေရာတို့၌ အပေါက်ဖောက်ပြီး ထိုအပေါက်တို့မှ အစက်များ ယိုစိမ့်ကျဆင်းစေသောနည်း ဖြစ်သည်။ ဤနည်းသည်

နေးသည်၊ အားနည်းသည်၊ ရှေးပက်သလို ဖြစ်သည်။

ဒုတိယနည်းကို splash-all-over ဟု ခေါ်သည်။ ဖလားနှင့် တစ်ပြင်လုံး ရွှဲသွားအောင် ရေဖြန်းပက်ခြင်း ဖြစ်သည်။ သင်္ကြန်ရေ ပက်ခြင်းနှင့် နှိုင်းယှဉ်ပြောရလျှင် ပြွန်နှင့် ပက်ခြင်းနှင့် ဖလားနှင့် ပက်ခြင်းမျိုးတို့နှင့် တူသည်။ နှစ်နိုင်ငံစလုံးသည် ပထမအဆင့်၌ ပထမနည်းကို သုံးစွဲခဲ့ကြသော်လည်း ယခုမူ စီးပွားရေးဖွံ့ဖြိုးမှု အရှိန် ရလာကြသောအခါ ဒုတိယနည်း တစ်ပြင်လုံး ရွှဲသွားအောင်ဖြန်းပက်နည်းကို အသုံးပြုလာကြသည်။

ဒုတိယနည်းကို အသုံးပြုနိုင်သော ကဏ္ဍကလည်း ပေါ်လာသည်။ ဤကဏ္ဍမှာ တယ်လီဖုန်းကဏ္ဍ ဖြစ်သည်။ 'သာမန် တွေ့နေကျလူ' (common man) ဆိုတာ ဘာကို ခေါ်တာလဲ ဟု အမေး ထွက်လာသည်။ တယ်လီဖုန်းနှင့်လူသည်သာ သာမန်တွေ့နေကျလူဟု အနက်ဖွင့်သည်။ တယ်လီဖုန်းကလည်း မိုဘိုင်းဖုန်း ဖြစ်ရမည်။ လိုင်းဟောင်းထက် ခေါ်ခ ဈေးပေါသော အများသုံးတယ်လီဖုန်းလိုင်းထက် ခေါ်ခ ဈေးပေါသော မိုဘိုင်းဖုန်းနှင့် လူကိုသာလျှင် တွေ့နေကျ မြင်နေကျ သာမန်လူဟု သတ်မှတ်သည်။ မွန်ဘိုင်းမြို့ အနီးရှိ ရီလိုင်းယင့်(စ်) အင်ဖိုကွမ်းက မိုဘိုင်းဖုန်းကိုင်သူ တစ်လ လူခြောက်သန်း တိုးလာခြင်းဖြင့် ဖလားနှင့်ရေပက်ဖြန်းရန် ကြိုးပမ်းနေသည်။

## ကဏ္ဍ သဏ္ဍာန်ပြောင်း

အခြေခံ အဆောက်အအုံ (Infrastructure) ဆိုသော စကားလုံး အနက်အဓိပ္ပာယ်သည်လည်း ပြောင်းလဲသွားပြီ။ ယခု ဒီဂျစ်တယ် အခြေခံ အဆောက်အအုံ (digital infrastructure) ဟု ပေါ်လာသည်။ ဒီဂျစ်တယ် အခြေခံ အဆောက်အအုံတွေဖွံ့ဖြိုး တိုးတက်လာအောင် မလုပ်ဘဲ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို မဆောင်ရွက်သည့်သဘော ဖြစ်လာသည်။

ယခု ပညာရှင်တို့က ဒီဂျစ်တယ်ခေတ်နှင့် အစိုးရ ကဏ္ဍတို့ကို ဆက်စပ်တွေးခေါ်ကြည့်ကြသည်။ ဒီဂျစ်တယ်ခေတ်တွင် အစိုးရကဏ္ဍက အသို့ ရှိမည်နည်းဟု မေးခွန်း ထုတ်သည်။ ဤဆောင်းပါး၌ ဤကိစ္စနှင့် ပတ်သက်၍ အိန္ဒိယအမြင်ကိုသာ တင်ပြလိုသည်။ တရုတ်၏ အမြင်ကို အလျဉ်းသင့်မှ တင်ပြသွားမည်။

အိန္ဒိယ ပညာရှင်တို့က ပုဂ္ဂလိကကဏ္ဍ မင်္ဂလာစက်ဝိုင်း (virtuous circle of private sector) အကြောင်းကို အရင် စဉ်းစားသည်။ ပုဂ္ဂလိကဝိုင်းရင်းနှီးမြှုပ်နှံမှု တိုးတက်ခြင်း၊ လျှင်မြန်စွာ ဖွံ့ဖြိုး တိုးတက်မှုနှင့် အချုပ်အခြယ်

အတော်များများကို ပယ်ဖျက်သော ပြုပြင်ပြောင်းလဲရေးတို့ကို မဂ်လာရှိသော စက်ဝိုင်းအဖြစ် သတ်မှတ်သည်။ ဤစက်ဝိုင်းနှင့်အတူ အစိုးရ ကဏ္ဍက အသို့ ရှိမည်နည်း။ အစိုးရ ကဏ္ဍက အသို့ ပြောင်းလဲသွားမည်နည်း။

အစိုးရ ဘတ်ဂျက် ပုံသစ် ဖော်မည်။ အစိုးရ ဘတ်ဂျက် ငယ်သွားမည်။ အစိုးရသည် လုပ်ငန်းရှင် (employer) လက္ခဏာ လျော့သွားမည်။ အရာရာကို ထောက်ပံ့စရိတ် ပေးနေသူ (subsidiser) ကဏ္ဍ မှိန်သွားမည်။ အစိုးရက ငွေချေးသုံးစွဲနေသူ မြီစား (borrower) ဘဝ လျော့သွားမည်။ ထိုအစား အစိုးရသည် အခြေခံ အဆောက်အအုံ ပေးဆောင်သူ၊ ကျန်းမာရေး စောင့်ရှောက်မှု ပြုသူ၊ လူထုရထိုက်သော ပညာရေးကို ဖန်တီး အကျိုးဆောင်ပေးသူ ဖြစ်လာရမည်။

အိန္ဒိယသည် ဤလမ်း လိုက်နေသည်ဟု ဆိုသည်။ ဤလမ်းဖြင့် တရုတ်ကို ကျော်တက်ရန် ကြိုးပမ်းနေသည်ဟု ဆိုသည်။

Ref : The Economist

# ပီတာ ဒရပ်ကာ၏
# ထိရောက် ထက်မြက်မှု ကျင့်စဉ်တရား
# ဖိုးကပ်(စ်) အထားမမှားရေး

## ထိရောက် ထက်မြက်မှု

ပီတာ အက်(ဖ်) ဒရပ်ကာသည် ကမ္ဘာကျော် စီးပွားရေး စီမံခန့်ခွဲမှု ပညာရှင်ကြီး ဖြစ်သည်။ သူက ထိရောက် ထက်မြက်မှု (effectiveness) ကို သီးခြား ဘာသာရပ် (discipline) တစ်ခု အနေဖြင့် ဖော်ထုတ် ပြသလာသည်။ ဤပုဂ္ဂိုလ်ကြီးသည် ဟားဗတ် ဘိစနက် ရီဗြူး စာစောင်တွင် ဆောင်းပါးပေါင်း ၂၃ ပုဒ် ရေးသားခဲ့ရာ ထိုအထဲမှ ဒုတိယ ဆောင်းပါးသည် 'ဘိစနက် ထိရောက် ထက်မြက်မှုအတွက် စီမံခန့်ခွဲခြင်း' (Managing for Business Effectiveness) အကြောင်း ဖြစ်သည်။ ဘိစနက်ကို ထိရောက် ထက်မြက်အောင် မည်သို့ ပြုလုပ်ရမည်နည်းဟု အကြံပေးခဲ့ခြင်း ဖြစ်သည်။

ဤဆောင်းပါး ရေးပြီးနောက် လေးနှစ်လောက် ကြာသောအခါ 'ထိရောက် ထက်မြက်သော ဆုံးဖြတ်ချက်' (effective decision) အကြောင်း ဆောင်းပါးကို ရေးသားခဲ့သည်။ မကြာသေးမီက ထိရောက် ထက်မြက်သော အမှုဆောင် မန်နေဂျာ တစ်ယောက် ဖြစ်ရန် မည်သည့် အရာတို့က ဖန်တီးပေးသလဲ (What Makes an Effective Executive) ဆိုသော ဆောင်းပါးကို ရေးသားလိုက်ပြန်သည်။ သို့ဖြင့် ပညာရှင်ကြီး ပီတာဒရပ်ကာသည် ထိရောက် ထက်မြက်မှုကို စီမံခန့်ခွဲမှုပညာ၌ တစ်ဘာသာ သီးခြားအဖြစ် ပွဲထုတ်လိုက်ပြီ။

သူက ထိရောက် ထက်မြက်သော အမှုဆောင် မန်နေဂျာကောင်း တစ်ဦး ဖြစ်ရန် ကျင့်စဉ် ၉ ပါး လိုက်နာရန် လိုအပ်ကြောင်းကို ဖော်ပြလိုက်သည်။

ဤကျင့်စဉ် ၉ ပါး (nine pratices) သည် သူ့စိတ်ကူးထဲမှ စိတ်ကူးယဉ်ပြီး ထုဆစ် ဖော်ပြသည် မဟုတ်။ သူ၏ အနှစ် ၄၀ ကျော် အတွေ့အကြုံနှင့် အမေရိကန် ဘိစနက်သမိုင်း တစ်ခုလုံးကို လှန်လှော သုံးသပ်မှုတို့ကို အခြေခံ၍ လိုရင်း ထုတ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။

## ဖိုးကပ်(စ်) ခြားနား

ဤကျင့်စဉ် ကိုးပါးအကြောင်းကို ရှင်းပြရင်း ထိရောက် ထက်မြက်သော အမှုဆောင် မန်နေဂျာသည် ပြဿနာ (problem)တို့အပေါ် ဖိုးကပ်(စ်) မလုပ်။ အခွင့်အလမ်း (opportunities) တို့အပေါ် ဖိုးကပ်(စ်) လုပ်ကြောင်း ကနဦး ရှင်းပြသည်။ ဖိုးကပ်(စ်) ပုံကို အရင်ကြည့်သည်။ ပြဿနာတို့အပေါ် ဖိုးကပ်(စ်) မတင်။ အခွင့်အလမ်းတို့အပေါ် ဖိုးကပ်(စ်) တင်သည်။ ဤကျင့်စဉ်သည် ကျင့်စဉ် ကိုးပါးမှ ဆဋ္ဌမမြောက် ကျင့်စဉ် ဖြစ်သည်။

ဤသို့ဆို၍ ပြဿနာတို့ကို မဖြေရှင်းရ မဆိုလို။ ပြဿနာတို့ကို ကော်ဇောအောက် လှဲပစ်ထားရမည်ဟု မဆိုလို။ ပြဿနာ ဖြေရှင်းခြင်းသည် ရလဒ် (result) ကို မွေးထုတ်သည် မဟုတ်။ နစ်နာ ပျက်စီးခြင်း (damage) ကိုသာ ထားသည်။ ကာကွယ်သည်။ အခွင့်အလမ်းတို့ကို အသုံးချနိုင်မှသာ ရလဒ်တွေ ပေါ်မည်။ ထို့အပြင် အပြောင်းအလဲ (change) ကို ခြိမ်းခြောက်မှု အနေဖြင့် မမြင်ရန် သတိပေးသည်။ အပြောင်းအလဲကို အခွင့်အလမ်း အနေဖြင့် မြင်ရမည်။

ထိရောက် ထက်မြက်သော အမှုဆောင် မန်နေဂျာသည် ကော်ပိုရေးရှင်း ပြင်ပ အပြောင်းအလဲကိုလည်း ကြည့်သည်။ ကော်ပိုရေးရှင်းအတွင်း အပြောင်းအလဲကိုလည်း ကြည့်သည်။ ထို့နောက် မေးခွန်းတစ်ပုဒ် မေးသည်။ ယင်းမှာ -

"ကျုပ်တို့ လုပ်ငန်းအတွက် ဒီအပြောင်းအလဲတွေကို အခွင့်အလမ်း တစ်ရပ်အနေနဲ့ ဘယ်လို အသုံးချနိုင်မလဲဗျ" ဟူ၍ ဖြစ်သည်။

## အခွင့်အလမ်း ၇ ပါး

တိတိကျကျ ပြောရလျှင် ဤအမှုဆောင် မန်နေဂျာ၌ အခွင့်အလမ်းတို့ အတွက် အခြေအနေ ၇ ပါးကို ဦးနှောက်ထဲ မြင်ထားမိပြီး ဖြစ်သည်။ ဤ ၇ ပါးတို့မှာ-

(၁) မိမိ အင်တာပရိုက်(စ်) အတွင်း၌ လည်းကောင်း၊ ပြိုင်ဘက် အင်တာပရိုက်(စ်) တို့၌ လည်းကောင်း၊ အင်ဒတ်စထရီ၌ လည်းကောင်း မမျှော်လင့်သော

အောင်မြင်မှု သို့မဟုတ် မမျှော်လင့်သော အရေးနိမ့် ဆုံးရှုံးမှုကို တွေ့ကြုံခြင်း ဖြစ်သည်။

(၂) ဈေးကွက် ကွာဟမှု (market gap) နှင့် ကြုံတွေ့ရခြင်း ဖြစ်သည်။ ကုန်စည်နှင့် ဝန်ဆောင်မှုတို့နှင့် ပတ်သက်၍ ဈေးကွက်ထဲတွင် တကယ်အမှန် ဖြစ်နေသော အခြေအနေနှင့် ဖြစ်နိုင်သော အခြေအနေတို့ ကွာဟချက်ကို ရည်ညွှန်းသည်။ အစွမ်းအစ ရှိသလောက် တကယ် မပေါ်သော သဘောမျိုး ဖြစ်သည်။

ဥပမာ ၁၉ ရာစုနှစ်၌ စက္ကူ ထုတ်လုပ်သော စက်ရုံတို့သည် သစ်ပင်၏ ၁၀ ရာခိုင်နှုန်းကို အသုံးပြုခဲ့သည်။ ကျန် ၉၀ ရာခိုင်နှုန်းကို သည်အတိုင်း အလေအလွင့် ပစ်ထားခဲ့သည်။ သစ်ပင် ၉၀ ရာခိုင်နှုန်းကို စက္ကူ ထုတ်လုပ်ရာ၌ အသုံးပြုနိုင်စွမ်း ရှိပါလျက် ၁၀ ရာခိုင်နှုန်းသာ သုံးစွဲခဲ့သည်။ ဤလို ကွာဟချက် သည်လည်း အခွင့်အလမ်း ဖြစ်သည်။

(၃) ဖြစ်စဉ် ကုန်စည်နှင့် ဝန်ဆောင်မှုတို့တွင် ဆန်းသစ် တီထွင်မှု (innovation) ပေါ်လာလျှင် အခွင့်အလမ်းဟု မြင်ရမည်။ ဤဆန်းသစ် တီထွင်မှု တို့သည် မိမိ အင်ဒတ်စထရီ(စ်) သို့မဟုတ် အင်ဒတ်စထရီ၏ အတွင်း၌လည်း ဖြစ်နိုင်သည်။ အပြင်၌လည်း ဖြစ်နိုင်သည်။

(၄) အင်ဒတ်စထရီ ဖွဲ့စည်းတည်ထောင်ပုံနှင့် ဈေးကွက် ဖွဲ့စည်းတည် ဆောက်ပုံ (market structure) တို့တွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လျှင် အခွင့် အလမ်းအဖြစ် မြင်ရမည်။

(၅) လူဦးရေ အခြေအနေကလည်း အခွင့်အလမ်း ဖြစ်သည်။

(၆) လူတို့၏ စိတ်သဘောထား တန်ဖိုး ရှုမြင်ခံစားပုံ၊ စိတ်အထာနှင့် အနက်အဓိပ္ပာယ်တို့တွင် ပြောင်းလဲမှုတို့ကလည်း အခွင့်အလမ်းတွေ ဖြစ်တော့သည်။

(၇) ပညာအသစ် (သို့မဟုတ်) တက္ကနိုလိုဂျီ အသစ်တို့ဟူ၍ ဖြစ်သည်။

## လူမှန် နေရာမှန်ဆိုတာ

ဆိုခဲ့ပါအတိုင်း အခွင့်အလမ်းတို့ကို တွေ့ပါပြီ။ သို့ရာတွင် ထိရောက် ထက်မြက် သော အမှုဆောင် မန်နေဂျာသည် ပြဿနာတို့က အခွင့်အလမ်းတို့အပေါ် စိုးမိုး လွှမ်းမိုးခြင်း မရှိရလေအောင် အထူး ဂရုစိုက်ရမည်။

ကုမ္ပဏီ အများစုသည် အစီရင်ခံစာများ ပြုစုရာ၌ ပြဿနာတို့ကို ပထမ စာမျက်နှာတွင် ဖော်ပြသည်ထက် အခွင့်အလမ်းတို့ကို ပထမ စာမျက်နှာတွင် ဖော်ပြသင့်သည်။ ကုမ္ပဏီ အစည်းအဝေးတို့၌လည်း ဘေးဆိုးကပ်ဆိုးကြီးလောက်

ကြီးမှသာ ပြဿနာတို့ကို အရင် ဆွေးနွေးသင့်သည်။ ထိုသို့မဟုတ်လျှင်မူ အခွင့်အလမ်းတို့ အကြောင်းကို အရင် ဆွေးနွေးသင့်သည်။

ဝန်ထမ်းတို့ကို အသုံးပြု နေရာချထားရာ၌လည်း ပြဿနာ ဖြေရှင်းရေး ဘက်တွင် အလေးပေး ချထားခြင်းမျိုး မပြုအပ်ပေ။ အခွင့်အလမ်းတို့ အသုံးချမှု ဘက်တွင် ပို၍ ဂရုတစိုက် တာဝန်ခွဲဝေ ချထားသင့်သည်။ အတော်ဆုံးလူတို့ကို အကောင်းဆုံး အခွင့်အလမ်း အသုံးချရာနေရာ၌ ရောက်ရှိစေအပ်သည်။ အကောင်းဆုံး လူတို့ကို ပြဿနာ ဖြေရှင်းရေးဘက်တွင်သာ ပြုံသုံးထားခြင်းမျိုးသည် ထိရောက် ထက်မြက်သော အမှုဆောင် မန်နေဂျာ၏ အလုပ်မဟုတ်ဟု ဆိုသည်။

ဂျပန်တွင် အကောင်းဆုံး အခွင့်အလမ်းနှင့် အကောင်းဆုံးလူ အံဝင်ခွင်ကျ ဖြစ်ရေးကို အထူး ဂရုစိုက်သည်။ ဤသို့ အံဝင်ရန်သည် လူ့သားရင်းမြစ် ဖွံ့ဖြိုးရေး ဌာန၏ တာဝန်ဖြစ်သည်ဟု ယူဆသည်။ ကော်ပိုရေးရှင်းကြီးနှင့် အစိုးရဌာနကြီးတို့တွင် လူ့သားရင်းမြစ် ဌာနဟူ၍ ရှိလေရာ ဤဌာနကိုလည်း အကောင်းဆုံးလူတို့အား ပြဿနာကမ္ဘာထဲ ပို့ထားခြင်းမျိုးကို အထူး ရှောင်သည်။ အတော်ဆုံး လူတို့သည် အကောင်းဆုံး အခွင့်အလမ်းများ အသုံးချရာ နေရာတွင် ရောက်ရှိစေအပ်သည်။

ပညာရှင်ကြီး ပီတာအက်(ဖ်) ဒရပ်ကာ၏ ကျင့်စဉ်တို့သည် ကော်ပိုရိတ် စီမံခန့်ခွဲမှုတွင် ခေတ်စားလာဦးမှာ သေချာသည်။

# မချိမဆန့်

စီမံခန့်ခွဲမှုပညာ ခေတ်မီ ဆန်းသစ်လာသည်ကား အမှန်ပင် ဖြစ်ပါသည်။ သို့ရာတွင် ဖွံ့ဖြိုးပြီးသော နိုင်ငံတို့မှ ကော်ပိုရေးရှင်းကြီးတို့၏ စီမံခန့်ခွဲမှု (Corporate Management) အတွေ့အကြုံတို့ကို အဆီအနှစ် ထုတ်ယူ၍ သန်ရာသန်ရာ ရှုထောင့်တို့ဖြင့် ဆိုင်ရာဆိုင်ရာ သီအိုရီတို့ကို ဖန်တီးကြခြင်း ဖြစ်လေရကား မဖွံ့ဖြိုးသေးသောနိုင်ငံ တစ်နည်းအားဖြင့် ကော်ပိုရေးရှင်းကြီးများစနစ် အားနည်းနေသော နိုင်ငံတို့၌ ဤသီအိုရီတို့သည် အဘယ်မျှ ဆီလျော်အပ်စပ်ပါသနည်း၊ အဘယ်မျှ အသုံးတည့်ပါသနည်း ဟူ၍ မေးခွန်းထုတ်စရာ ဖြစ်ပေါ်လာသည်။

စီမံခန့်ခွဲမှုပညာသုံး ဝေါဟာရဖြစ်သော ပျော့ပျောင်းမှု (flexibility) ကို ထိုက်တန်စွာ နေရာပေး လေးစားသမှု ပြုသည်ရှိသော် ယခု ခေတ်စားနေသော စီမံခန့်ခွဲမှုပညာဆိုင်ရာ သီအိုရီတို့ကို ဆင်းရဲသောနိုင်ငံတို့၏ အခြေအနေနှင့် ကိုက်ညီအောင် ဘယ်လောက် ကွေးလို့ကောက်လို့ ရနိုင်မလဲ (How much the theories can be bend) ဟု တွေးတောပေးရပါလိမ့်မည်။ သို့မှ မပြုလျှင် သီအိုရီလည်း ကျိုးမည် သို့တည်းမဟုတ် ပကတိအခြေအနေလည်း အက်မည်။ သီအိုရီနှင့် လက်တွေ့ မချိမဆန့် မဖြစ်စေသင့်ပေ။

မြန်မာနိုင်ငံ စီးပွားရေး၏ ထူးခြားသော ဝိသေသ (national characteristics) တို့နှင့် စီမံခန့်ခွဲမှုတို့ကြားတွင် အဆင်မချောသည့်တိုင်အောင် တင်းမာမှု လျော့ပါးရေးအတွက် ထူးခြားသော ဝိသေသတို့ကို လေးလေးနက်နက် ရှာဖွေသုံးသပ်သင့်သည်။ ပြောရလျှင် ထူးခြားသော ဝိသေသတို့ကို စူးစမ်းရှာဖွေရေးသည် ပထမ ဖြစ်သင့်သည်။ ထို့နောက်မှသာ ဤဝိသေသနှင့် စီမံခန့်ခွဲမှုပညာတို့ကို အသုံးဝင်နိုင်သလောက် ရင်ကြားစေ့ပေးရမည်။

## အိုင်အမ်အက်(ဖ်) အသုံးအနှုန်း

စီမံခန့်ခွဲမှုပညာသည် ပုဂ္ဂလိကပိုင် စီးပွားရေးပိုင်း၏ စီမံခန့်ခွဲမှုပိုင်းနှင့် အဓိက သက်ဆိုင်သည်။ ကမ္ဘာ့ဘဏ်နှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံငွေအဖွဲ့ IMF တို့၏ အနက်ဆင်တူသည့် ဝေါဟာရတစ်မျိုးကို ယခုတလော အသုံးအစွဲများ လျက်ရှိသည်။ ယင်းမှာ Governance ဆိုသော စကားဖြစ်သည်။ စီမံခန့်ခွဲမှုဟု အကြမ်း ပြောလို့ရသည်။

သို့ရာတွင် အဓိပ္ပာယ် မတူညီကြပေ။ Management ဆိုသော စကားကို ပုဂ္ဂလိကပိုင်း ကုမ္ပဏီတို့၏ စီမံခန့်ခွဲမှုကိစ္စတွင် သုံးစွဲသည်။ အိုင်အမ်အက်(ဖ်)နှင့် အခြားပညာရှင်တို့က စီးပွားရေးစနစ် တစ်ခုလုံးကို စီမံအုပ်ချုပ်မှု၊ စီးပွားရေးဆိုင်ရာ ပေါ်လစီတို့ကို စီမံအုပ်ချုပ်မှု၊ အထူးသဖြင့် မက်ခရို စီးပွားရေးကို စီမံအုပ်ချုပ်မှု (Macro economic management) စနစ်တစ်ခုလုံးနှင့်ဆိုင်သော ပေါ်လစီတို့ကို အကောင်အထည်ဖော်မှုတို့နှင့် ဆိုင်သောကိစ္စတို့တွင် Governance ဟု ခွဲခြားပြီး ရည်ညွှန်း သုံးစွဲသည်။ Management မှာ ပုဂ္ဂလိက ကုမ္ပဏီများ၏ စီမံခန့်ခွဲမှုတို့ကို ရည်ညွှန်းသည်။ Governance မှာ စနစ်နှင့် နိုင်ငံလုံးဆိုင်ရာ ပေါ်လစီနှင့် အကောင်အထည် ဖော်မှုတို့၌ စီမံခန့်ခွဲမှုတို့ကို ရည်ညွှန်းသည်။ အစိုးရကို အဓိက ရည်ညွှန်းသည်။

## တွဲချော်

Management နှင့် Governence တို့သည် အဓိပ္ပာယ်ချင်း မတူညီကြစေကာမူ တစ်ခုနှင့်တစ်ခုကတော့ အပြန်အလှန် ဆက်စပ်နေသည်။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး တွင် ကုမ္ပဏီတို့ကလည်း စီမံခန့်ခွဲမှု ကောင်းကြသည်။ နိုင်ငံလုံးဆိုင်ရာ ပေါ်လစီနှင့် အကောင်အထည်ဖော်မှုအပိုင်း (အစိုးရနှင့် အဓိက သက်ဆိုင်ပါလိမ့်မည်) ကလည်း စီမံခန့်ခွဲမှု ကောင်းကြသည်ဟု ဆိုခဲ့လျှင် တိုင်းပြည်အခြေအနေသည် "အိုကေ" လို့ ဆိုနိုင်သည်။

သို့သော် Management နှင့် Governance နှစ်ဖက်စလုံး၌ ညံ့ဖျင်းနေ ကြလျှင် ဖွံ့ဖြိုးတိုးတက်မှု အလားအလာသည် တုံ့ဆိုင်းသွားနိုင်သည်။ စီးပွားရေး အကျပ်အတည်းပေါ်လျှင် ကျွမ်းစိုက်သွားနိုင်သည်။

တစ်ဖန် တစ်ဖက်၌ ကုမ္ပဏီမန်နေဂျာတို့က အစီအမံ အအုပ်အချုပ်နှင့် ခေါင်းဆောင်မှုတို့အရာ၌ မိုးပုံလောက်အောင် တော်နေကြစေကာမူ အခြားတစ်ဖက် Governance ပိုင်း၌ ညံ့ဖျင်းချွတ်ယွင်းနေပါက သိပ်အရာထင်စရာ ရှိမည်မထင်

ပေ။ Governance သည် Management အတွက် အကန့်အသတ်(constraint) ဖြစ်နေပါလိမ့်မည်။ အကန့်အသတ် ကျော်လွှားရန်သည် ကုမ္ပဏီ စီမံခန့်ခွဲမှု၏ စွမ်းပကား (capacity) အပြင်ဘက်တွင် ရောက်နေသည်။

ဤအချက်ကို စီမံခန့်ခွဲမှုပညာထဲတွင် ဘေးအန္တရာယ် (risks) စာရင်း ထဲတွင် ထည့်သွင်းဖော်ပြလိမ့်မည်ဟု ထင်မိသည်။ တစ်ဖက်၌ governance ပိုင်းက ထိရောက်ထက်မြက်မှု ဘယ်လောက်ရှိရှိ ကုမ္ပဏီတို့က စီမံခန့်ခွဲမှု ချွတ်ချော်ညံ့ဖျင်းနေလျှင် ရထားတွဲတွေက ဂနာမငြိမ်ဖြစ်ကာ တွဲချော်နိုင်သည်။

## အသစ်စက်စက်

အကန့်အသတ်အကြောင်း ပြောလျှင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တို့ ဖြစ်ထွန်းပုံ သဏ္ဌာန်ကိုလည်း အရေးပါစွာ ရှုမြင်ကြည့်ထိုက်သည်ဟု ထင်သည်။ ဤဖြစ်ထွန်းမှု ပုံသဏ္ဌာန်ကပင် စီမံခန့်ခွဲမှုအပိုင်း၌ အကန့်အသတ် ဖြစ်နိုင်သည်။

ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များ (ခြုံပြီး လူလတ်တန်းစားလို့ ခေါ်နိုင် သည်)ဖြစ်ထွန်းမှုသည် မြန်မာနိုင်ငံ၌ အလွန်ထူးဆန်းသည်။ အစဉ်ဆက်မှု (continuity) မရှိခဲ့။ အဆက်ပြတ်ခဲ့သည်။

နိုင်ငံ လွတ်လပ်ရေး ရပြီးသည့်နောက် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင် များ အတော်အတန် ဖြစ်ထွန်းခဲ့သည်။ သို့သော် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ခေတ်၌ ဆိုရှယ်လစ်စနစ်ဖြင့် ဤအစဉ်ကို ဖျက်ဆီးပစ်လိုက်သည်။ ပြည်သူပိုင် အသိမ်းခံခဲ့ကြရသဖြင့် ဖြစ်ထွန်းခဲ့သော လူလတ်တန်းစားများ ပျက်သွားရသည်။ ၁၉၈၉ ခုနှစ်မှစ၍ ဈေးကွက် စီးပွားရေးတံခါး ဖွင့်ပေးလိုက်သောအခါ အားလုံး သည် အစမှ ပြန်စကြရသည်။ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင် အသစ်များ ပေါ် လာသည်။

ဤသို့ အသစ်ပေါ်လာသော လူလတ်တန်းစားတို့သည် ယခင်က ရှိခဲ့ဖူး သော လူလတ်တန်းစားတို့နှင့် ဘာမျှ အဆက်အစပ် မရှိပေ။ ဇစ်မြစ်သစ်တို့ဖြင့် အသစ်စက်စက် ဖြစ်ထွန်းကြရခြင်း ဖြစ်၏။

ဤ အသစ်စက်စက် ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်တို့သည် စီမံခန့်ခွဲမှု ပညာနှင့် စိမ်းကြပါလိမ့်မည်။ နောက်ပိုင်းကျမှ ယဉ်ပါးအောင် တက်သုတ်ရိုက်ပြီး လုပ်ကြရသည်။ စမ်းတဝါးဝါးနှင့် ထလုပ်ကြခြင်းက များသည်။

## လေတိုက်ကြွေအမြတ်

ဈေးကွက်စီးပွားရေး ဆိုသည်ကလည်း အတွေ့အကြုံအသစ် ဖြစ်သည်။ ဤအတွေ့အကြုံအသစ်တွင် အပင်ပေါ်က လေတိုက်၍ အလိုလိုကြွေကျသော အမြတ်နှင့် ဆွလွယ်နှပ်လွယ် လုပ်ငန်းတို့ကလည်း တော်တော် များများစားစား ပေါ်ခဲ့သည်။ နေရင်းထိုင်ရင်း မြေဈေးအိမ်ဈေးတွေ ထောင်တက်ခဲ့သည်။ အက်ဆက်ဈေးတွေ တက်ခဲ့သည်။ ဘောဂဗေဒစကားနှင့် ပြောလျှင် windfall profit နှင့် rent seeking ဝန်းကျင်သည် အတော်ဖွံ့ဖြိုးခဲ့လေသည်။ ဤဝန်းကျင်တွင် အကျင့်ပါနေသော၊ ဤဝန်းကျင်နှင့်သာ လုပ်တတ်ကိုင်တတ်သော၊ ဤဝန်းကျင်မျိုးကိုသာ မျှော်ကိုးတတ်သော ပုဂ္ဂလိက စီးပွားရေး လုပ်ငန်းရှင်တို့အဖို့ စီမံခန့်ခွဲမှုပညာ ဆိုသည်မှာ အဓိပ္ပာယ် အထူးအဆန်း ဆောင်ပါလိမ့်မည်။

စီမံခန့်ခွဲမှု ပညာထဲတွင် windfall profit နှင့် rent seeking တို့အတွက် နေရာ ရှိမရှိ စာရေးသူ မသိပေ။ စွန့်စားဦးထွင် လုပ်ငန်းရှင် စိတ်ဓာတ် (entrepreneurial spirit) ရှိသူတို့အတွက်သာ ရည်ရွယ်သည်ဆိုပြီး စီမံခန့်ခွဲမှုပညာထဲ၌ windfall profit နှင့် rent seeking တို့ကို နေရာ မပေးပြန်ပါကလည်း လက်တွေ့မရှိသော ပညာဟု ရိုးစွပ်ခံရဦးမည်။ အခွင့်အလမ်း (opportunity) ဆိုသော စကားသည် ရေပန်းစားထိုက်လျှင် ဖော်ပြပါ အချင်းအရာ နှစ်ရပ်ကော အခွင့်အလမ်း စာရင်းထဲ မထည့်သွင်းအပ်ပေဘူးလား။ မေးစရာပါ။

အထက်ပါ အချက်တို့ကို တင်ပြရသည်မှာ စီမံခန့်ခွဲမှုပညာ၏ ထူးခြားသော ဝိသေသတို့ကိုလည်း အရေးပါစွာ ထည့်သွင်း စဉ်းစားသင့်သည်ဟု အမြင်ပေါ်စေရန် ဖြစ်သည်။

## ဖောင်းပွမှု နှစ်မျိုး

ဘာအတွက် စီမံခန့်ခွဲမှုလဲ။ သီအိုရီအဖြေတွေ မျိုးစုံ ရှိနိုင်ပါသည်။ သို့ရာတွင် လက်ငင်းအခြေအနေကား အကျပ်အတည်းကို စီမံခန့်ခွဲရန် crisis management သည် ထိပ်တန်း အရေးကြီးနေသည်။ စီးပွားရေး အကျပ်အတည်း ဆိုက်နေတာကို စီးပွားရေး လုပ်ငန်းရှင်တို့သည် အကျပ်အတည်းမှ ဘယ်လို ရှောင်ကွင်းနိုင်မလဲ။ ရှောင်ကွင်းလို့ မရလည်း အကျပ်အတည်း၏ဒဏ် မိမိအပေါ် အကျနည်းအောင် ဘယ်လိုလုပ်မလဲ စသည်ဖြင့် အကျပ်အတည်း ပြဿနာတို့ကို ကသိုဏ်းရှုကြရမည်။ စာအုပ်ကြီးဆန်သော အဖြေတွေက တစ်ပုံကြီး ရှိနိုင်သည်။

သို့သော် မြန်မာ့စီးပွားရေးနှင့် စပ်ဟပ်၍ လက်တွေ့ကျကျ ပြောရလျှင်

စီးပွားရေးအကျပ်အတည်း၌ စောစောက ပြောခဲ့သော windfall profit နှင့် rent seeking တို့၏ အခြေအနေသည် အသို့ရှိမည်နည်း။ ယေဘုယျ မှန်းဆကြည့်ရသည်မှာ ၄င်းတို့ ပြန်ပေါ်လာနိုင်စရာ အကြောင်းရှိသလား။ ၄င်းတို့ ပြန်ပေါ်လာလိမ့်မည်ဟု မျှော်လင့်ချက်ထား၍ အလုပ်ဆက်လုပ်လို့ကော ဖြစ်မလား စသည်ဖြင့် စဉ်းစားစရာတွေ ဖြစ်ပေါ်လာသည်။

ဈေးနှုန်းဖောင်းပွမှု၌ နှစ်မျိုးရှိသည်။ ကုန်စည်နှင့် ဝန်ဆောင်မှု ဈေးနှုန်းများ ဖောင်းပွမှုနှင့် တိုက်တာအိမ်မြေ စသည့် အက်ဆက်များ ဖောင်းပွမှု (inflation of goods and services prices and assets price inflation) တို့ဆိုပြီး ရှိလေရာ အကျပ်အတည်းကို စီမံခန့်ခွဲနေသော ခန့်ခွဲမှုပညာသည် ဘယ်အချက်ပေါ် အဓိက အာရုံစူးစိုက်မလဲ။

*၂၁ ရာစု စီမံခန့်ခွဲမှု မဂ္ဂဇင်း အမှတ်(၁)*

# အင်ဖော်မေးရှင်း နှင့် တက္ကနိုလိုဂျီ

# Information and Technology

# ပညာအခြေစိုက် စီးပွားရေး
# အဟောင်းနှင့် ကြည့်လို့ မရပြီ

## ပညာစီးပွားရေး၏ အနက်အသစ်

၂၀၀၆ ထဲ ကူးသည်နှင့် အားလုံးက ပညာအခြေစိုက် စီးပွားရေး (Knowledge Business) အကြောင်းကို အလေးအနက်ပြု ပြောဆိုလာကြသည်။ စီးပွားရေးသည် မြေရှင်ပဒေသရာဇ် စီးပွားရေးမှ စက်မှုထွန်းကားသော စီးပွားရေးသို့ ပြောင်းလဲခဲ့ပါသည်။ ယခု ယင်းမှ ပညာအခြေစိုက် စီးပွားရေးသို့ ကူးပြောင်းပြီး ပညာအခြေစိုက် စီးပွားရေးအကြောင်း ပြောနေသည်မှာ ကြာပြီ ဖြစ်သော်လည်း ယခု ၂၀၀၆ ခုနှစ် အကူးတွင် ပညာအခြေစိုက် စီးပွားရေး လက္ခဏာသည်ပင်လျှင် အခြေခံအရ အပြောင်းအလဲ ဖြစ်သွားသည့်အတွက် ပိုပြီး အထူး အရေးစိုက် တင်ပြကြသည်။

ပညာအခြေစိုက် စီးပွားရေးကို ယခု ဂလိုဘယ်လိုက်ဖေးရှင်းနှင့် ချိတ်ဆက်သုံးသပ်သည်။ ပညာအခြေစိုက် စီးပွားရေးသည်ပင်လျှင် ဂလိုဘယ် ဖြစ်သွားပြီ။ ဒေသအလိုက် ကွက်ကြား ပညာအခြေစိုက် စီးပွားရေး မဟုတ်တော့ပြီ။ ကမ္ဘာလုံးချီ ပညာအခြေစိုက် စီးပွားရေးဆိုတာ ဘာကို ဆိုလိုတာလဲဟု အနက်အဓိပ္ပာယ် အသစ်တွေ ဖွင့်ဆိုကြသည်။ ဤ အနက်အဓိပ္ပာယ် အသစ်တို့ကို အံ့မခန်း ဖွံ့ဖြိုးသော တက္ကနိုလိုဂျီ တော်လှန်ရေးတို့ဖြင့် အချိတ်အဆက်ပြုပြီး ဖြေကြားပြသည်။ ပညာကို သမားရိုးကျ အမြင်ဖြင့် ပြောခြင်းသည် 'အောက်'သွားပြီ။

## ဗဟိုပြုတွေ ရွေ့

ပညာစီးပွားရေး အသစ်တွင် ပညာရှင် အိုင်ဒီယာတို့ကို အမဲလိုက်သလို ရှာဖွေရမည်ဟူ၍ လည်းကောင်း၊ ထူးချွန်သူနှင့် ဉာဏ် ထက်မြက်သူတို့ကို မဂ္ဂနက်

သံလိုက်စေတ်ဖြင့် ဆွဲဆောင်နိုင်ရမည်ဟူ၍ လည်းကောင်း၊ (IQ magnet) အိုင်ကျူ မဂ္ဂနက်ဟုဆိုသော အယူအဆသစ်သည် လည်းကောင်း ပေါ်လာသည်။

လေ့လာဆည်းပူးမှုသည် စာသင်ခန်း၊ ဆရာနှင့် ကျောင်းပရဝဏ် ဗဟိုပြုစနစ်မှ ကွန်ရက်ဖြင့် လေ့လာဆည်းပူးမှု၊ ရွယ်တူချင်း တန်းတူချင်း လေ့လာ ဆည်းပူးမှု (networked and peer-to-peer learning) စနစ်သို့ ကူးပြောင်းရမည် ဟူ၍လည်းကောင်း၊ consilience မည်သော ပညာရပ်ပေါင်းစုံ အတူခုန်ပေါက် ပေါ်ပေါက်လာခြင်းကို လေ့လာဆည်းပူးရမည် ဟူ၍လည်းကောင်း အယူအဆ အမျိုးမျိုးဖြင့် ပညာစီးပွားရေး၏ ဝိသေသ အသစ်တို့ကို ရှင်းလင်း ပြောဆို လာကြသည်။

စီးပွားရေးနှင့် ပညာတို့သည် ဂလိုဘယ် လက္ခဏာ ဆောင်လာသည်နှင့် တစ်ပြိုင်နက်တည်းတွင် ဂလိုဘယ် သီလတရားတစ်ခု (Global conscience) လည်း အကြောင်းသင့်၍ ပေါ်လာသည်။ ယင်းမှာ ဆူနာမိ၊ ကက်ထရီနာ၊ ကက်(ရှ်) မီးယား မြေငလျင်စသည့် သဘာဝ ကပ်ဆိုးကြီးတွေကို အကြောင်းပြု၍ ဒုက္ခသည် တို့ကို ဝိုင်းဝန်း ကူညီကြသော အချက် ဖြစ်ပါသည်။ လူလူချင်း စာနာသော စိတ် ဓာတ်မျိုးသည် ဂလိုဘယ် ဖြစ်လာခြင်းကို ညွှန်းသည်။ ဤအချက်နှင့် ပတ်သက် ၍ ဂလိုဘယ် သီလတရားစိတ်သည် ဂလိုဘယ်လိုက်ဖေးရှင်းကြောင့် ဟုတ်မဟုတ် အငြင်းပွားများမှု ရှိနေပါသည်။ နှစ်ခု အဆက်အစပ် မရှိဟု အချို့က မြင်သည်။

## မြို့ကြီးလား။ ကျေးလက်လား

တစ်ဖန် ပညာ လူ့အဖွဲ့အစည်းကို မြို့ကြီးပြကြီးပေါ် အခြေခံမလား သို့တည်းမဟုတ် ကျေးလက်တို့ကို အခြေခံမလား ဆိုပြီးလည်း အခြေအတင် ဆွေးနွေးမှု ရှိသည်။ အဆင့်မြင့်သော ပညာ သိပ္ပံနှင့် တက္ကနိုလိုဂျီကို မည်သည့် မြို့ကြီးပြကြီးတို့တွင် ဗဟိုပြု အခြေစိုက်သည်ဟု သမားရိုးကျ နားလည်ထားခဲ့ကြသည်။ ယခု ဤအမြင် ကို အိန္ဒိယက ပြောင်းပြန် လှန်ပစ်ရန် ကြိုးပမ်းသည်။ အိန္ဒိယသည် အခြေခံအား ဖြင့် ပြောလျှင် ကျေးလက် လူမှုအဖွဲ့အစည်း (rural society)ဖြစ်သည်။ ကျေးလက် လူမှုအဖွဲ့အစည်းကို ထိန်းသိမ်းလျက် ပညာအခြေစိုက် စီးပွားရေး၏ ပါဝါအိမ် ကြီးအဖြစ် တည်ဆောက်နိုင်သည်မှာ အံ့သြစရာ ကောင်းသည်ဟု ဆိုရမည်။ တက္ကနိုလိုဂျီကို ကျေးလက်တွေထဲ အမြန်အဆန် ဖြန့်နိုင်သည်။

ပညာအခြေစိုက် စီးပွားရေးကို မြို့ကြီးပြကြီးတို့တွင် အခြေစိုက်ရမည် ဆိုသော အမြင်သည် ခေတ်မမီတော့ပေ။ မက်ဆက်ချူးဆက် တက္ကနိုလိုဂျီ

တက္ကသိုလ်က ကလေးတစ်ယောက် လက်ပ်တော့ ကွန်ပျူတာ တစ်လုံး ရှိစေရမည် ဆိုသော အစီအစဉ်ကြီး တစ်ရပ်ကို ချမှတ်သည်။ ကလေးတစ်ယောက် ဆိုရာ၌လည်း ကျေးလက်မှ ကလေးတို့ကို ပိုပြီး ရည်ရွယ်သည်။ ကွန်ပျူတာတစ်လုံး ဒေါ်လာ ၁၀၀ နှင့် ရောင်းသည်။ လက်တွေ့ စမ်းသပ်မှုအနေဖြင့် ကမ္ဘောဒီးယား ကျေးလက်တွင် ကလေးတို့အား ကွန်ပျူတာ တစ်လုံးစီ ပေး၍ 'ဆော့' ခိုင်းသည်။ ကျေးလက် ကလေးတွေ အင်တာနက်ပေါ် တက်နိုင်ကြသည်။ ပညာအမျိုးမျိုး၊ လုပ်ငန်း အမျိုးမျိုးကို ဝက်ဆိုက်တို့တွင် ချိတ်ဆက်နိုင်ကြသည်။

သို့ဖြင့် ပညာစီးပွားရေးတို့အတွက် ကျေးလက်ကို အခြေစိုက်ကြည့်သော အမြင်က ယခု ခေတ်စားလာရာ ဆင်းရဲသားနှင့် အင်အားဟု ဆောင်ပုဒ် ထွက်သည်။

## စမတ် ပါရာဒိုင်း

၂၀၀၆ ခုနှစ် တစ်လျှောက်လုံးမှ စတင်ပြီး စီးပွားရေးတို့သည် ပညာအခြေစိုက် ဖြစ်လာရတော့မည်။ လုပ်သားမှန်လျှင်-ပညာလုပ်သား ဖြစ်ရမည့် နည်းတူ ဘိဇနက် စီးပွားရေးတို့သည်လည်း ပညာအခြေစိုက် ဘိစနက် ဖြစ်ရတော့မည်။ ပညာ အခြေစိုက် ဘိစနက်တို့၏ ဂုဏ်အင်္ဂါ လက္ခဏာတို့သည်လည်း အကုန် ပြောင်းလဲ ကုန်ပြီ။

အဓိကအားဖြင့် ပညာအခြေစိုက် ဘိစနက်တို့သည် (၁) ဖြစ်စဉ် (Process) ကို စီမံ ခန့်ခွဲတတ်ရမည်။ (၂) ကွန်ရက်တို့ဖြင့် ကျွမ်းကျွမ်းကျင်ကျင် အလုပ်လုပ်တတ်ရမည်။ Networked Connecticity ရှိရမည်။ ဆပ်ပလိုင်းချိန်း (Supply Change) ကို ကျွမ်းကျွမ်းကျင်ကျင် စီမံ ခန့်ခွဲတတ်ရမည်။

သို့ဖြစ်ရကား ၂၀၀၆ ခုနှစ်မှ စတင်၍ ၂၁ ရာစုနှစ် တစ်လျှောက်လုံးတွင် ပညာအခြေစိုက် စီးပွားရေးသည် အဆင့် အမျိုးမျိုးတွင် လက္ခဏာ အမျိုးမျိုးတို့ဖြင့် တော်လှန် ပြောင်းလဲလာတော့မည်ဖြစ်၍ ဤအတွက် အဆင်သင့် ပြင်ဆင်ပြီး သူတို့ အသက်ရှင်တော့သည်။ သို့ဖြင့် အီဗော်လူးရှင်း ပါရာဒိုင်းသည်လည်း 'ခွန်အားကြီးသူ အသက် ရှင်သန်သည်' (Survival for the fittest) မှ 'စမတ်ကျသူ အသက်ရှင်သည်' ဆိုသော ပါရာဒိုင်းသို့ ပြောင်းလဲသွားပြီ။ ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲ၊ မဖွံ့ဖြိုးသေးဆိုသော အပိုင်းအခြားတွေ အောက်သွားပြီ။ ထိုနေရာ၌ စမတ်၊ ပို၍ စမတ်ကျလာသော၊ စမတ်အကျဆုံး ဆိုပြီး အပိုင်းအခြားသစ် ပေါ်သည်။

Ref : Newsweek, The Economist

# ဒီဂျစ်တဲလ်တော်လှန်ရေးအတွက် လမ်းပြမြေပုံ

## ရှင်သန်ရေး မဟာဗျူဟာ

သတင်းခေတ်၊ ပညာခေတ်ဟု ပြောသည်ထက် ဒီဂျစ်တဲလ် တော်လှန်ရေးခေတ်ဟု ပြောလျှင် ပိုပြီး ဆီလျော်လိမ့်မည်ဟု ထင်သည်။ ဤ ဒီဂျစ်တဲလ် တော်လှန်ရေးခေတ်တွင် ဖွံ့ဖြိုးမှု မဟာဗျူဟာ (growth strategy) ထက် အသက် ရှင်သန်ရေး မဟာဗျူဟာ (survival strategy) က ပို၍ အရေးကြီးပါလိမ့်မည်။ ထို့ကြောင့် လမ်းပြမြေပုံသည် အသက် ရှင်သန်ရေးလမ်း မဟာဗျူဟာကို ဇဟိုပြု၍ ကြံဆရမည် ဖြစ်သည်။ ဒီဂျစ်တဲလ် တော်လှန်ရေးကြီး တစ်ခုလုံး၏ လမ်းပြမြေပုံ အကြောင်းကိုလည်း စဉ်းစားလာကြသည်။

ဤအကြောင်း စဉ်းစားသည့် နေရာမှာ ဒါဗို့(စ်) ကမ္ဘာ့စီးပွားရေး ဖိုရမ်တွင် ဖြစ်သည်။ ဆွေးနွေး တင်ပြသူတို့မှာ ဒီဂျစ်တဲလ် ကော်ပိုရေးရှင်းကြီးတို့မှ အမှုဆောင် အရာရှိတွေ ဖြစ်သည်။ သူတို့က အချက် တစ်ချက်တွင် အမြင်တူသည်။ ၄င်းမှာ ဒီဂျစ်တဲလ် တော်လှန်ရေး ဆိုသည်မှာ မီဒီယာတို့အား ခေတ်သစ် တစ်ခုထဲ ကျုံးသွင်းလိုက်ခြင်းပင် ဖြစ်သည်ဆိုသော အမြင် ဖြစ်သည်။ မီဒီယာချင်း တိုက်ပွဲ (The battle on any media) ပြင်းထန်မည်။ ဘယ်လို တိုက်ပွဲတွေလဲ ဆိုသည်ကို နားလည်နိုင်ရမည်။ မြင်နိုင်စွမ်း ရှိရမည်။ ဒီဂျစ်တဲလ် တော်လှန်ရေးက ဘယ်လို အစွမ်းတွေနဲ့ ကစားပြမလဲဆိုသော အချက်တို့ကိုလည်း စိတ်ကူးကြည့်နိုင်သည်။

ပုံနှိပ်စက် တစ်လုံး ကောင်းကောင်း ပိုင်လျှင်၊ ရုပ်သံလွှင့်ခွင့် လိုင်စင် ရရှိလျှင် မီဒီယာ လောကတွင် အတော်အတန် အလုပ်ဖြစ်ခဲ့သည်။ တန်ခိုးထက်သည်။ ယခု ဒီဂျစ်တဲလ်တော်လှန်ရေးတွင် ပုံနှိပ်စက် ပိုင်ဆိုင်မှုနှင့် ရုပ်သံလွှင့်ခွင့် လိုင်စင်အပေါ် အခြေခံလျှင် မီဒီယာ အင်ပါယာသည် ချက်ချင်းဆိုသလို မိမိ၏

အရှိန်အဝါ တန်ခိုးသြဇာ လျော့နည်းသွားကြောင်းကို ချက်ချင်း သိရှိမည်။ အဘယ် ကြောင့်ဆိုသော် ဒီဂျစ်တဲလ် တက္ကနိုလိုဂျီ၊ အင်တာနက်စသည့် ဆက်စပ်အရာတို့ကို ဗဟိုမပြုသောကြောင့် ဖြစ်သည်။

## ဒေသခံ အနှစ်သာရ

အီလက်ထရောနစ် အက်ကုမ္ပဏီ၏ မန်နေဂျာ ဂါးဟက် ဖလော်ရင်က အနာဂတ် လူထုမီဒီယာ အင်ပါယာ ထူထောင်လိုလျှင် တယ်လီဖုန်း ကုမ္ပဏီ ကြီးကြီးတစ်ခု၊ ဂူဂဲလ် ကဲ့သို့သော ရှာဖွေစက်နှင့် ဗီဒီယိုဂိမ်း ကုမ္ပဏီတို့နှင့် ပေါင်းစပ်ပေးနိုင်ရမည်။ ဤသို့ ပေါင်းစပ်ပေးရုံမျှမက 'အပြန်အလှန် တုံ့ပြန်မှု အနှစ်သာရ' ကိုလည်း ဖော်ထုတ်နိုင်ရမည်။ မီဒီယာသည် အပြန်အလှန် ဖြေဖျော်မှုကို ဖြည့်ဆည်းပေးနိုင် လျှင် စားသုံးသူတို့ စွမ်းရည်ပါဝါ မြင့်လာမည်။ စားသုံးသူတို့ ကိုယ်တိုင် အပြန်အလှန် တုံ့ပြန်တတ်လာလျှင် သူတို့သည် မလှုပ်မယှက် တုံးဏိုဘော မဖြစ်တော့ပေ။

ဖလော်ရင်က မီဒီယာ ကုမ္ပဏီတို့သည် ဂိမ်းမှ သင်ခန်းစာတို့ကို ယူထိုက် သည်ဟု အကြံပေးသည်။ ဂိမ်းကစားသူတို့သည် သီချင်းမြူးဇစ် သမားတို့နှင့် မတူ။ သတင်းစာ မဖတ်ကြပေ။ လာမည့် မျိုးဆက်တို့သည် အပြန်အလှန် တုံ့ပြန်မှု အနှစ်သာရကို ပို၍ ကြိုက်နှစ်သက်ကြလိမ့်မည်ဟု ခန့်မှန်းရသည်။ ဖလော်ရင်က သူ၏ ဂိမ်းတွင် သတင်းနှင့် အင်ဖော်မေးရှင်းတို့ကို ပူးတွဲပေးထားသော်လည်း ၎င်းတို့ကို အစွန်အဖျားတွင် ထားသည်။

အွန်လိုင်းမှ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်သော အနာဂတ် အလား အလာကို ခန့်မှန်းရာ၌ အွန်လိုင်းပေါ် အရာရာကို တင်နိုင်တာတော့ မှန်သည်။ သို့သော် လူတို့သည် ရုပ်ဝတ္ထုရှိသော အရာကို ပို၍ မက်မောသည်။ အွန်လိုင်းမှ ဒေါင်းလုပ်(ဒ်)(download) ဆွဲချခြင်းသည် ဈေးထဲ ကိုယ်တိုင် သွားဝယ်ခြင်း လောက် ကျေနပ်မှု မပေါ်ဟု ခံစားမိနေကြသည်။

အင်တာနက်သည် ဖြန့်ချိရေးစရိတ် သက်သာသွားနိုင်သည်။ သို့ရာတွင် အာရှစတားဂရုမှ စီအီးအို မီခေလ်ဂူထရီက အနာဂတ် မီဒီယာ အင်ပါယာတို့တွင် ဒေသစွဲ အနှစ်သာရတို့ကို ပိုမို ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲလိမ့်မည်ဟု ခန့်မှန်းသည်။ ဒေသအကြောင်း မဟုတ်သော အင်တာနေရှင်နယ်အကြောင်း အနှစ်သာရတို့ကို အသုံးအစွဲ နည်းမည့် ပုံသဏ္ဌာန် ရှိသည်။ ဂလိုဘယ် ဆက်သွယ်ရေးခေတ်တွင် ဒေသဆန်ခြင်း (Localization)သည် ထူးဆန်းဖွယ် ဖြစ်သည်။ သို့သော် အနှစ် သာရကို ထုတ်လုပ်နိုင်သော လူတွေ ပိုမို များပြားလာခြင်းနှင့် လူတွေနှင့် ထိတွေ့

သော အနုစ်သာရတို့သည်သာ စီးပွားရေးအရ တွက်ခြေကိုက်ခြင်း လက္ခဏာတွေ ပေါ်သဖြင့် ယခု ဒေသခံ အနှစ်သာရကို ပိုပြီး ဂရုစိုက်လာသည်ဟု ဆိုသည်။

## အင်ပါယာချင်း ပဋိပက္ခ

အတိတ်ကဆိုလျှင် မီဒီယာလုပ်ငန်းထဲ ဝင်ရောက် လုပ်ကိုင်နိုင်သူ အနည်းငယ်သာ ရှိသည်။ ယခု တစ်ပြုံတစ်ခေါင်းကြီး ရှိလာသည်။ ဤနေရာ၌ မီဒီယာကို အသုံးပြုသူနှင့် ပရိသတ် ခွဲခြားကြည့်သည်။ အနှစ်သာရတွင် ပရိသတ်က အရေးကြီးသော အစိတ်အပိုင်းအဖြစ် ပါဝင်လာမည်။ ပရိသတ် စိတ်ဝင်စားသော အနှစ်သာရတွေများမှ ဝင်ငွေ ကောင်းမည်။ စတား တီဗီသည် ပရိသတ်၏ အပြန်အလှန် တုံ့ပြန်မှုကို ရသည်။ ယခု မိုဘိုင်းဖုန်းတို့မှတစ်ဆင့် အက်(စ်)အမ်အက်(စ်) စာသားမက်ဆေ့(ချ်)တွေ ပို့နိုင်နေသည်။ ဤ အက်(စ်)အမ်အက်(စ်)တို့ဖြင့် ပရိသတ် တုံ့ပြန်နေသည်။ ထို့ကြောင့် စတားတီဗီသည် မိုဘိုင်းဖုန်းမှ အက်(စ်)အမ်အက်(စ်) မက်ဆေ့(ချ်)ပေါင်း သန်း ၁၀၀ အထိ ရရှိနေသည်။

ရှဲလ်ဘိုင်ဆိုနီ (စီအင်အီတီနက်ဝပ်မှ စီအီးအို)က အနာဂတ် မီဒီယာ အင်ပါယာတို့သည် ဘရော့ဒ်ဘင် နာမည်အပေါ် ပို၍ ဇဟိုပြုဖွယ် ရှိသည်ဟု ခန့်မှန်းသည်။ ဖြန့်ချိရေး နည်းလမ်းများအပေါ် အားထားခြင်းသည် လျော့နည်းလာမည်။ သိကြသည့်အတိုင်း ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာနှင့် တီဗီစတေရှင်တို့သည် ဘယ်လို ဖြန့်ချိသနည်းဆိုသော ဖြန့်ချိရေး နည်းလမ်းတို့အပေါ် ရပ်တည်နေရသည်။ ဤသို့ အစီပွာယ် ဖော်မှုသည် အနာဂတ်၌ မှေးမှိန်သွားဖွယ် ရှိသည်။ မီဒီယာ ကုမ္ပဏီတို့သည် မီဒီယာ လုပ်ငန်းအတွင်း အပြိုင်အဆိုင်တွေ အများအပြား တွေ့ရမည်။ စားသုံးသူတို့က မီဒီယာတစ်ခုသည် စီအင်အင် အားကိုးသလား၊ ဝါရှင်တန်ပို့(စ်)အပေါ် အားကိုးသလား ကြည့်တော့မည် မဟုတ်ချေ။

အနာဂတ်တွင် မီဒီယာ အင်ပါယာချင်း ပဋိပက္ခ ပေါ်မည်။ သုံးချောင်းထောက် ခွေးခြေမှုကို ပိုပြီး အနှစ်သာရရှိရှိ ကျင့်သုံးလာရမည်။ ၄င်း သုံးချောင်းထောက် ခွေးခြေမှာ အနှစ်သာရသည် (၁)မူရင်း ပင်ရင်း ဖြစ်ရမည်။ (၂) အသုံးပြုသူတို့က မွေးထုတ်ခြင်း ဖြစ်ရမည်။ (၃)ခြုံငုံ ပေါင်းရုံးထားခြင်း ဖြစ်ရမည်။

## သာမညောင်ညကွယ်

မီဒီယာ ကုမ္ပဏီချင်း ပြိုင်ကြ ဆိုင်ကြသောအခါ မိမိပြိုင်ဘက်က သုံးစွဲသော ပေါက်လမ်း နည်းဗျူဟာ (strategy) တို့ကိုလည်း မိမိပရိသတ်သိအောင် ပြုပေးရမည်။

အနှစ်သာရနှင့် ပတ်သက်၍ ဆိုခဲ့ပါအတိုင်း အပြောင်းအလဲများ ရှိလာမည့်နည်းတူ မီဒီယာတို့၏ ဝင်ငွေပိုင်း၌လည်း အပြောင်းအလဲများ ရှိလာနိုင်သည်။ အနာဂတ်၌ ကြော်ငြာဝင်ငွေတို့က အရေးကြီးနေဦးမည် ဖြစ်သည်။ သို့သော် အချက်တစ်ချက် ပေါ်လာနိုင်စရာ ရှိသည်။ ယင်းမှာ စာဖတ်သူတို့က ကြော်ငြာတွေ မပါသော အနှစ်သာရကို ပိုပြီး ကြိုက်နှစ်သက်ခြင်းမျိုး ဖြစ်သည်။ ဤအချက် ပေါ်လာလျှင် ကြော်ငြာကို သိပ်အားကိုးရန် လိုမည် မဟုတ်ချေ။

စီအီးအို ဘိုနီ၏ အမြင်အရ ဘယ်သောအခါ ဘာကို ကြည့်ရမည်ဆိုသည့် ရွေးချယ်မှု၌ စားသုံးသူတို့ကသာ ပျော့ပျောင်းမှု ရှိလာမည်ဟုဆိုလျှင် သာမညသောင်ည ရှက်ကြမ်းရေကို အနှစ်သာရတို့အပေါ် လိုအပ်မှုသည် ပပျောက်သွားပါလိမ့်မည်။

မီဒီယာ အင်ပါယာချင်း ပဋိပက္ခ (The Clash of Empires) ဟုဆိုရာ၌ မီဒီယာ အချင်းချင်းသာမက ဘာမျှ အဆက်အစပ် မရှိသော အင်ဒတ်စထရီတို့နှင့်လည်း မမျှော်လင့်ဘဲ ဆန့်ကျင် ပဋိပက္ခ ဖြစ်ရမည့်အရေးကို အမှတ်တွေ ထားရမည်။ (ဥပမာ ရုပ်မြင်သံကြား လုပ်ငန်းနှင့် မိုဘိုင်းဖုန်း ကုမ္ပဏီတို့သည် မမျှော်လင့်ဘဲ ပဋိပက္ခ ဖြစ်ရခြင်းမျိုး) မိုဘိုင်းဖုန်းတွေထဲ တီဗီ ပရိုဂရမ်တွေ လွှင့်ထည့်ပေးလာသောအခါ မိုဘိုင်းဖုန်းသည် မီဒီယာလုပ်ငန်းထဲ နေရာကြီးကြီး ယူလာတော့သည်။

ဤတွင် မေးခွန်းတစ်ပုဒ် မေးသည်။ လူတိုင်းလက်ထဲ မိုဘိုင်းဖုန်းတွေ ရောက်ရှိသွားလျှင် ဘာ ဖြစ်သွားမည်နည်းဟူ၍ ဖြစ်သည်။ အဖြေက ဝင်ငွေရှာသည့် နည်းလမ်း အသစ်တွေ ရှာဖွေရန် လိုအပ်လာလိမ့်မည် ဟူ၍ ဖြစ်မည်။

Ref : IHT

## ဒီဂျစ်တဲလ်လိုက်(ဖ်)စတိုင် ပေါင်းဆုံမိခြင်း

လိုက်(ဖ်)စတိုင် အမျိုးမျိုးရှိရာ တစ်မျိုးစီ၏ အပြောင်းအလဲသည် အခြား တစ်မျိုး၏ အပြောင်းအလဲနှင့် တူနိုင်ဖွယ် မရှိပေ။ ယခု ပြောမည့် လိုက်(ဖ်)စတိုင်ကို ဒီဂျစ်တဲလ် လိုက်(ဖ်)စတိုင် (Digital Lifestyle) ဟု ခေါ်သည်။ ဒီဂျစ်တဲလ် လိုက်(ဖ်)စတိုင်၌ပင် အမျိုးမျိုး ရှိလေရာ ယခုအခါ ဒီဂျစ်တဲ လိုက်(ဖ်)စတိုင်တို့သည်ပင်လျှင် ပေါင်းဆုံမိသွားပြီး Convergence in digital lifestyle ဟု ဆိုသည်။

ဒီဂျစ်တဲလ်လောကတွင် ဘရင်းန် (brands) တွေရှိသည်။ ဝန်ဆောင်မှုပေးသူ (service providers) တွေ ရှိသည်။ သူတို့သည် ယေဘုယျအားဖြင့် ကွန်ရက်ထဲ ဝင်လမ်းကိုသာ စူးစိုက်သည်။ သို့သော် ယခု ဒီဂျစ်တဲလ် လိုက်(ဖ်)စတိုင်တွေ ပေါင်းဆုံလာမိသောအခါ၌ ကွန်ရက် ဝင်လမ်းကို ကျော်ကြည့်ရတော့မည်။ beyond network access ဟု ခေါ်သည်။

ဒီဂျစ်တဲလ်လိုက်(ဖ်)စတိုင်၌ ရေပန်းစားသော စကားရပ်တို့မှာ ရွေ့လျားနိုင်မှု (mobility)၊ တီထွင် ဆန်းသစ်မှု (innovation) နှင့် နေ့စဉ်နေ့စဉ် ပြဿနာ ဖြေရှင်းနိုင်မှု (day-to-day problem-solving) တို့ဟူ၍ ဖြစ်သည်။ ဤစကားများ ရေပန်းစားလာသည်မှာလည်း အိုင်တီခေါ် အင်ဖော်မေးရှင်း တက္ကနိုလိုဂျီနှင့် စီတီ(CT) ခေါ် ဆက်သွယ်ရေး တက္ကနိုလိုဂျီတို့ ပေါင်းဆုံမိသွားသောကြောင့် ဖြစ်သည်။ ဤပေါင်းဆုံမှုသည် ပထမ ကဏ္ဍတွင် စတင် ဖြစ်ပွားပြီးမှ အခြားကဏ္ဍသို့ ပျံ့နှံ့သွားသည်။ ဂက်ဂျက် (gadget) တွေ ထုတ်လုပ်သည်။ အသုံးချမှု ကိရိယာတွေ ထုတ်လုပ်သည်။ လိုက်(ဖ်)စတိုင် အဖြေတွေ ထုတ်သည်။ ရည်ရွယ်ချက်မှာ ဒီဂျစ်တဲလ် မျိုးဆက်ကို စိတ်လှုပ်ရှားသွားအောင်၊ ရယ်မောရအောင် ပြုခြင်း ဖြစ်သည်။

## ကောင်းကင်ထက် မြန်

ဒီဂျစ်တဲလ်မျိုးဆက် ဆိုသည်မှာ ဘလက်ဘာရီ (Blackberry)၊ သရီးဂျီ (3 G)၊ ဘလော့(ဂ်)(Blog)နှင့် ဂူဂဲလ်ရှာစက် (Google search machine)တို့ဖြင့် ပြီးသော လောကကို ရည်ညွှန်းသည်။ ဒီဂျစ်တဲလ် ကုမ္ပဏီချင်း ပြိုင်ဆိုင်နေကြသည်မှာ ကြွက်တွေ ပြိုင်နေသည်နှင့် တူသည်။ ထို့ကြောင့် ဒီဂျစ်တဲလ်မျိုးဆက် ကြွက်ကြီးတွေ ပြိုင်ပွဲ၏ ခွဲထုတ်၍ မရနိုင်သော အစိတ်အပိုင်း ဖြစ်လာပြီး ဘီစနက်တွင် သတင်းအချက်အလက် အပြည့်အစုံနှင့် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရန် အလို့ငှာ ခလုပ်နှိပ်ပြီး အင်ဖော်မေးရှင်း ရှာသည်။ နေ့စဉ်နေ့စဉ် ပြဿနာနှင့် စိန်ခေါ်မှု မျိုးစုံကို ရင်ဆိုင် ဖြေရှင်းနေကြရခြင်းကပင် လိုက်(ဖ်)စတိုင်တစ်ပါး ဖြစ်လာသည်။ ပြဿနာနှင့် စိန်ခေါ်မှုတို့ကို ဒီဂျစ်တဲလ် ကိရိယာတို့ဖြင့် အဖြေရှာခြင်းသည် ဒီဂျစ်တဲလ် လိုက်(ဖ်)စတိုင်ပင် ဖြစ်သည်။

မကြာသေးမီက မိုဘိုင်းဖုန်းထဲ ဘလော့(ဂ်)ကိရိယာ ထည့်ပေးလာသည်။ အင်တာနက် ဝက်(ဘ်)ဆိုက်တို့၌ မိုဘိုင်းဖုန်း အသုံးပြုပြီး စာရေးနိုင်သည်။ ဂူဂဲလ်၏ ရှာဖွေစက်ထဲဝင်ပြီး လိုရာ အနှစ်သာရကို ရှာဖွေနိုင်သည်။ သို့ဖြင့် ဘလော့(ဂ်)(ဝက်(ဘ်)ဆိုက်တွင် စာရေးခြင်း) လုပ်ငန်းသည် ခုန်ပျံ တိုးတက်နေပြီ။

ဒီဂျစ်တဲလ်မျိုးဆက်ကို ငယ်နာမည်တစ်မျိုး မှည့်သေးသည်။ ဤနာမည်မှာ အင်ဖော်မေးရှင်း စားသုံးသူတို့ ဟူ၍ ခေါ်ကြသည်။ ကုန်စည် စားသုံးသူ၊ ဝန်ဆောင်မှု စားသုံးသူတို့အပြင် ယခု အင်ဖော်မေးရှင်း စားသုံးသူဆိုပြီး ပေါ်လာသည်။ သို့ဖြင့် မိုဘိုင်းဖုန်းနှင့် အင်တာနက် ဝက်(ဘ်)ဆိုက်၌ စာရေးသူ (ဘလော့ဂ်ဂါချင်း) တို့သည် ကောင်းကင်ဘုံ၌ ထိမ်းမြားမိသွားကြပြီ။ ကင်မရာကပါ ဝင်ပါလာသော အခါ ထိမ်းမြားမှုသည် အတော် စိုပြည်သွားသည်။

## ဆိုက်ကို ဂရပ်ဖစ် အသစ်

အင်တာနက် မိုဘိုင်းဖုန်းနှင့် ဂူဂဲလ်၏ ရှာဖွေစက်တို့ ပေါင်းဆုံမိလာပြန်ပြီ။ ဆိုနီ အီရစ်ဆန်မိုဒါဖုန်းနှင့် မိုတိုရိုလာတို့က သူတို့၏ ဖုန်းတို့ကို ဂူဂဲလ်၏ ရှာဖွေစက် နှင့် ချိတ်ဆက်မည်ဟု ဆိုလာသည်။ မိုဘိုင်းဖုန်းက ပီစီ ကွန်ပျူတာကို အစားထိုးမည့် အရိပ်အရောင် ပေါ်လာသောအခါ ပီစီတို့၏ အဘိုး မိုက္ကရိုဆော့(ဖ်)က ပီစီကို အဆုံးစွန်ရောက် မိုဘိုင်းပီစီအဖြစ် တီထွင်လိုက်ပြန်၍ ပီစီသည် မိုဘိုင်းဖုန်း ဖြစ်လာသည်။

ဖော်ပြပါ ဒီဂျစ်တဲလ်၏ တိမ်းညွတ်ချက် အားလုံးသည် ဒီမိုဂရပ်ဖစ်

(လူဦးရေ) ကမ္ဘာသစ်နှင့် ဆိုက်ကို ဂရပ်ဖစ် ကမ္ဘာသစ် စိတ်ပြဇယား (new world of demographics and new psychographics) ဆီသို့ ရေးရှု ညွှန်ပြလာသည်။ ဤကမ္ဘာသစ်တွင် မတ်ကက်တင်းဆိုင်ရာ ပါရဒိမ်း အဟောင်းတို့သည် စွန့်ပစ်ခံရပြီ။ ခေတ် မမီတော့ပြီ။

စားသုံးသူ၏ လိုအင်ဆန္ဒနှင့် လိုအပ်ချက်တို့သည် အရသာ ခံစားမှုနှင့် ကိုယ်ပိုင် နှစ်ခြိုက်မှုတို့တွင် ကစဉ့်ကလျား ပေါက်ကွဲမှု အမျိုးမျိုး (chaotic bursts)တို့ဖြင့် ပုံပျက်ပန်းပျက် ဖြစ်လာခဲ့ပြီ။ သရီးဂျီ ဆိုသည်မှာ ဗွီဒီယိုဖုန်းလို့ ထင်သည်။ မိုဘိုင်းဖုန်းထဲ၌ စီအင်အင်နှင့် ဘလွန်းဘတ်တို့ကို ကြည့်နိုင်သည်ဟု ထင်သည်။ ဤအထင်သည် မမှားပေ။ သို့ရာတွင် ဤအထင်သည် ခေတ် နောက်ကျသွားပြီ။ သေတ္တာခွံထဲ အောင်းပြီး တွေးတောခြင်းမျိုး ဖြစ်သည်။ သေတ္တာထဲမှ ထွက်ပြီး စဉ်းစားရတော့မည် (Think out of the box.) ဟုဆိုသည်။ ဒီဂျစ်တဲ လိုက်(ဖ်)စတိုင်တွင် ရုပ်မြင်သံကြား ကြည့်ခြင်း ပါဝင်သော်လည်း ရုပ်မြင်သံကြား သေတ္တာ အပြင်ဘက် လျှောက်ကြည့်ရသည်။ စဉ်းစားရသည်။

Ref : Convergence in Digital Lifestyle by Jeff Qoi

# လူပွေလူရှုပ် အီးဘိစနက်တွင် ပိုများပြား

## ဆပ်ကာ မဖြစ်ရအောင်

စီးပွားရေးတွင် လူလိမ်၊ လူညာ၊ လူနပ်တို့ ရှိစမြဲ ဖြစ်သည်။ ယခု အင်တာနက်တို့ အီးမေးလ်တို့၊ အီးဘိစနက်တို့ ပေါ်လာမှ လူလိမ်၊ လူညာ၊ လူရှုပ်၊ လူပွေတွေ ပို၍ များလာသည်ဟု ဆိုသည်။ ဤသို့ လူလိမ်၊ လူရှုပ်တွေ တစ်ဖက်မှ ပေါ်များလာသည့် နည်းတူ အခြားတစ်ဖက်၌လည်း အနုပ် ခံလိုက်ရသူတို့ကလည်း အကြောင်းအမျိုးမျိုးကြောင့် များလာသည်။ ခံလိုက်ရသူတွေ (victims)ဟု ခေါ်သည်။ သူတို့ကို ဆပ်ကာ (sucker)လို့လည်း ခေါ်သည်။ sucker ၏ အဓိပ္ပာယ်မှာ လူအ လူနုံ၊ အမဲ၊ အချဉ် ဟု သက်ရောက်သည်။ သူတို့ အနုပ်ခံရ၊ အချဉ်ဖမ်း ခံရသည်မှာလည်း ခေတ်မီ တက္ကနိုလိုဂျီတွေ မကျွမ်းကျင်၍ ဖြစ်သည်။ ခေတ်မီ တက္ကနိုလိုဂျီတို့တွင် စမတ် မကျ၍ ဖြစ်သည်။ ထို့ကြောင့် ခေတ်သစ် ဘိစနက်တွင် တစ်နည်းပြောလျှင် အီးဘိစနက်တွင် အနုပ် မခံရအောင်၊ လူအ ငတုံးအဖြစ် မခံရအောင် ဘယ်လို ရှောင်တိမ်းရမလဲဆိုသော နည်းတွေဆိုပြီး ပညာရပ်တစ်ရပ် သီးခြား ပေါ်လာသည်။

ယခင် နေအေး လိမ်နည်းတွေကတစ်မျိုး။ ယခု လိမ်နည်းတွေက အလွန် ဆန်းကြယ်သည်၊ ခေတ်မီသည်။ အလိမ် ခံလိုက်ရသည်ကိုပင် မသိလိုက်ပေ။ ဘိစနက် စီးပွားရေးတွင် အန္တရာယ် (risks)ဆိုတာ ရှိစမြဲ ဖြစ်သည်။ အန္တရာယ် ရင်မဆိုင်ဘဲနှင့် စီးပွားရေးလုပ်လို့ မဖြစ်ပေ။ သို့သော် ယခု အန္တရာယ် (risks) တို့မှာ စီးပွားရေးတွင် တွေ့နေကျ အကျပ်အတည်းမျိုး၊ အရှုံးအမြတ်မျိုး၊ သဘာဝဘေးအန္တရာယ်မျိုးတို့အပြင် လိမ်လည်မှု၊ ငွေခဝါချမှု၊ ငွေလမ်းကြောင်း ပြောင်းမှု၊ ငွေအတုလုပ်မှု၊ အခြား အတုလုပ်မှု၊ ခိုးကူးမှု၊ ခိုးမှု၊ အမှတ်အသား လိမ်ညာမှု၊ မကြာသေးမီကဆိုလျှင် ဆိုက်တာပြစ်မှုနှင့် အကြမ်းဖက် တိုက်ခိုက်မှုတို့ပါ စုံလင်လာသည်။ ထို့ကြောင့် မျိုးစုံ ခြိမ်းခြောက်မှု (multiple threats)တို့ကို ဘိစနက် တို့ ဘယ်လို တုံ့ပြန်မလဲဟု ဝေဖန် ဆွေးနွေးလာကြသည်။

## ချုပ်ရိုးမဲ့ ရိုက်စား

ဤဆွေးနွေးမှုကို အချဉ် အဖမ်း မခံရအောင် ရှောင်တိမ်းနည်း (How to Avoid Being a Sucker)ဟု ခေါင်းစဉ်းတပ်သည်။ ယုံလွယ်သော ရင်းနှီးမြှုပ်နှံသူတို့ကို သူတို့ လက်ထဲမှ ငွေ ခွာသွားအောင် နည်းမျိုးစုံဖြင့် လုပ်ခြင်းကို scamဟု ခေါ်သည်။ ရိုက်စားသည်ဟု ဗန်းစကားနှင့် ပြောနိုင်သည်။ လူ့ရှုပ်တို့၌ ရိုက်စားနည်း အမျိုးမျိုး ရှိကြသည်။ ယခု အီးမေးလ်တို့၊ ဆဲလ်ဖုန်းတို့၊ အင်တာနက်တို့ ပေါ်လာသောအခါ ဘာပြောကောင်းမလဲ၊ ရိုက်စားနည်းတို့က အတော် ပိရိလာသည်။ လက်ရာ မပေါ်နိုင်၊ ချုပ်ရိုး မဲ့သည်၊ ညက်လှသည်။ စိတ်ပညာ လှည့်စားချက်တို့ကလည်း ပိပြင်သည်။

ယခု အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးများအသင်း (ICC)က ရိုက်စားမှုတို့မှ ရှောင်နည်း သင်တန်းတွေ ဖွင့်သည်။ ဤသင်တန်းတို့က သိပ် ခက်ခက်ခဲခဲ မသင်ဘဲ အများသိရှိ သင်ဉာဏ်တို့ကို သုံးပြီး အခြေခံပညာ ရှိလျှင် အလိမ်ခံရသည့်ဘေးမှ လွတ်ကင်းနိုင်သည်ဟု ကြေညာသည်။ ဤအသင်းက အဓိက သင်ကြား ပို့ချနည်းမှာ ယခုအထိ ပေါ်ထွန်းနေသော လိမ်နည်း ပေါင်းစုံတို့ကို သိအောင် ပြုလုပ်ပေးခြင်း ဖြစ်သည်။ လိမ်နည်း ပေါင်းစုံတို့ကို ကိုယ်က သိထားလျှင် ကြိုတင် ကာကွယ်နိုင်ပုံရသည်။ ထို့ကြောင့် (၁) ပြစ်မှု ကျူးလွန်သူတို့က ဘဏ်စနစ်ကို ဘယ်လို အသုံးချသလဲ၊ (၂) နောက်ဆုံးပေါ် ရိုက်စားနည်းသစ်တို့သည် ဘာတွေနည်း၊ (၃) ငွေခဝါချရန် ဘဏ္ဍာရေး စာရွက်စာတမ်း လိမ်လည်မှု (financial instruments fraud)တို့ကို ဘယ်လို အသုံးပြုသနည်း၊ (၄) လိမ်တော့မည်ဟု သိနိုင်သော သတိပေးချက်တို့ကို သင် ဘယ်လို ရိပ်စားမိနိုင်သနည်း စသော မေးခွန်းတို့ကို ဖြေကြသည်။

## ပင်လယ်ဓားပြနှင့် ဒဏ္ဍာရီ

ပင်လယ် ဓားပြရန်တို့ကလည်း ကြီးမားနေရာ ဘိစနက် အန္တရာယ် (business risks)ထဲ ထည့်သွင်း စဉ်းစားနေရသည်။ ဤအလို့ငှာ အိုင်စီစီ (အပြည်ပြည်ဆိုင်ရာ ကုန်သည်ကြီးအသင်း)က (၁) ပင်လယ်ဓားပြရန်ကို ကာကွယ်ရန်အလို့ငှာ အစိုးရနှင့် ဘိစနက်တို့ ဘယ်လိုပူးပေါင်း ဆောင်ရွက်သနည်း၊ ရဲအဖွဲ့ အသီးသီးတို့နှင့် ဘယ်လို ဆောင်ရွက်သနည်း၊ (၂) နိုင်ငံရေး မတည်ငြိမ်မှုသည် ပင်လယ် ဓားပြရန် ပျံ့နှံ့မှု၌ ဘယ်လောက် တာဝန်ရှိသနည်း၊ (၃) ပင်လယ်ဓားပြ လုပ်ငန်းသည် ဂိုဏ်းဖွဲ့ ရာဇဝတ်မှု ကျူးလွန်သောဂိုဏ်း၊ အကြမ်းဖက် ဝါဒီတို့နှင့် အချိတ်အဆက်

ရှိမရှိ၊ (၄) သင်္ဘောပိုင်ရှင်တို့သည် သင်္ဘော၊ သင်္ဘောသားနှင့် ကုန်ပစ္စည်းတို့ကို ဘယ်လောက် လုံခြုံရေး အကာအကွယ် ပေးနိုင်သနည်း စသည်ဖြင့် ပို့ချသည်။

အိုင်စီစီ၏ ပို့ချချက်တွင် ပါရာနွာ (pararoia) အကြောင်း ပါသည်။ ပါရာနွာ၏ အဓိပ္ပာယ်မှာ 'တစ်ပါးသူအပေါ် ယုံမှားသံသယ လွန်ကဲမှု' ဟူ၍ ပေါက်သည်။ ဘီစနက် လုံခြုံရေး ပြဿနာကို ၉/၁၁ အကြမ်းဖက် တိုက်ခိုက်မှု အပြီး အခြေအနေနှင့် စပ်ဟပ် စဉ်းစားကြည့်သည်။ လုံခြုံရေးကို တင်းကြပ်ရသောအခါ စီးပွားရေး လုပ်ငန်းတိုင်းကို လည်းကောင်း၊ ဖောက်သည်တိုင်းကို လည်းကောင်း၊ မိမိဝန်ထမ်းနှင့် အပေါင်းအဖော်တို့ကို လည်းကောင်း မနှစ်မြို့စွာနှင့် စစ်ဆေးရသည့် အလုပ်တွေ လုပ်လာကြရသည်။ ၉/၁၁ အပြီး၌ ဖောက်သည်သည် လုံခြုံရေးအတွက် အမေးအမြန်း အစစ်အဆေးခံ (security imperative) ဖြစ်လာသည်။ ထို့ကြောင့် အိုင်စီစီ လက်ချာတို့တွင် (၁) ဖောက်သည်တို့ကို လုံခြုံရေး အလို့ငှာ စောင့်ကြည့်သောအခါ လွန်ကဲမှုတွေ ရှိသလား၊ (၂) ဘီစနက်တွင် ယုံကြည်စိတ်ချမှု (trust) သည် အခရာ ဖြစ်သည်၊ စိုးရိမ်ခြင်းနှင့် သံသယဖြစ်ခြင်းတို့သည် ဤ ယုံကြည်စိတ်ချမှုကို ဘယ်လောက် ပျက်ပြားစေသနည်း၊ (၃) ၉/၁၁ ဖြစ်ရပ်ကြီး အပြီးတွင် အိုင်စီစီ ပရိသတ်အား သူတို့၏ မှတ်ဉာဏ်များ မမှုန်မွှားမီ ဒဏ္ဍာရီတွေ ဝင်မလာခင် သင်ခန်းစာတွေ ရရှိအောင် အားပေးသည် ဟူ၍ ဖော်ပြထားသည်။

## ဗျူရို

ဘီစနက် အန္တရာယ်ထဲတွင် ဘီစနက်ဆိုင်ရာ ရာဇဝတ်မှုတို့ကလည်း နေရာကျယ်ကျယ် ပါဝင်လာသည့်အလျောက် အိုင်စီစီက 'ကူးသန်းရောင်းဝယ်ရေး ပြစ်မှုဆိုင်ရာ ဝန်ဆောင်မှု' (Commercial Crime Services) ဆိုပြီး ကော်မရှင်တစ်ရပ် ဖွဲ့စည်းထားရသည်။ ဤကော်မရှင် အောက်တွင် (၁) အတု အမျိုးမျိုး လုပ်ခြင်းဆိုင်ရာ ထောက်လှမ်းရေး ဗျူရို (၂) ဘဏ္ဍာရေး စုံစမ်းစစ်ဆေးရေး ဗျူရို (၃) အပြည်ပြည်ဆိုင်ရာ လေကြောင်း ဗျူရိုနှင့် (၄) ဆိုက်ဘာပြစ်မှု ယူနစ်တို့ ဟူ၍ ဖွဲ့စည်းပေးထားရသည်။ အိုင်စီစီက ဘီစနက်လုပ်သူတွေ အနှပ်မခံရအောင်၊ အချဉ်အဖမ်း မခံရအောင် သူတို့၏ သင်တန်းတို့ကို တက်ချင်တက် သို့တည်းမဟုတ် သူတို့၏ စာပေတို့ကို ဖတ်ချင်ဖတ်၊ တစ်ခုခုတော့ လုပ်သင့်ပြီဟု ဆော်ဩနေကြသည်။

Ref : ICCL's Standing up for the global economy

## ငါးထစ်လှေကား တက်မလား

### လယ်ယာမှ အီလက်ထရွန်းနစ်သို့

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို လှေကားလို ကြည့်သည်။ ဤလှေကားတွင် အထစ် ၅ ထစ် ရှိသည်။ ဤအထစ်တို့ကို စီပြရလျှင် အောက်မှအထက် အောက်ပါအတိုင်း ရှိမည်။ (၅)သည် အောက်ဆုံး အထစ်၊ (၁) သည် အမြင့်ဆုံးအထစ် ဖြစ်သည်။ (၅)လယ်ယာ စိုက်ပျိုးရေးနှင့် သဘာဝ သယံဇာတပစ္စည်း ထုတ်လုပ်မှု၊ (၄) အထည်အလိပ်နှင့် အဝတ်အစားတို့ကဲ့သို့ ကုန်ချောထုတ်လုပ်မှု၊ (၃) သံနှင့် သံမဏိကဲ့သို့ အကြီးစား စက်မှုလုပ်ငန်းများ၊ (၂) မော်တော်ကားကဲ့သို့ ခေတ်မီ စက်မှုလုပ်ငန်းများ၊ (၁) နည်းပညာ အဆင့်မြင့် ဟိုက်တိုက် အီလက်ထရွန်းနစ် လုပ်ငန်းတို့ဟူ၍ ဖြစ်သည်။

နိုင်ငံတိုင်းသည် ဤအထစ်တို့ကို နင်းပြီး တက်ခဲ့ကြရသည်။ အောင်မြင်သော နိုင်ငံတို့သည် ဤအထစ်တို့ကို တက်နိုင်သည်။ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယ စသည့် နိုင်ငံတို့သည် ဤအထစ်တို့ကို တစ်ထစ်ပြီးတစ်ထစ် တက်နိုင်ခဲ့ကြ၍ အမြင့်ဆုံး လှေကားထစ်တွင် ရောက်ရှိနေကြပြီ။

စီးပွားရေး ဖွံ့ဖြိုးမှုကို လှေကားထစ်ဖြင့် နှိုင်းသော ဘောဂဗေဒ ပညာရှင် မိုက်ကယ် မင်ဒဲလ်က လှေကားထစ် တက်နည်း နှစ်မျိုး ရှိကြောင်းကိုလည်း ရှင်းပြသည်။ ပထမနည်းသည် မြူးမြူးရွှရွှဖြင့် တက်သွားခြင်းဖြစ်သည်။ ၎င်းကို Exuberant Growth ဟု ခေါ်သည်။ ဒုတိယနည်းသည် သတိဝီရိယ ထား၍ တက်ခြင်းဖြစ်သည်။ ၎င်းကို Cautious Growth ဟု ခေါ်သည်။

## အနာမခံ အသာမစံ

ထိုနှစ်နည်း၌ သူ့ ဝိသေသနှင့်သူ ရှိသည်။ မြိုးမြိုးရှရှ လှေကားထစ် တက်သည် ဆိုသည်မှာ တီထွင် ဆန်းသစ်မှုကို စွန့်စား၍ လုပ်ကိုင်ခြင်း မည်သည်။ တီထွင် ဆန်းသစ်မှု ပြုရာ၌ အန္တရာယ်တွေ ရှိသည်။ ဤ အန္တရာယ်တို့ကို ရင်ဆိုင်ရဲသည်၊ ယူရဲသည်။ ထိုမျှသာမက စီးပွားရေးကလည်း ဤ အန္တရာယ်တို့ကို စုပ်ယူနိုင်သည်၊ ခံနိုင်သည်။ ၎င်းကို Taking risks and absorbing of risks ဟုခေါ်သည်။ အနာ မခံဘဲ အသာ မစံရ။ No Pain, No Gain ဆိုသော မူကို လိုက်နာဟန် ရှိသည်။

သတိဝီရိယ ထား၍ လှေကားထစ် တက်သောနည်းသည် ရုပ်ပိုင်း အရင်းအနှီးတို့ကို တည်တည်ငြိမ်ငြိမ် စုဆောင်းခြင်း (steady accumulation of physical capital) ကို အာရုံပြုသည်။ အန္တရာယ် သိပ်မယူပေ။ အန္တရာယ် အပေါ် သတိကြီးစွာထားသည်။ စိတ်ချရမှ စွန့်သည်။ စိတ်မချလျှင် မစွန့်ပေ။

အခြားတစ်ဖက်၌ မြိုးမြိုးရှရှ စွန့်စား၍ စီးပွားရေး လုပ်နိုင်ရန်အတွက် ဆိုလျှင် အချက်နှစ်ချက် လိုပြန်သည်။ ပထမ အချက်သည် ပညာတတ် လူထု (educated people) ထည်ထည်ဝါဝါ ရှိရန် ဖြစ်သည်။ သူတို့က အိုင်ဒီယာတွေ ကြံဆ မွေးထုတ်ပေးသည်။ အိုင်ဒီယာတွေ ခမ်းခြောက် မွဲတေနေသော အခြေအနေ၌ လှေကားထစ်တို့ကို မြိုးမြိုးရှရှ တက်သွားရန် မဖြစ်နိုင်ပေ။

ဒုတိယ အချက်သည် ဤပညာတတ် လူထုက ကြံဆ မွေးထုတ်သော အိုင်ဒီယာတို့ကို စမ်းသပ် အကောင်အထည် ဖော်နိုင်ရန် ငွေကြေးအင်အား ကောင်းကောင်း ထောက်ပံ့နိုင်သော တောင့်တင်းသည့် ဘဏ္ဍာရေးစနစ် (financial system) တစ်ရပ် လိုသည်။

ဤနှစ်ချက် ပြည့်စုံသော နိုင်ငံမှာ အမေရိကန် ပြည်ထောင်စု ဖြစ်သည်။ အိန္ဒိယနှင့် တရုတ် စီးပွားရေးတို့လည်း မြန်မြန်ဆန်ဆန် တိုးတက်လာပါသည်။ သို့ရာတွင် အန္တရာယ်များသော တီထွင်ဆန်းသစ်မှု (risky innovation) အတွက် လုံလောက်သော အရင်းအမြစ် အင်အား မရှိ။ ဘဏ္ဍာရေး အခြေခံ အဆောက်အအုံ ခိုင်မာခြင်း မရှိသေးပေ။

## ရှေ့ဆောင်လမ်းပြ

စွန့်သည်၊ အန္တရာယ်ကို ယူသည် ဆိုသည်မှာ တက္ကနိုလိုဂျီ အသစ်တို့အပေါ် လောင်းကြေးထပ် ကစားရခြင်း ဖြစ်သည်။ သူများ နိုင်ငံတွေက မလုပ်နိုင်သော

တက္ကနိုလိုဂျီတို့ကို စွန့်စား တီထွင်ရခြင်း ဖြစ်သည်။ တက္ကနိုလိုဂျီ ဖွံ့ဖြိုးမှုကို မီးကုန်ယမ်းကုန် ဆောင်ရွက်ခဲ့သဖြင့် ဒေါ့ကွန်းတွေ၊ တယ်လီကွန်းတွေ တစ်အား ပေါ်လာသည်။ ဤသို့ ဒေါ့ကွန်းတွေ၊ တယ်လီကွန်းတွေ အလွန်စန်းပွင့်ပြီး သိပ်မကြာ ခင်တွင် ဒေါ့ကွန်း၊ တယ်လီကွန်း လုပ်ငန်းတွေ အရှုံးတွေ့ကြသည်။ အံ့သြစရာ ကောင်းသည်မှာ ဒေါ့ကွန်း၊ တယ်လီကွန်းကို အရှုံးတို့နှင့် အကြီးအကျယ် ရင်ဆိုင် ကြရသော်လည်း ခြေလှမ်းကား မပျက်ကြပေ။ ထို့ကြောင့် သင်ခန်းစာမှာ လှေကားထစ်တို့ကို မြူးမြူးရွှရွှ တက်သည်ဖြစ်စေ၊ သတိထား၍ တက်သည်ဖြစ် စေ ကြားထဲခြေလှမ်း မမှားဖို့ ဖြစ်လာသည်။ ဖွံ့ဖြိုး တိုးတက်မှုအတွက် ကြိုးပမ်းရာ တွင် ခြေလှမ်း မမှားရေး အရေးကြီးပုံကို ညွှန်းသည်။

ယခု ကမ္ဘာ့ စီးပွားရေးကို ရှေ့ဆောင်လမ်းပြ ပြုနေသူမှာ ဘယ်သူနည်း။ လှေကားထစ်တို့ကို မြူးမြူးရွှရွှ တက်သော နိုင်ငံလား၊ သို့တည်းမဟုတ် သတိကြီး စွာထားပြီး တက်သော နိုင်ငံလား။ အထောက်အထားတို့အရ မြူးမြူးရွှရွှ လှေကား တက်နေသော နိုင်ငံက ရှေ့ဆောင်လမ်းပြ (trail blazers) အခန်းကဏ္ဍကို ယူထား ကြောင်း တွက်ဆကြည့်လာကြသည်။

ခေတ်သည် သေချာရေရာမှု မရှိသော ခေတ်၊ ဇကန်မဲ့သော ခေတ် (age of uncertainty) ဖြစ်သည်။ ရှေ့ဆောင်လမ်းပြ လုပ်ရသည့် အလုပ်မှာ ဤဇကန်မဲ့မှု အများစုကို စုပ်ယူ ငုံယူရသော သဘောဖြစ်သည်။ ထို့အတွက် အက်ဇော်ပါ (absorber) ကောင်းရန်လိုသည်။ ကောင်းလျှင် ဇကန်မဲ့မှုကို အလားအလာ (possibilities) အဖြစ် ပြောင်းလဲပစ်နိုင်သည်။ ဇကန်မဲ့မှုခေတ်မှ အလားအလာခေတ် (age of possibilities) သို့ ပြောင်းလဲပစ်နိုင်သည်။

## လွန်း နှစ်လွန်း

တက္ကနိုလိုဂျီ အပြောင်းအလဲတွေ ဖြစ်ပေါ်နေရာ အကျိုးဆက်အဖြစ် ကုန်ပစ္စည်း အမျိုးအစား အသစ်တွေ ပေါ်သည်။ ဈေးကွက် အသစ်တွေ ပေါ်သည်။ ကနဦး တီထွင်နိုင်သူက သူများတွေ အမီ မလိုက်နိုင်မီ အကျိုးအမြတ်တို့ကို သိမ်းကျုံးယူ နိုင်သည်။ မည်သို့ပင်ဖြစ်စေ အမေရိကန် စီးပွားရေးသည် လွန်းနှစ်မျိုးစလုံးနှင့် ရက်လုပ်ထားသည်ဟု ဆိုရမည်။ မြူးမြူးရွှရွှနှင့် ဆောင်ရွက်နေသူများ ရှိသလို တိုင်းတိုင်းဆဆနှင့် သတိထား ဆောင်ရွက်နေသူများလည်း ရှိသည်။

ဤကိစ္စအတွက် အမေရိကန် ကုမ္ပဏီတို့ကို ကြည့်ရှုနိုင်သည်။ များစွာ သော ကုမ္ပဏီတို့သည် ကုန်စည်သစ်တို့ကို ထုတ်လုပ်သည်။ ထိုးဖောက်ထွက်

သော တက္ကနိုလိုဂျီတို့ကို ကြံဆ တီထွင်သည်။ သူတို့သည် မြူးမြူးရွှရွှလမ်းကို လိုက်သည်ဟု ဆိုရမည်။ သို့သော် အခြားတစ်ဖက်၌လည်း ကုန်စည် အသစ်ထက် ကုန်စည်အဟောင်းတို့ကိုပင် မွမ်းမံပြီး ထို့ထက် ကောင်းမွန်အောင် ပြုလုပ်သော ကုမ္ပဏီတွေ ရှိသည်။ သူတို့သည် သတိကြီးစွာ ထားသောလမ်းကို လိုက်နေသည်ဟု ဆိုရမည်။

သို့ရာတွင် ဖွံ့ဖြိုးမှု ပိုပြီး ရင့်ကျက်လာလျှင် လေ့ကားအထစ် အမြင့်အဆင့်သို့ ပို၍ တက်လှမ်းရန် လိုလာဦးမည် ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များ၌ ဟိုက်တက်၊ ဆော့ဖ်ဝဲ၊ အင်တာနက်နှင့် ဇီဝတက္ကနိုလိုဂျီတို့က ရှေ့ကပြေး ခေါင်းဆောင်လာသည်။ ဤအထစ်ကိုလည်း ခပ်မြန်မြန် တက်ခဲ့လေရာ အခြား နိုင်ငံတို့ကလည်း လိုက်ပြီး တက်လာကြသည်။ ဤသို့ အမြင့်ဆင့် အထစ်သို့ အပြိုင်အဆိုင် လုတက်လာကြသဖြင့် အောက်အထစ်များကို လှမ်းတက်ရန် အခြားနိုင်ငံများ အခွင့်အလမ်းရရှိသွားကုန်သည်။ ဤကား မြူးမြူးရွှရွှဖြင့် လေ့ကားတက်ခြင်း အကြောင်းပေတည်း။

# ဓမ္မနှင့် ဆိုက်ဘာယဉ်တွဲ
## (ဖျတ်ခနဲ ဘုရားဖူးအမြင်)

### အထူးကုသိုလ်၏ ညီမျှခြင်း

စာရေးသူတို့ ဇနီးမောင်နှံသည် သံဝေဇနိယ လေးဌာန ဘုရားဖူး အဖွဲ့နှင့်အတူ ဖေဖော်ဝါရီ ၇ ရက်မှ ဖေဖော်ဝါရီ ၂၀ ရက်အထိ ဘုရားဖူး ထွက်ခဲ့သည်။ သံဝေဇနိယ လေးဌာနကို အိန္ဒိယ သာဝတ္ထိမြို့ မြန်မာဘုန်းတော်ကြီးကျောင်း ဆွမ်းသည်များ ထမင်းစားဆောင်၌ "ဖွား-သိ-ဟော-စံ" ဟု အတိုကောက် ရှင်းထားသည်။

ဘုရားအလောင်းတော် မွေးဖွားတော်မူသည့်နေရာ (လုမ္ဗိနီ)၊ သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိတော်မူသည့် မဟာ ဗောဓိပင်နှင့် ရွှေပလ္လင် (ဗုဒ္ဓဂါယာ)၊ ဓမ္မစကြာ တရားဦး ဟောသည့်နေရာ (မိဂဒါဝုန်)၊ ပရိနိဗ္ဗာန် စံဝင်တော်မူသည့် နေရာ (ကုသိနာရုံ) လေးဌာနသို့ သွားရောက် ဖူးမြော်ကြသည့် သဒ္ဓါတရား ရှိကြကုန်သော ပုဂ္ဂိုလ်တို့သည် နောင်တမလွန်၌ နတ်ရွာသုဂတိသို့ ရောက်ကြအံ့ဟု ဟောကြားတော်မူခဲ့သည်။

ယခု ဘုရားဖူးတွေ အထွက်များသည်။ ဘုရားဖူးလုပ်ငန်း စန်းပွင့်ချိန် (pilgrimage boom)လို့ပင် စာရေးသူက ဆိုချင်သည်။ ဘုရားဖူး ဝတ်ပြုခရီး စန်းပွင့်ချိန်တွင် ဘုရား ဖွားရာဌာန၊ ဘုရား ပွင့်ရာဌာန၊ တရား ဟောရာဌာန၊ ပရိနိဗ္ဗာန် စံရာဌာနများဆီသို့ ခရီးထွက်၍ ဖူးမြော်ရခြင်းသည် နည်းနည်းနောနော ကုသိုလ် မဟုတ်ဟု ဆိုသည်။

ဤ အထူးကုသိုလ်ကို "ဖွား-သိ-ဟော-စံ" နေရာတို့၌ အမ်အေ-ပီအိပ်(ချ်)ဒီဘွဲ့များ ဆွတ်ခူးရန် ပညာ သင်ကြားနေသော မြန်မာ ဦးပဉ္ဇင်းတို့က သင်္ချာ ညီမျှခြင်းတစ်ခု ထုတ်သည်။ လောကီ ညီမျှခြင်းဟု ဆိုနိုင်သည်။ ဤညီမျှခြင်း

မှာ ကုသိုလ် = ပတ်(စ်)ပို့ + ဗီဇာ + မန်းနီး အသပြာ + ကျန်းမာရေးတို့ ဟူ၍ ဖြစ်သည်။

## မြင်ကွင်း ငါးရပ်

ဤကား စကားချပ် ဖြစ်သည်။ စာရေးသူသည် တရားဘာဝနာ ပွားများရန် လုပ်ငန်းအပြင် လက်ရှိ မီဒီယာသမား ဖြစ်နေ၍ အပိုအလုပ်တစ်ခုလည်း လုပ်ရသည်။ ယင်းမှာ ခရီးတစ်လျှောက် မြင်တွေ့ရသော ရှုခင်းတို့ကို အကဲခတ် ကြည့်ရှုရန်နှင့် ပြန်ရေးသားပြရန် ဖြစ်သည်။ စာရေးသူ၏ ဘုရားဖူးအဖွဲ့သည် အထက်ဖော်ပြပါ "ဖွား-သိ-ဟော-စံ" လေးနေရာနှင့် ဆက်စပ်ရာ ဌာနတို့ကို မှန်လုံကားကြီးဖြင့် အိန္ဒိယပြည် အနောက်ဘင်္ဂလား ဘီဟာပြည်နယ်၊ ဥတ္တရပရာဒတ်နှင့် နီပေါသို့ ခရီးရှည်ကြီး ထွက်နေခြင်း ဖြစ်လေရာ အောက်ပါမြင်ကွင်း ၅ ရပ်ကို မျက်မြင်ဒိဋ္ဌ တွေ့လိုက်ရသည်။

(၁) လယ်ကွင်း မှန်သမျှ စိမ်းလန်း စိုပြေနေသည်။ ကောက်ပဲသီးနှံ အမျိုးမျိုး ရာသီအလိုက် စိုက်ပျိုးထားကြဟန် ရှိသည်။

(၂) မော်တော်ကား လမ်းမကြီးများ တစ်လျှောက် ကုန်တင် လော်ရီကားကြီးများ ကုန်စည်အပြည့်နှင့် ဥဒဟို ပြေးလွှားနေကြသည်။ ကားလမ်းမကြီးတွေက အတော်ကျယ်သည်။

(၃) မီးရထား တစ်စင်းလျှင် တွဲပေါင်း လေးငါးဆယ် ချိတ်သော မီးရထားတွေ ကားလမ်းနှင့်အပြိုင် ပြေးနေသည်။

(၄) အိုင်အက်(စ်)ဒီ (ISD)၊ အက်(စ်)တီဒီ(STD)၊ ပီစီအို(PCO)၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်စသည့် ဆိုင်းဘုတ်တွေ ရွာတွေမှာလည်း မှုနေအောင် တွေ့ရသည်။ မြို့တွေမှာတော့ မပြောနှင့်တော့၊ နေရာတိုင်းမှာ ရှိသည်။ ကွမ်းယာဆိုင်ကလေးတွေလောက် ရှိ၍ ပြည်တွင်း၊ ပြည်ပကမ္ဘာနှင့် အချိန်မရွေး ဆက်သွယ်နိုင်ကြသည်။

(၅) အိန္ဒိယ မြို့ကြီးတို့တွင် တိုက်အမြင့်ကြီးတွေ တွေ့ရသော်လည်း "ဖွား-သိ-ဟော-စံ" လေးဌာနနှင့် ဆက်သွယ်ထားသော မြို့ကြီးတို့တွင်မူ တိုက်အိမ်တွေ အထပ်နိမ့်နိမ့် ဆောက်လုပ်ထားကြသည်။ တစ်ပိုင်းတစ်စတွေ များသည်။

## မြေစမ်း ခရမ်းပျိုး

ဤမြင်ကွင်း ငါးရပ်ကို မျက်မြင်ကိုယ်တိုင် မြင်တွေ့ရပြီးသည့်နောက် စာရေးသူက အောက်ပါ ကောက်ချက်တို့ကို မြေစမ်း ခရမ်းပျိုး ချကြည့်မိသည်။

ဘီဟာ-ဥတ္တာပရာဒေ့၊ အနောက်ဘင်္ဂလား ပြည်နယ်တို့တွင် လယ်ကွင်းများ စိမ်းလန်း စိုပြေနေသလို အိန္ဒိယ တစ်နိုင်ငံလုံး၌လည်း အလားတူ စိမ်းလန်းစိုပြေနေသည်ဟု ယူဆရလျှင် အိန္ဒိယသည် ဝေ်မွတ် ခေါင်းပါးမှု အထူးသဖြင့် ရိက္ခာ ရှားပါးမှုဘေးမှ လွတ်မြောက်နေပြီဟု ဆိုနိုင်ပြီ။ လုံခြုံရေး ပြဿနာတို့တွင် (က)ကမ္ဘာ့ လုံခြုံရေး (ခ)ဒေသဆိုင်ရာ လုံခြုံရေး (ဂ)နိုင်ငံတို့၏ လုံခြုံရေး (ဃ)လူတစ်ဦးချင်းအတွက် လုံခြုံရေး (င)သတင်း အင်ဖော်မေးရှင်း လုံခြုံရေးနှင့် (စ)စားနပ်ရိက္ခာ လုံခြုံရေးတို့ ဟူ၍ရှိရာ အခြား လုံခြုံရေး ကိစ္စများကိုတော့ မသိ။ အိန္ဒိယအဖို့ စားနပ်ရိက္ခာ လုံခြုံရေး၌ စိတ်ချရပြီဟု ယူဆနိုင်သည်။ စာပေ သင်ကြားနေသော မြန်မာဦးပဉ္စင်း တစ်ပါး၏ ပြောပြချက်အရ အိန္ဒိယသည် စားနပ်ရိက္ခာ တင်သွင်းသော နိုင်ငံမှ စားနပ်ရိက္ခာ တင်ပို့သော နိုင်ငံအဖြစ်သို့ ရောက်ရှိနေချေပြီ။

## ဓမ္မနှင့် ဆိုက်ဘာ

ကုန်တင် လော်ရီကားကြီးတို့က ကားလမ်းမတို့ပေါ်တွင် ဥဒဟို ရှုပ်ယှက်ခတ်လောက်အောင် ပြေးဆွဲနေသည်ကို ထောက်ချင့်၍ လည်းကောင်း၊ တွေ့မြင်ရသော မီးရထားလမ်းတိုင်းရှိ မီးရထား ကုန်တွဲတွေ အရှည်ကြီး ဒရဝေါ အမြန် ပြေးဆွဲနေသည်ကို ထောက်ချင့်၍ လည်းကောင်း အိန္ဒိယနိုင်ငံတွင် ကုန်စည် စီးဆင်းမှုသည် အလွန် ပမာဏကြီးစွာ သွက်သွက်လက်လက် စီးဆင်းနေသည်ဟု ယူဆနိုင်သည်။ သွက်လက်သော ဈေးနှုန်း တည်ငြိမ်ရေးကို ဖြစ်ထွန်းသည်။ အင်ဖလေးရှင်းကို တိုက်နိုင်သည်။

လမ်းပန်း ဆက်သွယ်ရေး ခေတ်မီ မြန်ဆန်နေသည်နှင့်အတူ ရွာတိုင်းလိုလို အနီးအဝေးပြော တယ်လီဖုန်း၊ ဖက်(စ်)၊ အီးမေးလ်၊ အင်တာနက်တွေ ရှိနေသည်ကို ကြည့်ခြင်းအားဖြင့် ဆက်သွယ်ရေးစနစ်(communication) လည်းအလွန် ဖွံ့ဖြိုးနေကြောင်း ခန့်မှန်းလို့ရသည်။ အိန္ဒိယ၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဂလိုဘယ်လိုက်ဇေးရှင်းကို အခြေတည်နေပုံ ရသည်။ မြတ်စွာဘုရား မွေးဖွားရာ လုမ္ဗိနီ၌လည်း အနီးအဝေးပြော တယ်လီဖုန်း၊ အီးမေးလ်၊ အင်တာနက် ရှိသည်။ သဗ္ဗညုတ ရွှေဉာဏ်တော် ရရှိရာ ဗုဒ္ဓဂါယာ၌ကား ဤဆက်သွယ်ရေး စခန်းလေးတွေ မှနေသည်။ စာရေးသူသည် နယူးယောက်မြို့နေ သမီးထံ ဖုန်းဆက်

လိုက်သေးသည်။ သံဝေဇနီယ လေးဌာနတွင် တရားဓမ္မတွေသာ မွှန်းထုံနေသည် မဟုတ်။ ဆိုက်ဘာ လေလှိုင်းတို့ဖြင့်လည်း ထုံသင်းနေသည်။ ရှေးဟောင်း အစဉ်အလာနှင့် ခေတ်မီနေခြင်းတို့ ရောထွေးယှက်တင် ဖြစ်နေပြီ။

## ဖျတ်ခနဲ လုပ်ခနဲ

လေးရပ်ဌာနီတွင် ပါတနာမြို့မှလွဲ၍ အခြား မြို့နှင့် ရွာတို့တွင် တိုက်မြင့်ကြီးတွေ သိပ်မတွေ့ရ။ တစ်ထပ်တိုက်အိမ်တွေ အတွေ့များသည်။ နှစ်ထပ် တိုက်အိမ်တွေ လည်း ရှိသည်။ သို့သော် အပြီးမသတ်နိုင်ကြသည့်အတွက် စာရေးသူက စုံစမ်း ကြည့်ရာ အချက် နှစ်ချက်ကြောင့်ဟု ဆိုသည်။

ပထမ အချက်သည် အဆောက်အဦး ပြီးလျှင် စည်းကြပ်သော အခွန်က အတော်မြင့်သည်ဟု အဆိုရှိသည်။ အခွန် မဆောင်လိုသေး၍ တမင်တကာ တိုက်တွေကို အပြီးမသတ်ဟု သိရသည်။ ဒုတိယ အချက်က မိဘတွေက "တို့ကတော့ ဒါလောက်ပဲ လုပ်နိုင်သည်၊ ကျန်တာ သားသမီးတွေ ဆက်ဆောက်" ဟု အမွေ ချန်ထားခြင်း ဖြစ်သည်ဟု ဆိုသည်။

ဤအချက် နှစ်ချက်သာ မှန်ကန်လျှင် အိန္ဒိယ စီးပွားရေးသည် အခြား အပိုင်းတို့၌ တိုးတက်နေသည်မှာ မှန်သော်လည်း မြို့ငယ် ကျေးလက်တို့၏ တိုက်တာ အိမ်ရာဖွံ့ဖြိုးတိုးတက်မှု (property growth) ကို နှေးကွေးစေလိမ့်မည်ဟု မှန်လုံ ဘုရားဖူး ကားကြီးထဲမှ တစ်ဈေးတစ်စောင်း ဖျတ်ခနဲ လုပ်ခနဲ အမြင်ကို ရေးသား လိုက်ရသည်။

# စတုတ္ထစနစ် ပေါ်မည်လော

## အခြေခံ သုံးမျိုး

စီးပွားရေးကို ဖွဲ့စည်းနည်းနှင့် ပတ်သက်၍ အခြေခံအားဖြင့် နှစ်နည်း ရှိခဲ့သည်။ ဤနှစ်နည်းကို ရောစပ်၍ ရောစပ် စီးပွားရေးနည်းလည်း ရှိသည်။

(၁) ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှု ကိစ္စ အရပ်ရပ်ကို အစိုးရက ပိုင်ဆိုင်၍ ကြီးကြပ် လုပ်ကိုင်သည်။ အစိုးရက မပိုင်ဆိုင်သည့်တိုင်အောင်လည်း အစိုးရ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရေး ကိစ္စတို့ကို ဆောင်ရွက်ရသည်။ ဤသို့ ဖွဲ့စည်းနည်းကို အစိုးရ ပဓာနဝါဒဟု ခေါ်သည်။

(၂) ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးမှုကိစ္စအဝဝကို ဈေးကွက် သဘောအတိုင်း လွှတ်ပေးထားသည်။ အစိုးရက ဝင်ရောက်လည်း မပိုင်ဆိုင်၊ ဝင်ရောက်လည်း မစွက်ဖက်။ ယင်းကို လွှတ်လပ်သော ဈေးကွက် (free market) ဟုခေါ်သည်။ ဈေးကွက် ပဓာနဝါဒ ဖြစ်သည်။

(၃) တတိယနည်းသည် ကြားနည်း ဖြစ်သည်။ အစိုးရ ကွပ်ကဲမှုလည်း ရှိသည်။ ဈေးကွက်လည်း ရှိသည်။ အစိုးရက ပေါ်လစီများ ချမှတ်၍ ကွပ်ကဲသည်။ ဈေးကွက်ကိုလည်း ထိန်းသိမ်းသည်။ အစိုးရ ကွပ်ကဲမှုနှင့် ဈေးကွက် ရောစပ် ပေါင်းစပ်ထားသဖြင့် ရောစပ်စီးပွား (mixed economy) ဟုခေါ်သည်။

## တံခါးဖွင့် ပင်ရင်း ဇစ်မြစ်

ယခု စတုတ္ထနည်း တစ်နည်း ပေါ်လာသည်။ စီးပွားရေးကို မျှဝေ ဆောင်ရွက်သော နည်း ဖြစ်သည်။ Sharing ဟု ခေါ်သည်။ ဤမျှဝေ ဆောင်ရွက်သော စနစ်သည် ယခု ပထမ အဆင့်အဖြစ် အိုင်တီခေါ် အင်ဖော်မေးရှင်း တက္ကနိုလိုဂျီတွင် ပေါ်လာ

သည်။ အခြား နယ်ပယ်တို့တွင် မပေါ်သေးပေ။

အိုင်တီ တက္ကနိုလိုဂျီတွင် တံခါးဖွင့် ပင်ရင်း ဇာစ်မြစ် (open source) စနစ် ပေါ်လာသည်။ ဤစနစ်၏ အခြေခံသဘောမှာ အင်ဖော်မေးရှင်း အစု၏ ပင်ရင်း ဇာစ်မြစ်ကို လျှို့ဝှက် ပိတ်ဆို့ထားခြင်း မရှိဘဲ ဖြောင့် တံခါးဖွင့်ပေးထားခြင်း ဖြစ်သည်။ ပင်ရင်း ဇာစ်မြစ်ကို ပညာ တူသူချင်း၊ ကျွမ်းကျင်မှု တူသူချင်းက အဟန့်အတားမရှိ လွတ်လပ်စွာ နိုက်ယူ သုံးစွဲနိုင်သည့်သဘော ဖြစ်သည်။

ပညာရည် တူသူချင်း ကျွမ်းကျင်မှု တူသူချင်း ဆက်သွယ်၍ ပင်ရင်း ဇာစ်မြစ်ကို လွတ်လပ်စွာ အသုံးပြုနိုင်ခြင်းကို ရည်ညွှန်း၍ peer-to-peer communication ဟု ခေါ်သည်။ အတိအကျ ပြောရလျှင် ကွန်ပျူတာပေါင်း သန်းချီ ဆက်သွယ်ပြီး ဆော့(ဖ်)ဝဲ ပရိုဂရမ်တို့ကို စုပေါင်း ရေးဆွဲ ထုတ်လုပ်ကြသော စနစ် ဖြစ်သည်။ ဤသို့ ပရိုဂရမ်မာချင်း စုပေါင်းပြုစု ထုတ်လုပ်သော ဆော့(ဖ်)ဝဲကို မည်သူ တစ်ဦးကမျှ မပိုင်ဆိုင်ပေ။ စုပေါင်း အားထုတ်ကြခြင်း ဖြစ်၍ တစ်ဦး၏ လက်ရာ မရှိပေ။ ယင်းကို no authorship ဟုခေါ်သည်။

တစ်ဦး တစ်ယောက်၏ မူပိုင်လက်ရာ မရှိစေကာမူ ဤဆော့(ဖ်)ဝဲတို့ကို မှတ်ပုံတင်သည်။ မှတ်ပုံတင်သည် ဆိုရာ၌ ပိတ်ဆို့ တားမြစ်ရန် မဟုတ်။ ဤဆော့(ဖ်)ဝဲတို့ကို မည်သူမဆို ထုတ်ယူ သုံးစွဲနိုင်ကြောင်း ကြေညာခြင်း ဖြစ်သည့်သဘော ဖြစ်သည်။

## ရင့်ကျက်သည် ရှိသော်

ပင်ရင်း ဇာစ်မြစ်ကို တံခါး ဖွင့်ထားခြင်းသည် စင်စစ်၌ ကျွမ်းကျင်သူချင်း မိမိကျွမ်းကျင်မှုနှင့် ကိရိယာ (skill and tools) တို့ကို မျှဝေကြခြင်း ဖြစ်သည်။ Sharing လုပ်ခြင်း ဖြစ်သည်။ ဤသို့ ကျွမ်းကျင်မှုနှင့် ကိရိယာတို့ကို အချင်းချင်း မျှဝေသောအခါ အစိုးရက ပါဝင်ရန်လည်း အကြောင်းမရှိ။ ဈေးကွက် အခြေအနေ ကြည့်ပြီး မျှဝေခြင်းလည်း မဟုတ်။ အစိုးရနှင့် မဆိုင်။ ဈေးကွက်နှင့် မဆိုင်။ ထို့ကြောင့် တံခါးဖွင့် ပင်ရင်း ဇာစ်မြစ်စနစ်သည် စီးပွားရေးကို ဖွဲ့စည်းသော သီးခြား စနစ် တစ်မျိုးဟု သတ်မှတ်လာကြသည်။ အစိုးရ ပဓာနဝါဒလည်း မပါပေ။ ဈေးကွက် စီးပွားရေးလည်း မမည်။ အစိုးရနှင့် ဈေးကွက် ရောစပ်ထားခြင်းလည်း မရှိ။ ပညာသည်ချင်း မျှဝေခြင်းသာဖြစ်၍ သီးခြား ဖွဲ့စည်းမှုဟု ဆိုလာကြသည့် စတုတ္ထ ဖွဲ့စည်းပုံပေတည်း။

လူမှု သိပ္ပံပညာရှင်တို့က ဤမျှဝေစနစ်ကို အထူး အာရုံထား လေ့လာနေ

သည်။ ယခုအဆင့်၌ အိုင်တီ တက္ကနိုလိုဂျီပိုင်းတွင်သာ စတင် ဖြစ်ထွန်းနေသော်လည်း ဤစနစ်သည် အခြားကဏ္ဍ နယ်ပယ်များဆီသို့ ပျံ့နှံ့သွားလျှင် စတုဋ္ဌစနစ် ဖြစ်လာဖွယ် ရှိသည်ဟု သုံးသပ်သည်။

မျှဝေခြင်း (sharing) ဆိုသည်မှာ ပူးပေါင်း ဆောင်ရွက်ခြင်း (cooperation) သဘောလည်း ဖြစ်သည်။ ပူးပေါင်း ဆောင်ရွက်မှုကို ထပ်ခါတလဲလဲ ပြုလုပ်လျှင် ယုံကြည်စိတ်ချမှု ပေါ်လာမည်။ ယုံကြည်စိတ်ချမှု ရှိမှ မျှဝေလို့ ရမည်။ ထို့ကြောင့် အခြားကဏ္ဍတို့၌ ပူးပေါင်းဆောင်ရွက်မှု ရင့်ကျက်လာလျှင် မျှဝေမှုသဘော ပျံ့နှံ့လာနိုင်သည်ဟု ခန့်မှန်းနေကြသည်။

# အိုင်ဒီယာမှာလည်း

## မဟာ အက်ဆက်

မိုက္ကရိုဆော့ဖ်က အခွန် ဒေါ်လာသန်း ၅၀၀ သက်သာရန် အလို့ငှာ ဌာနခွဲ တစ်ခုကို အခွန် သက်သာရာ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့သို့ ရွှေ့ပြောင်းလိုက်သည်။ အမေရိကားမှာ ထားသော ဌာနတစ်ခုကို အိုင်ယာလန်သို့ ရွှေ့ပြောင်းတာ ဘာများ ရေးကြီးခွင်ကျယ် လုပ်စရာ ရှိညလဲဟု မေးစရာ ရှိသည်။ အိုင်ယာလန်သို့ ရွှေ့ပြောင်းလိုက်သော ဌာနခွဲနှင့်အတူ အက်ဆက်တန်ဖိုး ဒေါ်လာ ၁၆ ဘီလျံ ပါသွားသည်။ အဓိပ္ပာယ်မှာ အိုင်ယာလန် ဌာနခွဲသည် အက်ဆက်တန်ဖိုး ဒေါ်လာ ၁၆ ဘီလျံကို စီမံ အုပ်ချုပ်ရမည်ဆိုသော သဘော ဖြစ်သည်။

ရွှေ့လိုက်သော အက်ဆက်က စကားပြောသည်။ အက်ဆက်မှာ ဉာဏ်ပညာ ပစ္စည်း (intellectual property) တွေ ဖြစ်နေသည်။ ဉာဏ်ပညာပစ္စည်းဆိုသည်မှာ အိုင်ဒီယာတွေ ဖြစ်သည်။ အမေရိကားမှာ အိုင်ဒီယာတွေ အိုင်ယာလန်သို့ ရောက်ကုန်သဖြင့် အိုင်ဒီယာ ပြည်ပရွှေ့ဟု ပြောဆိုသည်။ ဤအရွှေ့အပြောင်းဂိမ်းကတော့ ခပ်ရိုးရိုးစင်းစင်း ဖြစ်သည်။ အမေရိကား၌ အခွန်အတုပ် ကြီးသည်။ ထို့ကြောင့် အခွန်ပေးရ သက်သာအောင် အခွန် သုခဘုံဟု နာမည်ကြီးသော အိုင်ယာလန်သို့ လုပ်ငန်း ပြောင်းရွှေ့လိုက်သည်။ အခွန် ခြားနားချက်မှ ရသော ဝင်ငွေကို သိမ်းထားရန် ဖြစ်သည်။

## ပက်ကြားအက်

ကမ္ဘာကြီးက အသွင်တစ်မျိုး ပြောင်းသွားပြီ။ ယခင်က လုပ်အားခ ဈေးကြီး၍ လုပ်အားခပေါသော နေရာသို့ စက်မှုကုန်ချော လုပ်ငန်းများ ရွှေ့သည်။ အမေရိကန်

ကုန်ချော ထုတ်လုပ်မှု လုပ်ငန်းအချို့သည် လုပ်အားခ သက်သာသော မက္ကဆီကို နှင့် တရုတ်နိုင်ငံသို့ ရွှေ့ခဲ့ကြသည်။ လုပ်အားခ ကြီးသည့်နေရာမှ အခွန်သက်သာ သော နေရာသို့ ရွှေ့သည့်ဖြစ်စဉ် ပေါ်လာသည်။ ဖြစ်စဉ်သစ်ဟု ဆိုရမည်။ အဘယ် ကြောင့်ဆိုသော် ပထမ ဖြစ်စဉ်၌ ကုန်ချောထုတ်လုပ်မှု လုပ်ငန်းတို့ကို အရွှေ့အပြောင်း လုပ်ခြင်းဖြစ်၍ ယခု အသစ် ဖြစ်စဉ်၌မူ ဉာဏ်ပညာပစ္စည်း အရွှေ့အပြောင်းတို့ကို ပြုလုပ်လာသောကြောင့် ဖြစ်သည်။

တစ်ရပ်တစ်ကျေး ရွှေ့ပြောင်းခြင်းကို ပြည်ပသို့ ရင်းမြစ်ရွှေ့ခြင်း (Out sourcing)ဟု ခေါ်သည်။ ပထမ ဖြစ်စဉ်၌ လေဘာ (လုပ်အား)ကို အကြောင်းခံပြီး တစ်ရပ်တစ်ကျေး ရွှေ့သည်။ ပြည်ပသို့ ရင်းမြစ် ရွှေ့သည်။ အခွန်ကို အကြောင်းခံ သော ပြည်ပသို့ ရင်းမြစ်ရွှေ့မှုတွင် ဉာဏ်ပညာပစ္စည်းကို ရွှေ့ပြောင်းလာခြင်းကြောင့် အယူတပြင်း စိုးရိမ်လာကြသည်။ အကြောင်းမူ ဉာဏ်ပညာပစ္စည်းသည် အမေရိကား ၏ အကြီးအကျယ်ဆုံး အက်ဆက် ဖြစ်နေသောကြောင့် ဖြစ်သည်။

ဉာဏ်ပညာပစ္စည်း ပြည်ပ ရွှေ့ပြောင်းနိုင်ရန် အတွက်လည်း များမကြာ သေးမီက ကွန်ဂရက် လွှတ်တော်က အခွန် ဥပဒေတွင် ယိုပေါက် ဖွင့်ပေးလိုက်သည်။ ဤယိုပေါက်မှ ဉာဏ်ပညာပစ္စည်းတွေ ပြည်ပ စီးထွက်ကုန်သည်ဟု ဝေဖန်လာ ကြသည်။ ကွန်ဂရက်ကို အပြစ်တင်သည်။ ကော်ပိုရိတ် အခွန်ဝန်ထုပ် သက်သာစေ ရန် ဉာဏ်ပညာ ပစ္စည်းတို့အား ကမ်းလွန် ဒေသများသို့ ရွှေ့ပြောင်းနိုင်ကြသည်။ မိုက္ကရိုဆော့ဖ်ကလည်း စေ့စေ့ပေါက်ပေါက် ရှိသည်။ အမေရိကား၌ တီထွင်သော ဉာဏ်ပညာ ပစ္စည်းအတွက် လိုင်စင်ကြေးကို အမေရိကား၌ ဆောင်ရလျှင် အလွန် စရိတ်ကြီးသည်။ ယခု အိုင်ယာလန်သို့ ရွှေ့ပြောင်းလိုက်သဖြင့် လိုင်စင်ကြေး အလွန် သက်သာသွားသည်။

မည်သို့ပင်ဖြစ်စေ မိုက္ကရိုဆော့ဖ်မှ အိုင်ယာလန် လုပ်ငန်း၏ တရားဝင် လိပ်စာကို အသို့ ဖော်ပြမည်နည်း။ အိုင်ယာန် ဥပဒေ ကုမ္ပဏီတစ်ခုက သူတို့ကိုယ် သူတို့ 'စမတ်'ဟု ကြော်ငြာသည်။ အခွန်ရိပ်မြုံ (tax shelter) လုပ်ငန်းတို့တွင် စမတ်ကျသည်ဟု ပြောခြင်းဖြစ်သည်။ ဆိုခဲ့ပါအတိုင်း ဝေဖန်မှုများ ပေါ်လာသော အခါ မိုက္ကရိုဆော့ဖ်က တုံ့ပြန် ဖြေကြားသည်။ မိုက္ကရိုဆော့ဖ်သည် ဥပဒေအရ လိုအပ်သော အခွန် မှန်သမျှကို အပြည့် ထမ်းဆောင်ပြီး ဖြစ်သည်။ တစ်ကမ္ဘာလုံး တွက်လျှင် မိုက္ကရိုဆော့ဖ်က ထမ်းဆောင်သော အခွန်သည် ဒေါ်လာ ၄ ဘီလျံ ကျော်သည်။ အခွန် ရှောင်ခြင်းကို မီးခိုးရှောင် နယ်ပယ်ဟု ခေါ်သည်။ စနစ်ထဲမှ ပက်ကြားအက်နေခြင်းကို အသုံးပြုခြင်းသည် ပြစ်မှုမမြောက်ပေ။ ဆိုင်ရာအာဏာပိုင် တို့ကသာ ပက်ကြား မအက်အောင် သတိရှိဖို့ ဖြစ်သည်။

## လိပ်စာသစ်

သို့သော် ယခုအခါ အမေရိကန် အစိုးရ၌ ဘတ်ဂျက်လိုငွေတွေ ရှိနေသည်။ အက်ဆက်လိုငွေ ဖြည့်ရန် အခွန်ဝင်ငွေ တိုးဖို့ လိုသည်။ ထိုအချိန်၌ အခွန်ရှောင်ပြီး အိုင်ဒီယာတို့ကို ပြည်ပထုတ်သည်မှာ တစ်နေရာရာမှာ တစ်ခုခုတော့ မှားယွင်းနေပြီဟု ဆိုကြသည်။ မိုက္ကရိုဆော့ဖ် တစ်ဦးတည်း မဟုတ်၊ အခြား အမေရိကန် 'တက်' (tech) ကုမ္ပဏီတို့ကလည်း ပြည်ပတွင် လုပ်ငန်းခွဲများ ဖွင့်လှစ်လာကြသည်။ ဘီစနက် သဘောအရ သွားဖွင့်သည်လည်းရှိ၊ အခွန် ရှောင်လို၍ သွားဖွင့်သည်လည်း ရှိသည်။ အိုင်ယာလန်ကဲ့သို့ စကော့ပူကလည်း ကော်ပိုရိတ် အခွန် လျှော့ပေးပြီး အမေရိကန် 'တက်' ကုမ္ပဏီတို့ကို ဆွဲဆောင်သည်။ 'အခွန် သုခဘုံ' ဖြင့် ဆွယ်သည့် နိုင်ငံတို့ကလည်း ဆွယ်ကြကုန်သည်။

အိုင်ယာလန်ကို ပို့ပြီး လူကြိုက်များသည်မှာ အခွန်သက်သက်ကြောင့် မဟုတ်။ ရင်းနှီးမြှုပ်နှံရန် တကယ်ကောင်းမွန်၍လည်း ဖြစ်သည်။ ဘာမြူဒါနှင့် အတူ ထားကြည့်၍ မရပေ။ မိုက္ကရိုဆော့ဖ်သည်ပင်လျှင် အိုင်ယာလန်၌ ချိန်ပြည့် လုပ်သား ၁၁၀၀ ကျော် ရှိသည်။ အမေရိကား၌ ၄၀၀၀၀ ရှိသည်။ မည်သို့ပင်ဖြစ်စေ အခွန်ကို အကြောင်းပြု၍ အမေရိကန် ကုမ္ပဏီတွေ ပြည်ပသို့ အရွှေ့အပြောင်း များလာသောအခါ အမေရိကား၌ ကော်ပိုရိတ် အခွန်များ လျှော့ဖြတ်ရန် ဆင်ခြေများ တက်လာသည်။ ရှေးဦးပထမ အခွန်စနစ်ထဲမှ ယိုပေါက်တို့ကို ပိတ်ပစ်ရမည်။ ထို့နောက်မှ အဓိပ္ပာယ်ရှိသော အခွန်စနစ် ဖြစ်ရေးကို ဆောင်ရွက်ရမည်။

## ကိုယ်ထည် မကြီး

အမေရိကန် စီးပွားရေးသည် ရုပ်ဝတ္ထု အမာခံမရှိသော ကုန်ပစ္စည်းတို့ကို အဓိက မှီခို အားထားနေရသော စီးပွားရေးဟု သုံးသပ်သည်။ ဆေးဝါးပစ္စည်း၊ ပုံရိပ်အသံ၊ ဝမ်းအင်ဇီးရိုး ကြိုးမျှင်တို့ကို ရည်ညွှန်းသည်။ ရုပ်ဝတ္ထုကြီးကြီး ခိုင်ခိုင်ခံ့ခံ့တို့ အပေါ် အခြေမခံသော ကုန်ပစ္စည်းတွေဖြစ်၍ ရွှေ့ရပြောင်းရ အလွန် လွယ်သည်။ ထို့ကြောင့် ဤတိမ်းညွှတ်ချက်အတိုင်း ဆက်သွားလျှင် မကြာမီ အမေရိကားမှ တက်ကုမ္ပဏီတွေ အကုန် ကုန်မည်။ အကုန် ပြည်ပသို့ ရွှေ့ပြောင်းကုန်ကြမည်။

ဉာဏ်ပညာပစ္စည်း သို့မဟုတ် အိုင်ဒီယာတို့သည် ရုပ်ဝတ္ထုကြီးကြီး အခြေခံ မရှိ၊ ကိုယ်ထည် မကြီး၊ ဝမ်းအင်ဇီးရိုး (one in zero) တို့အပေါ် အခြေခံသည့်အတွက် ရွှေ့ရပြောင်းရ လွယ်ကူသည်။ မရွှေ့ချင်လျှင် သူတို့အတွက် အခွန် သက်သာအောင် လုပ်လေတော့ဆိုပြီး ဆွေးနွေးနေကြကုန်သည်။ သို့မဟုတ်လျှင်

အခွန် သက်သာရာ နေရာများသို့ လစ်မည်။ အိုင်ဒီယာတွေ ပြည်ပသို့ ရွှေ့မည်။ အိုင်ယာလန်က နေဖို့အိမ်ပေး၍ အမေရိကန်မှ ဉာဏ်တွေ ရွှေ့နေသည်ဟု တင်စားသည်။

# မားကက်တင်း

# Marketing

## ထွန်းသစ်စဈေးကွက် အစိတ်ကို အ့စေးခြစ်ခြင်း

### ပြတိုက်ပစ္စည်းနှင့် အရဲစွန့်လောင်း

စီးပွားရေး လောကတွင် ပစ္စည်းတစ်ခု လူတွေ မသုံးတော့ ဟောင်းသွားပြီဟု ဆိုလျှင် ဤအတိုင်း မပြောတတ်ကြတော့ပေ။ ပြတိုက်ပစ္စည်း ဖြစ်သွားပြီဟု ပြောလာသည်။ မြန်မာ ပရိသတ်အဖို့ မိုဒဲလ် အောက်သွားပြီဟုဆိုလျှင် လူတွေ ပိုနားလည်သည်။ ဥပမာ အပ်ချုပ်စက်။ အမျိုးသမီးတွေအတွက် အိမ်သုံးပစ္စည်း ဖြစ်သည်။ ကိုယ့်ဟာကိုယ် ချုပ်ဝတ်သည်။ ထို့ကြောင့် အပ်ချုပ်စက် အရောင်း သွက်ခဲ့ဖူးသည်။

ယခု အမျိုးသမီးတွေ ပျင်းသွားသလား သို့မဟုတ် အချိန် မရတော့သလား မသိ။ ကိုယ့်ဟာကို ချုပ်မဝတ်ကြတော့ပေ။ အသင့်ချုပ်ပြီးသားတွေ ဝယ်ဝတ်ကြ သည်။ အပ်ချုပ်စက် တစ်ခါတည်းနှင့် ပြတိုက်ပစ္စည်း ဖြစ်သွားသည်။ လက်နှိပ် စက်လည်း ကွန်ပျူတာခေတ်တွင် ပြတိုက်ပစ္စည်း ဖြစ်သွားသည်။

ဂျပန်မှ ဘရားသား ကုမ္ပဏီသည် အပ်ချုပ်စက်နှင့် လက်နှိပ်စက်တို့ကိုမှ သွားထုတ်လုပ်မိသား ဖြစ်ခဲ့သည်။ နှစ်ခုစလုံး မိုဒယ်အောက်သွားပြီး ပြတိုက်ပစ္စည်း ဖြစ်သွားသော အခါ ချက်ချင်း အပြောင်းအလဲ လုပ်ရမည်ကို ဤအတိုင်း မပြော ပြန်ပေ။ အရဲစွန့် လောင်းကစားရမည်။ Gamble လုပ်ရမည်ဟု ပြောလာသည်။ သို့ဖြင့် ပြတိုက်ပစ္စည်းနှင့် အရဲစွန့်လောင်းခြင်း တွဲလာသည်။

ဂျပန်ဘရားသား ကုမ္ပဏီမှ ယူရှိဟီရို ယာဆူအီသည် အပ်ချုပ်စက်နှင့် လက်နှိပ်စက် ထုတ်လုပ်ခြင်းကို ချက်ချင်း ရပ်စဲပစ်လိုက်သည်။ ထိုအစား ဖက်(စ်) စက် (Fax Machine) တို့ကို အသစ်ထွင် ထုတ်လုပ်ပစ်လိုက်သည်။ အဆက်အစပ်ကို အတော် စဉ်းစားရခက်သည်။ အပ်ချုပ်စက်၊ လက်နှိပ်စက်၊ ယခု ဖက်(စ်)စက်

တို့ တစ်ခုနှင့်တစ်ခုကြား နည်းပညာ သဘောအရ နီးစပ်ပုံ မရပေ။ နည်းပညာချင်း အတော်ဝေးသည့် ပစ္စည်းကို ပြောင်းကူးထုတ်လုပ်ရခြင်းသည် အတော် အရဲစွန့်ရပုံ ပေါ်သည်။ ထို့ကြောင့်လည်း Gamble ဟူသော စကားကို သုံးစွဲသည်။

## ဘရင်း နာမည်

**ဖက်(စ်)**ဘိစနက်၌ ဂျပန်ဘရားသား ကုမ္ပဏီ အောင်မြင်သွားသည်။ အပ်ချုပ်စက်၊ လက်နှိပ်စက်မှ ဖက်(စ်)သို့ ကူးပြောင်း ထုတ်လုပ်ခြင်းသည် ရှေးဟောင်း တက္ကနိုလိုဂျီမှ ခေတ်မီ တက္ကနိုလိုဂျီ (cutting - edge technology) သို့ ကူးပြောင်းရခြင်း ဖြစ်သည်။ ဤ အကူးအပြောင်း အောင်မြင်ခြင်းကို ရဲရင့်စွာ ခေတ်မီအောင် ပြုခြင်း (brave modernization) နှင့် သတ္တိရှိစွာ ရွှေ့ပြောင်းမှု ပြုခြင်း (bold shift) ဟု ချီးကျူးသည်။

အပ်ချုပ်စက်နှင့် လက်နှိပ်စက်တို့သည် နည်းပညာအရ အလှမ်းဝေး သယောင် ထင်ရသော်လည်း တကယ်ကြည့်လျှင် နာရီကဲ့သို့ တိတိကျကျ ဖြစ်ရသော တက္ကနိုလိုဂျီ (precision technology) ထဲ အကျုံးဝင်နေသည်။ ဂျပန် ဘရားသားမှ အင်ဂျင်နီယာတို့သည် အပ်ချုပ်စက်နှင့် လက်နှိပ်စက် ထုတ်လုပ်မှုမှ တိကျသော တက္ကနိုလိုဂျီ အတွေ့အကြုံတို့ကို ကောင်းမွန်စွာ အသုံးပြုနိုင်၍ ဖက်(စ်)စက်ကို တီထွင်နိုင်ခြင်း ဖြစ်သည်ဟု ဆိုသည်။

ဂျပန်ဘရားသားသည် ဖက်(စ်)စက်တွင် ဖန်ရှင်း(function)တွေ တော်တော်များများ ထပ်ထည့်ပေးသည်။ ပရင်တာလည်း ပါသည်။ စကင်နာနှင့် ကော်ပီယာတို့လည်း ပါသည်။ ဂျပန် ဘရားသားသည် ဖက်(စ်)စက်လုပ်ငန်းထဲ အရဲစွန့်၍သာ ဝင်လိုက်ရသည်။ ပထမဦးဆုံး ဝင်သူ မဟုတ်ပေ။ နောက်မှဝင်သူ ဖြစ်သည်။ နောက်ကျသူ (late comer) ဖြစ်သည်။ လုပ်ငန်းအသစ်၊ ဈေးကွက်၏ အစိတ်အသစ်ထဲ ဝင်သူသည် တက္ကနိုလိုဂျီကို အသုံးပြုရုံမျှမက ပြန်လည် တီထွင်ရခြင်း (reinvent) လည်း လုပ်ရသည်။

ထို့အပြင် လုပ်ငန်းသစ်၊ ဈေးကွက်သစ်ထဲ ဝင်တိုးရာတွင် ကုန်အမှတ်တံဆိပ် အမည်၊ ဘရင်း နာမည် (brand name) ကလည်း အရေးကြီးသည်။ ဂျပန် ဘရားသားသည် ဖက်(စ်)ပစ္စည်း ထုတ်လုပ်မှု လုပ်ငန်းနှင့်အတူ အဝတ်လျှော်စက်၊ အီလက်ထရစ် အော်ဂင်နှင့်အတူ မိုက္ကရိုဝေ့(ဗ်) မီးဖိုတို့ကိုလည်း ထုတ်လုပ်ကြည့်သည်။ မစွံပေ။ အဘယ်ကြောင့်ဆိုသော် ကုန်ပစ္စည်းတို့၌ ဘရင်းနာမည် မရှိသောကြောင့် ဖြစ်သည်။

## အိုင်ဒီယာ သုံးဆယ်ထဲမှ

ယာဆူအီးသည် ဘိစနက် အိုင်ဒီယာ (business ideas)တို့ကို စိတ်ဝင်တစား ရှာဖွေသူ ဖြစ်သည်။ ဂျပန်ဘရားသားမှ အင်ဂျင်နီယာတို့ကို အိုင်ဒီယာများ စဉ်းစား ရှာဖွေရန် တိုက်တွန်းသဖြင့် အိုင်ဒီယာပေါင်း ၃၀ ထွက်လာသည်။ ထိုအိုင်ဒီယာ ၃၀ ထဲမှ အိုင်ဒီယာ ၃ ခုကို ရွေးချယ်ခြင်း ဖြစ်သည်။

ဤအိုင်ဒီယာ သုံးခုမှာ ရောင်စုံကော်ပီယာ၊ ဗွီဒီယိုဂိမ်းဆော့(ဖ်)ဝဲနှင့် ဖက်(စ်)စက်တို့ ဖြစ်သည်။ ဤသို့ ရွေးချယ်ပြီးသည့်နောက် ကုမ္ပဏီက ဆောင်ရွက်နေသော အမြတ်မပေါ်သည့် အခြား ဘိစနက်တို့ကို ဖယ်လိုက်သည်။ ဤအိုင်ဒီယာ သုံးခုကိုပဲ ဇောက်ချ ဆောင်ရွက်သည်။ သို့ရာတွင် တကယ် အပြောင်းအလဲ လုပ်သောအခါ အလုပ်သမားတို့က ကန့်ကွက် ခုခံကြသည်။ သူတို့က သမားရိုးကျ လုပ်ငန်းမှ လုပ်ငန်းသစ်သို့ မပြောင်းလဲလိုကြပေ။ အပြောင်းအလဲ မလုပ်ဘဲ ကုမ္ပဏီ ဘယ်လိုမှ မရှင်သန်နိုင်ကြောင်းကို အတော်ရှင်းပြရသည်။

အပြောင်းအလဲ တကယ်လုပ်၍ ထုတ်လုပ်လာသောအခါ ရောင်စုံကော်ပီယာနှင့် ဗွီဒီယိုဂိမ်း ဆော့(ဖ်)ဝဲ လုပ်ငန်းသည် ခပ်မြန်မြန်ဆန်ဆန်ပင် အရေးနိမ့်သွားသည်။ မအောင်မြင်။ ဤဖက်(စ်)စက်မှာလည်း သိပ်အလားအလာ မကောင်းသေးပေ။ အဘယ်ကြောင့်ဆိုသော် ရှိရင်းစွဲ နာမည်ကြီး ရှပ်နှင့် မီဆူရှီတာတို့၏ အရိပ်ကို မလွှမ်းမိုးနိုင်သောကြောင့် ဖြစ်သည်။

ယာဆူအီသည် ခပ်မြန်မြန် လက်မြှောက် အရှုံး မပေးလိုပေ။ အမေရိကန် ဈေးကွက်၏ အလားအလာကို လှမ်းမြင်လိုက်သည်။ ဘရားသား၏ လက်နှိပ်စက် ဘရင်းသည် ယူအက်(စ်) ဈေးကွက်၌ ခွန်အား ကောင်းနေသေးသည်ကို သွားတွေ့ရသည်။ ယာဆူအီသည် သူ့ဝန်ထမ်း တစ်ဦးကို အမေရိကားသို့ စေလွှတ်ပြီး ဈေးကွက် သုတေသန လုပ်ခိုင်းသည်။

ဤ သုတေသန အစီရင်ခံစာ ရသည်နှင့် ဂျပန်ဘရားသားသည် ဈေးချိုသော ဖက်(စ်)တို့ကို ထုတ်လုပ်ပြီး အမေရိကန် ဈေးကွက်ထဲ ဝင်တိုးတော့သည်။ ဖက်(စ်)တစ်လုံးကို အပိုပစ္စည်း အပါအဝင် ၃၉၉ ဒေါ်လာနှင့် ရောင်းသည်။ အမေရိကား၌ ထိုစဉ်က ဖက်(စ်)တစ်လုံး ပေါက်ဈေးထက် ဒေါ်လာတစ်ရာ လျှော့ရောင်းခြင်း ဖြစ်သည်။ ဤသို့ ဈေးလျှော့ရောင်းနိုင်ရန်လည်း ထုတ်လုပ်မှု စရိတ်တို့ကို အတော်များများ လျှော့ပါးသွားအောင် ကြိုးပမ်းသည်။ ဖက်(စ်)အတွက် ပစ္စည်းတို့ကို အပြင်က ဝယ်ယူသည်ထက် ကိုယ့်ဟာကို ထုတ်လုပ်ကြည့်သည်။ စရိတ် အများကြီး သက်သာသွားသည်။

ဖက်(စ်)စက်သည် ရုံးအငယ်စား (small office) နှင့် ကျစ်လစ်သော ရုံးသုံးပစ္စည်း (compact office equipment) နှင့် အံကိုက် ဖြစ်နေသည်။ အမေရိကန်တွင် လုပ်ငန်းသစ် တည်ထောင်သူ ဗင်ချား လုပ်ငန်းရှင်တို့သည် ရုံးခန်းသေးသေးလေးတွေပဲ လိုသည်။ အကြီးကြီး မလိုပေ။ သူတို့သည် ဈေးကွက် အစိတ်အပိုင်းသစ် ဖြစ်နေပြီး ဂျပန်ဘရားသား ဖက်(စ်)သည် အမေရိကန်ဈေးကွက်၌ ပေါက်သွားသည်။ ၄င်း ဖက်(စ်)တို့၌လည်း ဖန်ရှင်တွေများအောင် ခေတ်မီအောင် အကုန်ထည့်ပေးသည်။ ဈေးချိုချိုနှင့်လည်း ရောင်းသည်။ ရုံးငယ်ငယ် ကျစ်ကျစ်လျစ်လျစ် ထူထောင်လိုသူတို့အတွက် အံကိုက်ဖြစ်သည်။

ဤလို ဈေးကွက်ထဲ ပေါက်လာသောအခါ ယှဉ်ပြိုင်မှုကို ရှောင်နိုင်တော့မည် မဟုတ်ပေ။ ဖက်(စ်)ဈေးကွက်ထဲ ဝင်ပြိုင်ကြတော့မည်။ ဤအလားအလာကိုမြင်သော ဂျပန် ဘရားသားသည် အပ်ချုပ်စက်ဘက်ကို ပြန်လှည့်ထားသည်။ အဟောင်း မဟုတ်။ ဒီဂျစ်တဲလ် အပ်ချုပ်စက် ဖြစ်သည်။ ဒီဂျစ်တဲလ်ပုံရိပ်တို့ကို မိမိ အဝတ်အစားတို့တွင် တိုက်ရိုက် ပုံဖော်ပေးနိုင်သော အပ်ချုပ်စက်မျိုး ဖြစ်သည်။ ဤအပ်ချုပ်စက် အသစ်ကို ဈေးကွက်ထဲ စတင် ပို့နေပြီ။

ဤဘိစနက် ဓာတ်လမ်းသည် ထွန်းသစ်စဈေးကွက် အစိတ်အပိုင်း (segment) ကို အစေးခြစ်ခြင်းအကြောင်းကို ပြောပြသည်။

## ပါရမီရှင်နှင့် မှော်ဆရာ ဆံမြိတ်ဆရစ် လွန်ရမည်

### တစ်ဖက်ကမ်းခပ်မှု

ဂလိုဘယ်လိုက်ဇေးရှင်းတွင် အောင်မြင်လိုလျှင် ဖော်ပြမည့် အရည်အချင်း နှစ်ခု အနက် တစ်ခုခုနှင့် ပြည့်စုံရမည်။ နှစ်ခုစလုံး ပြည့်စုံလျှင်တော့ အကောင်းဆုံးဖြစ်သည်။ ပထမ အရည်အချင်းသည် မတ်ကက်တင်း ပါရမီရှင် (marketing genius)ဖြစ်ရမည်။ ဒုတိယ အရည်အချင်းသည် နည်းပညာ မှော်ဆရာ (တစ်ဖက်ကမ်းခပ်သူ) tech wizard ဖြစ်ရမည်။

လက်တွေ့ အတွေ့အကြုံတို့ကို ကြည့်ပြီး ဆိုရိုးစကားတစ်ခု ရှိခဲ့သည်။ 'အင်ဂျင်နီယာသည် မန်နေဂျာကောင်း မဖြစ်နိုင်' ဆိုသော ဆိုရိုးတည်း။ ယခု ဤဆိုရိုးကို ချိုးဖေါက်ပစ်သူတွေ အများကြီး ပေါ်လာသည်။ အထင်ရှားဆုံး ပုဂ္ဂိုလ်မှာ ဆိုနီပိုင်ရှင် အာကီယို မိုရီတာ ဖြစ်သည်။ သူသည် မက်ကက်တင်း၌လည်း အလွန် ထူးချွန်သူ ဖြစ်သည်။ တက္ကနိုလိုဂျီ နည်းပညာ၌လည်း တစ်ဖက်ကမ်းခပ်သူ ဖြစ်သည်။

ဤနှစ်ခု ပေါင်းစပ်နိုင်ရန် သူကိုယ်တိုင် နယူးယောက်တွင် သွားရောက်နေထိုင်ကြည့်သည်။ သူကိုယ်တိုင် ဆိုနီပစ္စည်းတို့ကို ဆိုင်ထိုင် ရောင်းကြည့်သည်။ သူ ဘာ သင်ခန်းစာ ရလိုက်သနည်းဆိုသော် ကမ္ဘာ့ ဈေးကွက်ထဲ တိုးနိုင်ဖို့ဆိုလျှင် အင်္ဂလိပ်စကား တတ်မြောက်ရန် လိုကြောင်း သိလိုက်သည်။ သို့ဖြင့် ဆိုနီကော်ပိုရေးရှင်း၏ ဝန်ထမ်းတိုင်း အင်္ဂလိပ်စာ တတ်ရန် သူ နှိုးဆော်သည်။ စီစဉ်လည်း ပေးသည်။

ပထမက ဆိုနီလို့ မခေါ်။ ၁၉၄၆ ခုနှစ်၌ လူငယ်အင်ဂျင်နီယာ မာဆာရူ အီဘူကာနှင့် စပ်တူ ကုမ္ပဏီ ထောင်ရာတွင် 'တိုကျို တယ်လီကွန်မြူနီကေးရှင်း'

ဆိုပြီး နာမည် အရှည်ကြီး ပေးသည်။ ရွတ်လျှင် လျှာခလုတ်တိုက်မည်။ ၁၉၅၈ ခုနှစ်တွင် သူတို့နှစ်ယောက် ကုမ္ပဏီ နာမည် အရှည်ကြီးကို ဆိုနီဟု ပြောင်းလိုက်သည်။ ဆိုနီသည် လက်တင်စကား sound အသံအတွက်ခေါ်သော စကားလုံးနှင့် တူသည်။ ဆိုနီ အမည်သည် ဂျပန် သိပ်မဆန်ပေ။ လက်တင် ဖြစ်သည်။

## ကွင်းပညာ

ဆိုနီလို့ နာမည် ပြောင်းပြီးနောက် စားသုံးသူ အီလက်ထရောနစ် လောကတွင် ဖောက်ထွက် (breakthrough)တွေ တသီကြီး လုပ်ပစ်လိုက်သည်။ လွယ်သွားနိုင်သော ထရန်စစ္စတာရေဒီယို၊ ဝေါ့မင်၊ စီဒီနှင့် ကက်ဆက် ပလေရာတို့ကို တီထွင်ပြီး အမေရိကန် ဈေးကွက်တွင် တင်ပို့ရောင်းချသည်။ သူနှင့် သူ့မိသားစုတို့ ကိုယ်တိုင်လည်း နယူးယောက်၌ ရွှေ့ပြောင်း နေထိုင်ပြီး ဈေးရောင်းကြည့်သည်။

သူသည် (The art of pitch) ခရစ်ကတ်၊ ဟော်ကီ၊ လက်ပစ်ဘော ကစားကွင်း အစရှိသည့်·အတတ်ပညာမျိုးလို ပညာကို သူ၏ ဘိစနက် လောကတွင် ကျွမ်းကျွမ်းကျင်ကျင် ကစားတတ်သည်။ ကွင်းပညာ ကောင်းကောင်း နားလည်သည်။ သူသည် ဒုတိယ ကမ္ဘာစစ် အတွင်းက ရေတပ်ဗိုလ်ကလေး တစ်ဦးဖြစ်သည်။ အိုဆာကာ အင်ပီးရီးရဲလ် တက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိသူဖြစ်ပြီး ရေတပ်တွင် ညမြင်သေနတ်ကို တီထွင်ရန် ကြိုးပမ်းခဲ့သည်။ ဟီရိုရှီးမားကို အဏုမြူဗုံး ကြဲချလိုက်သောကြောင့် သူ၏အိပ်မက် ပျက်သွားခဲ့သည်။ ညမြင်သေနတ်နှင့် အဏုမြူ လက်နက်ကို မယှဉ်နိုင်ကြောင်း တစ်ခါတည်း သဘောပေါက်သွားပုံရသည်။

ဆိုနီ ဝန်ထမ်းတို့ကို အင်္ဂလိပ်စာ သင်ခိုင်းခြင်းအားဖြင့် ဆိုနီ၏ အင်တာနေရှင်နယ်လစ်ဇင်းကို သရုပ်ဖော်ပြလိုက်သည်။ ဆိုနီသည် ဂျပန်သက်သက် မဟုတ်ပေ။ နိုင်ငံတကာ ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်း အရှိန် မြန်လာသောအခါ ဆိုနီသည် ဤအရှိန်ထဲ လိုက်ပါသူလည်း ဖြစ်သည်။ ဤအရှိန်ကို တွန်းသူလည်း ဖြစ်လာသည်။

ဂျပန်က မိုရီတာကို ဂုဏ်ယူသည်။ သို့သော် သူ့ကို ဘယ်လို ကိုင်တွယ်ရမှန်း မသိပေ။ သူနှင့် ပတ်သက်လျှင် ဂျပန်သည် မသေချာပေ။ ဘာလုပ်ရမည်ကို မပြောတတ်ပေ။ အဘယ်ကြောင့်ဆိုသော် မိုရီတာသည် ခိုင်ခိုင်မာမာရှိသော အစဉ်အလာကိုပင် ချိုးဖောက်တတ်သောကြောင့် ဖြစ်သည်။

## ထရန်စစ္စတာ

မိုနီတာသည် သားအကြီးဆုံး ဖြစ်သည်။ အကြီးဆုံးသား ဖြစ်သည်နှင့်အညီ ဖခင်၏ ဆာကေး အရက်ချက် လုပ်ငန်းကို ဦးစီးရန် တာဝန် ရှိခဲ့သည်။ သို့သော် မိဘရိုးရာ အစဉ်အလာကို ချိုးဖောက်ပြီး နာဂိုယာမှ တိုကျိုသို့ တက်လာခဲ့သည်။ ဗုံးဒဏ်ကြောင့် ပျက်စီးနေသော စတိုးဆိုင် တစ်ဆိုင်ကို ငှားရမ်းကာ လုပ်ငန်းသစ်တစ်ခု ထူထောင်သည်။

လျှပ်စစ်မီးဖိုကို တီထွင်သည်။ သိပ် မအောင်မြင်။ တိတ်ရီကော်ဒါ ထုတ်လုပ်သည်။ သိပ်ဈေးကြီးပြီး ၇၅ ပေါင် လေးနေသည်။ နောက်ပိုင်း မိုရီတာနှင့် အီဘူကားတို့နှစ်ယောက် ဘဲလ်ဓာတ်ခွဲခန်းမှ ဝီလျံမီရှော့ကလေးကို အားကျသည်။ တက္ကနိုလိုဂျီ လိုင်စင်ကြေး ဒေါ်လာ ၂၅၀၀၀ ပေးပြီး ထရန်စစ္စတာ ရေဒီယိုတို့ကို ထုတ်လုပ်သည်။ ဆိုနီ ထရန်စစ္စတာ ရေဒီယိုသည် ဈေးကွက်ပေါက်သွားကာ ကမ္ဘာ့အနှံ့ရောက်သွားသည်။ ဒေါ်လာ ၇၂ ဘီလျံဖိုးအထိ ဈေးကွက် ပေါက်သွားသည်။

ဆိုနီသည် အခါခပ်သိမ်းတော့ မအောင်မြင်ပေ။ ဘီတာဖက် ဗီဒီယို ကက်ဆက်ကို တီထွင်ထုတ်လုပ်ရာ ပြိုင်ဘက် မစ်ဆူရှီတာကို မနိုင်ဘဲ ခံလိုက်ရသည်။ ဟောလိဝုဒ်မှ ကိုလံဘီယာ ရုပ်ရှင် ကုမ္ပဏီကို ၁၉၈၉ ခုနှစ်က ဆိုနီမှ ဝယ်ယူခဲ့ရာ၌လည်း ခွက်ခွက်လန်အောင် ရှုံးခဲ့သည်။ မိုရီတာ ကွယ်လွန်သွားပြီး ငါးနှစ် အကြာတွင် ဆိုနီသည် စားသုံးသူ အီလက်ထရောနစ် ဈေးကွက်ထဲ ထိပ်ဆုံးနေရာသို့ ရောက်ရှိလာသည်။ သို့ရာတွင် ဤ ဈေးကွက်၌ တောင်ကိုရီးယား ဆမ်ဆောင်း ကော်ပိုရေးရှင်းကလည်း သွေးအေးအေးနှင့် ယှဉ်ပြိုင်လာသည်။

လွန်ခဲ့သော ၇၅ ခုနှစ်မှစ၍ ယခုထိ ထူးထူးချွန်ချွန် တီထွင်ဆန်းသစ်သူ (innovater)တို့ကို ဂုဏ်ပြုလာသောအခါ ဆိုနီမှ မိုရီတာကို ထိပ်ဆုံးနေရာ ပေး၍ ဂုဏ်ပြုနေသည်။

## ဆံမြိတ်ဆရစ်

ယခုအခါ တက္ကနိုလိုဂျီ တစ်ခုနှင့်တစ်ခု ပေါင်းစပ် ဆုံစည်းမိနေကြသည်။ Convergence of technologies ဟု ခေါ်သည်။ အထူးသဖြင့် ကွန်ပျူတာနှင့် အခြား တက္ကနိုလိုဂျီတို့ ပေါင်းဆုံမှုသည် အလွန် မြန်နေသည်။ သို့သော် ကွန်ပျူတာနှင့် စားသုံးသူ ဖျော်ဖြေရေး ပေါင်းစပ်မှု (convergence of computing and consumer entertainment) တို့သည်မူ နှေးကွေးနေသည်။

# အမေရိကန်ဆန့်ကျင်ရေးခေတ် ကမ္ဘာ့ဘရဲင်းတွေ မည်သို့ဖြစ်သလဲ ဘရဲင်းဆာဗေး

## မာလ်ဘိုရို - မာစီဒီး

ကုန်အမှတ်တံဆိပ် Brand(ဘရဲင်း)သည် ဈေးကွက်တွင် အမာခံ ကျောရိုး ဖြစ်သည်။ ဘရဲင်းတစ်ခုကို အောင်မြင်စွာ ထူထောင်နိုင်မှ ဈေးကွက်ထဲ ပေါက်သည်ကို သိကြသည်။ အပြိုင်အဆိုင်တွေ အလွန် ပြင်းထန်လာသော အခါ၌ စားသုံးသူတို့ကလည်း ဘရဲင်းအသိကို ပိုပြီး နက်ရှိုင်းကျယ်ပြန့်စွာ မွေးမြူလာကြသည်။

ဘရဲင်းတွင် ကိုယ့်ပြည်တွင်း နယ်နိမိတ် အတွင်း၌သာ ကျက်စားသော ဘရဲင်းနှင့် ကမ္ဘာလုံးကျွတ် ကျက်စားသော ဘရဲင်းတို့ဟူ၍ အခြေခံအားဖြင့် နှစ်မျိုးရှိလေရာ မကြာသေးမီက ဘစ္စနက်ဝိ(ခ်) မဂ္ဂဇင်းကြီးက ဤကမ္ဘာလုံးကျွတ် ပေါက်မြောက်နေသော ဘရဲင်း (blobal brands) တို့အကြောင်းကို ဆားဗေးလုပ်ကြည့်ခဲ့သည်။

ဂလိုဘယ် ဘရဲင်းအဖြစ် ကမ္ဘာ့တစ်ဝန်း နာမည် ကြီးလျက်ပင်ရှိသော ဘရဲင်း ၁၀၀ ကို ကောက်ယူသည်။ ထိပ်သီး ဂလိုဘယ် ဘရဲင်း ၁၀၀ တို့ပေတည်း။ ဤဂလိုဘယ် ဘရဲင်း ၁၀၀ အနက် ၆၂ ခုမှာ အမေရိကန်မှ ဘရဲင်းတွေ ဖြစ်နေသည်။ တစ်ဖန် ဤ ၁၀၀ အနက် 'တော့(ပ်)တဲင်း' ထိပ်သီးဘရဲင်း ၁၀ ခုကို ထပ်မံရွေးချယ်ကြည့်သည်။ ဤ တော့(ပ်)တဲင်း၌ ၈ ခုသည် အမေရိကန် ဘရဲင်းတို့ ဖြစ်နေသည်။

ဤ တော့(ပ်)တဲင်းမှာ (၁)ကိုကာကိုလာ၊ (၂)မိုက္ကရိုဆော့(ဖ်)၊ (၃) အိုင်ဘီအမ်၊ (၄)ဂျီအီး၊ (၅)အင်တဲလ်၊ (၆)နိုကီးယား၊ (၇)ဒစ္စနေး၊ (၈)မက်ဒေါနဲလ်၊ (၉)မာဘိုရို နှင့် (၁၀)မာစီဒီးတို့ ဖြစ်ကြသည်။

မြူးဇစ်ဂီတကို စတီရီယို (stereo) သို့ ကွန်ရက် (network)မှ တစ်ဆင့် အရောက် ပေးပို့ခြင်းသည် လွယ်သည်ဟု ထင်ရသော်လည်း ယခု ခက်နေသည်။ ဖျော်ဖြေမှု အမျိုးအစားကလည်း အသစ်တစ်မျိုး ပေါ်သည်။ ကွန်ရက် ဖျော်ဖြေမှု (network entertainment)ဟူ၍ ခေါ်သည်။ အချို့က ကြိုးမဲ့၊ အချို့က ကြိုးနှင့်။ အချို့က ပလပ်မဲ့၊ အချို့က ပလပ်နှင့်။ ထိုအခါ တက္ကနိုလိုဂျီ နှစ်မျိုးမက ပေါင်းစပ်ပေးရန် လိုလာသည်။

တက္ကနိုလိုဂျီ တစ်မျိုးတည်း သန့်သန့်ဖြင့် အလုပ် မလုပ်ကြပြန်ပေ။ တက္ကနိုလိုဂျီတွေ ဟိုစပ် ဒီစပ် ဟိုပေါင်း ဒီပေါင်းဖြင့် ပြုလုပ်လာသည်။ ကွန်ရက် တက္ကနိုလိုဂျီက အရေးကြီးလာပြန်သည်။ ကွန်ရက်တွင် လုံခြုံရေးကလည်း အရေး ကြီးလာပြန်သောအခါ လုံခြုံရေး တက္ကနိုလိုဂျီတို့ကိုလည်း ထွင်ကြပြန်သည်။ ထို့အပြင် ဈေးကွက်ထဲ ပေါက်အောင် ဆွဲ၍ တပ်ရလည်း လွယ်ကူရန် လိုလာသည်။

ထုတ်လုပ်သူတို့သည် နည်းပညာ ဆံမြိတ်ဆရစ် (techie fringe) ကို ကျော်လွန်ကြည့်ရမည် ဖြစ်လေရာ ထိုအတွက်ဆိုလျှင် တစ်ခုချင်းပြောလျှင် ဈေးကွက်၌ ပေါက်လိုလျှင် အသုံးရ လွယ်အောင်၊ လုံခြုံမှု ရှိအောင် အပို ကြံဆပေး ရဦးမည် ဖြစ်သည်။

Ref : Business Week

## ပီ နှစ်လုံး

ဤဘာရဲင်း ဆာဗေးက ကမ္ဘာ့နိုင်ငံရေး ရာသီဥတုကိုလည်း အကျဉ်းမျှ သုံးသပ်ကြည့်သည်။ ကမ္ဘာတစ်ဝှမ်း အမေရိကန် ဆန့်ကျင်ရေး အမြင်များ များပြားနေသည်ကို တွေ့သည်။ ထို့ကြောင့် အမေရိကန် ဆန့်ကျင်ရေး များပြားနေသော ဤခေတ်ကြီးထဲတွင် အမေရိကန် ဘာရဲင်းတို့က အဘယ်ကြောင့် ခွန်အား ကောင်းနေရသလဲဟု မေးခွန်းတစ်ပုဒ် ထုတ်ကြည့်လိုက်သည်။

ကမ္ဘာ့ပေါက် အမေရိကန် ဘာရဲင်း အချို့သည် ယူအက်(စ်)ကို သင်္ကေတပြုသည်မှာ မှန်သော်လည်း စားသုံးသူတို့က ပီနှစ်လုံးကို ခွဲခြား သိမြင်ကြသည်ဟု ဆာဗေးက သုံးသပ်သည်။ ဤပီနှစ်လုံးကို ရောထွေး မပစ်ကြပေ။ ဥပမာအနေဖြင့် တောင်ကိုရီးယား ဆိုးလ်မြို့မှ ပတ်ယန်ဟွန်းက ပြသည်။

သူသည် မြောက်ကိုရီးယားအပေါ် အမေရိကန် ဘုရ်ှ အစိုးရ၏ သဘောထား တင်းမာမှုကို ဆန့်ကျင်ရန် လမ်းပေါ်ထွက်၍ ဆန္ဒပြသည်။ လက်သီးလက်မောင်းတန်း ကြွေးကြော်သံတွေ ဟစ်အော်ပြီး သူ၏ဆန္ဒကို ရင်ဖွင့်ခဲ့သည်။ သူသည် အသက် ၃၂ နှစ်အရွယ် ကွန်ပျူတာ အင်ဂျင်နီယာတစ်ဦး ဖြစ်သည်။ ကျေနပ်လောက်အောင် အမေရိကန် ဆန့်ကျင်ရေး ဆန္ဒပြခဲ့ပြီးသည့်နောက် သူ အမေရိကန် စားသောက်ဆိုင်ထဲ ဝင်သွားပြီး အမေရိကန် ကော်ဖီနှင့် ကိုကာကိုလာ မှာသောက်သည်။ သဘောကို နားမလည်၍ သူ့အား မေးကြည့်ကြသောအခါ သူက ဤသို့ ပြန်ဖြေသည်။

"အမေရိကားနဲ့ နိုင်ငံရေးအရ လွတ်လပ်သင့်တယ်ဆိုတာက တစ်မျိုးပါ၊ အမေရိကန် ဘာရဲင်းတွေကို ကြိုက်တာက တစ်မျိုးပါ၊ မဆိုင်ပါဘူး၊ ကျွန်တော် အိုင်ပီအမ်၊ ဒဲလ်၊ မိုက္ကရိုဆော့ဖ်၊ စတားဘတ်နဲ့ ကုတ်တွေကို ကြိုက်တယ်"

ပတ်ယန်ဟွန်းသည် ပီနှစ်လုံးကို မရောပေ။ ခွဲခြား မြင်သည်။ ပီနှစ်လုံးမှာ Politics(နိုင်ငံရေး)နှင့် Products(ကုန်ပစ္စည်း) တို့ဟူ၍ ဖြစ်သည်။

## နိုင်သူ ရှုံးသူ

စီးပွားရေး တိုက်ပွဲဆိုသည်မှာ အဓိကအားဖြင့် ဘာရဲင်း တိုက်ပွဲပင် ဖြစ်သည်။ ဤစစ်ပွဲတွင် နိုင်သူတွေရှိသလို ရှုံးသူတို့လည်း ရှိကြစမြဲ ဖြစ်သည်။ ဖော်ပြပါ ဘာရဲင်း ဆာဗေးက ဂလိုဘဲယ် ဘာရဲင်းထဲမှ **နိုင်သူနှင့် ရှုံးသူ**စာရင်းကိုလည်း ဖော်ပြထားသည်။

နိုင်သူတို့မှာ (၁)ဆမ်ဆန် (၂)ဟျူးလက်ပက်ကာတ် (၃)အက်(စ်အေ)

လီ (၄)ဒဲလ်နှင့် (၅)လိုရီးရဲလ်တို့ ဖြစ်ကြသည်။

ရှုံးသူတို့၌ ပြည်ပဈေးကွက်တွင် အရောင်းကျသော်လည်း ပြည်တွင်းဈေးကွက်ကို ထိန်းထားနိုင်သူတို့ ပါဝင်သလို ပြည်ပနှင့် ပြည်တွင်း ဈေးကွက်နှစ်ခုစလုံး၌ အရေးနိမ့်သူတို့သည် ပြည်ပဈေးကွက်ကို ထိန်းထားနိုင်ပြီး ပြည်တွင်းဈေးကွက်၌ အရေးနိမ့်သည်။

ဤသို့ အနိုင်အရှုံးကို ဘရဲင်း ဆာဗေးက ဘရဲင်း တန်ဖိုး(Brand's Value)တို့ဖြင့် စံချိန်ထိုး ကြည့်သည်။ ဂလိုဘဲလ် ဘရဲင်းအချို့သည် ဂလိုဘဲလ်ဈေးကွက်ထဲ အခြေတည်မိနေသည်မှာ ကြာပြီ ဖြစ်လေရာ စားသုံးသူ အနည်းငယ်လောက်ကသာ ဤဘရဲင်း၏ မူလဇစ်မြစ် နိုင်ငံကို သိတော့သည်။ အများက မသိကြတော့ပေ။

## ဘရဲင်း တန်ဖိုး

ဘရဲင်းသည် အက်ဆက် (asset)ဖြစ်သည်။ ထို့ကြောင့် ဘရဲင်းတန်ဖိုးကို အက်ဆက်တန်ဖိုးတွက်သလို တွက်သည်။ တွက်ပုံတွက်နည်းကို အသာအယာ ထားပြီး ဘရဲင်းတွေ ကမ္ဘာ့ အဆင့်အတန်း ဂလိုဘဲလ် ဘရဲင်းထဲဝင်အောင် ဘယ်လို စံချိန်တို့ဖြင့် အကဲဖြတ်သလဲဟု ကြည့်ရန်လိုသည်။

ဤကိစ္စ၌ စံချိန်သုံးရပ်ကို သုံးစွဲသည်။ ပထမ စံချိန်မှာ ဘရဲင်းတန်ဖိုး (Brand's Value)သည် ဒေါ်လာ တစ်ဘီလီယံဖိုး ကျော်ရမည်။ ဒုတိယ စံချိန်သည် ကုန်ရောင်းရငွေထဲ၌ ပြည်ပမှ ရောင်းရငွေသည် အတော်များရမည်။ ကုမ္ပဏီ၏ ဝင်ငွေထဲမှာ သုံးပုံတစ်ပုံလောက်သည် ပြည်ပမှ ရရှိရမည်။ တတိယ စံချိန်သည် ကုမ္ပဏီ၏ ဒေတာ အချက်အလက်တို့သည် လူသိရှင်ကြား အများက သိရှိနိုင်ရမည်။

ဤ စံချိန် သုံးပါးကို ကနဦး ချမှတ်ပြီးသည့်နောက် ဘရဲင်း တန်ဖိုးကို တွက်ချက်သည်။ အချို့က ပြည်သူ့အမြင် သဘောထား စစ်တမ်းနှင့် ဘရဲင်းတစ်ခုအပေါ် ငွေသုံးစွဲမှု (Spending)တို့ကို ကြည့်၍ အကဲဖြတ်သည်။ ဘစ္စနက်ဝိ(ခ်)ကမူ ဘရဲင်း ပေါင်းစုံနည်း(Intel brand's method) ကို အသုံးပြုသည်။

အက်ဆက်တန်ဖိုး ဆိုသည်မှာ ဤအက်ဆက်သည် အနာဂတ်၌ ဘယ်လောက် ဝင်ငွေ ရှာဖွေပေးနိုင်သနည်း ဆိုသော အချက်ပေါ် အခြေခံခြင်း ဖြစ်သည်။ ပထမ အနာဂတ်၌ ရနိုင်မည့် အမြတ်တို့ကို ခန့်မှန်း တွက်ချက်ကြည့်သည်။ ဤအမြတ်တို့ထဲမှ လျှော့နှုန်း (ဒစ္စကောင့်)နှုတ်၍ ဤအက်ဆက်၏ လက်ရှိ တန်ဖိုးကို

တွက်ယူသည်။

ဤသဘောကို အခြေခံလျက် ဘရိုင်းဆာဗေးက ဘရိုင်းတစ်ခု၏ စုစုပေါင်း ရောင်းရငွေ (sales) စာရင်းကို ယူသည်။ ထိုမှ အသားတင်ရငွေ (net earning) ကို တွက်ယူသည်။ ထို့နောက် ထိကိုင်ရသော အက်ဆက် (tangible assets) တို့၏ စရိတ်စကတို့ကို နှုတ်ကြည့်သည်။ အကျန်သည် ထိကိုင် မရသော အက်ဆက် (intangible assets) တို့၏ ဝင်ငွေဖြစ်သည်။ ဤအထဲမှ ဘရိုင်းမှ ရသော ဝင်ငွေကို သီးသန့် ထုတ်ကြည့်သည်။

ဘရိုင်းတန်ဖိုးကို တွက်ပြီးနောက် ဘရိုင်း၏ ခွန်အားကို အချက် ၄ ချက်ပေါ် မူတည်၍ စဉ်းစားကြည့်သည်။ (၁) ဘရိုင်း၏ ဈေးကွက်ထဲ ခေါင်းဆောင်မှု (၂)ဘရိုင်း၏ တည်ငြိမ်မှု (၃)ဘရိုင်း၏ ပထဝီ နယ်နိမိတ်ကို ကျော်ဖြတ်နိုင်မှုနှင့် (၄)ဘရိုင်း၏ ယဉ်ကျေးမှု နယ်နမိတ်တို့ကို ကျော်ဖြတ်နိုင်မှုတို့ဟူ၍ ဖြစ်သည်။

**ကမ္ဘာကြီး**သည် ကမ္ဘာ့ရွာကြီး ဖြစ်နေပြီဟု ဆာဗေးက ထောက်ပြသည်။ ဤကမ္ဘာ့ရွာကြီးထဲ၌ ဘရိုင်းတို့သည် အချိန်မရွေး ထိပ်တန်းက ပြုတ်ကျနိုင်သော အန္တရာယ်တို့က တကယ် ကြီးမားသည်ဟု သတိပေးသည်။

Ref : Business Week

# ဂလိုဘယ်လိုက်ဇေးရှင်း

# Globalization

# ရေတ်သီးစပ်စပ် ဆောင်ပုဒ်ဖြင့် ဂရိတ်ပါဝါနှစ်ရပ် အားပြိုင်

## ရေတ်သီးစပ်သော စကား

ဂလိုဘယ်လိုက်ဇေးရှင်းသည် တိုင်းပြည်တို့ကို ဗဟိုပြုပြီး လည်ပတ်နေသည် မဟုတ်၊ ကုမ္ပဏီတို့ကို ဗဟိုပြုပြီးလည်း လည်ပတ်နေခြင်း မဟုတ်၊ လူတစ်ဦးချင်းစီကို ဗဟိုပြု၍ လည်ပတ်နေခြင်းသာ ဖြစ်သည်။ ဤသို့ လည်ပတ်ရာတွင်လည်း ယခုနှစ်၌ ဂလိုဘယ်လိုက်ဇေးရှင်းကို လူဖြူ အနောက်တိုင်းသားတို့ စိုးမိုးသွားမည် မဟုတ်တော့ပေ။ လူတစ်ဦးချင်း ဆိုသည်မှာ လူဖြူသာ မဟုတ်၊ အနောက်တိုင်းသားသာ မဟုတ်၊ သက်တံ့ရောင်စုံအားလုံး အသားအရောင်စုံ လူတစ်ဦးချင်းတို့ ဖြစ်ကြမည်။

ဤသို့ ရေးသူမှာ ကမ္ဘာကျော် ပြောသည် စာအုပ်ကို ရေးသူ သောမတ်(စ်)ဖရီးမင်း ဖြစ်သည်။ သူက အိန္ဒိယ အိုင်တီ ကုမ္ပဏီများ၊ တက္ကသိုလ် ပညာရှင်များနှင့် အိန္ဒိယ အစိုးရတို့ မကြာမီက ပူးပေါင်းကျင်းပသော နက်(စ်)ကွန် နီးနော ဖလှယ်ပွဲတွင် မိန့်ခွန်းပြောသည်။ သူ၏ မိန့်ခွန်းထက် တာတာ အကြံပေး ဝန်ဆောင်မှုမှ စီအီးအို အက်(စ်)ရာမန်ဒူရယ်က် မိန့်ခွန်းက ပိုပြီး ရေတ်သီးစပ်သည်ဟု ထင်ရသည်။

သူက အိန္ဒိယသည် ကွန်ပျူတာ ပရိုဂရမ်စုသူတွေ နည်းနည်းသာ လိုသည်။ စာပြုသူတွေ နည်းနည်းသာ လိုသည်။ ယုံကြည်သက်ဝင်မှု မရှိသူတွေ ပိုလိုသည်ဟု ပြောသွားသည်။ Less compilers and more secptics လို့ ဆိုသည်။ သူ့စကားက ဘာကို ဆိုလိုမှန်း မသိရ၍ အတော် စဉ်းစားရသည်။ အထက်အောက် စာသားတို့နှင့် ဆက်စပ်မှုကို စဉ်းစားကြည့်မှသာ အဓိပ္ပာယ်ရေးရေး ပေါ်လာသည်။ သူက အိုင်တီနှင့် အိုင်တီ ဝန်ဆောင်မှုတွေ အလွန် တိုးတက်လာသောအခါ

အရေးကြီးမှု အစီအစဉ်တွေ အကုန် ပြောင်းလဲလာပြီဟု ဆိုသည်။ ၂၀၁၀ ခုနှစ် အထိကို ပစ်မှတ်ထားပြီး ချိန်ရွယ်၍ စဉ်းစားလျှင် အိုင်တီလုပ်ငန်း၌ (၁) စရိတ်နှင့် (၂)အရည်အသွေး (ဝါ) quality သည် နောက်တန်း ရောက်သွားမည်။ တီထွင် ဆန်းသစ်မှု (innovation) က ရှေ့တန်း တက်လာမည်။ အိုင်တီနှင့် နီးနွယ်ရာ ဝန်ဆောင်မှု လုပ်ငန်းတို့သည် တီထွင် ဆန်းသစ်မှုကို အာရုံ စူးစိုက်ရတော့မည်။ တီထွင် ဆန်းသစ်မှုတို့ကလည်း ကိုယ်တစ်ယောက်တည်း ကြိုးပမ်းမှု မဖြစ်ပေ။ အခြားသူတို့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်မှု ဖြစ်မည်။ collabration ဟု ခေါ်သည်။

## မာလ်တီနေရှင်နယ်ချင်း ယှဉ်

ကျမ်းပြုသူ၊ စာပြုသူတို့သည် အထက်အောက်တို့ကိုသာ ထိုင်ပြီး စုနေသည့် အလုပ်ကို လုပ်သည်။ တီထွင်သည့် အလုပ် မလုပ်ပေ။ ထို့ကြောင့် တာတာ ကော်ပိုရေးရှင်း မှ စီအီးအိုက စာမူတွေ သိပ်မလိုဟု ပြောခြင်း ဖြစ်တန်ရာသည်။ ယုံကြည် သက်ဝင်မှု မရှိသူသည် သံသယ များနေသူ ဖြစ်သည်။ သံသယ များသူတို့က လက်တွေ့ စမ်းသပ်ချင်သည်။ တီထွင် ဆန်းစစ်ကြည့်ချင်သည်။

• ၂၀၁၀ ခုနှစ် ပစ်မှတ်အတိုင်း အောင်မြင်ရန် အလို့ငှာ အလွန်အရေးကြီးသည့် ပြဿနာ တစ်ရပ်ကို အချိန်မှီ ဖြေရှင်းနိုင်ရမည်ဟု ဆိုသည်။ ဤပြဿနာသည် လူအင်အား ပြဿနာ ဖြစ်သည်။ ၂၀၁၀ ခုနှစ်၌ အိုင်တီလုပ်သား ၂.၃ သန်း လိုသည်။ သို့သော် ယခုလက်ရှိ၌ လုပ်သား ၅၀၀၀၀၀ ဦးသာ ရှိသည်။ အိန္ဒိယသည် လူဦးရေအရ အင်အားကြီးသည်။ ဤ လူဦးရေ အင်အားကြီးမှုကို စီးပွားရေးအင်အားအဖြစ် ပုံသဏ္ဍာန် ပြောင်းလဲပစ်ရန် လိုသည်။ Convent demographic strength in the economic strength ဟုဆိုသည်။ ဤသို့ မလုပ်နိုင်လျှင် အိန္ဒိယသည် တရုတ်ပြည်နောက် အဝေးကြီး ကျန်ရစ်မည်။

ယခု တရုတ်နှင့် အိန္ဒိယတို့သည် အင်အား ကြီးထွားလာသော ဂရိတ်ပါဝါ အသစ်များအဖြစ် ကမ္ဘာမြေ အာရုံ စူးစိုက်ခြင်းကို အထင်ကရ ခံနေရသည်။ တရုတ်နှင့် အိန္ဒိယတို့ကြား အင်အားချင်း အနေအထားကို နှိုင်းယှဉ်ကြည့်ကြသည်။ ဤ ဂရိတ်ပါဝါ နှစ်ခု၏ အင်အား ပြိုင်ပွဲကလည်း အထူး စိတ်ဝင်စားစရာ ကောင်းလေရာ လာမည့် ၁၀ နှစ်အတွင်း တရုတ်က အိန္ဒိယကို သာသွားမလား၊ သို့မဟုတ် အိန္ဒိယက သာသွားမလားဆိုပြီး နှိုင်းယှဉ် တွက်ကြည့်နေကြသည်။ ယခု နောက်ဆုံး နှိုင်းယှဉ်ချက်အရ (၁) အမေရိကန် (၂) တရုတ်နှင့် (၃)

အိန္ဒိယတို့ဆိုပြီး အစီအစဉ်အတိုင်း အင်အား ကြီးထွားလာကြမည်ဟု ဆိုသည်။

အင်အား ကြီးထွားလာမှုကို တိုင်းထွာသည်မှာ မက်ခရို ဒေတာတို့ဖြင့်သာ တိုင်းထွာ၍ မလုံလောက်ပေ။ ကမ္ဘာ့ အဆင့်အတန်းရှိ မာလ်တီနေရှင်နယ် ကော်ပိုရေးရှင်းကြီးတွေက ဘယ်လောက် ဖွံ့ဖြိုးတိုးတက်သလဲဆိုသော အချက်တို့ဖြင့်လည်း ကြည့်ကြသည်။ တရုတ် ကော်ပိုရေးရှင်းနှင့် အိန္ဒိယ ကော်ပိုရေးရှင်းတို့ အင်အားကို ချိန်ကြည့်ကြသည်။

## အတုခိုး အမ်အဲင်အေ

ဤသို့ ချိန်ကြည့်ရင်း အမေရိကန်၊ အိန္ဒိယ နှစ်နိုင်ငံ ဖြန့်ကြက် ရင်းနှီးမြှုပ်နှံသူတို့၏ အမြင်ကိုလည်း စုံစမ်းကြည့်သည်။ အမေရိကန်၊ အိန္ဒိယ နှစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူ ပရိုမုတ်ဟိတ်က အိန္ဒိယ ဈေးကွက်သည် တရုတ်ဈေးကွက်ကို အတုခိုးရလိမ့်မည်ဟု ဟောကိန်းထုတ်သည်။

မာလ်တီနေရှင်နယ် ကော်ပိုရေးရှင်းတို့ကို ကြည့်ရာ၌လည်း မိုက္ကရို မာလ်တီနေရှင်နယ် (micro-maltinationals)တို့ကို ပိုပြီး အာရုံစိုက်ကြည့်သည်။ လုပ်ငန်းသစ် အရှင်းရှင် အသစ်တို့ကို ရည်ညွှန်းသည်။ မာလ်တီနေရှင်နယ် အကြီးကြီးချင်း ယှဉ်ကြည့်သည်ထက် လုပ်ငန်းသစ် မာလ်တီနေရှင်နယ်ချင်းတို့ကို နှိုင်းယှဉ်ကြည့်သည့် ရည်ရွယ်ချက်မှာ သွက်လက် လှုပ်ရှားနေသော လုပ်ငန်းတို့က မာလ်တီနေရှင်နယ် အဟောင်းတို့ထက် တီထွင်ဆန်းသစ်မှုတို့ကို ပိုပြီး ပြုလုပ်လိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။

ဤအချက်အပြင် တရုတ် မာလ်တီနေရှင်နယ်နှင့် အိန္ဒိယ မာလ်တီနေရှင်နယ်တို့သည် ကမ္ဘာ့အနှံ့ ဘယ်လောက် ခြေဆန့်လက်ဆန့် ရှိသနည်းဆိုသော အချက်ကိုလည်း တိုင်းထွာသည်။ ဤအလို့ငှာ ကော်ပိုရိတ် လောကတွင် ခေတ်စားနေသော ကုမ္ပဏီချင်း ပေါင်းစည်းခြင်း၊ ဝယ်ယူဝါးမျိုခြင်း (merger and acquisition)တွင် ဘယ်သူက ပိုပြီး ခြေသွက်နေသနည်း ဆိုသော အချက်ကို စစ်ဆေးသည်။

တရုတ်ရေနံကုမ္ပဏီကြီးက အမေရိကန်ရေနံကုမ္ပဏီကြီး တစ်ခုကို ဝယ်ယူရန် ကမ်းလှမ်းလိုက်ရာ အမေရိကန် နိုင်ငံရေးလောကတွင် ပွက်လောရိုက်သွားသည်။ အမျိုးသား လုံခြုံရေးကို အကြောင်းပြပြီး တရုတ် ရေနံကုမ္ပဏီကို မောင်းထုတ်သည်။ ယခုတစ်ဖန် အိန္ဒိယ သံမဏိ ကော်ပိုရေးရှင်းကြီးက ပြင်သစ် သံမဏိ ကော်ပိုရေးရှင်းကို ဝယ်ယူရန် ကမ်းလှမ်းလိုက်သည်။ ပြင်သစ်သာမက

အခြား ဥရောပ နိုင်ငံတို့ပါ ဝိုင်းအားကြသဖြင့် အိန္ဒိယ သံမဏိကုမ္ပဏီ နောက်ဆုတ်ရပြန်သည်။

ဤတွင် စိတ်ဝင်စားစရာ သတင်းတစ်ပုဒ် ပေါ်လာသည်။ အိန္ဒိယ သံမဏိ ကော်ပိုရေးရှင်းကြီးက တရုတ် သံမဏိ ကော်ပိုရေးရှင်းကြီးကို ဝယ်ယူရန် ကမ်းလှမ်းလိုက်သည်။ သံမဏိ လုပ်ငန်းသည် တရုတ်ပြည်၏ မဟာဗျူဟာအကျဆုံး လုပ်ငန်းဖြစ်၍ နိုင်ငံခြား ကော်ပိုရေးရှင်းတို့၏ အဝယ်ကို မခံနိုင်ဟု တရုတ်ပြည်က ကန့်ကွက် တုံ့ပြန်လိုက်သည်။

## ဆောင်ပုဒ် အသစ်

ဤအချက်တို့က ဘာ ပြသနေသည်းဆိုသော် တရုတ်နှင့် အိန္ဒိယ ကော်ပိုရေးရှင်းတို့သည် (အမ်အင်အေ) အမေရိကားနှင့် ဥရောပ ကော်ပိုရေးရှင်းတို့ကို ဝါးမျိုနိုင်သည်အထိ အင်အားများ ကြီးထွားလာခြင်းကို ပြသည်။

မာလ်တီနေရှင်နယ် အကြီးစားတို့အပေါ် အဓိက အာရုံ စူးစိုက်နေချိန်တွင် အိန္ဒိယ စီးပွားရေး လုပ်ငန်းရှင်တို့က micro-multinationals မာလ်တီနေရှင်နယ် အငယ်စား အသစ်တွေ အမြန် ထူထောင်ရန် စိုင်းပြင်းလာသည်။ ဤသို့ စိုင်းပြင်းရာ၌ အရင်းအနှီး စုဆောင်းမှုတို့က ပြဿနာရှိဟန် မတူပေ။ ပြဿနာသည် တီထွင် ဆန်းသစ်သူတို့ကို တစ်အား ကြံ့းလုပ်နိုင်ရန် ဖြစ်သည်။ သုတေသန အသုံးစရိတ်တွေ အောတိုက်သုံးစွဲသည်။ 'စာပြု ဆရာထက်၊ သံသယများသူကို ပိုလိုအပ်သည်' ဟူသော ဆောင်ပုဒ်ဖြင့် အိန္ဒိယက တရုတ်ထက်သာရန် ကြိုးပမ်းနေသည်။

Ref : Business World

# ဖြစ်ထွန်းမှုသုံးပါး စူပါ ဖြစ်လာသောအခါ အလျားလိုက်ဆီသို့

## စူပါ စင်ပြိုင် သုံးပါး

တက္ကနိုလိုဂျီ တစ်ခုချင်းကလည်း အံ့မခန်း ဖြစ်သည်။ ထိုအထဲတွင် မျိုးတူချင်းရော မျိုးမတူချင်းပါ တက္ကနိုလိုဂျီတွေ မျိုးစပ်ကုန်သောအခါ ကိရိယာ အားလုံးသည် ကြိုးမဲ့ မိုင်ယာလက်တွေ ဖြစ်ကုန်သည်။ ဒစ်ဂျစ်တယ်တွေ ဖြစ်ကုန်သည်။ မိုဘိုင်း တွေ ဖြစ်ကုန်သည်။ ကိုယ်ရေးသုံးတွေ ဖြစ်ကုန်သည်။ အစစ်အမှန် ဖြစ်ဘိသကဲ့သို့ virtual တွေ ဖြစ်ကုန်သည်။

ဤသို့ တက္ကနိုလိုဂျီ ခေတ်မီ ဖြစ်ထွန်းမှုတွင် ကမ္ဘာ့ အင်အားစုတို့၌ တရုတ်၊ အိန္ဒိယစသော မဟာ အင်အားကြီးနိုင်ငံ (ဂရိတ်ပါဝါ)အသစ်တွေ ပေါ်ထွန်း လာသည်။ ထိုအခြေအနေတွင် ရေနံဈေးနှုန်းက ထောင်တက်လာသည်။ သို့ဖြင့် ယနေ့ ကမ္ဘာတွင် အောက်ခြေသိမ်း ကိုင်လှုပ်မည့် ဇဟို သော့ချက်ကျသော စူပါ ဖြစ်ထွန်းမှုကြီး သုံးပါး စင်ပြိုင် ပေါ်ထွန်းနေပြီ။ ၄င်းတို့မှာ -

(၁) ခေတ်မီ တက္ကနိုလိုဂျီများ အပြိုင်အဆိုင် မျိုးစပ်လာမှု သုံးထပ်ကွမ်း မျိုးစပ်မှု ဖြစ်နေသည်ဟုဆို၍ သုံးထပ်ကွမ်း မျိုးစပ်မှု (triple convergence) ဖြစ်နေခြင်း၊

(၂) ကမ္ဘာ့ရေးရာတွင် အိန္ဒိယ၊ တရုတ်တို့ကဲ့သို့ ဂရိတ်ပါဝါ အသစ်များ ပေါ်ထွန်း လာခြင်းနှင့်

(၃) ရေနံ ဈေးနှုန်းများ ထောင်တက်ခြင်းတို့ ဟူ၍ ဖြစ်သည်။

## ဒေါင်လိုက်မှ အလျားလိုက်သို့

အထက်ဖော်ပြပါ စူပါ ဖြစ်ထွန်းမှုကြီး သုံးပါးသည် ကမ္ဘာ အသီးသီးတွင် အခြင်းအရာတို့အား ဘယ်လို ပုံသွင်းနေသလဲဟု သုတေသီတို့က သုံးသပ်ကြည့်ကြသည်။ ပထမ တက္ကနိုလိုဂျီများ မျိုးစပ် ပေါင်းဆုံမှုတို့ကြောင့် လူသုံး ကိရိယာတို့သည် အထက်တွင် ဆိုခဲ့သည့်အတိုင်း မိုဘိုင်း၊ ဒီဂျစ်တယ် ကြိုးမဲ့ဝါယာလက်၊ ကိုယ်ရေးနှင့် အစစ်အမှန် ဖြစ်ဟန်တို့ ဖြစ်လာသည်။ ဤသို့ ဖြစ်ခြင်းကြောင့် ကမ္ဘာကြီးသည် ငယ်ရာမှ ပိစိကွေးလေး ဖြစ်သွားသည်။ ကစားကွင်းတွင် ညီသွားသည်။ Level Playground ဟု ဆိုသည်။ အဓိပ္ပာယ်မှာ ပလေရာတို့သည် အခွင့်အလမ်းတွေ တူညီသွားခြင်း၊ စွမ်းရည်တွေ တူညီသွားခြင်းတို့ ဖြစ်သည်။

အကျိုးဆက်အဖြစ် အချင်းချင်း ယှဉ်ပြိုင်**နိုင်စွမ်း (competitive capacity)** အားတွေလည်း တိုးတက်သွားသည်။ အချင်း**ချင်း ပူးပေါင်းဆောင်**ရွက်နိုင်သော စွမ်းအား (Collaborative capacity) တို့လည်း **တိုးတက်သွား**သည်။ တက္ကနိုလိုဂျီချင်း မျိုးစပ်သည် ဆိုသည်မှာ ပူးပေါင်း ကြံဆ၊ **ပူးပေါင်း** စိတ်ကူး၊ ပူးပေါင်း ဆောင်ရွက်မှ ဖြစ်နိုင်ခြင်းကို ရည်ညွှန်းသည်။

လူတစ်ဦးချင်း ပူးပေါင်း ကြံဆသည်၊ ကုမ္ပဏီချင်း ပူးပေါင်း ကြံဆသည်၊ မာလ်တီနေရှင်နယ်ချင်း ပူးပေါင်းကြသည်မှာ အလျားလိုက်သဘောကို ပြောသည်။ ထို့ကြောင့် ပူးပေါင်း ဆောင်ရွက်နိုင်သော စွမ်းပကားများ ကြီးထွားလာခြင်း ဆိုသည်မှာ အလျားလိုက် လက္ခဏာ ကြီးထွားလာခြင်းကို ပြသည်။ အလျားလိုက် စီမံခန့်ခွဲမှု (horizontal management) ပေါ်ထွန်းလာသည်။ သည့်အရင် မတိုင်မီက စီမံခန့်ခွဲမှုသည် အမိန့်နှင့် ကွပ်ကဲမှု (command and control) ပေါ် အခြေခံသည့်အလျောက် စီမံခန့်ခွဲမှုသည် အပေါ်နှင့်အောက် (top-down) ပုံသဏ္ဌာန် ရှိသည်။ အထက်အောက် ဆင့်ကဲစနစ် (hierarchy) လို့လည်း ခေါ်သည်။ ယခု ဒေါင်လိုက်ဖြစ်သော အပေါ်နှင့်အောက် အခြေခံ **စီမံခန့်ခွဲမှု** (vertical management) သည် ယိုင်လဲချိနဲ့သွားပေပြီ။

## ဂရိတ်ပါဝါ အသစ်များ

ဤသို့ တက္ကနိုလိုဂျီ ဖြစ်ထွန်းမှု လက္ခဏာသစ်များ ထွန်းပေါက်လာချိန်တွင် ကမ္ဘာ့ရေးရာ၌လည်း မဟာ အင်အားကြီးနိုင်ငံ (ဂရိတ်ပါဝါ) အသစ်တွေ ပေါ်လာသည်။ ဤဂရိတ်ပါဝါ အသစ်တွေ ပေါ်လာခြင်းကြောင့် ကမ္ဘာကြီးအပေါ် မည်သို့ ဂယက်တွေ ရိုက်ခတ်မည်နည်းဟု အရေးအတင် ဆွေးနွေးလာကြရသည်။

တရုတ်နှင့် အိန္ဒိယ နှစ်နိုင်ငံ ဂရိတ်ပါဝါ ဖြစ်လာခြင်းကို အထူး အာရုံစိုက်နေသည်။ ရှုထောင့် အမျိုးမျိုးမှ တွက်ဆနေကြသည်။

## ဝယ်လက် ထွန်း

ပညာရှင် အတော်များများက ဂရိတ်ပါဝါများ ပေါ်ထွန်းမှု၊ အထူးသဖြင့် တရုတ်ပြည် အင်အား ကြီးထွားလာမှုအပေါ် ဗဟို အာရုံထား၍ ရေနံအပေါ် သက်ရောက်မှုကို အမိက အကဲခတ် ကြည့်ကြသည်။ ယခု ရေနံဈေးနှုန်း ထောင်တက်နေသည်။ ရေနံတစ်စည် ဒေါ်လာ ၆၀ နားတစ်ဝိုက် ဖြစ်နေပြီ။

၁၉၇၀ ပြည့်နှစ်တွေတုန်းကလည်း ရေနံဈေးနှုန်း ထောင်တက်ခဲ့ဖူးသည်။ ထိုစဉ်က ရေနံဈေးနှုန်း ထောင်တက်ပုံမှာ ရေနံ ဆပ္ပလိုင်း ပြတ်လပ်သွား၍ ဖြစ်သည်။ ယင်းကို ဆပ္ပလိုင်း ရှော့(ခ်) (supply shock) ဟုခေါ်သည်။ ယခု ရေနံဈေးနှုန်း ထောင်တက်ပုံမှာ ရေနံဆပ္ပလိုင်း ပြတ်လပ်သွား၍ မဟုတ်ပေ။ ရေနံ ဝယ်လိုအားကိုက အလွန် မြင့်တက်လာသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ယခု ရေနံဈေးနှုန်း ထောင်တက်ခြင်းကို ဝယ်လိုအား မောင်းထောင်တက်မှု (demand oriented rise) ဟု ခေါ်သည်။ ယခင်က ရောင်းလိုအား ဆပ္ပလိုင်းကြောင့် ဖြစ်သည်။ ယခု ဝယ်လိုအားကြောင့် ဖြစ်သည်။ ရေနံဝယ်လိုအား အားကောင်းလှသည်။ ရေနံအပေါ် ဝယ်လိုအား အလွန် များလာခြင်းကလည်း အင်အားအသစ်ကြီးထွားလာသော တရုတ်နှင့် အိန္ဒိယတို့ကြောင့် ဖြစ်သည်။ ဤဂရိတ်ပါဝါ အသစ်နှစ်နိုင်ငံသည် မိမိ၏ ဂရိတ်ပါဝါ အဆင့်အတန်းကို ထိန်းသိမ်းနိုင်ရန် အလို့ငှာ ရေနံကို အလုအယက် ရှာဖွေရမည် ဖြစ်သောကြောင့် ဖြစ်သည်။

Ref : The World is Flat by T.L Friedman

## ရင်းနှီးမြှုပ်နှံမှု မဟာပထဝီ ရွေ့ပြောင်းခြင်း အောက်ဈေးကွက်သို့ ခပ်စွာစွာဆင်း

### မြောက်တောင်မှ တောင်တောင်ချင်း

နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု၌ ပထဝီ ရှိသည်။ ယခု ဤရင်းနှီးမြှုပ်နှံမှု ပထဝီသည် အရွေ့အပြောင်း ဖြစ်သွားပြီ။ ယခင်ကဆိုလျှင် အရင်းအနှီး စီးဆင်းမှုသည် ချမ်းသာသော နိုင်ငံမှ အရင်းအနှီးတို့သည် ဖွံ့ဖြိုးဆဲ နိုင်ငံများဆီသို့ လည်းကောင်း၊ ဆင်းရဲသော နိုင်ငံများဆီသို့ လည်းကောင်း စီးဆင်းသည်။ ယင်းကို မြောက်မှတောင် စီးဆင်းမှု (North-South flow)ဟု ခေါ်သည်။ ကော်ပိုရေးရှင်းကြီးများ အဆင့်နှင့် ပြောလျှင် မြောက်ပိုင်း မာလ်တီနေရှင်နယ်တို့၏ အရင်းအနှီးတို့သည် တောင်ပိုင်း မာလ်တီနေရှင်နယ်တို့ထဲ စီးဆင်းသည်။

ယခု ဤပုံသဏ္ဍာန် ပြောင်းလာသည်။ မကြာသေးမီက စပြီး တောင်မှ တောင်သို့ အရင်းအနှီး စီးဆင်းမှုတွေ ပေါ်လာသည်။ South-South flow ဟု ခေါ်သည်။ ဥပမာအားဖြင့် ဘရာဇီးလ်မှ ဘတ်စ်ကား ထုတ်လုပ်သော ကော်ပိုရေးရှင်း က ဆော်ဒီအာရေးဗီးယား မက္ကာ ဘုရားဖူးများအတွက် ဘတ်စ်ကားများ ရောင်းချ ခြင်းမျိုး၊ ဘတ်စ်ကား ဘော်ဒီတို့ကို အရှေ့အလယ်ပိုင်း ဒေသသို့ ပို့၍ ဟိုရောက်မှ အင်ဂျင် တပ်ဆင်ခြင်းမျိုးတို့ကို ရည်ညွှန်းပြသည်။

နိုင်ငံပေါင်းစုံ ကော်ပိုရေးရှင်း (မာလ်တီနေရှင်နယ်) လောကကို မြောက် ပိုင်း မာလ်တီနေရှင်နယ်တို့က ကြီးစိုးခဲ့ရာ ယခု ထွန်းသစ်စ နိုင်ငံနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံတို့တွင် မာလ်တီနေရှင်နယ် ကော်ပိုရေးရှင်းတွေ ပေါ်လာသည်။ တောင်ပိုင်း မာလ်တီနေရှင်နယ်များဟု ခေါ်သည်။ ဤတောင်ပိုင်း မာလ်တီနေရှင်နယ်တို့က လည်း မြောက်ဘက်သို့ ခြေဆန့်ရန် မကြိုးပမ်း။ တောင်ပိုင်း အချင်းချင်း နိုင်ငံတို့တွင်

ခြေဆန့် ရင်းနှီး မြှုပ်နှံလာကြသည်။ သို့ဖြင့် ဂလိုဘယ် ရင်းနှီးမြှုပ်နှံမှု၏ ပထဝီကို တောင်ပိုင်း မာလ်တီနေရှင်နယ်တို့က ပြန်လည်၍ အသစ် ပုံလောင်းနေပြီဟု ဆိုသည်။

## ဘရဲင်းကြီး ရှောင်

အသစ် ထွန်းကားလာသော တောင်ပိုင်း မာလ်တီနေရှင်နယ်တို့သည် မြောက်ဘက် ဦးတည်လျှင် မြောက်ပိုင်း မာလ်တီနေရှင်နယ်တို့၏ နာမည်ကြီး ဘရဲင်း (famous brands)တို့နှင့် ယှဉ်ပြိုင်ရမည် ဖြစ်၍ အခက်အခဲ ကြီးကြီးတွေ တွေ့မည်။ ယှဉ်ပြိုင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မြောက်ပိုင်း နာမည်ကြီး ဘရဲင်းတွေ နိုင်နိုင်မာမာ မထိုးဖောက်နိုင်သေးသော တောင်ပိုင်းဘက် ဦးတည်လျှင် ဘရဲင်းကြီးတို့နှင့် ထိပ်တိုက် ရင်ဆိုင်မှုကို ရှောင်ရှားနိုင်သည်။

တောင်ပိုင်း မာလ်တီနေရှင်နယ်တို့သည် တောင်ပိုင်း နိုင်ငံတို့နှင့် တွေ့ကြုံဆက်ဆံဖူးသဖြင့် အဂတိ လိုက်စားမှုမှအစ ကြိုးနီစနစ်အဆုံး အတွေ့အကြုံပေါင်းစုံတို့ကို ရရှိထားပြီး ဖြစ်သည်။ ထို့ကြောင့် တောင်ပိုင်းထဲ ဘယ်လို ထိုးဖောက်ရမည်ဆိုသော အထာကို မြောက်ပိုင်း မာလ်တီနေရှင်နယ်တို့ထက် ပိုသိသည်။ တောင်ပိုင်း မာလ်တီနေရှင်နယ်တို့သည် ခပ်ပျော့ပျော့တွေ မဟုတ်တော့။ ပိုပြီး ထွန်းထွန်းတိုက်တိုက် ပိုပြီး ကြွကြွရွရွ ရှိလာသည်။ ခြေစွာသည်။

ဤသို့ ထွန်းထွန်းတိုက်တိုက် တောင်ပိုင်း မာလ်တီနေရှင်နယ်တွေ ပေါ်ပေါက်လာခြင်းသည် ဆင်းရဲသော နိုင်ငံတို့ အချင်းချင်းကြား အစဉ်အလာအရ ရှိသော သဘောထားတို့ကို အကုန် ဆွဲခါလှုပ်ပစ်လိုက်သည်။ ချမ်းသာသော နိုင်ငံတို့မှ စားသုံးသူတို့ကို လုဘက်၊ ရိက္ခာ အထောက်အပံ့တို့ကို အပြိုင်အဆိုင် လျှောက်လွှာတင်ဘက် အဖြစ်သာမကဘဲ ဂလိုဘယ် စီးပွားရေးတွင် ပြိုင်ဘက် ဖာတ်ဆောင်များ အဖြစ်လည်း အပြန်အလှန် သဘောထားလာကြရပြီ။

မကြာသေးမီကအထိ ဖွံ့ဖြိုးဆဲနိုင်ငံ တစ်ခုမှ အရင်းအနှီးတွေ အခြားဖွံ့ဖြိုးဆဲ နိုင်ငံတစ်ခုဆီသို့ စီးဆင်းသည်ဆိုသော သတင်းမျိုးကို သိပ်ပြီး ထည့်မတွက်ခဲ့ကြပေ။ ရှိလည်း အနည်းငယ်သာ ဖြစ်သည်။ ၁၉၉၅ ခုနှစ်က ဖွံ့ဖြိုးဆဲ နိုင်ငံအချင်းချင်း တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု (အက်ဖ်ဒီအိုင်လို့ ခေါ်သည့် စက်ရုံ အလုပ်ရုံများ တိုက်ရိုက် ဆောက်လုပ်ခြင်းတို့ကို ရည်ညွှန်းသည်) သည် ဒေါ်လာ ၁၅ ဘီလီယံဖိုး လောက်သာ ရှိသည်။ စာဖွဲ့လောက်သော ပမာဏ မဟုတ်ပေ။

## တောင်ပိုင်း ပွပေါက်

သို့သော် ၂၀၀၃ ခုနှစ်၌ ဤပမာဏသည် သုံးဆတိုးပြီး ဒေါ်လာ ၄၆ ဘီလီယံအထိ

ရောက်သွားသည်။ ၂၀၀၄ ခုနှစ် တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ဒေါ်လာ ၆၅၀ ဘီလီယံ ဖိုးနှင့် နှိုင်းစာလျှင် အသေးအမွှားသာ ဖြစ်နေသေးသည်။ သို့သော် ယခုနောက်ဆုံး အခြေအနေ၌ တောင်နှင့် တောင်ချင်း အရင်းအနှီး စီးဆင်းမှုသည် မြောက်နှင့် တောင် အရင်းအနှီး စီးဆင်းမှုထက် ပို၍ မြန်ဆန်နေပြီး ဖွံ့ဖြိုးဆဲ နိုင်ငံများသို့ တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု၏ သုံးပုံတစ်ပုံ ကျော်သည်။ မိမိ၏ မိတ်ရင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖြစ်နေပြီ။ လွန်ခဲ့သော ၁၀ နှစ်ကထက် နှစ်ဆ ဖြစ်နေပြီ။

တောင်ပိုင်းမှ အရင်းအနှီးတို့ တောင်ပိုင်း၌ပင် ဆက်လက်ပြီး စီးဆင်း နေခြင်းကို 'တောင်ပိုင်း ပွပေါက်' (Southernly windfall) ဟု တင်စားခေါ် ဝေါ်သည်။ ဤလို စီးဆင်းခြင်းသည် လေတိုက်တုန်း ခဏတစ်ဖြုတ် မြောက်တက် သွားသည့်သဘော မဟုတ်ကြောင်း၊ နောက်ပြန် ကျသွားမည့်သဘော မဟုတ် ကြောင်း အင်တာနေရှင်နယ် ဘဏ္ဍာရေး ကော်ပိုရေးရှင်းမှ ရင်းနှီး မြှုပ်နှံမှုဆိုင်ရာ ပါရဂူ ဂျန်းအောက်ဘတ်တက်က အကဲဖြတ်သည်။

တောင်ပိုင်း မာလ်တီနေရှင်နယ်တို့က တောင်ပိုင်း နိုင်ငံတို့အား ကြိုက်ရာ ၌ ဘယ်လောက်ထည့်ထည့် ယိုထွက်ကျကုန်သည့် အိုးပေါက် (sinkhole)လား၊ သို့တည်းမဟုတ် အလားအလာရှိသော ဈေးကွက် (potential market)လားဆိုပြီး ကြည့်သည်။ ဥပမာ ဘင်္ဂလားဒေ့ရှ်ဆိုလျှင် မာလ်တီနေရှင်နယ်တို့က အိုးပေါက်လို့ မြင်သည်။ သို့ရာတွင် အိန္ဒိယ တာတာ ကော်ပိုရေးရှင်းကြီးကမူ မိမိ အိမ်တံခါး ပေါက်နားက အလားအလာရှိသော ဈေးကွက်အဖြစ် မြင်ပြီး ဘင်္ဂလားဒေ့ရှ်တွင် ရင်းနှီးမြှုပ်နှံသည်။

## လူဦးရေ အစွယ်ကောင်း မဟုတ်

တောင်ပိုင်းမှ မာလ်တီနေရှင်နယ်တို့ တွန်းတွန်းတိုက်တိုက် ခပ်စွာစွာ ပိုပြီး ကစားလာသည်ကို အကြောင်းပြုပြီး သူတို့အား 'ချင်းနင်း ဝင်ရောက်စီးသူ အသစ်' (new raiders) များဟု ခေါ်သည်။ အနောက်တိုင်း ဘရင်းကြီးတို့က ဆင်းရဲသော နိုင်ငံတို့မှ စားသုံးသူတို့ကို ရှောင်ကြသည်။ အဘယ်ကြောင့်ဆိုသော် အိပ်ကပ်ထဲ ပိုက်ဆံမရှိ။ ရှိလည်း နည်းနည်း။ သူတို့၏ ဈေးဝယ်ထွက်နည်း ရှောပင်းသည် ဓိဇာမချဲ့၊ ခပ်ရိုးရိုး။ သို့ဖြင့် သူတို့သည် မားကက်တင်းစကားအရ 'လူဦးရေ အစွယ်ကောင်း' (prime demographic)တွေ မဟုတ်ပေ။ ယခု အနောက်တိုင်း မာလ်တီနေရှင်နယ်တို့က ရှောင်သော စားသုံးသူတို့ကို တောင်ပိုင်း မာလ်တီ နေရှင်နယ်တို့က ပစ်မှတ်ထားလာသည်။ အောက်ဈေးကွက်ထဲ ဆင်းသည်။ down-

market ပြုသည်ဟု ခေါ်သည်။

တောင်ပိုင်း မာလ်တီနေရှင်နယ်တို့သည် ယခုအခါ ကော်ပိုရိတ် ကြယ်ပွင့်တွေ ဖြစ်လာသည်။ ယဉ်ကျေးမှု နီးစပ်မှုကြောင့် ဤသို့ ဖြစ်လာရသော်လည်း ရေရှည်၌ ယဉ်ကျေးမှု နီးစပ်မှု၏ ဩဇာက ပျောက်ဆုံးသွားနိုင်သည်။ ထို့ကြောင့် အိုအီးစီဒီမှ ဘောဂဗေဒပညာရှင် ဘန်းစဝ်န်းက အချက်တစ်ချက်ကို ထောက်ပြသည်။ ဤအချက်မှာ ဂလိုဘယ်လိုက်ဈေးရှင်းတွင် နိုင်သူတို့နှင့် ရှုံးသူတို့ ဆိုပြီး ရှိသည်။ ယခု လောလောဆယ်၌ ဖွံ့ဖြိုးဆဲ နိုင်ငံတို့ (တောင်ပိုင်း)က နိုင်သူတွေ ပိုပိုပြီး မွေးထုတ်နိုင်သည်။ တောင်ပိုင်းထဲတွင် ဂရိတ်ပါဝါတွေ ဖြစ်လာသော တရုတ်နှင့် အိန္ဒိယတို့ ပါဝင်သည်။

တရုတ် ကော်ပိုရေးရှင်း တစ်ခုမှ စီအီးအို တစ်ယောက်က တရုတ်အရင်းအနှီးတွေ တောင်ပိုင်းဘက် ပိုလှည့်ပေးသည်မှာ တောင်ပိုင်းကို ကူညီရန် တရုတ်ပြည် တာဝန်ရှိသည်ဆိုသော အသိတရားကြောင့် ဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုသည်။

Ref : Newsweek

# ကော်ပိုရိတ် အုပ်ချုပ်ရေး

# Corporate Governance

# ယုတ္တိ ရှာပုံတော်အသစ်နှင့် ပဋိပက္ခ မီဒီယံအသစ်

## ယုတ္တိ ရှာပုံတော်

စီးပွားရေး ယုတ္တိတို့ကို ကိန်းဂဏန်း (number)တို့တွင် ရှာသည်ထက် ရုပ်ပုံလွှာ (profiles)၊ ပုံရိပ် (image)နှင့် သင်္ကေတ (symbols)တို့တွင် ရှာသည်။ ဤနည်းကို လက်တွေ့အမြင်ကို အခြေခံသောနည်း(empirical method) ဟူ၍လည်း ခေါ်သည်။ လက်တွေ့မြင်ရသော အမြင်ဖြင့် မရှိတရားကို ရှုမြင် သုံးသပ်ခြင်း ဖြစ်သည်။ အရှိတရားတို့ကိုလည်း ရုပ်ပုံလွှာ၊ ပုံရိပ်၊ သင်္ကေတတို့က ကိုယ်စားပြုသည်။

ရုပ်ပုံလွှာ ကြည့်ရာ၌လည်း ရုပ်ပုံလွှာ အမြင့်စားနှင့် အကောင်းစားတို့ကို တစ်ဖက်၊ ဆင်းရဲ မွဲချောက်နေသော ရုပ်ပုံလွှာတို့ကို အခြားတစ်ဖက် ထား၍ နှိုင်းယှဉ်ကြည့်သည်။ ကော်ပိုရေးရှင်းကြီးတို့၏ ရုပ်ပုံလွှာ (corporate profile) နှင့် အငယ်စား ဘီစနက်တို့၏ ရုပ်ပုံလွှာ (small business's profile)တို့ကို ယှဉ်ကြည့်ခြင်း ဖြစ်သည်။ ကုမ္ပဏီရုပ်ပုံလွှာတို့သည် ယေဘုယျအားဖြင့် အဆင့်မြင့်သည်။ အကောင်းစား ဖြစ်သည်။ ပိုတောက်ပ စိုပြေသည်။ အငယ်စားစီးပွားရေး ဘီစနက်တို့သည် မသေရုံတစ်မယ် ရုန်းကန်ကြရသည်၊ နွမ်းလျနေသည်၊ ပင်ပန်း၍ မွဲခြောက်နေသည်။

သဘောမှာ စီးပွားရေး အစစ်အမှန်ကို ကော်ပိုရိတ် ရုပ်ပုံလွှာနှင့် အငယ်စား ဘီစနက်တို့ကို မြင်ရသည့်အတိုင်း ရှုမြင် သုံးသပ်ခြင်း ဖြစ်သည်။ ဤသုံးသပ်နည်းသည် ဘောဂဗေဒတွင် ပြောလေ့ပြောထရှိသော မက္ကရို သုံးသပ်နည်း (macro analysis) နှင့် ခြားနားသည်။ မက္ကရို သုံးသပ်နည်းသည် ကိန်းဂဏန်းတို့ကို အားကိုးလွန်းသည်။ ရုပ်ပုံလွှာနည်းက ကိန်းဂဏန်းတို့ကို မကြည့်။ ရုပ်ရည်ကို

ကြည့်သည်။ အမြင်အတိုင်း ကြည့်သည်။ ကိန်းဂဏန်းတို့ထက် ရုပ်ရည် ကြည့်ပြီး အခြေအနေကို အကဲခတ်သည်။

## သင်္ကေတ ခြောက်ပါး

ရုပ်ပုံလွှာကို ကြည့်ရာ၌လည်း ပတ်လည် ဝိုင်းနေသော ပုံရိပ်နှင့် သင်္ကေတတို့ကို အဓိက နေရာပေးသည်၊ တွက်သည်။ ပညာရှင် တစ်ဦးက နမူနာတစ်ခု အနေဖြင့် ရုရှစီးပွားရေးမှ အငယ်စား စီးပွားရေး ကဏ္ဍကို လေ့လာပြသည်။ ရုရှ အငယ်စား စီးပွားရေးသည် စရိတ် ကြီးလွန်းနေသည်။ ကုမ္ပဏီကြီးတို့နှင့် ယှဉ်ပြိုင်လျှင် တစ်ပန်းရှုံးနေသည်။ ဖိနှိပ် ခံထားရသလို ဖြစ်နေသည်။

ဤသို့ အငယ်စား စီးပွားရေးစရိတ် ကြီးနေသည်မှာ ရာဇဝတ်မှု ၆ ပါး ကြောင့် ဖြစ်သည်။ ဤ ရာဇဝတ်မှုတို့ကို မက်ဆက်ချူးဆက်တက္ကသိုလ် သုတေသနအဖွဲ့မှ ပညာရှင်တို့က သင်္ကေတ (symbols) များအဖြစ် မှတ်ယူသည်။ အငယ်စား စီးပွားရေးတို့ကို နှိပ်စက် ဒုက္ခပေးနေသော ရာဇဝတ်မှု (သင်္ကေတ) ၆ ပါးမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) လူဆိုးဂိုဏ်းဘို့၏ မိုက်ကြေးခွဲမှု၊
(၂) ဌာန အသီးသီးမှ ဗျူရိုကရက်၏ လောင်းကြေးနှင့် လာဘ်ကြေးများ၊
(၃) ရဲတို့အား အစောင့်အရှောက် ပေးရသော ကြေးများ၊
(၄) ဂိတ်ကြေးများ၊
(၅) ပြိုင်ဘက်တို့က မယှဉ်ပြိုင်ရဲအောင် ရမ်းကားမှုတို့အတွက် ကုန်ကျစရိတ် (ဥပမာ - ဆိုင်သစ်ပေါ်လျှင် မှန်ကို ခဲလုံးနှင့် ပစ်ခွဲခြင်းမျိုး)၊
(၆) တရားမဝင် အလှူခံတို့ ဟူ၍ ဖြစ်သည်။

ဤသင်္ကေတ ၆ ပါးတို့နှင့် ဝိုင်းရံ ခံထားရသော အငယ်စား ဘီစနက်တို့သည် (၁) ဘီစနက်ကြီးဘက်သို့ ကူးရန် ခြေချသော လုပ်ငန်းတို့လည်း ဖြစ်နိုင်သည်။ (၂) စီးပွားရေး ချားရဟတ်မှ လွင့်စင်လာသူတို့၏ လုပ်ငန်းတို့လည်း ဖြစ်နိုင်သည်။ (၃) အလုပ်လက်မဲ့ ပြဿနာကို ဖြေရှင်းသည့် အနေဖြင့် ဆောင်ရွက်ကြသော လုပ်ငန်းတို့လည်း ဖြစ်နိုင်သည်။ ဤသဘောဖြင့် ဘဝ တည်ရှိမှု ဖြစ်လာသော အငယ်စား စီးပွားရေးတို့၏ ရုပ်ပုံလွှာသည် တောက်ပြောင်နိုင်စရာ မရှိပေ။ မွဲခြောက်နေသည်သာ ဖြစ်သည်။ သို့ဖြင့် ဘီစနက် အခြေအနေကို အကဲခတ်သောအခါ ဘီစနက် အကြီး (ကော်ပိုရိတ်)နှင့် ဘီစနက် အငယ်ဆိုပြီး ရုပ်ပုံလွှာ နှစ်လွှာ ခွဲဆက်ကြည့်သည်။ ရုပ်ပုံလွှာ သက်သက်သာ မဟုတ်။ ဝန်းကျင် သင်္ကေတ အစုံကိုပါ ထည့်ပေါင်းကြည့်၍ ကောင်းသည် ဆိုးသည်ကို အကဲခတ်ရသည်ဟု ဆိုသည်။

## ပဋိပက္ခ မီဒီယံ အသစ်

အခြား အမြင်သစ် တစ်ခုလည်း မကြာသေးမီက ပေါ်လာသည်။ ၎င်းကို ပဋိပက္ခ မီဒီယံ အသစ် (new medium of conflict) ဟုခေါ်သည်။ မီဒီယံ ဆိုသည်မှာ ကြားခံ ကိရိယာ၊ နည်းလမ်းကို ဆိုလိုသည်။ ဥပမာ Medium is message. (မီဒီယံသည် မက်ဆေ့(ချ်) အမှာစကား ဖြစ်သည်) ဆိုသော အယူအဆ၌ မက်ဆေ့(ချ်) တို့ကို ကြားခံကိရိယာ အမျိုးမျိုးဖြင့် ဖော်ပြနိုင်ခြင်းကို ရည်ညွှန်းသည်။ မက်ဆေ့(ချ်)ကို ပုံနှိပ် မီဒီယာ အဖြစ်လည်း ဖော်ပြနိုင်သည်။ ရုပ်သံ မီဒီယာဖြင့်လည်း ဖော်ပြနိုင်သည်။ ယခုနောက်ပိုင်း အင်တာနက်ဖြင့်လည်း ဖော်ပြနိုင်သည်။ မက်ဆေ့(ချ်) ကို ဖော်ပြနည်း၊ ဖော်ပြသည့် ကိရိယာတွေ မျိုးစုံ ပေါ်လာသည်။

Money is medium of exchange. (အသပြာသည် ဖလှယ်မှု၏ ကိရိယာ) ဟု ဆိုလျှင် ကုန်ပစ္စည်း ဖလှယ်မှုတို့ကို မူလက ကုန်ကုန်ချင်း ဘာတာနည်း (barter) ဖြင့် ဖလှယ်ခဲ့ကြသော်လည်း နောက်ပိုင်း ငွေအသပြာကို ကြားခံထား၍ ကုန်ပစ္စည်းများ ဖလှယ်ကြကြောင်းကို သိကြသည်။

လူ့သမိုင်းတွင် ပဋိပက္ခတွေ မျိုးစုံ ဖြစ်ပွားသည်။ အထင်ရှားဆုံး ပဋိပက္ခ တို့သည် စစ်ပွဲတွေ ဖြစ်သည်။ သို့ဖြင့် ရှေးအကျဆုံး မဟာဗျူဟာ ရွေးချယ်မှု (oldest strategic choices) နှစ်ပါး ပေါ်ခဲ့သည်။ ပထမ အချက်သည် ဘယ်လို စစ်ပွဲပုံသဏ္ဌာန် အမျိုးအစား (sort of war) ကို တိုက်ခိုက်မလဲဟု ရွေးချယ်ရန် ဖြစ်သည်။ ဒုတိယ အချက်သည် ရွေးချယ်လိုက်သော စစ်ပွဲ အမျိုးအစားကို မည်သည့်နည်းဖြင့် တိုက်ခိုက်မလဲ (medium of conflict) ကို ရွေးချယ်ရန် ဖြစ်သည်။ သမိုင်းကိုကြည့်လျှင် စစ်ပွဲ အမျိုးအစားတို့ကလည်း ပြောင်းလဲနေသည်။ စစ်ပွဲ၏ မီဒီယံတို့ကလည်း ပြောင်းလဲနေသည်။

## အင်ဖော်မေးရှင်း လုံခြုံရေး

ယခု ၂၁ ရာစုနှစ်တွင် ပဋိပက္ခ အမျိုးအစားသစ်က ဘာဖြစ်နေသနည်း။ ဤပဋိပက္ခ အသစ်တို့ကို မည်သည့်နည်း၊ မည်သည့် ကြားခံကိရိယာ (medium) တို့ဖြင့် ဖြေရှင်းနေသနည်း ဆိုပြီး စဉ်းစားလာကြသည်။ ကိန်းဘရစ်တက္ကသိုလ် ပါမောက္ခတစ်ဦးက အမေရိကန် ရေတပ် စစ်တက္ကသိုလ်၌ ဤအကြောင်း ပို့ချသည်။ အလွန် စိတ်ဝင်စားဖို့ ကောင်းသည်။

သူမ အမြင်အရ ၂၁ ရာစု စောစောပိုင်း၌ တွေ့ရသော စစ်ပွဲ အမျိုးအစား သည် အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲ ဖြစ်သည်။ ဤစစ်ပွဲ အမျိုးအစားနှင့်

အံ့ကိုက် ပဋိပက္ခ မီဒီယံသည် ကမ္ဘာ့စီးပွားရေး (blobal economy) ဖြစ်လာပြီဟု ထောက်ပြသည်။ ဂလိုဘယ် စီးပွားရေး ဆိုသည်မှာ ကုန်ပစ္စည်းတွေ လှည့်လည် စီးဆင်းမှု၊ ငွေကြေး အရင်းအနှီးတွေ လှည့်လည် စီးဆင်းမှု၊ လူတွေ လှည့်လည် အခြေချ ရွှေ့ပြောင်းမှုတို့သာ ဖြစ်သည်။

ဤသို့ ကုန်ပစ္စည်း၊ ငွေကြေး အရင်းအနှီးနှင့် လူများ လှည့်လည်စီးဆင်းမှုသည် ယခင်က ဘာမျှ အထူးအဆန်း မဟုတ်။ ဖြစ်ရိုးဖြစ်စဉ် (routine) တို့ ဖြစ်သည်။ သို့သော် ယခု ဤသို့ မဟုတ်ပေ။ ဤစီးဆင်းမှုတို့သည် ခြိမ်းခြောက်မှု (threat) လည်း ဖြစ်နိုင်သည်။ သို့တည်းမဟုတ် ပဋိပက္ခ မီဒီယံလည်း ဖြစ်လာနိုင်သည်။ ကုန်ပစ္စည်း၊ ငွေကြေး အရင်းအနှီးနှင့် လူ လှုပ်ရှားမှုတို့ကို ပဋိပက္ခ ဖြေရှင်းရာ နည်းလမ်းများအဖြစ် အသုံးပြုလာနိုင်ကြသည်။ ကုန်ပစ္စည်း၊ ငွေကြေး အရင်းအနှီး၊ လူတို့သည် စစ်မြေပြင် ဖြစ်လာဖွယ် ရှိသည်။

လုံခြုံရေး ပြဿနာလည်း အရွေ့အပြောင်း ဖြစ်သွားသည်။ ၁၈ ရာစုနှစ်က ကမ္ဘာ့ စီးပွားရေး စုစည်းမှုတွင် လူသား လုံခြုံရေး (human security) သည် အခရာ ကျခဲ့သည်။ နောက်ပိုင်း စစ်ရေး လုံခြုံရေး (military security) သည် အရေးကြီးခဲ့သည်။ ယခုကာလ၌ အင်ဖော်မေးရှင်း လုံခြုံရေး (security of information) က ထိပ်တက်လာသည်။ ပဋိပက္ခ မီဒီယံ အသစ်တွင် လူသား လုံခြုံရေးတို့သည် အပြိုင်အဆိုင် အရေးကြီးလာပြီ။

Ref : The Globalist

# လင်းယုန်လား၊ သာမညောင်ညလား
# အကောင်းမြင်ဝါဒ ရထားလုံးမှ လွင့်စင်ကျခြင်း

## မလှပသောစိတ်

လော့ရင့်(စ်) ကာစတာန်သည် မိုးပေါ် ပျံတက်နေသော လင်းယုန်ကြီးတို့ကို အားပေးသူ မဟုတ်ပေ။ တက်ကျွမ်း မှန်သမျှသည် အပြုသဘော စိတ်ဓာတ်၊ အကောင်းမြင် စိတ်ဓာတ် မွေးရန် Positive Thinking ဟောပြောတာ များသည်။ စီမံခန့်ခွဲမှုဆိုင်ရာ အယူအဆ အားလုံးလိုလိုသည် စိတ်ဓာတ် မြှင့်တင်ရေး နည်းလမ်းတို့ကိုသာ ပုံစံအမျိုးမျိုး ထုတ်၍ ရှင်းပြကြသည်။ စိတ်ဓာတ် မြှင့်တင်ရေး အဆိုအမိန့် အယူအဆ အားလုံးကို ပါမောက္ခ ကာစတာန်က စိတ်ဓာတ် မြှင့်တင်ရေး အင်ဒတ်စထရီ (Motivational Industry) ဟု နာမည်ပေးသည်။

သူ့ကို ဟားဗတ် ဘီစနက် ရီဗြူးမှ အယ်ဒီတာက ဗျူးရန် သွားဆီ သွားသည်။ ထိုင်သည်နှင့် ဗျူးဆရာက မမေးခင် သူကပဲ "ခင်ဗျားကို ချွတ်ရဦးမယ်" ဟု ပလွှင်ခံတော့သည်။ ပါမောက္ခ လော့ရင့်(စ်) ကာစတာန်သည် မကြာသေးမီက အတိုင်ပင်ခံ ကုမ္ပဏီတစ်ခု ထောင်သည်။ ကုမ္ပဏီ၏ အမည်က Despair Inc 'မျှော်လင့်ချက် ပျက်သုဉ်းခြင်း အင်စတီကျု' ဟူ၍ဖြစ်သည်။ စိတ်ဓာတ် မြှင့်တင်ခြင်း အစွဲကို ချွတ်ရန် (demotivation) ဖြစ်သည်ဟု ဆိုသည်။

လူသာ ပဓာန တရားသမားတို့က လူ၌ စိတ်ကောင်းမွေးရန် ဟောသည်။ အပြုသဘော စိတ်ကောင်း စေတနာကောင်း ရှိရန် ဟောသည်။ အဖွဲ့အစည်း ပဓာနသမားတို့ကလည်း အဖွဲ့အစည်းကို အပြုသဘောဆောင် မက်ဆေ့(ချ်) (positive messages) တို့ဖြင့် ပတ်ချာလည် ဝန်းရံထားရန် ဟောသည်။ ကုမ္ပဏီကို မက်ဆေ့(ချ်) ကောင်းကောင်းတို့ဖြင့် ဝန်းရံထားသည်။ သို့ရာ၌ အဓိကအားဖြင့်

အလုပ်သမားတို့ကို စိတ်ကူး စိတ်သန်းကောင်းသော အတွေးနှင့် အိပ်မက်တို့ဖြင့် ဝန်းရံထားစေခြင်း ဖြစ်သည်။

ဤသို့ ဝန်းရံထားလျှင် မက်ဆေ့(ချ်) အမှာစကားက နှစ်ဖက် ထွက်လာသည်။ တစ်ဖက်၌ အလုပ်သမားတို့သည် ဤအတွေးနှင့် ဤအိပ်မက်တို့နှင့် အမီ လုပ်ဆောင်ကြရမည်ဟု အလုပ်ရှင်တို့က မျှော်လင့်ခြင်း ဖြစ်သည်။ အခြားတစ်ဖက်၌ မန်နေဂျာတို့ကလည်း အလားတူသော စံတို့ကို လိုက်နာရမည်ဟု အလုပ်သမားတို့က မျှော်လင့်သည်။ သို့ရာတွင် တကယ်တမ်း လက်တွေ့၌ မျှော်လင့်သလို ဖြစ်ပေါ်မလာကြသောအခါ အပြစ်တွေ အပြန်အလှန် တင်လာတော့သည်။ အရာရာကို စိတ်တိုင်း မကျဘဲ အပြစ်သာ မြင်သောဝါဒ (cynicism) မွေးထုတ်မိလာကြသည်။ ဤစိတ်ထားမျိုး မွေးထုတ်လည်း လျှစ်လျူရှုစိတ်တွေ ပေါ်လာသည်။ စိတ်ဓာတ် မြှင့်တင်ရေးသည် လုပခြင်း မရှိတော့ပေ။

ထို့ကြောင့် တကယ်မဖြစ်သော စိတ်ဓာတ် မြှင့်တင်ရေး ဆွဲဆောင်မှုတို့သည် အင်နှင့်အုံနှင့် အဖွဲ့လိုက် သီလကြောင် သူတော်ယောင်ဆောင်မှု (institutional hypocrisy) ကိုသာ မြင်လာရသည်ဟု လော့ရင့်(စ်) ကာစတန်က ထောက်ပြသည်။ အမျိုးသမီးတစ်ဦးက သူ့ကုမ္ပဏီ၏ အကြံဉာဏ်နှင့် အဆိုအမိန့်တို့ကို ဝယ်ယူအသုံးပြုသည်။ စိတ်ဓာတ် မြှင့်တင်ရေး အစွဲကို ချွတ်သည်။ ဤအမျိုးသမီးက ပါမောက္ခ ကာစတန်၏ အမြင်သည် သီလကြောင် သူယောင်ဆောင်သူကို သိမ်သိမ်မွေ့မွေ့ သူပုန်ထခြင်း ဖြစ်သည်ဟု ထင်မြင်ချက်ပေးသည်။

ဤသို့ သူပုန် မထပဲ စီးပွားရေးတွင် အောင်မြင်စရာ အကြောင်း မရှိပြီ။ ကာစတန်၏ ဒဿနကတောင် ထိရောက် အောင်မြင်ခြင်းကို မလွဲ့ဆော်။ ပျံ့ဝဲနေသော လင်းယုန်ကြီးတွေလို ဖြစ်ရန် မရည်ရွယ်။ အလယ်အလတ် တော်ရုံတန်ရုံ အောင်မြင်မှုရရန် ချိန်သည်။ အကြံ မကြီးပေ။ အကြံ ကြီးကြီး ရည်ရွယ်ချက်ကြီးကြီးကို သူက ဆန့်ကျင်သည်။

သရော်ခြင်း (satire) ကို ပါမောက္ခ ကာစတန်က သိပ် တန်ဖိုးထားသည်။ ကော်ပိုရေးရှင်းကြီးတို့သည် စိတ်ဓာတ် ထူထောင်ရေး ပရိုဂရမ် (morale-building program) တို့ကို ချမှတ်ထားတတ်ပေရာ ဤပရိုဂရမ်တို့ကို ကာစတန်က ကောင်းကောင်းကြီး သရော်သည်။ သူနှင့် လာတိုင်ပင်သူတို့သည် ဤသရော်ချက်တို့ကို တစ်ဝကြီး နားထောင်ရသည်။ သူက တမင် သရော်ခြင်း ဖြစ်သည်။ သရော်ခြင်းနှင့် ပြဿနာတို့ကို ဖြေရှင်းနိုင်သည်။ သရော်ပြမှ ပြဿနာကို အာရုံဖမ်းမိနိုင်သည်။ ပြဿနာသည် ပြဿနာကို မသိကြခြင်း ဖြစ်လေရာ သရော်ပြလျှင် ပြဿနာကို ဒက်ခနဲ သိသွားကြသည်။

တယ်လီဖုန်းတစ်လုံး ပင့်ကူအိမ်နှင့် ဖုံးနေသည့် တစ်ပုံကို ဆွဲပြထားသည်။ ပုံ၏ ခေါင်းစီးက 'စိတ်မပါမှု၊ ကျွန်တော်တို့က ဖောက်သည်တို့ကို စိတ်မဝင်စားလျှင် သူတို့ကလည်း ကျွန်တော်တို့ကို နားထောင်လိမ့်မည် မဟုတ်' ဟု ရေးထားသည်။

## မာန် - အသင့်ဆုံး

ဘီစနက်သမားတို့သည် ဖောက်သည်တို့နှင့် စိတ်ကုန်နေသည်။ ဤအခြေအနေမျိုးတွင် ကာစတန်က ''ဖောက်သည်တွေ ရှိခြင်းက ပို၍ ကောင်းမွန်ပါသည်'' ဟု ပြောဆိုသည်။ ပါမောက္ခ ကာစတန်သည် ပေါ့စတီ စိတ်ပညာကို ဝေဖန်သူဖြစ်သည်။ အကောင်းဘက် အပြုဘက်ကို ဖောင်းပေးလွန်းသော စိတ်ပညာကို သူက ပျော်ရွှင်မှုသာ ပမာန ကာကူလတ် (hedonic calculus) ဟု အမည်ပေးသည်။ ထို့အပြင် 'တကယ်လုပ် တကယ်ဖြစ်' ဟုဆိုသော ပေါ့စတီ စိတ်ပညာသည် တစ်နည်းအားဖြင့် မာန်မာန မောက်မာမှုကို ပြသည်။

ဤမာန်တို့သည် ကျန်းမာစေသည်ကား အမှန်ပင် ဖြစ်သည်။ ဘယ်လောက်အထိ မာန်မာန ကြီးမားလာသနည်းဆိုမူ ဘာသာရေးနှင့် ဒဿနတို့ကို လက်တွေ့ စမ်းသပ် စိတ်ပညာတွင် အမြစ်တွယ်သော မင်္ဂလာရှိပါး (Good Life) ကို ဥာဏ် ကရိဏ်းကျကျ ရှုတ်ဆိုခြင်းဖြင့် အစားထိုးနိုင်သည်ဟု ထင်တတ်ကြသည်။

သူတို့ တွေးခေါ်ပုံမျိုးသည် ရှင်းရှင်းလင်းလင်း မရှိပေ။ ဇဝေဇဝါတွေများသည်။ လူတို့၏ ဉာဏ်အမြော်အမြင် (wisdom) နှင့် အနက်အဓိပ္ပာယ်တို့ ကဲ့သို့သော အယူအဆတို့ကို လူမှု သိပ္ပံပညာနည်းတို့ဖြင့် လုံလုံလောက်လောက် ကိုင်တွယ် ဖြေရှင်းနိုင်ကြသည် မဟုတ်ပေရာ အကြံ မကြီးသော ပန်းတိုင်လောက်ကိုသာ အာရုံထားသင့်သည်။

ပေါ့စတီ စိတ်ပညာက ဘဝ၏ အကောင်းပိုင်း လက္ခဏာတို့ကိုသာ အာရုံပြု၍ အသင့်ဆုံး အတွေ့အကြုံ (optimal experience) ကို ရှာသည်။ ဤအသင့်ဆုံး အတွေ့အကြုံကို စိတ်ပညာ ပါရဂူ မီဟာလီက စီးဆင်းမှု (flow) ဟု ခေါ်သည်။ အဖွဲ့အစည်းဆိုင်ရာ စိတ်ပညာ သုတေသနသမားတို့ကလည်း အလုပ်အကိုင် ကျေနပ်မှု၊ အလုပ် ပျက်ကွက်မှု၊ စေ့ဆော်မှု၊ အသင့်ဆုံး အသင်းလိုက်အဖွဲ့လိုက် အလုပ်လုပ်ခြင်း၊ ပန်းတိုင် သတ်မှတ်ခြင်းနှင့် ဖွဲ့စည်းပုံ ဒီဇိုင်း စသည့် ကိန်းရှင်တို့ အကြောင်းကို သုတေသန ပြုကြသည်။ ကိန်းရှင်တို့သည် ပေါ့စတီ စိတ်ပညာက အသုံးပြုသော ကိန်းရှင်တို့ ဖြစ်ကြသည်။ ထို့ကြောင့် အသစ်အဆန်း

တွေ့ မဟုတ်ဟု ဆိုနိုင်သည်။

သို့ရာတွင် ဤကိန်းရှင်တို့ဖြင့် စဉ်းစားလျှင် အပြုသဘော တွေးခေါ်မှုဆီသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိသည်ဟု ဆိုခြင်းကိုမူ သံသယဖြစ်လာသည်။ ရိုးလွန်း စင်းလွန်းသည့် ရေချင်ဒါ (simplistic agenda) ကိုသာ ဖော်ထုတ်သည်ဟု ခံစားမိသည်။

## ရထားလုံးကြီး

ဖော်ပြပါ ကိန်းရှင်တို့ကို ရိုးစင်းလွန်းသော ပုံသဏ္ဍာန်ဖြင့် နားလည်ရန် ကြိုးပမ်းသောအခါ ဤသို့ ကြိုးပမ်းမှုတို့သည် လူတို့၏ အတွေ့အကြုံကို ပြန်လည်ထုပ်ပိုးကြည့်ခြင်း သဘောသာ ဖြစ်သည်။ အဟောင်းကို ဘူးခွံအသစ်ဖြင့် ပြန်လည်ထုပ်ပိုးရာတွင် ပေါ့စတိတ် စိတ်ပညာ နာမည်ကို တပ်ခြင်းဖြင့် သိပ္ပံတစ်ပိုင်းယုတ္တိ (quasi scientific rationale) လက္ခဏာ ရှိလာသည်။ သိပ္ပံယုတ္တိ အပြည့်မရှိပေ။

ဤတွင် အယူအဆရေးရာ ကွာဟချက်ကြီးတစ်ရပ် ပေါ်လာသည်။ ပေါ့စတိ စိတ်ပညာက ပျော်ရွှင်မှုသည် ပဓာနကို ဟောသည်။ တစ်ဖက်၌ ဘဝ၏ ဉာဏ်အမြော်အမြင်နှင့် ရင့်ကျက်မှု (maturity) တို့ကို ရှာလာသောအခါ မိမိတဏှာကို ချုပ်ရန် မိမိကိုယ်မိမိ ငြင်းဆိုရန် (self-denial) အဟောနှင့် တွေ့ထိရသည်။ ပျော်ရွှင်မှု အယူအဆနှင့် မိမိတဏှာကို ချုပ်ခြင်းတို့ ကွာဟသွားတော့သည်။ ထို့ကြောင့် ပေါ့စတိ စိတ်ပညာအဖို့ သက်ရောက်မှု ပြင်းပြင်းထန်ထန် လိုချင်လျှင် ပျော်ရွှင်မှုသည် ပဓာနဆိုသော တရားလို စွန့်လွှတ်ပစ်ရတော့မည်။

ပါမောက္ခ ကာစတန်က လူတို့သည် အကောင်းမြင်ဝါဒဆိုသော ရထားလုံးကြီးပေါ်၌ လိုက်လံခိုတွယ် စီးနေကြသည်။ ကာစတန်က သူ၏အမြင်ကို လက်မခံသူတို့က "ကာစတန်ရဲ့ အမြင်ဟာ လူတွေကို အကောင်းမြင်ဝါဒ ရထားလုံးကြီးပေါ်က ဆွဲချပစ်နေတယ်"ဟု အပြစ်တင်သည်။ စင်စစ် သူတို့လည်း ကာစတန်၏ ဟာသစိတ်၊ သရော်စိတ်ကို နားမလည်ကြခြင်းသာ ဖြစ်သည်။

အကောင်းမြင်ဝါဒကို အလေးအနက်ဟူသော ပေါ့စတိ စိတ်ပညာအကြောင်း ဟောကြ ပြောလွန်းသဖြင့် လူတို့သည် အထူးသဖြင့် စီးပွားရေးသမားတို့သည် အကြွင်းမဲ့ အောက်ကြို့ရေး အိုင်ဒီယာထဲ ဝိတ်မိနေကြသည်။ 'ခေါင်းဆောင်မှု'၊ 'ပန်းတိုင်'၊ 'အောင်မြင်ရေး' စသော အိုင်ဒီယာတို့ကို ပါမောက္ခ ကာစတန်က တိုလီမိုလီတွေဟု ပြောသည်။ သူက သာမညောင်ည ရွက်ကြမ်း

ရေကျိုတို့၏ ခွန်အားကို ဖွင့်ထုတ်သည်။ မိုးပေါ် ပျံဝဲနေသော လင်းယုန်ကြီးတို့ အကြောင်းကို မပြော။ ရွက်ကြမ်းရေကျို သာမညောင်ညတို့၏ ခွန်အားပါဝါကို အရေးတယူ ဟောသည်။ သူ၏ ပိုစတာတွင် ပေါ့စတီ စိတ်ပညာက ညွှန်သော တန်ဖိုးတို့ကို ဆန့်ကျင် ရေးသားသည်။ တန်ဖိုး ဆန့်ကျင်ရေးလို့ပင် ခေါ်နိုင်သော 'မောက်မာမှု'၊ 'တာဝန်မဲ့မှု'၊ 'အမှားများ' စသည့် စကားတွေ သုံးသည်။

မဂ္ဂင်ရှစ်ပါးသည် ပေါ့စတီ စိတ်ပညာ၏ အခြေခံ လက္ခဏာများ ဖြစ်သည်။ စိတ်ဓာတ် မြှင့်တင်ရေး တရားများ ဖြစ်သည်။ ပါမောက္ခ ကာစတန်က ဤအစွဲကို ချွတ်၍ တော်ရုံတန်ရုံသာ ရည်ရွယ်နိုင်းသည်။

Ref : Harvard Business Review

# အမှုဆောင်အရာရှိ ရှာပုံတော်ဖွင့်ခန်း
# (လူ့လတ်တန်းစား ပြီးသလား)

## ထူးချွန် ထက်မြက်မှု အမြင်

Executive Suite ဆိုသော စကားသည် ကော်ပိုရေးရှင်းများနှင့် ဟိုတယ်လုပ်ငန်းတို့ ပူးတွဲ သုံးစွဲသော စကားဖြစ်သည်။ ကော်ပိုရေးရှင်းတို့မှ ထိပ်တန်း မန်နေဂျာတို့ကို ယခု မန်နေဂျာများဟု မခေါ်ကြ။ အမေရိကန် စတိုင် လိုက်ပြီး Executives များဟု ခေါ်ဝေါ်လာသည်။ ကော်ပိုရေးရှင်းတို့မှ မန်နေဂျာတို့ကို အမှုဆောင်အရာရှိများဟု ခေါ်သည်။ အရာရှိချုပ်ကိုဆိုလျှင် စီအီးအို ဟုခေါ်သည်။

အခေါ်အဝေါ်က အရေးမကြီး။ ယခု ဂျပန် ကော်ပိုရေးရှင်းတို့၏ အမှုဆောင်အရာရှိချုပ်တို့ကို ဘယ်လိုရွေးချယ် ခန့်ထားမလဲ ဆိုသော ပြဿနာ ပေါ်လာသည်။ ယင်းကို Excutive Search ဟု ခေါ်သည်။ သာမန်အားဖြင့် ပြောလျှင် ကုမ္ပဏီတို့၏ အမှုဆောင်အရာရှိတို့ကို ထူးချွန် ထက်မြက်သူတို့ထဲမှ အတော်ဆုံးကို ခေါင်းခေါက် ရွေးချယ်၍ ခန့်ထားသည်ဟု ဆိုသည်။ ယခု ထူးချွန်ထက်မြက်မှု (talent) ရှိရုံဖြင့် မလုံလောက်။ ဥပဓိရုပ် (personality) အမျိုးအစားကလည်း စကား ပြောဆိုလာပြန်သည်။

ဥပဓိရုပ်ဆိုရာ ရုပ်ရည် ခန့်ညားမှုကို ဆိုလိုသည် မဟုတ်။ စိတ်တည်ဆောက်ပုံကို အဓိက ရည်ညွှန်းသည်။ ဥပဓိရုပ် အမျိုးအစားတို့ (personality types) ကို ရွေးချယ်ရပြန်သည်။ အစဉ်တစိုက် ရှိခဲ့သော ဂျပန် အစဉ်အလာမှာ ရင့်ကျက်သော ဥပဓိရုပ် (mature personality) ရှိသော ပုဂ္ဂိုလ်တို့ကို အမှုဆောင်အရာရှိများအဖြစ် ရွေးချယ်လေ့ ရှိခဲ့သည်။ အမှုဆောင်အရာရှိ လုပ်မည့်သူသည် ရင့်ကျက်မှု ရှိရန်သာ လိုသည်။

ယခု ပြောင်းသွားပြီ။ ဂျပန် ကုမ္ပဏီ အမှုဆောင်အရာရှိတို့ကို ရွေးချယ်ခန့်ထားရာတွင် ရင့်ကျက်မှုသည် အခရာ မဟုတ်ပြီ။ ရင့်ကျက်မှုသည် အမှုဆောင်အရာရှိအတွက် လိုအပ်သည့် အရည်အချင်းလည်း မဟုတ်ပြီ။ ယခု ဘယ်လို ဥပမိရှပ် အမျိုးအစားကို လိုအပ်နေသနည်းဆိုသော် သွက်လက်ချက်ချာ ဒိုင်နမစ်ဖြစ်သော ဥပမိရုပ် (dynamic personality) ရှိသည့် ပုဂ္ဂိုလ်တို့ကို လိုလာသည်။ ဂျပန်၏ ဥပမိရုပ် ရွေးချယ်မှု၌ ရင့်ကျက် ဥပမိရုပ်မှ ဒိုင်းနမစ် ဥပမိရုပ်သို့ ရွေ့လိုက်ပြီ။

## ဂလိုဘယ် အမှုဆောင်

ဤသို့ အမှုဆောင်အရာရှိများ ရွေးချယ်မှု၌ ရင့်ကျက် ဥပမိရုပ်မှ ဒိုင်နမစ် ဥပမိရုပ်သို့ ရွေ့ပြောင်းရသည့် ကိစ္စနှင့် ပတ်သက်၍ အကြောင်းရင်း တစ်ချက်ကို ပြောကြသည်။ အကျပ်အတည်းအပေါ် ပိုပြီး သိရှိ ခံစားနိုင်ရန် လိုအပ်သောကြောင့် ဖြစ်သည်ဟု ဆိုသည်။ Sensitive to crisis ဟု ဆိုသည်။ သဘောမှာ ရင့်ကျက်သည့် အမှုဆောင်အရာရှိမျိုးထက် တွေ့နေသော သို့မဟုတ် တွေ့လာမည့် အကျပ်အတည်းကို ကိုင်တွယ် ဖြေရှင်းနိုင်သည့် ဥပမိရုပ်မျိုးကို ပိုမို လိုအပ်ခြင်း ဖြစ်သည်။

ရင့်ကျက်သော ဥပမိရုပ် ရှိသူသည် ဖွံ့ဖြိုးမှု (growth) ကို ဖိုးကပ်(စ်) လုပ်သည်။ ဒိုင်နမစ် ဥပမိရုပ် ရှိသူသည် အကျပ်အတည်း (crisis) ကို ဖိုးကပ်(စ်) လုပ်သည်။ ဥပမိရုပ် အရွှေ့အပြောင်း၊ ဖိုးကပ်(စ်) အရွှေ့အပြောင်းဖြင့် ဂျပန်၏ လူသား အရင်းအမြစ် ဖော်ထုတ်ရေးကို စဉ်းစား ကြည့်ပြန်သေးသည်။ ဂျပန် ထူးချွန်ထက်မြက်သူကို အပြင် အခြေအနေနှင့် ကိုက်ညီအောင် ဥပမိရုပ် ရှိသူတို့ကို မွေးမြူ လေ့ကျင့် ဖော်ထုတ်ရသော ကိစ္စတွင် ကမ္ဘာနှင့် ချီပြီးလည်း (ဝါ) ဂလိုဘယ် လူသားရင်းမြစ် အမြင်ဖြင့်လည်း ကြည့်ရသည်။

ဂျပန် အမှုဆောင်အရာရှိတို့သည် နိုင်ငံပေါင်းစုံ ကော်ပိုရေးရှင်းကြီးတို့တွင် အလုပ် လုပ်နေကြသည်။ ထို့ကြောင့် မည်သည့် ကော်ပိုရေးရှင်း၌မဆို စီအီးအိုများအဖြစ် ဆောင်ရွက်နိုင်သည်အထိ မျှော်မှန်းပြီး လေ့ကျင့်နေကြသည်။ ကိုကာကိုလာ သို့မဟုတ် အိုင်ဘီအမ်တွင် ဂျပန်လူမျိုး စီအီးအိုတွေ ဖြစ်လာသည်အထိ မှန်းထားကြသည်။ ဆိုလိုသည်မှာ ဂျပန် အမှုဆောင်အရာရှိ ဖွံ့ဖြိုး တိုးတက်ရေးသည် ကမ္ဘာလုံးချီ ဂလိုဘယ် ကော်ပိုရေးရှင်းတို့ အတွက်လည်း ဂလိုဘယ် ပူးလ် (global pool) ဖြစ်နေစေရမည်ဟု ဆိုလိုရင်း ဖြစ်သည်။

အမေရိကန် စီအီးအိုနှင့် အမှုဆောင်အရာရှိတို့ကသာ ကမ္ဘာ့ ကော်ပိုရေး

ရှင်းကြီးတို့တွင် အမှုဆောင်အရာရှိများ နေရာ ဝင်ယူထားကြသည်။ ယခုဂျပန် အမှုဆောင်အရာရှိတို့က ကမ္ဘာ့ ကော်ပိုရေးရှင်းကြီးတို့၏ အမှုဆောင်ရာထူးတို့တွင် ဝင်ရောက် ဖြည့်နိုင်ရမည်ဟု ဆိုသည်။ ဂျပန် အမှုဆောင် သက်သက်မှ ကမ္ဘာ့ ဂလိုဘယ် အမှုဆောင်များ အဖြစ်သို့ ဂျပန်လူမျိုးတွေ ရောက်ရှိစေရမည်ဟု ရည်မှန်းချက် ထားနေကြသည်။

## စတိုင်ဟောင်း စွန့်.

ဒိုင်နမစ် ဥပမိရုပ် ရှိသူသည် မည်သည့် အလုပ်အကိုင်၌မဆို ရွှေပြောင်း လုပ်ကိုင်နိုင်ရမည်။ Switching jobs ဟု ဆိုသည်။ ဤအချက်သည်ပင် ဂျပန် အမှုဆောင် အရာရှိများအတွက် အခက်အခဲ ဖြစ်သည်။ မကြာသေးမီအထိ ဂျပန် အမှုဆောင် အရာရှိ ၁၀ ဦးရှိလျှင် တစ်ဦးကသာ အလုပ်ပြောင်းရန် သဘောတူသည်။ ကျန် ၉ ဦးက အလုပ် ရွှေပြောင်းရေးကို အကျောက်အကန် ခုခံသည်။ ယနေ့တော့ ဂျပန်တို့၏ စိတ်နေစိတ်ထား (mind-set) လည်း ပြောင်းသွားပြီ။ ဂျပန် အမှုဆောင် ၁၀ ဦးအနက် ၈ ဦးက ဘယ်နေရာကိုမဆို အလုပ်ပြောင်းရန် အဆင်သင့် ဖြစ်နေပြီ။

ဂျပန် အမှုဆောင်အရာရှိတို့သည် အမေရိကန် အမှုဆောင်အရာရှိတို့လို အမ်ဘီအေ (MBA) ဘွဲ့ရတွေ ဖြစ်လာသည်။ လွန်ခဲ့သော ၁၀ နှစ်လောက်က အမှုဆောင် ၁၀ ဦးရှိလျှင် နှစ်ဦးသာ အမ်ဘီအေ ရသည်။ ယခု ၁၀ ဦး ရှိလျှင် ၈ ဦးက အမ်ဘီအေ ဘွဲ့တွေနှင့် ဖြစ်နေပြီ။ ထို့အပြင် ဂျပန် အမှုဆောင်အရာရှိတို့သည် ပင်လယ်ရပ်ခြား၌ သွားရောက် တာဝန်ထမ်းဆောင်ရန်လည်း အဆင်သင့် ဖြစ်နေကြပြီ။ ယခင်ကလို မငြိုငြင်တော့ပေ။

မည်သို့ပင်ဖြစ်စေ ဂျပန် လူ့အဖွဲ့အစည်းက မဖြေရှင်းနိုင်သော ပြဿနာ တစ်ရပ် ရှိနေသည်။ ယင်းမှာ ဂျပန်လူ့အဖွဲ့အစည်း တစ်မျိုးတစ်စားတည်း ရှိခြင်း (homogemeity) ဖြစ်လေရာ ပဒေသာစုံမှု၊ မျိုးစုံမှု (diversity) အတွက် အတွေ့အကြုံလည်း မရှိ၊ သည်းခံနိုင်ရည်လည်း မရှိသော ပြဿနာ ဖြစ်နေသည်။ ပြဿနာက ဖြေရှင်းရန် မလွယ်ပေ။ အဘယ်ကြောင့်ဆိုသော် ပဒေသာစုံ၊ လူမျိုးစုံမှု ဖြစ်ထွန်းလာသည်နှင့်အမျှ ဂျပန် စီးပွားရေးသမားတို့သည် မိမိတို့၏ သမားရိုးကျ လုပ်ပုံကိုင်ပုံ နည်းစတိုင် (conventional business style) တို့ကို စွန့်လွှတ်ရမည် ဖြစ်သောကြောင့် ဖြစ်သည်။

ယခုခေတ်သည် မသေချာ မရေရာသောခေတ်၊ ဂေန်မဲ့သောခေတ် (age of uncertainty) ဖြစ်လေရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင် တည်ငြိမ်မှု

(career stability) ကို ရှာဖွေလာကြသည်။ ဤသို့ ရှာဖွေရာ၌ ယခင်ကလို တစ်နေရာတည်း၌ တစ်သက်လုံး ဖောက်ချပြီး လုပ်ကိုင်ရသော အလုပ်ကို မရှာတော့ပေ။ ဤလို ရှာဖွေလို့လည်း အလုပ်အကိုင် တည်ငြိမ်မှု မရနိုင်ပြီ။ ထို့ကြောင့် မိမိတို့ အရည်အချင်း၊ မိမိ စွမ်းဆောင်နိုင်ရည်နှင့် ကိုက်ညီသော အလုပ်တို့ကို ရှာဖွေနိုင်အောင် ကြိုးပမ်းရင်း အလုပ် တည်ငြိမ်မှုကို ကိုယ့်ဘာသာကိုယ် ဖန်တီးလာရပြီ။

## ဒီပါချီကာ

သဘောမှာ အစဉ်အလာ ရရှိခဲ့သော လုပ်သက်အပေါ် အခြေခံ၍ ပေးသော လုပ်ခစနစ်နှင့် ကော်ပိုရေးရှင်း တစ်ခုတည်း၌ အလုပ် မပြုတ်ဘဲ ပင်စင်ယူသည်အထိ ဖောက်ချ၍ လုပ်ရသောစနစ် ပြိုကျသွားခြင်း ဖြစ်သည်။ ဤစနစ်တို့ နေရာ၌ အမေရိကန်စနစ် အစားထိုး ဝင်ရောက်လာသည်။ ဤစနစ်က လုပ်သက်ကို မကြည့်။ အလုပ် ဆောင်ရွက်မှု (performance) ကိုသာ ကြည့်သည်။ လုပ်ကိုင်နိုင်သည့် စွမ်းရည်ပေါ် ကြည့်ပြီး လုပ်ခ ပေးသွားသော စနစ်ဖြစ်သည်။

ဤတွင် ဂျပန် ဘောဂဗေဒ ပညာရှင်အချို့က ဂျပန် လူလတ်တန်းစား ပြိုကျခြင်း (collapse of middle class) ဟုလည်း သုံးသပ်လာသည်။ အထောက်အထားအနေဖြင့် ဂျပန် လူလတ်တန်းစားတို့ ကျက်စားရာ 'ဒီပါချီကာ' စားသောက်ဆိုင်တို့ကို ကြည့်သည်။ ဤ စားသောက်ဆိုင်တို့သည် ကုန်တိုက်ကြီးများ၊ စူပါမတ်ကက်၊ စတိုးဆိုင်ကြီးများ၊ ဟိုတယ်ကြီးတို့တွင် တွဲ၍ ဖွင့်လှစ်ထားခဲ့သော စားသောက်ဆိုင်တို့ ဖြစ်ကြသည်။

ယခင်က ဤ ဒီပါချီကာတို့တွင် ကော်ပိုရေးရှင်းကြီးတို့မှ လူလတ်တန်းစားတွေ ကျိတ်ကျိတ်တိုး စည်ကားခဲ့သည်။ ဂျပန် လူလတ်တန်းစားတို့သည် ဒီပါချီကာတို့၌ ကျက်စားခဲ့ကြသည်။ ယခု ဤဆိုင်တို့တွင် လူရှင်းနေပြီ။ လာရောက်စားသောက်သူဦးရေ အတော် ကျဆင်းသွားသည်။ ဤအချက်ကို ထောက်ချင့်၍ ဂျပန်တွင် လူလတ်တန်းစား ပြိုဆင်းနေပြီဟု ကောက်ချက်ချခြင်း ဖြစ်သည်။

ဘီစနက် အမှုဆောင် အရာရှိ အမျိုးအစားသစ် ရှာပုံတော် ဖွင့်ရာမှ အလုပ်အကိုင် တည်ငြိမ်ရေး ကိစ္စနှင့် ကော်ပိုရိတ် လူလတ်တန်းစား အခြေအနေတို့ကို သိရှိလာရသည်။

Ref : Look Japan

# အမြင်တွေ ပြိုလဲ ပဟေဠိတွေ ပေါ်

ပြောစရာက ဘောဂဗေဒ ဖခင်ကြီး အဒမ်စမစ်၏ အဆိုစကား ဖြစ်နေသည်။ သူက လူတွေ မိမိတို့ အတ္တအကျိုးအတွက် အလုအယက် ယှဉ်ပြိုင်ကြလေ အားလုံးအတွက် အကျိုးရှိလေဟု ပြောခဲ့သည်။ ပညာပိုင်း စကားနှင့် ပြောရလျှင် အပြိုင်အဆိုင် အတ္တအကျိုး ဆောင်ရွက်ကြလျှင် ရေရှည်၌ စီးပွားရေး အကျိုးများမှု ထွက်ပေါ်ကိုက်သည်၊ ချိန်ခွင်လျှာ မှန်စေသည်ဟု ဆိုခြင်း ဖြစ်သည်။

ယခု အဒမ်စမစ်၏ ဆိုခဲ့ပါ အဆိုစကားကို မေးခွန်း ထုတ်လာကြသည်။ အတ္တအကျိုးကို အပြင်းအထန် ယှဉ်ပြိုင်ကြလျှင် အားလုံးကို ထိခိုက်စေသည်ဟု မြင်သူက မြင်လာသည်။ သဘောက အဒမ်စမစ်၏ ကုထုံးတို့ကို မေးခွန်းထုတ်ခြင်း ဖြစ်သည်။ အဒမ်စမစ်၏ ကုထုံးအရ -

(၁) လွတ်လပ်စွာ ယှဉ်ပြိုင်မှု ရှိရမည်။

(၂) ယှဉ်ပြိုင်ပွဲတွင် ပါဝင်လာသော ပလေရာတို့ကို ကွင်းညီညီ၌ ကစားရမည်။

(၃) အစိုးရက ဘာမျှ ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။

(၄) ပလေရာတို့ သတင်းအချက်အလက် အင်ဖော်မေးရှင်း ရပုံချင်း တူညီရမည်။

ဤအဒမ်စမစ်၏ ကုထုံးကို အခြေခံ၍ ဝါရှင်တန် အခြေစိုက် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)နှင့် ကမ္ဘာ့ ဘဏ်တို့က သူတို့၏ ကုထုံးကို တီထွင် ပြုစုကြသည်။ ဤကုထုံးကို ဝါရှင်တန်သဘော ကုထုံး (Washington Consensus) ဟုခေါ်သည်။ ဤကုထုံး၏ လိုရင်းအချုပ်မှာ -

(၁) ဖရီးထရိတ် (Free Trade) လွတ်လပ်စွာ ကုန်သွယ်မှု

(၂) အရင်းအနှီး ဈေးကွက်ကို ချုပ်ချယ်မှုများ လျှော့ပေါ့ရေး
(Liberalization of Capital Market)

(၃) အစိုးရ၏ အမတော်ကြေးများ ဖယ်ရှားပစ်ရေး (No Subsidy) တို့ဟူ၍ ဖြစ်သည်။

## ဂလိုဘယ် အရင်းရှင်စနစ် ဘယ်လိုပုံစံ

ယခု အဒမ်စမစ်၏ အဆိုအမိန့်သည် လက်ရှိ အခြေအနေနှင့် မကိုက်ဟု ဆိုလာသည်။ နောက်ဆက်တွဲအဖြစ် ဝါရှင်တန် သဘောတူ အမြင် ပြိုလဲပြီ။ Collapse of Washington Consensus ဟု ပြောလာကြသည်။ သို့ဖြင့် ဖရီးထရိတ် အမြင်၏ အားပျော့ အမတော်ကြေး မပေးရေးဆိုသော အမြင်တည်း။ အားပျော့ အရင်းအနှီး ဈေးကွက်ကို အချုပ်အချယ်များ ဖြေလျှော့ပေးရေးဆိုသော အမြင်တို့သည် အားပျော့လာကြကုန်သည်။

သဘောမှာ စီးပွားရေး အဖွဲ့အစည်းတို့သည် ရှုထောင့် အမြင်သစ်တို့ကို ရှာဖွေလာကြသည်။ ဖရီးထရိတ်၌ အကန့်အသတ် ပြုချင်ကြသည်။ ကုန်သွယ်ရေးကို လုံးလုံးလျားလျား လွှတ်မပေးချင်ကြပေ။ အရင်းအနှီး ဈေးကွက်ကိုလည်း ဘောင်ခတ်ချင်သည်။ အမတော်ကြေးများ လျှော့ချရေး ကိစ္စတို့၌လည်း သဘောမတူနိုင်ကြပေ။

ဤအခြေအနေတွင် ဂလိုဘယ်လိုက်ဇေးရှင်း ကိစ္စ၌လည်း အငြင်းပွားလာသည်။ ဂလိုဘယ်လိုက်ဇေးရှင်း ဖြစ်စဉ်မှာ အရင်းရှင်စနစ်သည် တစ်ကမ္ဘာလုံး၌ ကွက်လပ်မကျန် ပြန့်ပွားသွားရေး ဖြစ်သည်။ ၎င်းကို ဂလိုဘယ် အရင်းရှင်စနစ် (global capitalism) ဟု ခေါ်သည်။ သို့သော် ဤ ဂလိုဘယ် အရင်းရှင်စနစ်သည် မည်သည့် ပုံသဏ္ဌာန် ဖြစ်လိမ့်မည်နည်းဟု သုံးသပ်ကြည့်ကြသည်။ ဤကိစ္စနှင့် ပတ်သက်၍ အခြေခံ အမြင်နှစ်မျိုး ရှိသည်။

## ဝဲ(လ်)ဖယ်ယား

ပထမ အမြင်အရ ဂလိုဘယ် အရင်းရှင်စနစ်သည် အချုပ်အချယ် ကင်းသော အရင်းရှင်စနစ် (unfettered capitalism) ဖြစ်ရမည်။ မည်သည့် ကန့်သတ်ချုပ်ချယ်မှုမျိုးကိုမှ မပြုလုပ်ရန် ဆော်ဩသည်။ အရင်းရှင်စနစ်ကို ကမ္ဘာ့ အတိုင်းအတာ၌ သူ့အရှိန်နှင့်အတူ လိမ့်သွားရန် ဟောပြောခြင်း ဖြစ်သည်။ ဤအမြင်ကို ဓနဒကတက်သူများ ပေါ်လာသည်။

သူတို့က ဒုတိယအမြင် တင်ပြသည်။ ဤ ဒုတိယအမြင်ကို ဂလိုဘယ် အရင်းရှင် စနစ်အား လူသားဆန်အောင် ပြုလုပ်ခြင်း ဖြစ်သည်ဟု ပြောသည်။ အတိအကျဆိုလျှင် လူမှု လုံခြုံရေး၊ သက်ကြီးရွယ်အိုများ ပင်စင်အရေး၊ ကျန်းမာစောင့်ရှောက်ရေး အစီအစဉ်နှင့် အလုပ်သမား အခွင့်အရေးများ ကောင်းမွန်ရေး စသော သက်သာချောင်ချိရေး အာဂျင်ဒာ (agenda)တို့ဖြင့် တပ်ဆင်ရမည်ဟု

ဆိုသည်။ တနည်းပြောလျှင် Welfare Capitalism(ဝဲလ်ဖယ်ယား ကက်ပီတယ်လစ်ဇင်) ကို ထူထောင်ရန် ဟောခြင်း ဖြစ်သည်။

ပထမ အမြင်ကို အမေရိကန် ပညာရှင်တို့က ဦးဆောင် ဟောပြောသည်။ ဒုတိယ အမြင်ကို ဥရောပ ပညာရှင်တို့က ဦးဆောင် ဟောပြောသည်။

## ပဟေဠိ

ထိုသို့ စီးပွားရေး အယူအဆများဆိုင်ရာ၌ အငြင်းပွားနေစဉ် တရုတ် ပဟေဠိ ပြဿနာလည်း ပေါ်လာသည်။ ဤပဟေဠိမှာ အံ့မခန်း ဖွံ့ဖြိုး တိုးတက်လာသော တရုတ် စီးပွားရေးသည် ဈေးကွက်စီးပွားရေး ဟုတ် မဟုတ်ဆိုသော ပြဿနာ ဖြစ်သည်။ ဥရောပသမဂ္ဂ စီးပွားရေး ပညာရှင်တို့က တရုတ်စီးပွားရေးသည် ဖွံ့ဖြိုး တိုးတက်လာသည်မှာ မှန်သော်လည်း ဈေးကွက် စီးပွားရေးမဟုတ်ဟု သုံးသပ်သည်။

တရုတ်စီးပွားရေးသည် ဈေးကွက်စီးပွားရေး မဟုတ်ကြောင်းကို အောက်ပါ အကြောင်းပြချက်များဖြင့် ပြသည် -

(၁) အစိုးရ၏ ဝင်ရောက် စွက်ဖက်မှု များလွန်းသည်၊
(၂) တရားဥပဒေ စိုးမိုးရေး အားပျော့သည်၊
(၃) ပုဂ္ဂလိကပိုင် ပြုရာ၌ ပုံပျက်ပန်းပျက်များ ဖြစ်ပေါ်သည်၊
(၄) တရုတ် ကော်ပိုရေးရှင်းကြီးတို့သည် အစိုးရပိုင်တွေ များနေသည်၊
(၅) ကော်ပိုရေးရှင်းတို့ကို စီမံအုပ်ချုပ်မှု အရည်အသွေး ညံ့ဖျင်းသည် (poor corporate governance) စသည်ဖြင့် အကြောင်းပြသည်။

ဥရောပ သမဂ္ဂ၏ ဝေဖန်သုံးသပ်ချက်ကို တရုတ်စီးပွားရေး ပညာရှင်တို့က လက်မခံပေ။ ပြန်လည်ချေပရန် စိုင်းပြင်းနေကြသည်။

ယခုလောလောဆယ်၌ ပြဿနာတစ်ရပ်ကို ဖော်ထုတ် စဉ်းစားနေကြပြန်သည်။ တရုတ်ကော်ပိုရေးရှင်းတို့၏ အရည်အသွေးကို ဆန်းစစ်သကဲ့သို့ တရုတ်ပြည် အခြေစိုက် မာလတီနေရှင်နယ် ကော်ပိုရေးရှင်းတို့၏ ကိစ္စကိုလည်း ဝေဖန် သုံးသပ်ကြသည်။ (၁) တရုတ်ပြည်၌ မာလတီနေရှင်နယ် ကော်ပိုရေးရှင်းတို့၏ ရင်းနှီးမြှုပ်နှံမှုသည် ရှေ့ဆက် တိုးပွားမည်လား။ (၂) ဤမာလတီနေရှင်နယ်တို့သည် တရုတ်ပြည်တွင်း ဈေးကွက်ကို အခြေစိုက်မည်လား သို့တည်းမဟုတ် ပြည်ပပို့ရန် အိတ်စပို့(စ်) ဈေးကွက်အပေါ် အခြေစိုက်မည်လားဟု ရွေးချယ်ရန် ပေါ်လာသည်။ ၎င်းကို ဖွဲ့စည်းမှုဆိုင်ရာ ဆင့်ကဲ ဖြစ်ပေါ်မှု (structural evolution) ဟု ခေါ်သည်။

Ref : Globalist

# စီးပွားရေး အထွေထွေ
# General Business

# အကျပ်အတည်း အသစ်နှင့် အယူအဆ အသစ်နှစ်မျိုး

## အဝတ်အထည် စစ်ပွဲ

စားဝတ်နေရေး အရေးသုံးပါးတွင် စားမှုကလည်း ကမ္ဘာ့ အတိုင်းအတာနှင့် ပြဿနာကြီးသည်။ နေမှုကလည်း ကမ္ဘာ့ အတိုင်းအတာ ပြဿနာ ရှိသည်။ ဝတ်မှုသည်လည်း ယခုအခါ ကမ္ဘာ့ ပြဿနာကြီး ဖြစ်လာပြီ။ ပြဿနာ၏ အစက ကမ္ဘာ့နိုင်ငံအသီးသီးက ချမှတ်ထားသော အဝတ်အထည် ကိုတာခွဲတမ်းစနစ်ကို ဖျက်သိမ်းပေးလိုက်ရာမှ စလာသည်။ မူလက အထည်အလိပ်များ တင်သွင်းမှုကို ကိုတာခွဲတမ်းစနစ်ဖြင့် ကန့်သတ်ရန် သဘောတူခဲ့ကြသည်။

လွတ်လပ်သော ကမ္ဘာ့ ကုန်သွယ်ရေးစနစ်၌ ကိုတာခွဲတမ်းများ ချမှတ်၍ ရောင်းဝယ်စေခြင်းစနစ်သည် လိုလားအပ်သည် မဟုတ်ပေ။ ဖရီးထရိတ်ဆိုသောမူနှင့် ဆန့်ကျင်သည်။ ထို့ကြောင့် ကမ္ဘာ့ ကုန်သွယ်ရေး အဖွဲ့ချုပ်က အဝတ်အထည် ရောင်းဝယ်မှုတို့အပေါ် ကန့်သတ်ထားသော ကိုတာစနစ်ကို မကြာသေးမီက ဖျက်သိမ်းလိုက်သည်။

ဤတွင် တရုတ်ပြည်က ကိုတာစနစ် ဖျက်သိမ်းခြင်းကို အခွင့်ကောင်းယူလျက် တရုတ် အဝတ်အထည်တို့ကို ကမ္ဘာ့ဈေးကွက် အနှံ့၌ ဈေးပေါပေါနှင့် အောတိုက် ရောင်းချလာသည်။ အာရှ အထည်အလိပ်လုပ်ငန်း၊ ဥရောပ အထည်အလိပ်လုပ်ငန်းနှင့် အမေရိကား အထည်အလိပ် လုပ်ငန်းတို့ အကုန် ဆုံးရှုံးနစ်နာကုန်ကြပြီ။ ဈေး အလွန်ချိုသော တရုတ် အဝတ်အထည်တို့နှင့် မယှဉ်နိုင်၍ အာရှ၊ ဥရောပ၊ အမေရိကားတို့တွင် အဝတ်ထည် စက်ရုံတွေ ပိတ်ပစ်ရသည်။ အကြီးအကျယ် အရှုံး တွေ့ကြသည်။ အလုပ်သမားတွေ အလုပ် ပြုတ်ကုန်သည်။ ဤတွင် မခံမရပ်နိုင် ဖြစ်လာပြီး တရုတ် အဝတ်အထည်တို့အပေါ် ကိုတာ

ခွဲတမ်းများ ပြန်လည် သတ်မှတ်ပေးရန် တောင်းဆိုလာကြသည်။

## လက်တွေ့ အလုပ်ထိုး

သို့ဖြင့် ယနေ့ ကမ္ဘာ့ကုန်သွယ်ရေး လောကတွင် အဝတ်အထည် စစ်ပွဲဆိုပြီး ပေါ် ပေါက်နေသည်။ ဤစစ်ပွဲကို အကြောင်းပြု၍ အယူအဆအသစ် နှစ်ရပ် ပေါ်လာသည်။ ပထမ အယူအဆသည် ကမ္ဘာ့ဈေးကွက်၌ နိုင်ငံအချင်းချင်း ယှဉ်ပြိုင်ကြရာတွင် ယှဉ်ပြိုင်နိုင်ရေး အခွင့်သာမှု (competitive advantage) ကို မည်သည့် အချက် အပေါ် အခြေခံမလဲဆိုသော အယူအဆ ဖြစ်သည်။ လုပ်ခ ဈေးပေါသဖြင့် ထုတ် လုပ်မှုစရိတ် သက်သာမှုအပေါ် အခြေခံပြီး မိမိ၏ ယှဉ်ပြိုင်ရေး အင်အား အခွင့် သာမှုကို တည်ဆောက်မလား သို့တည်းမဟုတ် ငွေကြေး လဲလှယ်မှုနှုန်းကို ကစား၍ ယှဉ်ပြိုင်ရေး အခွင့်သာမှုကို တည်ဆောက်မလား ဆိုပြီး ရွေးချယ်ရန် ဖြစ်နေသည်။

အမြင်အားဖြင့် ပြောလျှင် တရုတ်ပြည်၌ အလုပ်သမား ပေါသည်။ လုပ်ခ နည်းသည်။ ထို့ကြောင့် ဈေးပေါသော လုပ်အားတို့ဖြင့် တရုတ်ပြည်က မိမိ၏ ယှဉ်ပြိုင်နိုင်ရေး အခွင့်သာမှုကို တည်ဆောက်နေသည်ဟု ထင်မြင်စရာ ရှိသည်။ သို့သော် အခြေအမြစ်ကို နက်နက်နဲနဲ သုံးသပ်ကြည့်လျှင် တရုတ် ယွမ်ငွေတန်ဖိုးကို တမင် ဈေးပေါပေါ လျှော့ချ၍ ယှဉ်ပြိုင်နိုင်ရေး အခွင့်သာမှုကို တည်ဆောက်နေကြောင်း တွေ့ရှိလာရသည်။

ယွမ်ငွေ ဈေးပေါသဖြင့် တရုတ်ပစ္စည်းတို့ကို ဈေးပေါပေါဖြင့် ရောင်းချ နိုင်သည်။ သို့ဖြင့် ယခု ဖြစ်ပေါ်နေသော အဝတ်အထည် စစ်ပွဲတွင် တရုတ်ယွမ်ငွေ ကို တန်ဖိုး မြှင့်တင်ပေးရန် တောင်းဆိုချက်တို့ကလည်း ပူးတွဲ ပါရှိနေသည်။ အဝတ်အထည်တို့အပေါ် ကိုတာစနစ် ပြန်လည် သတ်မှတ်ရေးနှင့် ယွမ်ငွေတန်ဖိုး ပြန်လည် ပြင်ဆင်ပေးရေးတို့သည် ယခု ပူးတွဲနေကြသည်။ သို့သော် တရုတ်ပြည် က ဤဖိအား နှစ်ခုစလုံးကို ပြင်းပြင်းထန်ထန် ကန့်ကွက်လျက်ရှိသည်။ ဤပြဿနာသည် တရုတ်နှင့် အမေရိကား လက်တွေ့ အလုပ်ထိုးသလို ဖြစ်နေဦးမည်။

## ဖိုးကပ်(စ်) ပြဿနာ

ယှဉ်ပြိုင်နိုင်ရေး အခွင့်သာမှုဆိုသော အယူအဆနှင့် ပတ်သက်၍ ဆိုခဲ့ပါအတိုင်း အငြင်းထွက်နေသည့်နည်းတူ အနှိုင်းအခွင့်သာမှု (comparative advantage) ဆိုသော အယူအဆတွင်လည်း ငြင်းခုံမှုအသစ် ပေါ်လာသည်။ ပေါ်လာသည့်

လုပ်ငန်းနှင့် နေရာတို့မှာ တီဗီထုတ်လုပ်မှု လုပ်ငန်းနှင့် ဂျပန်တို့တွင် ဖြစ်သည်။ စီးပွားရေး လုပ်ငန်းသဘော၌ နိုင်ငံအချင်းချင်းတွင် အားသာချက် အင်အားနှင့် ရင်းမြစ်တို့တွင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံတို့ကြား မတူညီကြပေ။ ခြားနားကြသည်။ အချို့နိုင်ငံတို့က ရေနံထွက်ရှိမှုတွင် အားကောင်းသည်။ အချို့ နိုင်ငံတို့က ကျောက်မီးသွေး ထွက်ရှိမှုတွေ အားကောင်းသည်။ ထို့ကြောင့် အင်အားချင်း အခွင့်သာမှုချင်း နှိုင်းယှဉ်ကြည့်ပြီး မိမိ အင်အားကြီးရာ အခွင့်သာမှုကို အခြေစိုက်၍ စီးပွားရေးတို့ကို ပြုလုပ် ဆောင်ရွက်ရသည်။ ဤအချက်ကို အနိုင်းအခွင့်သာမှု မှုဖြင့် ဆောင်ရွက်ခြင်းဟု ခေါ်သည်။

မိမိ ကုမ္ပဏီတို့ဘက်မှ ကြည့်လျှင် ကုမ္ပဏီချင်း ပစ္စည်း အတူတူချင်း ယှဉ်ပြိုင်ရာတွင် ကုမ္ပဏီ တစ်ခုစီ၏ အားသာမှုနှင့် အခွင့်သာမှုကို အာရုံစူးစိုက်ရသည်။ ယခု တီဗီပစ္စည်းများ ထုတ်လုပ်သော ကုမ္ပဏီ သုံးခုတို့က အကြီးအကျယ် အသည်းအသန် ယှဉ်ပြိုင်ကြသည်။ ဆိုနီ၊ ဆမ်ဆောင်းနှင့် ရှပ်တီဗီတို့ ဖြစ်သည်။ ရှပ်တီဗီသည် မူလက ဆိုနီနှင့် ဆမ်ဆောင်းတို့ကို မယှဉ်ပြိုင်နိုင်ပေ။

သို့ရာတွင် ဥက္ကဋ္ဌအသစ် တက်လာသောအခါ သူက တီဗီကုမ္ပဏီ သုံးခုတို့၏ အားသာချက် အခွင့်သာမှုတို့ကို နှိုင်းယှဉ်ကြည့်သည်။ ထို့နောက် ရှပ်သည် မည်သည့်နေရာ၌ အခွင့်သာသနည်း၊ မည်သည့် နေရာ၌ ခွန်အားကြီးသနည်း ဆိုသော အချက်ကို စူးစူးစိုက်စိုက် လေ့လာသည်။ ရှပ်၏ အခွင့်သာမှုနှင့် အားသာချက်တို့ကို သူ တွေ့ပြီ။ ဤ အခွင့်သာမှုနှင့် အားသာချက်တို့အပေါ် စူးစူးရှရှ ဖိုးကပ်(စ်) လုပ်လိုက်သည်။

## ကျင့်ဝတ် သီလ

ဤဖိုးကပ်(စ်)အတိုင်း ရှပ်တီဗီ အသစ်တို့ကို ထုတ်လုပ်လိုက်ရာ ဆိုနီနှင့် ဆမ်ဆောင်းတို့ကို ဈေးကွက်ထဲ၌ အနိုင်ယူလိုက်နိုင်သည်။ ရှုံးနေသော ရှပ်ကော်ပိုရေးရှင်းသည် အမြတ်တွေ ထောင်တက်သည်။ ယခင် အရှုံးတွေ ပြန်ကာမိနိုင်သည်။ ထို့ကြောင့် အယူအဆ အသစ်တစ်ခု ပေါ်လာသည်။ ကုန်သွယ်ရေး စစ်ပွဲတွင် အနိုင်ရယူလိုပါက ပို၍ စူးရှထက်မြက်သော ဖိုးကပ်(စ်) (Sharper Focus) ရှိရန် လိုသည်ဟု ဆိုခြင်း ဖြစ်သည်။

အိန္ဒိယမှ စီးပွားရေး ပညာရှင် တစ်ဦးသည် မကြာမီက စာအုပ်တစ်အုပ် ထုတ်သည်။ 'အာရှ၏ အကျပ်အတည်း အသစ်'ဟု အမည်ပေးထားသည်။ သူက ဘီစနက် ကျင့်ဝတ် သီလတရား (Business Ethics) အကြောင်းကို လေ့လာပြ

သည်။ အာရှမှ ဘိစနက်တို့သည် အပြိုင်အဆိုင် ပြင်းထန်နေသော ကုန်သွယ်မှုလောက၌ ဘိစနက် ကျင့်ဝတ် သီလတရားတွေ ပြည့်စုံရန် လိုအပ်သည်မှာလည်း အမှန်ဖြစ်သည်။ သို့ရာတွင် အာရှမှ ဘိစနက် လုပ်ငန်းတို့သည် ကျင့်ဝတ်သီလ မြဲရန် မစွမ်းဆောင်နိုင်ဘဲ ရှိနေသည်။ သို့ဖြင့် တစ်ဖက်၌ ခေတ်သစ် ကုန်သွယ်ရေးစနစ်တို့ကြောင့် ကျင့်ဝတ်သီလ မြဲရန် လိုသော်လည်း အခြားတစ်ဖက်၌ လက်တွေ့ပိုင်းအရ ကျင့်ဝတ်သီလ မမြဲနိုင်သော အဖြစ်ကို ရင်ဆိုင်နေရသည်။ ဤဝိရောဓိကိုပင် အာရှ၏ အကျပ်အတည်း အသစ်ဟု သူက အမည်ပေးသည်။

ဤပညာရှင်က ဤဝိရောဓိ အဘယ်ကြောင့် ပေးရသနည်းဆိုသော အကြောင်းတရားတို့ကိုလည်း ရှာပြလေသည်။ ပထမ အကြောင်းတရားအဖြစ် လူတွေ ဆင်းရဲနေခြင်းကို ပြသည်။ ဆင်းရဲမှု ထွန်းကားနေသော ဝန်းကျင်၌ ဘိစနက် ကျင့်ဝတ် သီလတရား အင်အား မကြီးနိုင်ပေ။ သို့ဖြင့် ဘိစနက် ကျင့်ဝတ်သီလ မြဲရေးနှင့် ဆင်းရဲမှု လျှော့ချရေးကို တွဲထားသည်။ ဒုတိယ အချက်၌ အာရှနိုင်ငံတို့မှ ဗျူရိုကရေစီတို့ကြား အထူး အခွင့်အရေး ရှာဖွေမှု ပြန့်ပွားနေသော အချက်ကို လက်ညှိုးထိုးပြသည်။ ဗျူရိုကရေစီသည် နိုင်ငံရေးသမားတို့နှင့် အတူ လက်တွဲ၍ အထူး အခွင့်အရေးတွေ ရှာကြသည်။ မိမိတို့ လက်ထဲရှိ အထူး အခွင့်အရေးတို့ကို ရောင်းစားတတ်သည်။ ထို့ကြောင့် ဗျူရိုကရေစီ ကိုယ်တိုင်က အထူး အခွင့်အရေး ဖြန့်ဝေမှုနှင့် ရှာဖွေမှုတို့တွင် ပါဝင်ပတ်သက်နေသောအခါ ဘိစနက်ပိုင်းမှ ကျင့်ဝတ်သီလ ပြည့်စုံရန် အထူး ခက်ခဲလာသည်။

ဆိုခဲ့ပါအတိုင်း သုံးသပ်ပြပြီးသည့်နောက် အလွန် ပြင်းထန်လာသော ကုန်သွယ်ရေး ယှဉ်ပြိုင်မှုကမ်းတွင် ကျင့်ဝတ်သီလ ဝတ်ရုံဖြင့် မည်မျှ ကစားနိုင်မလဲဟု ပညာရှင်က မေးခွန်းထုတ်သည်။

Ref : Perspectives

# ဆန်းပြားသော ဖြစ်ထွန်းမှု လေးရပ်

ခရေးဗီး

ခပ်ဆန်းဆန်း စီးပွားရေး ဖြစ်ထွန်းမှု လေးရပ် အကြောင်းကို ဤဆောင်းပါး၌ ရေးသား ဖော်ပြလိုသည်။ ပထမ ဖြစ်ထွန်းမှုသည် တရုတ်ပြည်၌ ကြီးထွားလာသော လူလတ်တန်းစားနှင့် များပြားလာသော သန်းကြွယ်သူဌေးတို့ အကြောင်း ဖြစ်သည်။ ဒုတိယ ဖြစ်ထွန်းမှုသည် တရုတ်ပြည်၌ စီးပွားရေး အုံမခန်း တိုးတက်လာပါလျက် သံတိုသံစ ဈေးကွက် အဝယ်ထိုင်းသွားသော အချက် ဖြစ်သည်။ တတိယ ဖြစ်ထွန်းမှုသည် အမေရိကန် ရင်းနှီး မြှုပ်နှံသူတို့က အာရှနိုင်ငံများရှိ ရောင်းမစွံ ငွေဖော်ရခက်သော တိုက်တာ၊ အိမ်ရာမြေတို့ကို အနိမ့်ဈေးနှင့် ဝယ်ယူခြင်းနှင့် အကြွေးတို့ကို မတန်တဆ ဈေးနှိမ်၍ လိုက်ဝယ်နေခြင်းတို့ ဖြစ်သည်။ စတုတ္ထ ဖြစ်ထွန်းမှုသည် အာရှ ကာစီနိုတို့အကြောင်း ဖြစ်သည်။

ပထမ ဖြစ်ထွန်းမှု အကြောင်းကို ရှင်းပြပါမည်။ တရုတ်ပြည်တွင် လူလတ်တန်းစားနှင့် သူဌေးတို့ တိုးတက် များပြားလာသောအခါ ထုံးစံအတိုင်း ဓိမ်ခံပစ္စည်းတွေ ရောင်းကောင်းလာသည်။ ဓိမ်ခံပစ္စည်းဈေးကွက် ကြီးမားလာသည်။ ထိုအခါ ကမ္ဘာကျော် ဓိမ်ခံပစ္စည်း ထုတ်လုပ်သော ကုမ္ပဏီတို့သည်လည်း တရုတ်ပြည်ထဲ၌ ဓိမ်ခံပစ္စည်းအရောင်းဆိုင်တွေ အပြိုင်အဆိုင် ဖွင့်လှစ် ရောင်းချလာကြသည်။ ဓိမ်ခံပစ္စည်း ဈေးကွက် အလွန် စန်းပွင့်လာသောအခါ ထုံးစံအတိုင်း ဓိမ်ခံပစ္စည်း အတုတွေ ပေါ်လာသည်။

ပစ္စည်းအတု ထုတ်လုပ်ရာ၌ တရုတ်တို့က နာမည် ကြီးလှသည့် အလျောက် တရုတ်လုပ် ဓိမ်ခံပစ္စည်း အတုတွေ ဖောင်းပွလာသည်။ ထို့ကြောင့် မည်သည့် ပြဿနာ ပေါ်လာသနည်းဆိုသော် ဓိမ်ခံပစ္စည်း အစစ်နှင့်အတု ခွဲခြားလို

မရလောက်အောင် တူနေသောအချက် ဖြစ်သည်။ အတုက အစစ်ထက်ပင် ပို၍ ကောင်းမွန်သည်ဟု ဝေဖန် ချီးကျူးမှုတွေ ပေါ်လာသည်။ သို့သော် အံ့သြစရာ ကောင်းသည့် အချက်မှာ ဓိမ်ခံပစ္စည်း အစစ်လည်း ရောင်းကောင်းနေသည်။ ဓိမ်ခံ ပစ္စည်း အတုတွေလည်း ရောင်းကောင်းနေသည်။ အစစ်အတု နှစ်မျိုးစလုံး အရောင်း သွက်နေသည်ကို ထောက်ရှုခြင်းအားဖြင့် တရုတ်လူလတ်တန်းစားနှင့် သူဌေးတို့သည် ဓိမ်ခံပစ္စည်းတို့အပေါ် အတုအစစ် မခွဲခြားဘဲ အလွန် ခရေးဓိး ဖြစ်နေကြောင်း ပြသည်။ ဓိမ်ခံပစ္စည်းအတု ထုတ်လုပ်သော လုပ်ငန်းထဲသို့ နိုင်ငံခြား ကုမ္ပဏီတို့က ပင်လျှင် ဝင်ရောက် လုပ်ကိုင်လာကြသည်။

## ရထားခေါင်းတွဲ ခိုး

ဒုတိယ ဖြစ်ထွန်းမှုသည် သံတိုသံစ ဈေးကွက်အကြောင်း ဖြစ်သည်။ တရုတ်ပြည် သည် တစ်နှစ် ပျမ်းမျှ ၉ ရာခိုင်နှုန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ မော်စီတုံး ကာလ အပြီးမှစ၍ တရုတ်စီးပွားရေး ကိုးဆကျော် တက်သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည် ဆိုသည်မှာ သံနှင့်သံမဏိ ပစ္စည်းတွေ အမြောက်အမြား လိုအပ်ခြင်း ကို ညွှန်းသည်။ သံမဏိတွင်းတို့မှ သံရိုင်းနှင့် သံမဏိတို့ကို တိုက်ရိုက် ထုတ်လုပ်ရုံဖြင့် မလုံလောက်။ သံတိုသံစတွေ စု၊ သံထည်ပစ္စည်း အဟောင်းတို့ကို စု၊ ၎င်းတို့ကို သံရည်ကျိုပြီး သံထည်ပစ္စည်းတို့ကို ထုတ်လုပ်ရသည်။

ထို့ကြောင့် တရုတ်ပြည်၏ စီးပွားရေး ဖွံ့ဖြိုးမှုကြောင့် သံမဏိ ပစ္စည်း တို့နှင့်အတူ သံတိုသံစ ပစ္စည်းတို့လည်း အလွန် ဈေးကောင်းခဲ့သည်။ ဝယ်လိုအား မည်မျှ ကောင်းသနည်းဆိုမူ ယူကရိန်း၊ ဘိုင်လို ရုရှားနှင့် ယခင် ဆိုဗီယက် ပြည်ထောင်စုအဖွဲ့ဝင် နိုင်ငံတို့၌ မီးရထားခေါင်းတွဲ အဟောင်းတွေ၊ သံထည်ပစ္စည်း အဟောင်းတွေ ခိုးမှုတွေ များလာသည်။ ဤပစ္စည်းတို့ကို သံတိုသံစများအဖြစ် တရုတ်ပြည်သို့ တင်ပို့ ရောင်းချခဲ့သည်။ သို့မဟုတ်လည်း မီးရထား ခေါင်းတွဲတို့ကို ပန်းပဲဖို၌ သံရည်ကျိုပြီး တရုတ်ပြည်သို့ တင်ပို့ရောင်းချခဲ့သည်။ တရုတ်ပြည်၏ သံထိုသံစ တင်သွင်းမှုသည် တရုတ် စီးပွားရေး ဖွံ့ဖြိုးမှု အရှိန်အဟုန် မြင့်မားနေသည် နှင့်အတူ အကြီးအကျယ် တိုးတက်ခဲ့သည်။

သို့ရာတွင် မကြာသေးမီက တရုတ် စီးပွားရေး ဖွံ့ဖြိုးမှု အရှိန်ကို လျှော့ချရန် တရုတ် ခေါင်းဆောင်ပိုင်းက ဆုံးဖြတ်ခဲ့သည်။ ထို ဆုံးဖြတ်ချက်ကြောင့် တရုတ်ပြည်က သံတိုသံစ ဝယ်ယူမှုသည် အနည်းငယ် ကျဆင်းသွားသည်။ ယခု လောလောဆယ်၌ ကမ္ဘာ့ သံတိုသံစ ဈေးကွက် အေးနေသည်။ သို့ရာတွင်

ဈေးကွက် ဆန်းစစ်သူတို့က တရုတ်၏ သံတိုသံစ ဝယ်လိုအား မကြာမီ ပြန်လည် အားကောင်းလာဖွယ် ရှိသည်ဟု မျှော်လင့်နေကြသည်။ သို့ဖြင့် တရုတ်ပြည်၏ စီးပွားရေး အုံ့မခန်း ဖွံ့ဖြိုး တိုးတက်မှုကြောင့် တရုတ်ပြည်၌ ဖိမ်ခံပစ္စည်း အတွ ဈေးကွက် ကြီးထွားနေခြင်းနှင့် ရထားခေါင်းတွဲ အစင်းလိုက်၊ မြေတူးစက်နှင့် လယ်ထွန်စက် အစင်းလိုက် ခိုးယူ၍ သံရည်ကျိုသော လုပ်ငန်းတို့ကလည်း တွင်ကျယ်လာသည်မှာ ဆန်းပြားသည်ဟု ဆိုရမည်။

## ပေါ်ချောင်ကောင်း

တတိယ ဖြစ်ထွန်းမှုသည် အမေရိကန် ရင်းနှီးမြှုပ်နှံသူ အချို့က အာရှရှိ 'ပေါ၊ ချောင်၊ ကောင်း' ဈေးကွက်ထဲ ယခုမှ လန့်နိုးပြီး ဝင်လာသောအချက် ဖြစ်သည်။ ဆိုရိုးစကားအရ အမေရိကန် ရင်းနှီးမြှုပ်နှံသူတို့သည် အာရှကို ပစ်ထားသည်။ ရေပန်းစားနေသော၊ ခေတ်ရေစီးနေသော စီးပွားရေး လုပ်ငန်းတို့တွင်သာ အမေရိကန် ရင်းနှီးမြှုပ်နှံသူတို့က ရင်းနှီး မြှုပ်နှံလိုကြသည်။ အာရှ ကော်ပိုရေးရှင်းတို့မှ အစု ရှယ်ယာတို့ကို ဝယ်ယူရန် ကြိုးပမ်းလျှင်လည်း အပြာရောင် ခြစ်ပြား အစင်းရှိသော ကော်ပိုရေးရှင်းတို့၏ အစုရှယ်ယာတို့ကိုသာ ဝယ်ယူလိုသည်။ စိတ်ချရသည့် လုပ်ငန်းတို့တွင်သာ ရင်းနှီးမြှုပ်နှံလိုသည်။

သို့သော် ယခု 'နံ့စတား' အမည်ရှိ အမေရိကန် ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီက အမြင်အားဖြင့် စိတ်မချရသည့် လက္ခဏာ ရှိသော်လည်း ကံကောင်းလျှင် အမြတ်ကြီး မြတ်နိုင်သော 'ပေါ ချောင် ကောင်း' လုပ်ငန်းတို့တွင် ရင်းနှီး မြှုပ်နှံလာကြ သည်။ 'ပေါင် ချောင် ကောင်း' လုပ်ငန်းဆိုသည်မှာ တိုက်တာ၊ အိမ်ယာမြေ ပစ္စည်းနှင့် မဆပ်နိုင်သော အကြွေးတို့ကို ဆိုလိုသည်။ 'နံ့စတား' သည် မည်သို့မျှ ရောင်းမစွံသည့်၊ ဝယ်သူ မရှိသည့် ဂျပန်ရှိ တိုက်တာ၊ အိမ်ရာအဟောင်းတို့ကို အနိမ့်ဈေးဖြင့် လိုက်လံဝယ်ယူသည်။ ပိုင်ရှင်တို့သည် အကြွေးက မဆပ်နိုင်၊ တိုက်တာ အိမ်ရာမြေ တို့ကို မထိန်းသိမ်းနိုင်၊ အမွေဆိုင်တို့အကြား မဖြစ်မနေ အမွေခွဲရန် ရှိနေကြသဖြင့် ရရာဈေးနှင့် ရောင်းထုတ်ရန် လိုအပ်နေသည်။ ဤလို ပစ္စည်းမျိုးကို ပရိဒဝေ ဖိစီးမှုဟု ခေါ်သည်။ ဤပစ္စည်းတို့ကို အနိမ့်ဈေးဖြင့် ဝယ်ယူသောကြောင့် distressed property at depressed price ဟု ဆိုသည်။

များစွာသော အာရှနိုင်ငံတို့မှ ကုမ္ပဏီတို့သည် အကြွေး မျိုးစုံဖြင့် ငွေပိ နေတတ်သည်။ ကြွေးရှင်တို့က ကြွေးပုသဖြင့် ဒေဝါလီ ခံရမည့်ကိန်း ဆိုက်နေ သည်။ ကုမ္ပဏီ ဖျက်ပစ်ရမည့်ကိန်း ပေါ်နေသည်။ သို့မဟုတ် ကြွေးရှင်ကို

ထိုးအပ်ရမည့် အခြေအနေ ပေါ်နေသည်။ ဤကဲ့သို့ အကြွေး ပင်လယ်ဝေ့ဝေနေသော ကုမ္ပဏီတို့ကို 'နွံစတား' ကုမ္ပဏီက အနိမ့်ဈေးဖြင့် ဝယ်ယူလိုက်သည်။ သို့မဟုတ် တင်ရှိနေသော အကြွေးတို့ကို ခေါက်ချိုးဈေးဖြင့် ဝယ်ယူလိုက်သည်။ ဤသို့ ဝယ်ယူပြီး 'နွံစတား' ကုမ္ပဏီက ကြွေးရှင်တို့နှင့် စေ့စပ်စကားပြောသည်။ ကြွေးရှင်တို့ကလည်း ဆုံးတော့မည့် အကြွေး မောင်မင်းကြီးသားကယ်၍ ဘယ်လောက်ရရ ရသည်ကိုပင် ဝမ်းသာကြသည်။

အထက်ဖော်ပြပါ 'နွံစတား'၏ ရင်းနှီး မြှုပ်နှံမှုတို့ကို ကြွေးညှံ့ကို ဝယ်ယူသော လုပ်ငန်းနှင့် ပရိဒေဝမီး တောက်နေသော ပစ္စည်းတို့ကို ဝယ်ယူသော လုပ်ငန်းတို့ဟူ၍ သတ်မှတ်ကြသည်။ ဗန်းစကားနှင့် ပြောရလျှင် 'ပေါ ချောင်ကောင်း' လုပ်ငန်းတွင် တိုးချဲ့ မြှုပ်နှံခြင်းဟု ခေါ်ရမည်။ ဤ လုပ်ငန်းမျိုးသည် ကုမ္ပဏီနှင့် ဘဏ်များ စီးပွားရေး အကျပ်အတည်း ဆိုက်နေသော အခါမျိုးတို့၌လည်းကောင်း၊ အစိုးရတွေ ဘဏ္ဍာရေး အကျပ်အတည်း ဆိုက်နေသော အခါမျိုးတို့၌လည်းကောင်း ပို၍ ခေတ်စားသည်။

ယခု အမေရိကန် ရင်းနှီးမြှုပ်နှံသူ အချို့က အာရှနိုင်ငံများဘက်သို့ ဦးလှည့်လာခြင်းသည် အာရှစီးပွားရေး၏ ရှေ့အလားအလာကို အဆိုးမြင်သည့် သဘော ဖြစ်နေသည်။ တစ်ဖက်မှကြည့်လျှင် သူတို့က ဤသို့ ဝယ်ရောင်း လုပ်ပေးသဖြင့် အာရှနိုင်ငံအချို့၏ စီးပွားရေးတို့သည် သိပ်အဆိုးကြီး မဖြစ်ကြဟု တွက်နိုင်သည်။ 'နွံစတား'က ဂျပန်နိုင်ငံမှ ဖျက်သိမ်းပစ်ရမည့် ဘဏ်အချို့နှင့် ကုမ္ပဏီအချို့ကို အထက်တွင် ဖော်ပြသော နည်းလမ်းအတိုင်း ဝယ်ယူထားသည်။ ဂျပန်ရှိ ပိတ်ရမည့် အပန်းဖြေစခန်း အချို့ကိုလည်း ဝယ်ယူထားသည်။ အိုဟောင်းနေသော တိုက်တာ၊ အိမ်မြေတို့ကိုလည်း ဝယ်ယူထားသည်။

စတုတ္ထ ဖြစ်ထွန်းမှုအနေဖြင့် ယခု စီးပွားရေးလောက၌ ဘိစနက်ကျင့်ဝတ်သီလအကြောင်း အတော်လေး ပြောဆိုနေသည့် အချက်ကို ညွှန်းရမည်။ အာရှဘိစနက်လောကသည် ကျင့်ဝတ် သီလပိုင်း၌ ညှံ့ဖျင်းနေသည်ဟု ဝေဖန်ခံနေရသည်။ ဤသို့ ဘိစနက်ကျင့်ဝတ် သီလပိုင်း ကောင်းမွန်စေရန် ဆော်ဩနေကြချိန်တွင် စင်္ကာပူနိုင်ငံက ကာစီနို လောင်းကစား ဒိုင်လူကြီးတို့ကို ခွင့်ပြုလိုက်သည်။ မကာအို ကာစီနို ဒိုင်တို့နှင့် အပြိုင်ဖြစ်မည်။ ဤကာစီနို လောင်းကစားဒိုင်တို့တွင် အမေရိကန် လားဗီးဂတ်စ် ကာစီနို ကုမ္ပဏီတို့က ဝင်ရောက်ယှဉ်ပြိုင်ရင်းနှီး မြှုပ်နှံနေကြသည်။ ထိုအချိန်နှင့် တစ်ပြိုင်နက်တည်း အင်တာနက်ဝက်ဘ်ဆိုက်တို့၌လည်း လောင်းကစား ဂိမ်းတွေ ပေါ်လာသည်။ ဤတွင် လောင်းကစားဆိုတာ နှစ်မျိုးရှိကြောင်း သိအို့ရှိ ထုတ်လာကြသည်။ ပထမဂိမ်းသည်

ကံနှင့် **ကစားသော** ဂိမ်း (game of chance) ဟုခေါ်၍ ဒုတိယဂိမ်းသည် ကျွမ်းကျင်မှုဖြင့် ကစားသော ဂိမ်း (game of skill) ဟုခေါ်သည်။ **စင်ကာပူကမူ** ပျော်ရွှင်မှု (fun)ဟုခေါ်သည်။ လူတွေကို ပျော်ရွှင်စွာ ထားနိုင်ရန် ကာစီနိုဂိမ်းတို့ကို ခွင့်ပြုလိုက်သည်ဟု စင်ကာပူ ခေါင်းဆောင်တို့က ကြေညာသည်။

Ref : IHT

# အာလူးနှင့် ခရမ်းချဉ်သီး

## ဆင် ဆိုသည်မှာ

မြန်မာလို တိုက်ရိုက်ပြန်ပြီး "အာလူးနှင့် ခရမ်းချဉ်သီး" လို့ ရေးလျှင် လိုရင်းအာဘော်ကို မငုံမိဘဲ စာချော်နေတော့မည်။ ထို့ကြောင့် "ခင်ဗျားက Po-Tay-Toes လို့ ပြောလိုက်တယ်၊ ကျုပ်က To-Mah-Toes လို့ ကြားလိုက်တယ်" ဆိုသည့် စကားကိုပဲ ယူလိုက်သည်။ "ခင်ဗျားက ပိုတေးတိုးလို့ ပြောတယ်၊ ကျုပ်က တိုမေတိုးလို့ ကြားတယ်" လူလူချင်း ဆက်သွယ်ရေး (communication) တွင် တွေ့ရသော ပြဿနာတစ်ရပ်ကို နိဒါန်းပျိုးသည်ဟု ဆိုရမည်။ အသံတူ၊ အနက်ကွဲ စကားလုံးတို့နှင့် ဆက်သွယ်ကြလျှင် နားကြား လွဲတတ်ပုံတို့ကို သာဓကပြခြင်း ဖြစ်သည်။ အသံ တူသယောင် ရှိသော်လည်း နိမိတ်ပုံတွေ ခြားနားတတ်သည်။

ကျွမ်းရှင်က ဆက်သွယ်ရေး ပြဿနာသည် မျက်မမြင် ခြောက်ယောက်နှင့် ဆင်ပုံပြင်လို ဆင်တူသည်ဟု နှိုင်းသည်။ ရောဂါတစ်မျိုးလို့ ပြောသည်။ မျက်မမြင် ခြောက်ယောက် ဆင်ဆိုတာ ဘာလဲဟု စမ်းသပ်သည့်အခါ ဘက်မစုံနိုင်ကြပေ။ ပြောသူနှင့် ရေးသူတို့က သူတို့ ပီပြင်နိုင်လုံသော မက်ဆေ့(ချ်)တို့ကို ပေးလိုက်သည်ဟု ထင်တတ်သည်။ သို့ရာတွင် နားထောင်သူနှင့် စာဖတ်သူတို့ကမူ သူတို့တွေးချင်ရာကို တွေးတတ်သည်။ ရေးသူ ပြောသူတို့သည် နားထောင်သူ စာဖတ်သူတို့နှင့် မတူနိုင်ပေ။ သူ့ အတွေးနှင့်သူ ကိုယ်စီ ဖြစ်ကြသည်။

နားထောင်သူနှင့် စာဖတ်သူတို့က ဘာတွေ တွေးချင်ကြသလဲ။ ဘာတွေ စဉ်းစားချင်ကြသလဲ။ ဤအချက်သည် ကြိုတင် ရှိနေသော အိုင်ဒီယာမျိုးစုံ အဆက်အစပ်အတွဲနှင့် မှန်းဆချက် ပေါင်းစုံတို့အပေါ်တွင် မှီတည်နေသည်။ ဤအိုင်ဒီယာ

မျိုးစုံ အဆက်အစပ် အတွဲပေါင်းစုံနှင့် မှန်းဆချက် ပေါင်းစုံတို့သည် နားထောင်သူနှင့် စာဖတ်သူတို့၏ ဦးခေါင်းထဲတွင် တိုးမိ တိုက်မိ ခိုက်မိနေကြသည်။ သူတို့က နားထောင်သူနှင့် စာဖတ်သူတို့၏ ဘာကို စဉ်းစားချင်သလဲဆိုသော အကြောင်းအပေါ် အတော် ဩဇာညောင်းသည်။

## ပိုတေးတိုးနှင့် တိုမေးတိုး

သို့ပါလျက် ပြောသူနှင့် ရေးသူတို့ကလည်း သူတို့ ပြောလိုက်သောစကား၊ သူတို့ ပြောလိုက်သော မက်ဆေ့(ချ်)တို့သည် ရည်ရွယ်လိုက်သလို နားပေါက်သွားသည်ဟု ထင်နေတတ်ကြဆဲ ဖြစ်သည်။ မိမိက လူတို့အား စစ်ချီတက်ရန် အမိန့်ပေးသည်။ အမိန့်ပေးသလို ချီတက်လိမ့်မည်လို့လည်း မျှော်လင့်သည်။ သို့သော် မျှော်လင့်သလို မဟုတ်ဘဲ လူတွေက ခြေမကြွတကြွ ရုပ်တိုက် လျှောက်သည်။ ဟိုပြေးသလို ပြေး၊ သည်ဖါးခုန်သလို ခုန်သည်။ ထိုလိုအခါကျမှ လုံးဝ အံ့အားသင့်ရတော့သည်။

ဤကိစ္စနှင့် ပတ်သက်လို့ ပေါ်ပါစလတ်ဝီလို တွေးခေါ်ပညာရှင်အချို့က ဤလို အဖြစ်မျိုးကို ဆက်သွယ်ရေး လမ်းလွဲမှု (miscommunication) အဖြစ် ယူဆသည်။ ပကတိ အစစ်အမှန် (objective reality) ဆိုသော အရာကိုပင် သူတို့က မေးခွန်း ထုတ်လာသည်။ စင်စစ်၌ မိမိလုပ်နိုင်တာ သိပ်များများစားစား မရှိပါပေ။ မိမိ၏ ရည်လျှားသော သဝဏ်လွှာ သောက်ရေကိုသာ ကြည်ကြည်လင်လင် ဖြစ်အောင် ကြိုးပမ်းဖို့ လိုသည်။

ရှုပ်လာသည်က သုံးခုကြား ဖြစ်သည်။ ပြောသူ ရေးသူက တစ်ဖက်၊ နားထောင်သူ ဖတ်သူက တစ်ဖက်နှင့် ပကတိ အစစ်အမှန်က အခြား၊ ဖက်သုံးဖက်ကြား ရှုပ်ထွေးနေခြင်း ဖြစ်သည်။ ဆက်သွယ်ရေး လမ်းလွဲသွားသည်မှာ ပကတိ အစစ်အမှန်ကိုက ဝါးတားတား မပီမပြင် ဖြစ်နေလို့ဟု ပြောကောင်း ပြောနိုင်သည်။ သို့မဟုတ် ပြောသူ ရေးသူတို့က ပီပီသသ မပြောတတ်လို့လည်း ဖြစ်နိုင်သည်။ သို့မဟုတ် နားထောင်သူနှင့် စာဖတ်သူတို့က သူတို့ တွေးချင်သလို တွေးနေကြလို့လည်း ဖြစ်နိုင်သည်။ ပိုတေးတိုးလို့ ပြောခြင်းကို တိုမေးတိုးလို့ ကြားခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

လောကတွင် ဒါမျိုးတွေ အများကြီး ဖြစ်သည်။ ဘိစနက်တွင်မူ ဒါမျိုးတွေ အဖြစ်နည်းအောင် ကြိုးပမ်းရသည်။ နားလည်မှု လွဲတာနှင့် အရောင်းအဝယ်တွေ ပျက်သွားနိုင်သည်။

## အသည်း မြားစိုက်

ဆက်သွယ်ရေးနှင့် ပတ်သက်၍ မဟာဗျူဟာတွေ အများကြီး ရှိသည်။ ထိုအထဲ အကောင်းဆုံး မဟာဗျူဟာသည် ဤသို့ ဖြစ်သည်ဟု ကျမ်းရှင်က အဆိုပြုသည်။

(၁) အထင်အမြင် နားလည်မှု အလွဲ ခံရလိမ့်မည်ဆိုသော အချက်အတွက် အဆင်သင့် ပြင်ဆင်ထားရမည်။ နားလည်မှု လွဲလိမ့်မည်ဟု မျှော်လင့်ထားရမည်။ ဤအတွက် ကြိုတင် ပြင်ဆင်ထားရမည်။

(၂) မိမိ ပြောသောစကားသည် အဓိပ္ပာယ် ပြည့်စုံသည်၊ မိမိ ပြောသော စကားသည် မှန်ကန်သည်ဟု ဘယ်တော့မှ တစ်ယူသန် မပြောပါနှင့်။

(၃) ကြိမ်ဖန်များစွာသော ကိစ္စတို့၌ ခင်ဗျားစကား နားထောင်သူက ကြားသောအရာတို့သည် ခင်ဗျား အမှန်တကယ် ပြောသောအရာတို့ထက် ပိုပြီး စိတ်ဝင်စားစရာ ကောင်းသည်ကို သတိချပ်ပါ။

တတိယ အချက်အတွက် နမူနာ ပြစရာတွေ အများကြီး ရှိသည်။ ခင်ဗျားက အသည်းနှလုံး သေးသေးလေး ညွှန်းပြီးပြောလျှင် နားထောင်သူက အသည်းနှလုံး ကြီးကြီးထဲ မြားစိုက်နေပုံကို မြင်ချင် မြင်နေမည်။ ခင်ဗျားက ကြက်လို့ ပြောသောအခါ နားထောင်သူက ငှက်တွေကို မြင်ကောင်း မြင်သွားမည်။ ခင်ဗျားက ခွေးလို့ ပြောမည်။ နားထောင်သူက အမဲရိုးလို့ မြင်မည်။

ခင်ဗျားက ပြေးရန် ပြောသည်။ နားထောင်သူက ခရုလို ပြေးရမည်ဟု ထင်ကောင်း ထင်မည်။ ခင်ဗျားက နာရီအကြောင်း ပြောသည်။ နားထောင်သူက ပြက္ခဒိန်ကို စိတ်ထဲ စွဲကောင်း စွဲနေမည်။ ခင်ဗျားက 'ရေး'လို့ ပြောသည်။ နားထောင်သူက 'ကလေး'လို့ ကြားမည်။ ခင်ဗျားက ယူရိုငွေလို့ ပြောသည်။ နားထောင်သူစိတ်ထဲ ဒေါ်လာ ပေါ်လာနိုင်သည်။

## လမ်းချော်မှုထဲက သုတရသ

ခင်ဗျား ကားမှတ်တိုင်မှာ ရပ်ရန် ဆိုင်းဘုတ်ကို ညွှန်းသည်။ နားထောင်သူက လက်ညှိုး ထိုးပြနေသည့်ပုံကို မြင်သည်။ ခင်ဗျားက သရဖူ ဆောင်းကြောင်း ပြောသည်။ နားထောင်သူ ခေါင်းထဲ ဦးထုပ်ပဲ မြင်သည်။ ခင်ဗျားက ပန်းသီးလို့ ပြောသည်။ နားထောင်သူ စိတ်ထဲ လိမ္မော်သီး ပေါ်လာသည်။ ခင်ဗျားက လ အကြောင်း ပြောသည်။ နားထောင်သူက မှန်ရှေ့ ရပ်နိုင်းသည်ဟု ထင်သည်။

ခင်ဗျားက ပညာရှိ ဝမ်းအာလုံ အကြောင်း ပြောသည်။ နားထောင်သူက ကလေးတစ်ယောက် ဖမ်းလာပုံကို သွားမြင်သည်။ ခင်ဗျားက ဆင့်ကဲ အဆက်အစပ်

တွေအကြောင်း ပြောသည်။ နားထောင်သူက ညီမျှခြင်းတစ်ခုကို သွားမြင်သည်။ ခင်ဗျားက သင်္ချာ သင်္ကေတ တစ်ခုအကြောင်း ရေးသည်။ ဖတ်သူက ဤသင်္ကေတ ကို ဒိန်ခဲလို့ သွားမြင်သည်။

ခင်ဗျားက လူဦးရေအကြောင်း ပြောသည်။ နားထောင်သူက လူတွေကို မမြင်။ ထင်းရှူးပင်ကို သွားမြင်သည်။ ခင်ဗျားက အနုတ် လက္ခဏာကို ပြသည်။ နားထောင်သူက မရှင်း၍ ပြန်မေးသည်။ ခင်ဗျားက ရေခဲတောင်အကြောင်း ပုံဆွဲပြ သည်။ ကြည့်သူက မော်တော်ကား မှတ်တိုင်လို့ သွားမြင်သည်။

သို့အားဖြင့် ပညာရှင်က ဆက်သွယ်ရေး လမ်းချော်ပုံတွေကို တစ်တွေကြီး ဥပမာပြသည်။ ဤလို ဥပမာပြရင်း ပြောသူ ရေးသူတွေက ဆိုလိုသော အရာတွေ ထက် နားထောင်သူ၊ ဖတ်သူတို့က ကြားသော အရာတို့က ပိုပြီး စိတ်ဝင်စားစရာ ကောင်းကြောင်းကို ရှင်းပြသွားသည်။ ဆက်သွယ်ရေး လမ်းချော်မှုတို့မှ စိတ်ဝင်စား စရာကောင်းသော အရာတွေ အများကြီး ထွက်သည်။ ရသ သုတတွေ အများကြီး ပေါ်သည်ဟု ဆိုသည်။ ဆက်သွယ်ရေးအတွက် သုံးပိုင်းပါ အကောင်းဆုံး မဟာ ဗျူဟာကိုလည်း ရေးပြသွားသည်။

Ref : Harvard Business Reviews